www.burmeseclassic.com




အချစ်လုံးချင်းဝတ္ထုသစ်

# သက်နိုင်

# ချစ်သူများရဲ့ ဝေရယ်ဖူးလ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# သက်ပိုင်ဦ

## ချစ်သူများရဲ့ ဧပရယ်လ်ဖူးလ် ...

## (April Fool)

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

"ပေရယ်လ် တစ်ရက်" ပေရယ်လ်ဖူးလ် (*April fool*) နေ့ဟာ ကိုယ်ချစ်တဲ့၊ ခင်တဲ့ သူတွေကို အရူးလုပ် စနောက်တတ်ကြလေ့ ရှိပေမယ့် . . .

အဲ့ဒီလို အရူးလုပ်တဲ့အထဲမှာ ....

ချစ်ရေးဆိုတမ်း အရူးလုပ်တာကတော့ ရက်စက်လွန်းတယ် ထင်ပါတယ်။

နှလုံးသားတစ်ခုလုံးကို နင်းဖျက်ခြေမွ ခံလိုက်ရသလိုပါပဲ ...။ ။

ပေရယ်လ်ဖူးလ်

www.burmeseclassic.com

www.burmeseclassic.com

မျက်လွှာကိုချထား ... ဘယ်မှမကြည့်နဲ့
မျက်နှာကို တည်တည်ထား ... မပြုံးနဲ့
လမ်းလျှောက်တာ ဣန္ဒြေရရလျှောက် ...
ဘယ်သူနဲ့မှ စကားမပြောနဲ့
အဲ့ဒီလို အမြဲ မျက်စိဒေါက်ထောက်ကြည့်ပြီး အုတို
ချုပ်ချယ်လွန်းတဲ့ အစ်ကိုသုံးယောက်ရဲ့ကြားကနေ
သွေး ...
သူ့ကို မဝံ့မရဲ တထိတ်ထိတ်နဲ့ ချစ်ခဲ့ရတာပါ။

ပန်းနုသွေးခြယ်

အချစ် ... ဆိုတာ ဘာလဲ။
အနီးစပ်ဆုံး ရှိနေရာကနေ
ရုတ်တရက်
အဝေးဆုံးကို ဝေးလွင့်သွားရတဲ့အခါကျမှ
မာကျောအေးစက်စွာ ကျောခိုင်းခြင်းရဲ့ဒဏ်ကို
ခံနိုင်ရည်မဲ့စွာ ရင်ဆိုင်ရတော့မှ
ရုတ်တရက် သိခွင့်ရလိုက်တဲ့
အဆန်းကြယ်ဆုံး အရာဟာ ...

တံခွန်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

♫ အာ ပြစ်မမြင်ပါဘူး
ချစ်ချင်တာပဲ သိတဲ့နောက်
ဖြစ်သမျှဟာ အကောင်းပဲပေါ့။
မင်းရင်ခွင်နဲ့ ခွဲခွာနေဖို့ မရဲပါဘူး၊
အနားနားမှာ အမြဲချစ်ပါရစေ . . . ♫

"သွေးသွေး" ဟော်လိုဂစ်တာကလေးနှင့် သီချင်းညည်းသည်။

ညနေခင်းအချိန် . . . ဂရင်းတာဝါကြီးရဲ့ဆယ်လွှာမြောက်အခန်းရဲ့ ဟောဒီ ဝရန်တာကလေးဟာ သွေးသွေးရဲ့ကိုယ်ပိုင်ကမ္ဘာလေးပဲဖြစ်သည်။

ဒေါက်ထောက်ပြီး ကြည့်နေတတ်သည့် မျက်စိခြောက်လုံး

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com

ရဲ့ကြားမှာ အမြဲအသက်ရှူကျပ်နေရသည်က သွေးသွေးရဲ့ဘဝ။

"မျက်လုံးကို ဘယ်မှမကြည့်နဲ့ ရှေ့တည့်တည့်ပဲကြည့်"

"မျက်လွှာကိုချထား .မြေကြီးကိုပဲကြည့်"

"မျက်နှာထားကို တင်းနေပါစေနော်၊ ယောင်လို့တောင် မပြုံးပါစေနဲ့"

. . . အမိန့်တွေ။

တင်းမာလွန်းသော အစိုးရိမ်ကဲလွန်းသည့် အမိန့်သံတွေရဲ့ကြားမှာ ကျောက်ရုပ်တစ်ရုပ်လို အေးစက်ငြိမ်သက်လွန်းလှစွာ အမြဲလို နေ,နေရသည်မို့ . . .

"ကိုကြီး, ကိုလေး, ကိုငယ် . . . သွေး တစ်နေ့တစ်နေ့ ကိုကြီးတို့, ကိုလေးတို့ ပြောသလို အမြဲနေနေရတာနော်၊ ကြိုပြောထားမယ် ညနေဆိုရင်တော့ သွေး ဝရန်တာမှာ ဂစ်တာတီး၊ သီချင်းဆိုချင်တယ်၊ တစ်နေ့မှာ တစ်နာရီလောက်တော့ သွေးကို ကိုယ်ပိုင်လွတ်လပ်ခွင့် ပေးကြပါ"

"ညီမလေးရယ် . . . ကိုကြီးတို့က . . ."

"အို . . . မသိဘူး၊ မသိဘူး အဲ့ဒီတစ်ခု သွေးကို မလိုက်လျောရင် သွေး ကိုကြီးတို့နဲ့ မနေတော့ဘူး၊ ကြီးကြီးနဲ့ပဲ မန္တလေးမှာ သွားနေတော့မယ် . . . ဒါပဲ"

သွေး လက်နက်ကြီးနှင့် ခြိမ်းခြောက်အရေးဆိုတော့မှ အစ်ကိုတော်တွေ သက်ပြင်းကိုယ်စီချကာ . . .

"အေးလေ . . . ညနေချိန်ကလေးကတော့ . . . တစ်





နာရီက မများဘူးလား"

"ဝရန်တာဆိုတော့ ငှနဲ့တွေ လာချောင်းရင် . . ."

ဒါတောင် ရှောရှောရှူရှူလိုက်လျောချင်ကြသေးတာ မဟုတ်။

နောက်ဆုံး သွေး အရမ်းကို စိတ်ထိုကာ . . .

"ကိုကြီး, ကိုလေး, ကိုငယ်"

လို့ ကြုံးအော်ပြီး . . .

"သွေး အထုပ်ပြင်လိုက်ရတော့မလား ပြော"

လို့ တစ်ချက်လွှတ် သံပြတ်နှင့် ခြိမ်းခြိမ်းခြောက်ခြောက် မေးလိုက်တော့မှ အားလုံး ထိတ်ထိတ်ပျာပျာ မျက်လုံးကိုယ်စီပြူးကုန်ကြကာ လက်တကာကာ ခေါင်းတခါခါတွေဖြင့် . . .

"ဟော့အေး . . . ဟော့အေး မပြင်နဲ့"

"သဘော . . . သဘော ညီမလေး သဘော၊ နေနေ ဝရန်တာမှာနေ"

"ရတယ် . . . ရတယ် ဂစ်တာလည်း တီး၊ သီချင်းလည်း ဆို"

"ကြီးကြီးဆီတော့ မသွားရဘူးနော်"

"ညီမလေးမရှိရင် ကိုလေးတို့ မနေတတ်ဘူး"

အစ်ကိုသုံးယောက် ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြတော့မှ သွေးသွေးက မျက်နှာလေးချိုကာ နောက်ကျောခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ သွေးသွေး အောင်နိုင်သူကြီးလို ကျိတ်ပြုံးလိုက်တာ အစ်ကိုတွေ မမြင်လိုက်ကြ။

အဲ့သလို ခြိမ်းခြောက်အရေးဆိုပြီးမှ ရလာတဲ့လွတ်လပ်ခွင့်ကလေးမို့ သွေး အရမ်းကို မြတ်နိုးပါသည်။

တစ်နေ့တာလုံး အိမ်မှာလည်း အိမ်မှာမို့၊ လမ်းမှာလည်း လမ်းမှာမို့၊ သင်တန်းမှာလည်း သင်တန်းမှာမို့ အချုပ်ချယ်အလှောင်ပိတ်ခံရသမျှ စိတ်ထဲမွန်းကျပ်ရသမျှ ညနေခင်းမှာ ဝရန်တာကလေးဟာ သွေးရဲ့ ထွက်ပေါက်လှလှကလေးပင်။

♫ အပြစ်မမြင်ပါဘူး

ချစ်ချင်တာပဲ သိတဲ့နောက် ♫

သွေးခေါင်းကလေးမော့ကာ သီချင်းလေး ညည်းဆဲ။

သွေးမျက်ဝန်းလေးများရှေ့ ဝဲလာသည်က ရောင်စုံစက္ကူစွန်အကြီးကြီးတစ်ခု။

အနီ၊ အဝါ၊ ခရမ်းအရောင်စုံ တောက်ပကာ ဆေးရောင်များက စိုလှလွန်းသည်မို့ ... သီချင်းအညည်းရပ်ကာ ...

"လှလိုက်တာဟယ်"

လို့ တအံ့တသြ ပြောမိတဲ့အခါ ...

သွေး ဂစ်တာအတီးရပ်ကာ စွန်ကြီးကို လိုက်ငေးနေမိဆဲ။

အဖြူရောင်အမြီးရှည်ကြီးနှင့် ရောင်စုံစွန်ကြီးမှာ ရှေ့ကိုနီးကပ်သထက် နီးကပ်လာခဲ့လေလျှင် ...





"ဘုရားရေ"

သွေးသွေး အလန့်တကြားလေး အာမေဋိတ်သံ ထွက်သွားခဲ့ရသည်။

သွေးရောင်လျှမ်းပြည့်နေသည့် နှုတ်ခမ်းလွှာလေးများကို လက်ချောင်းလေးများဖြင့် အလျင်အမြန် အုပ်လိုက်မိသည်။

ကြည့်စမ်းပါဦး ... စွန်ပေါ်မှာ စာတန်းတစ်ခု ...

"I Love You Thway Thway"

"အိုင် လပ်ဗ် ယူ သွေး သွေး"

ဆော့ပင်နီနှင့် ရေးထားသည့် စာတန်း။

ကြည့်စမ်း ... ဘယ်သူ့ကများ ချစ်ရေးဆိုလိုက်တာလဲ။ ကြံကြံဖန်ဖန် ... စွန်ပေါ်မှာ စာရေးပြီးတော့ ချစ်ရေးဆိုရတယ်လို့။

"အိုး ... တော်တော်ဆန်းပြားတဲ့ ချစ်ရေးဆိုပုံပဲ"

သွေး အသံလေးပင်ထွက်ကာ ချီးကျူးလိုက်မိတော့သည်။

ဒါ ...

ဒါ ... ဘယ်သူကများ လွှင့်တင်လိုက်တဲ့စွန်လဲ။

သွေးသွေးသည် ကိုယ့်ကို တဆန်းတပြား ချစ်ရေးဆိုလိုက်သည့်လူကို စိတ်ဝင်စားသွားမိရသည်။

သဲလွန်စကို စွန်မှာ အသည်းအသန်လိုက်ရှာလေလျှင်



www.burmeseclassic.com

www.burmeseclassic.com



"တီ ကေ (T.K)"

စွန်ရဲ့ထောင့်ဖျားမှာ T.K လို့ အတိုကောက်ရေးထားတာ တွေ့လိုက်ရသည်။

"တီ ကေ ... တီ ကေ ... ဘယ်သူများပါလိမ့်"

သွေးသွေးရဲ့ ဦးနှောက်ဆဲလ်ကလေးများ အပြေးအလွှား အလုပ်ရှုပ်သွားရသည်။

"တီ ကေ ... တီ ကေ ဆိုတော့ သိန်းကျော်လား၊ သိန်းကျော်ဆိုတာ ဈေးထဲက ကုန်စုံဆိုင်ပိုင်ရှင် အဘိုးကြီးပဲ၊ အာ ... မဖြစ်နိုင်ပါဘူး၊ အဲ့ဒီအဘိုးကြီးက ဘုရားတရားသမားပဲ၊ စွန်လွှတ်ပြီးတော့ ငါ့ကို ရည်းစားစကားမပြောလောက်ပါဘူး"

သွေးသွေးသည် အစဉ်းစားရခက်ဆဲ ...

"တီ ကေ ... တီ ကေ တုံးကျော် ... တုံးကျော်များ လား၊ အား ... အကြော်ရောင်းတဲ့ တုံးကျော်လေးက ငယ်ငယ် လေးပါ၊ မဖြစ်နိုင်ပါဘူး"

သွေးသွေးသည် ကိုယ် ရှေ့တိုးသထက် တိုးလာကာ ဝဲပျံနေသော ရောင်စုံစွန်ကြီးပေါ်မှာ ...

I Love You Thway Thway

ဆိုသော စာတန်းကိုတစ်လှည့်

T.K

ဆိုသော အတိုကောက် စာလုံးလေးနှစ်လုံးကို တစ်လှည့်





ကြည့်ကာ ခေါင်းတွေ ပူမိလာတော့သည့်အထိ။

"တီ ကေ တီ ကေ ... ဘယ်သူများပါလိမ့်၊ ဟော့ဒီ တာဝါမှာနေတဲ့သူလား၊ ဒါမှမဟုတ် ကွန်ပျူတာသင်တန်းက လား၊ အား ... စိတ်ညစ်လိုက်တာ၊ စိတ်ညစ်လိုက်တာ ... ဟူ သော ညည်းညူသံကလေးနှင့်အတူ 'ကျစ်'ခနဲ စုတ်သပ်လိုက်မိ ကာ နားရွက်အောက်မှနေ ပခုံးဖျားအထိ တစောင်းညှပ်ချထား သော ဆံပင်အုပ်အုပ်ကလေးထဲ လက်ချောင်းလေးများ ထိုးသွင်း ဖွရှုပ်လိုက်မိလျှင် ...

"ဟယ်"

ခနဲ တအံ့တသြ ဝမ်းပန်းတသာဖြစ်သွားရတော့သည်။

"တီ ကေ ... တီ ကေ ဆိုတာ တံခွန်ပေါ့၊ အိုး ... တံခွန် ... တံခွန်"

သွေးသွေးသည် အရူးမလေးတစ်ယောက်လို သတိလက် လွှတ်ရေရွတ်လိုက်မိပြီး ...

အရမ်းကို ပျော်သွားရသည်မို့ ဂစ်တာကို မှောက်လိုက်မိ ပြီး လက်ဝါးလေးနှစ်ဖက်နှင့် တဖြန်းဖြန်း ရိုက်လိုက်မိသည်။

သေချာတာပေါ့ ... ဒါဟာ "တံခွန်" ပဲ ဖြစ်ရမယ်။ တံခွန်ဆိုတာ သွေးတို့ ကွန်ပျူတာသင်တန်းက ကောင်ချောက လေး။

ဖစ်ဆိုဒ် ရှပ်ပြောင်ကလေးတွေပေါ်မှာ တိုင် (tie) ဒေါ်း



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်တွေ ဝတ်တတ်သည့် စတိုင်လ်ကျလွန်းသည့် ကောင်ကလေး။

တံခွန်ဆိုသည့် နာမည်နှင့်လိုက်အောင် လေထဲမှာ အမြဲလွင့်နေသည့် ခပ်လန်းလန်း စတိုင်လ်နှင့် ကောင်ကလေး။

မျက်ဝန်းတောက်တောက်၊ ထူပြည့်တွဲရွဲနေသည့် ဆွဲဆောင်မှုရှိလွန်းလှသည့် နှုတ်ခမ်းရဲရဲများကြောင့် . . . သင်တန်းမှာ

အို . . . အဲ့ဒီကောင်ချောကလေးက သွေးကို ချစ်တယ်တဲ့လား။

ပြီးတော့ . . .

သူ့ရဲ့စွန်မှာ စာရေးပြီး ချစ်ရေးဆိုပုံကလေးဟာ ဘယ်လောက်ဆန်းသစ်ပြီး ချစ်စရာကောင်းလိုက်သလဲ။

သွေးသည် တံခွန်ရဲ့စိတ်ကူးကောင်းပုံကလေးကို ရင်ခုန်မြူးဖျကာ ကြည်မွေ့နေမိဆဲ။

ညှော်ခန်းထဲမှာ အစ်ကိုတော်တွေ ရှိနေကြတာကို သတိရလိုက်မိလျှင် . . .

"ဘုရားရေ . . . ကိုကြီးတို့ အဲဒီစာတန်းကို တွေ့သွားကြရင် မိုးကြိုးကြီးတော့ဖြစ်တော့မှာပဲ"

သွေး စိုးရိမ်တကြီး ရေရွတ်ကာ ညှော်ခန်းဆီ လှမ်းချောင်းကြည့်မိဆဲမှာပင် . . .

"ညီမလေး တစ်နာရီပြည့်ပြီလေ . . . ဟင်"





သွေးကို ဝရန်တာမှာ ဂစ်တာထွက်တီးတာ တစ်နာရီပြည့်ပြီမို့ အိမ်ထဲပြန်ဝင်ရန် ခေါ်ဖို့ထွက်လာသော ကိုလေးမှာ စွန်ကြီးကို တွေ့လိုက်ရလျှင် . . .

"ဟင် . . . ကြည့်စမ်း . . . အိုင် လပ်ဗ် ယူ သွေးသွေး ဆိုပါလား၊ သွေး . . . သွေး . . . ပြောစမ်း ဒါ ဘယ်ကောင်လွှတ်လိုက်တဲ့စွန်လဲ"

သွေးသွေးမှာ ထိုင်ငိုပစ်ချင်လောက်အောင် စိတ်ညစ်သွားရသည်။

သွားပါပြီ . . . သွေးရဲ့ ကြည်မွေ့လန်းဆန်းလို့နေသည့် ညနေခင်းကလေးတော့ ပျက်စီးပါပြီ။

"မေးနေတာဖြေလေ . . . အဲ့ဒါ ဘယ်ကောင်လွှတ်လိုက်တဲ့ စွန်လဲ . . . လို့"

"ဘယ်သိမှာလဲ၊ ကိုလေးဘာသာကြည့်,ကြည့်ပါလား"

သွေး ဘုပစ်လိုက်လျှင် ကိုလေးမှာ အကောင်းမှတ်ကာ အောက်ကို ငုံ့ကြည့်သည်။

လွှတ်သည့်လူကိုတွေ့ဖို့နေနေသာသာ စွန်ကြိုးကိုပင် တဆုံးမမြင်ရ။

ကိုလေး မျက်မှောင်ကြီးကုတ်ကာ . . .

"ဘယ်သူ့မှ မမြင်ပါဘူး"

"တွေ့ပြီမဟုတ်လား၊ ကိုလေးတောင် မမြင်ရတာ၊ သွေး



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘယ်လိုလုပ်မြင်ရမှာလဲ''

သွေး မျက်စောင်းထိုးကာ ခြေဆောင့်သည်။

''တယ် ... ဒီကောင်မလေး ကိုကြီးနဲ့ အငယ်ကောင်ရေ ... ဒီကို လာခဲ့ကြဦး ... အမြန် အမြန်''

ကိုလေး ... ညှော်ခန်းထဲမှာ ဇာတ်လမ်းထိုင်ကြည့်နေသည့်ကျုန်နှစ်ယောက်ကို အသည်းအသန်အော်ခေါ်သည်။

''ဟေ ... ဘာဖြစ်တာလဲ''

''ဘာလဲ ... ဘာလဲ ပြောစမ်း''

ကိုကြီးနှင့်ကိုငယ်မှာ ဝရန်တာဆီ အပြေးအလွှားရောက်လာကြတော့သည်။

တစ်ယောက်တည်းရှိသည့် ညီမလေးကို အူတိုသဝန်ကြောင် ချုပ်ချယ်ဖို့ဆို အတိုင်အဖောက်ညီတတ်လွန်းလှသည့် အစ်ကိုသုံးယောက်ကြားမှာ သွေးသွေးသည် အကြီးအကျယ် စိတ်ညစ်နေမိသည်။

နားပူရတော့မည်လေ။ ထင်ထားသည့်အတိုင်းပင် ...

''ဟိုမှာကြည့်စမ်း''

ကိုလေး လက်ညှိုးညွှန်ပြသည့် စွန်ကို ကိုကြီးနှင့်ကိုငယ်မှာ ပြူးပြဲလိုက်ကြည့်ကြပြီးလျှင် ...

''အိုင် လပ်ဗ် ယူ သွေးသွေး ... တဲ့''

''ဘာ ... ဒါ ... ဒါ ဘယ်ကကောင် လက်အငြိမ်မနေ





နိုင်ဘဲ လွှတ်တင်လိုက်တဲ့ စွန်လဲ''

''အေး ... အဲဒါပဲ ငါတို့အစ်ကိုသုံးယောက် ရှိနေတာတောင် စွန်မှာစာရေးပြီး ရည်းစားစကားပြောရဲတာ ဘယ်ကောင်လဲ''

''သွေးသွေး ပြောစမ်း ... အဲ့ဒါ ဘယ်ကကောင်လဲ''

''ဘယ်လိုလုပ် သိမှာလဲလို့''

သွေးသွေး ခြေဆောင့်ကာ ကြိုးအော်သည်။

''ကြည့်စမ်း ကြည့်စမ်း ... ငါ့ကို ပြန်အော်တယ် ... ဟုတ်လား သွေးသွေး''

''ဒါကြောင့် မိသွေးတစ်ယောက် ညနေ ညနေ ဝရန်တာထွက်ချင်ရတာကိုး''

''ဟိုကောင်က ဒါကိုသိလို့ စွန်လွှတ်လိုက်တာ ဖြစ်မှာပေါ့''

''တွေ့များ တွေ့လိုက်လို့ကတော့ကွာ ... ကျောက်ဆူးလို နိုင်မာတဲ့ သဘော်သားလက်သီး ကောင်းကောင်းမြည်းသွားဖူးစေရမယ်''

သဘော်သားဖြစ်သူ ကိုလေးက လက်သီးလက်မောင်းတန်းသည်။

''ဟော့ဒီ အင်ဂျင်နီယာကလည်း ဒီကောင်ရဲ့ရိုးတွေကို တစ်ချောင်းစီချွတ်ပြီး လမ်းခင်းပစ်လိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက တစ်မျိုးကြေညာပြန်သည်။

"ကျွန်တော်ကတော့ စုတ်တံကိုင်တဲ့ ပော့ဒီပန်းချီသမား ရဲ့လက်သီးတွေဟာ လိုအပ်ရင် ပော့သလို ... ပော့သလို အသုံးပြုလို့ရတယ်ဆိုတာ အဲ့ဒီငနဲကို သိစေချင်တယ်"

လေထဲ လက်သီးများ တဝှစ်ဝှစ် ဝှေ့ယမ်းထိုးသွင်းပြကာ ကိုယ် တစ်စခန်းထ,ပြန်သည်။

လက်သီးလက်မောင်းတန်းကာ မမြင်ရသည့်တရားခံကို စစ်ကြေညာနေသည့် အစ်ကိုတော်တွေကိုကြည့်ကာ သွေးသွေး စိတ်ပျက်နေမိသည်။

"မိသွေး ... ညည်းလည်း ကြပ်ကြပ်သတိထား"

"နောက်နေ့ ဝရန်တာထွက်ပြီး ဂစ်တာတီးဖို့ လုံးဝစိတ် မကူးနဲ့တော့"

"ဟာ"

သွေးမှာ ရှားရှားပါးပါး လွတ်လပ်ခွင့်ကလေး ဆုံးရှုံးသွား ရသည်မို့ ငိုချင်သွားရတော့သည်။

"အောင်မာ ... မျက်နှာက"

"ပြောစမ်း ... အဲဒီကောင်ကို ညည်းသိတယ် မဟုတ် လား"

"မသိဘူး ... မသိဘူး၊ ဘယ်က ဘယ်လိုလွှတ်တင် လိုက်မှန်းမသိတဲ့စွန်ကိုကြည့်ပြီး အလကား လူကို ပြဿနာလာ





ရှာနေကြတယ်၊ စိတ်ပျက်ဖို့ သိပ်ကောင်းတာပဲ"

သွေး ငိုသံပါလေးနှင့် နှုတ်ခမ်းကိုက် ခြေဆောင့်ကာ အစ်ကိုတော်တွေအနားမှ ထွက်လာခဲ့တော့သည်။

"ညည်း ... တကယ်မသိတာ သေချာတယ်နော် ပန်းနုသွေးခြယ်"

"မသိပါဘူးဆိုမှပဲ၊ မသိဘူး မသိဘူး ... ဘာမှမသိဘူး၊ ထပ်မမေးနဲ့တော့"

သွေးသွေးသည် နားနှစ်ဖက်ကို တင်းတင်းပိတ်ကာ ကိုယ့်အခန်းထဲ ပြေးဝင်ခဲ့သည်။

မပြောဘူး ... စွန်လွှတ်တာ တံခွန်ဆိုတာ ဘယ်နည်းနဲ့ မှ မပြောဘူး။

သတ်ချင်သတ်ပစ်လိုက် ... လို့ သွေးအစ်ကိုတွေကို ပြန်စိန်ခေါ်လိုက်သည်။

[စိတ်ထဲက] ...

သွေးသွေးမှာ တံခွန် လွှတ်တင်လိုက်သည့် စွန်ကြီး ကြောင့် အစ်ကိုတွေနှင့် ပြဿနာဖြစ်နေကြသည့်အချိန် ...



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ထဲမှာပင် ...

ဟော ...

တွေ့သွားပြီ ထင်ပါရဲ့။

သွေးသွေး မတ်တတ်ရပ်ပြီး စွန်ကို လိုက်ကြည့်နေတာ တွေ့ရတော့ သူ့ရင်ထဲ တဒိန်းဒိန်း ခုန်သွားရသည်။

အစ်ကိုသုံးယောက်က အမြဲတမ်း စောင့်ကြပ်ကာရံထားသည်မို့ သူ သွေးသွေးအနားကပ်ပြီး စကားပြောရန် အခွင့်အရေးကို ဘယ်လိုမှ စဉ်းစားမရခဲ့။

နောက်ဆုံး ...

သွေးသွေး ဝရန်တာထွက်တတ်သည့်အချိန်ကလေးကို စောင့်ကာ ... စွန်ပေါ်မှာ စာရေးပြီး ချစ်ရေးဆိုရခြင်းပင်။

သူ့အပြုအမူဟာ သိပ်ကို ကလေးဆန်လွန်းနေပြီလား။ သို့သော် မတတ်နိုင်တော့။

သွေးသွေးကို ချစ်ရေးဆိုရန် သည်နည်းမှလွဲပြီး မရှိတော့ပြီ။

နားရွက်အောက်မှနေ ပခုံးဖျားထိ တစောင်းရှည်ကျလာ





သည့်ဆံပုံကလေးနှင့် မျက်နှာထားဆိုး ခက်ထန်လွန်းလှသည့် အစ်ကိုတွေရဲ့ကြားမှာ အေးစက်စက်မျက်နှာသေကလေးနှင့် ကျောက်ဆစ်ရုပ်ကလေးလိုနေတတ်သည့် သွေးသွေးကိုမှ သူ ဘာလို့ ရင်ခုန်မိမှန်းမသိ။

ကလေးဆန် ဖြူစင်လှသည့် မျက်သားပြာပြာလေး နောက်ခံထားသည့် မျက်နက်ဝန်းကလေးများကလည်း ရင်ခုန်ဖို့ ကောင်းသည်။

ပန်းနုသွေးခြယ် ... ဆိုသည့် နာမည်ကလေးနှင့်လိုက်အောင် သဘာဝပန်းသွေးရောင် စိုလက်နေတတ်သည့် နှုတ်ခမ်းပါးကလေးများကို အသည်းယားချင်စဖွယ် စူကာ, ချွန်ကာ ထော်လန်လေးလုပ်ကာ အစ်ကိုတွေကို ဂျစ်ကျတိုက်ပြောတတ်သည့် နှုတ်ခမ်းပါးကလေးများကလည်း ရင်ခုန်ဖို့ကောင်းသည်။

ဂုမ္ဘာန်, ယက္ခ အစ်ကိုများကြောင့် သူ့မှာ ထိုရင်ခုန်ခြင်းကို သွေးသွေးသိအောင် တစ်ခါမှ ဖွင့်လှစ်ပြသခွင့်မကြုံခဲ့။

ဒီနေ့မှ မျိုသိပ်ထိန်းချုပ်ထားခဲ့ရသော အချစ်တို့ကို သွေးသွေးသိအောင် စွန်ပေါ်မှာစာရေးပြီး , ပြသခွင့်ရခဲ့ခြင်းပင်။

သွေးသွေး စွန်ပေါ်မှစာကို မြင်သွားပြီမို့ တံခွန် မြူးဖျပျော်ရွှင်သွားမိဆဲ။

ဝရန်တာဆီ တစ်ယောက်ပြီးတစ်ယောက် ထွက်လာသော အစ်ကိုများကို မြင်လိုက်ရလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက် ... သွားပြီ"

ပျော်နေသည့်စိတ်ကလေး ချက်ချင်း လေထဲ အခိုးအငွေ့များအဖြစ်ပြောင်းကာ ပျောက်သွားရတော့သည်။

စွန်ကို လက်ညှိုးထိုးပြသူက ပြ။ လက်သီးလက်မောင်းတန်းသူက တန်းတွေ ဖြစ်ကုန်ကြတော့သည်။

ခုနေသာ သူ့ကိုတွေ့သွားလျှင် အမှုန့်ခြေပစ်ချင်ကြမှာသေချာသည်။ ဒါကြောင့် ... စွန်မှာ ကိုယ့်နာမည်ကို အပြည့်အစုံတောင် မထည့်ရဲ။

[တီး ကေ] လို့သာ သေးသေးရိပ်မိရုံ အတိုကောက်ထည့်ရတာ ... ခုတော့ တီး ကေလည်း တီကောင်ဖြစ်ရချေသည်။

တံခွန်မှာ အစ်ကိုသုံးယောက် မတွေ့နိုင်အောင် အုန်းပင်နောက်သို့ အမြန်ပြေးကွယ်လိုက်ရတော့သည်။

"ဟိတ် ... ဒါ ဘာလုပ်နေတာလဲ"

"အား ပလုတ်တုတ်"

ကိုယ်က ရင်တထိတ်ထိတ်ဖြစ်နေရချိန် ရုတ်တရက်မေးသံကြားလိုက်ရတာကြောင့် တံခွန် အလန့်တကြားထ,အော်လိုက်မိသည်။

"အောင်မလေးဟဲ့ ... ဘာတွေမဟုတ်တာ လုပ်နေလို့ လန့်သွားရတာလဲ"

"တောက် ... ဖူးဖူး နင်"





တံခွန် လန့်သွားမိသည့် ကိုယ့်အဖြစ်ကိုယ် ရှက်ရှက်နှင့် ဖူးဖူးကို ကြိမ်းသည်။

အရေးအကြောင်းဆို အန္တရာယ်မ,က ရောက်လာပြီ။

"တံခွန် နင် စွန်လွှတ်နေတာလား၊ ဟား ... ကြည့်စမ်း စွန်ကြီးက ရောင်စုံစွန်ကြီး ... လှလိုက်တာကွာ၊ ရစ်ဘီး ခဏပေး၊ ငါ လွှတ်ကြည့်ချင်တယ်"

လုပ်ပြီ ... တံခွန် ဘာလုပ်လုပ် နေရာတကာ စပ်စပ်စပ်စပ် ပါချင်သော ဖူးဖူးကို တံခွန် မျက်မှောင်ကြုတ်ကြည့်လိုက်မိသည်။

"စွန်လွှတ်တာ မိန်းမအလုပ်မဟုတ်ဘူး မိဖူး"

"ငါ ယောကျ်ားကွ"

ဖူးဖူး ရင်ဘတ်ကို လက်ကလေးနှင့်ထိုးကာ ဘုပြန်ပစ်သည်။

တံခွန် ဖူးဖူးပြောပုံကြောင့် စိတ်လည်းပျက် ရယ်လည်းရယ်ချင်ကာ ဖူးဖူးကို စိုက်ကြည့်လိုက်မိသည်။

နာမည်က **"ဇပရယ်လ်ဖူး"** ... ဆံပင်ပုံစံက အီမိုကေ။

သို့သော် ... မိန်းကလေးတွေထားတဲ့ အီမိုကေမဟုတ်။ ယောကျ်ားလေးများထားသော အီမိုကေ။ အရှေ့က တစောင်းအရှည်။ မျက်လုံးတစ်ဖက်ပင် ဖုံးအုပ်လုနီးပါး။

ပြီးတော့ ရှည်ချင်သည့်နေရာက ရှည်။ ထောင်ချင်သည့်



www.burmeseclassic.com

www.burmeseclassic.com



နေရာက ထောင်။ ကိုယ်တော်င် ထိုပုံစံမျိုးမထားရဲ။

ဒီကြားထဲ ရွှေရောင်နှင့်အညိုရောင်ပြောက်ကျား ဆိုး ထားလိုက်သေးသည်။

အဝတ်အစားဝတ်လျှင်တော့ ဂစ်တာရှိတ် ကိုယ်လုံးအလှ မပေါ်လွင်အောင် တီရှပ်ပွပွကြီးများ၊ ဂျာကင်ပွပွကြီးများနှင့် ဘောင်းဘီပွပွကြီးများ ဝတ်တတ်သည်။

ဒါကိုလည်း သူ့ကိုယ်သူ Hip Hop စတိုင်လ်တဲ့လေ။

"ဘာကြည့်နေတာလဲ ... ရစ်ဘီးပေး"

တံခွန်စိုက်ကြည့်တော့ ဖူးဖူးမနေတတ်၊ တံခွန့်လက်ထဲက ရစ်ဘီးကို အတင်းယူလေသည်။

"ဟော့ကောင် ... မိဖူး မယူနဲ့ မယူနဲ့၊ နင် ယူလို့မဖြစ်ဘူး"

တံခွန် အသည်းအသန်ပြန်လုကာ ဖူးဖူးကို အော်ဟစ်တားသည်။

"အံမယ် ... ဘာလို့ယူလို့ မဖြစ်ရမှာလဲ၊ ရအောင် ယူပြမယ်"

ဖူးဖူးဆိုသည့် ပေရယ်လ်ဖူးကလည်း မရဘူးဆိုတာကိုမှ ရအောင်ယူပြချင်သူ။

ဖူးဖူး တံခွန့်လက်ထဲမှ အတင်းလုသည်။

"ဟော့ကောင် မိဖူး ... မလုနဲ့, မလုနဲ့ ... ဟော့ကောင်"





တံခွန်ကလည်း အတင်းပြန်လုသည်။ ရစ်ဘီးမှာ နှစ်ယောက်သားကြား လူးလာခေါက်ပြန်ဆဲ။

ကလိမ်ကကျစ်ဉာဏ်ထွက်တတ်သော ဖူးဖူးမှာ အလစ်ချောင်းပြီး တံခွန့်ကို ဖျတ်ခနဲ ခါးကလိထိုးလိုက်သည်။

"အဟိ ... ယား ယားတယ်ဟ"

ယားတတ်သော တံခွန်တစ်ယောက် လိမ်တွန့်ကာ ရစ်ဘီးကိုင်ထားသည့်လက်မှာ အားလျော့သွားလျှင် ဖူးဖူးတစ်ယောက် အခွင့်ကောင်းယူပြီး ရစ်ဘီးကို ဆတ်ခနဲ ဆွဲယူလိုက်တော့သည်။

"ဟာ ... ဟေ့ ... ဟော့ကောင် မိဖူး ငါ့ရစ်ဘီး ပြန်ပေး"

တံခွန် အူယားဖားယား ပြန်တောင်းသည်။

ရစ်ဘီးက ဖူးဖူးလက်ထဲ လုံးလုံးလျားလျားပါသွားခဲ့ပြီမို့ တံခွန်မတာတ်နိုင်တော့။

ယောက်ျားလေးနှင့်မိန်းကလေး ... ဟူသည့်အသိက တံခွန်မှာ ငယ်သူငယ်ချင်း အရင်းကြီးပေမယ့် ဖူးဖူးလက်ထဲမှ ရစ်ဘီးကို လုံးထွေးကာ ပြန်လုမယူရဲ။

"မိဖူးရာ ... တောက် နင် ငါ့ကို တော်တော် အနှောင့်အယှက်ပေးတယ်"

တံခွန်မှာ ဖူးဖူးလက်ထဲမှ ရစ်ဘီးကိုကြည့်ကာ ကြိတ်မနိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲမရ။

တကယ်တော့ ဖူးဖူးကလည်း စွန်လွှတ်ချင်လွန်းလို့ မဟုတ်။

တံခွန့်ကို သက်သက်အနှောင့်အယှက်ပေးကာ အနိုင်ယူချင်သည်သာဖြစ်သည်မို့ စွန်ကို ပြန်ရစ်ယူလိုက်တော့သည်။

"ဟာ ... ဖူးဖူး ဘာလို့ပြန်ရစ်"

တံခွန် စကားမဆုံးလိုက်ရ။ စွန်ကြီးမှာ လျှင်မြန်လှသော အရှိန်ဖြင့် ခြံထဲသို့ ပြန်ကျလာခဲ့တော့သည်။

တံခွန်မှာလည်း ဖူးဖူးလုပ်သမျှ ဘာမှမပြောသာတော့ဘဲ လက်ပိုက်လို့သာ ကြည့်နေလိုက်ရတော့သည်။

လှပသော ရောင်စုံစွန်ကြီး မြေပြင်ပေါ် ပြန်ဝဲကျလာခဲ့လျှင် ...

"ဟား ... စွန်မှာ စာတန်းထိုးထားပါလား။ ဘာတဲ့ ... အိုင် လပ်ဗ် ယူ သွေးသွေး ... ဆိုပါလား"

သွားပြီ။

ဖူးဖူး စွန်ပေါ်က စာကိုပါ ဖတ်မိသွားပြီမို့ တံခွန်မှာ သေချင်စိတ်ပေါက်သွားရတော့သည်။

"ဟ ... ဒါ နင်ရေးတဲ့ရည်းစားစာလား"

"အာ ... ပေါက်ပေါက်ရှာရှာ"

"မညာနဲ့ ... ထောင့်မှာ တီ.ကေလို့ အတိုကောက်





ရေးထားတယ်"

ဖူးဖူးမှာ ကလိမ်ကကျစ် ဖြတ်ထိုးဉာဏ်ပြေးလွန်းလှသည်မို့ တံခွန် မငြင်းသာတော့။

တံခွန် 'အင်း' 'အဲ' နှင့် ဖြစ်နေဆဲမှာပင် ...

"သွေးသွေး၊ သွေးသွေးဆိုတာ ငါတို့ကွန်ပျူတာသင်တန်းက ပန်းနုသွေးခြယ်ကို ပြောတာ မဟုတ်လား။ တစောင်းကေနဲ့ ကောင်မလေးလေ၊ ဟိုတာဝါမှာနေတာ၊ ဟုတ်တယ် မဟုတ်လား"

ဖူးဖူးတို့ တွေးကြည့်လိုက်လျှင် ပြေးကြည့်တာထက် မှန်နေတတ်သည်မို့ တံခွန်မှာ ရှက်အမ်းအမ်းနှင့်ပင်။

"ဟုတ်တယ် ... အဲ့ဒီကောင်မလေးကို ငါ ခိုက်နေတာ"

လို့ အမှန်အတိုင်းပင် ဝန်ခံလိုက်မိတော့သည်။ သူ ဝန်ခံလိုက်မိတော့မှပင် ဖူးဖူးမှာ ရှက်အမ်းနီစွေးနေသည့် သူ့မျက်နှာကို လက်ညှိုးကြီးထိုးကာ ...

"ဟား ဟား ... ကြည့်စမ်း ... တံခွန် တံခွန် ... မိန်းကလေးတစ်ယောက်ကို ကြောင်တာ စွန်ပေါ်မှာစာရေးပြီး ကြောင်ရတယ်လို့"

"ကလေးကလားဆန်လိုက်တာ ငါ့သူငယ်ချင်းရာ ... ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com



တံခွန်မှာ လက်ညှိုးကြီး ထိုး,ထိုးပြီး ကိုယ့်ကို အားရပါးရ အော်ဟစ်လှောင်ရယ်နေသည့် ဖူးဖူးကို စိတ်ထဲမှ မကြည်သော်လည်း . . .

ဘာမှမတတ်နိုင်ဘဲ ခေါင်းငုံ့လို့သာ မျက်နှာနီနီကြီးနှင့် ငြိမ်ခံနေလိုက်ရတော့သည်။

မိဖူး . . . နင် လှောင်နှင့်ဦးပေါ့ မိဖူးရာ၊ တစ်နေ့ကျ . . . နင့်ရှေ့မှာ ပန်းနုသွေးခြယ်နဲ့အတူ လက်ချင်းတွဲပြီး ဖြတ်လျှောက်ပြမယ်။

နင် စောင့်ကြည့်လိုက်။



## အခန်း (၂)

ဖူးဖူးရဲ့ အလှောင်ခံရပြီးချိန်ကစပြီး သွေးသွေးရဲ့အချစ်ကို မရ,ရအောင် ကြိုးစားဖို့ တံခွန် ပြတ်သားစွာ ဆုံးဖြတ်ချက်ချလိုက်သည်။

အစ်ကိုသုံးယောက်မကလို့ ယက္ခတစ်ရာ ကုမ္ဘာန်တစ်ထောင် ရှိနေပါစေ သူ အရေးမစိုက်တော့ပြီ။

ဒီနေ့ . . . သင်တန်းတက်ရက်မို့ သွေးသွေးနေသော တာဝါကြီးရဲ့ကားပါကင်မှာ အစောကြီးကတည်းက သူရောက်နှင့်နေသည်။

သွေးသွေးရဲ့မှာ်တူးကားနားမှာ မယောင်မလည်လုပ်ရင်း သွေးသွေးအလာကို စောင့်နေရသည်မှာလည်း ကြာလို့နေပြီ။

ဦးထုပ်ကို မျက်နှာကွယ်အောင် ခပ်ငိုက်ငိုက်ဆောင်းပြီး သွေးသွေးလာမယ့်လမ်းကို လှမ်းမျှော်လိုက်၊ နာရီကြည့်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ ဂနာမငြိမ်နိုင်အောင် ဖြစ်နေရသည်။

နာရီကို တစ်ချက်ထပ်ငုံ့ကြည့်လိုက်မိပြန်သည်။

ရှစ်နာရီခွဲ။

သွေးသွေး လာတော့မည်။ သင်တန်းက ကိုးနာရီ မဟုတ်လား။

ရင်ထဲ တဒိတ်ဒိတ်အခုန်မြန်လာသည်။

ဟော . . . ရင်ခုန်သံမြန်ဆဲ။ အလှနတ်ဖုရားမလေး လာခဲ့ချေပြီ။ ဖက်ဖူးစိမ်းရောင် ရင်စည်းဂါဝန်တိုက ဖြူနုစ်ဝင်းမွတ်သော အသားအရေနှင့် လိုက်ဖက်လွန်းလို့နေသည်။

ဂါဝန်က ဒူးအထက်နားဆီမှာ ပြန်စည်းထားတာမို့ လုံးလုံးဖောင်းဖောင်းကလေး ဖြစ်နေတာကပင် ကလေး,လေးတစ်ယောက်လို ချစ်စရာကောင်းနေရသည်။

သွေးသွေးရယ် . . . ဘာလို့ ဒီလောက်တောင် ချစ်စရာကောင်းနေရတာလဲ။

ခုနက ဝုန်းဒိုင်းကြဲ ဆူညံမြန်ဆန်နေသော ရင်ခုန်သံတို့က သွေးသွေးကို တွေ့လိုက်ရတာနှင့် ချက်ချင်းပင် အသက်မှမရှူတတ်တော့သလို ငြိမ်သက်အေးခဲသွားရတော့သည်။

ဘာလို့ ဒီလောက်တောင် ပြုစားနိုင်ရက်ရတာလဲ ပန်းနုသွေးခြယ်၊ ကိုယ် ရူးရတော့မယ်။ လောလောဆယ်တော့ ရူးလို့ မဖြစ်သေး။





သွေးသွေးကိုပေးရန် ကြံစည်ထားသည့် ပန်းနုရောင် နှင်းဆီပွင့်ကလေးနှင့် စာခေါက်ကလေးကို လက်ဖျံနှင့်ဇက်လျက် ကိုင်ထားရင်းက ကားနား မသိမသာကပ်လိုက်သည်။

စိတ်လှုပ်ရှားရလွန်းသည်မို့ အသက်ပင်မရှူမိ။ ကံကောင်းထောက်မစွာ ဒီနေ့ သွေးသွေးကို လိုက်ပို့တာ အစ်ကိုက တစ်ယောက်တည်း။

အရင်လို သုံးယောက်ပူးကြီး မဟုတ်တာမို့ သူ နည်းနည်းတော့ ရဲ,နေမိသည်။ သွေးသွေး ကားနားအရောက် သူ မျက်နှာကို ပြန်မော့လိုက်သည်။

သူ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည့် သွေးသွေး မျက်ဝန်းတွေက ပထမတော့ အမှုမဲ့ အမှတ်မဲ့။ နောက်မှ . . . မှတ်မိသွားသလို မျက်ဝန်းကလေးများ လက်ခနဲဖြစ်သွားခဲ့ပြီး. .

"ဟယ် . . . တံခွန်"

နှုတ်ခမ်းလှုပ်ရုံ အာမေဋိတ်သံတိုးတိုးကလေး။ တံခွန် အားတက်သွားရသည်။ သွေးသွေးက သူ့ကို အသိအမှတ်ပြုသည်။

"ဝင်လေ . . . ကားထဲမြန်မြန်၊ ဘာရပ်လုပ်နေတာလဲ"

အစ်ကိုတော်က သွေးသွေးကို ဟောက်ရင်း သူ့ကိုပါ ဘုရှိတ် လှမ်းရိုတ်လျှင် တံခွန် ဖျတ်ခနဲ ခေါင်းပြန်ငုံ့ကာ ဟိုဘက်လှည့်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ခြေလှမ်းကိုတော့ မခွာ။ သတိအနေအထားနှင့် ရင်ထဲမှာတော့ တဒိန်းဒိန်း။

သွေးသွေးရဲ့အစ်ကိုက မောင်းသူနေရာ ဝင်ထိုင်လိုက်သည်နှင့် သူ သွေးသွေးနား ဖျတ်ခနဲ ကပ်လိုက်သည်။

သွေးသွေးက တံခါးဖွင့်လိုက်သော်လည်း ကားထဲ ချက်ချင်းဝင်မထိုင်သေး။

ကားတံခါးကို အကာအကွယ်ယူပြီး သူ့လက်ဖျံ၌ ဝှက်ကွယ်ထားသည့် ပန်းနှင့်စာကို သွေးသွေးအိတ်ထဲ အထာလေးနှင့် ပေးရန်အကပ် ...

"ဟာ ... ဟေ့ ... ဟေ့"

"ဟေ့ကောင် ... မင်း ဘာလုပ်မလို့လဲ"

အနောက်ဆီမှ ဟိန်းခနဲ ပေါ်လာသော အသံနှစ်ခု။ သူ့ရင်ထဲ ဒိန်းခနဲဖြစ်ကာ လှည့်ကြည့်လိုက်လျှင် ဒေါသတကြီးနှင့် သူ့ဆီ ပြေးလာသော သွေးသွေးအစ်ကိုနှစ်ယောက်ကို တွေ့လိုက်ရသည်။

"မြတ်စွာဘုရား"

သူ နားထင်နားရင်းများ ထူပူကာ ခေါင်းနပန်းကြီးသွားမိသည်။

"ဘယ်ကောင်လဲ ... ဘာဖြစ်တာလဲ"

ကားထဲရောက်နေပြီဖြစ်သည့်အစ်ကိုက ခေါင်းထုတ်ပြီး





လှည့်ကြည့်သည်။

"ရှုတ် ... ပြေး ပြေး ... သူ အမြန်ပြေးတော့"

ရုတ်တရက် ထူပူကြောင်အမ်းနေသည့် သူ့ကို သတိပေးသံတိုးတိုး။

သွေးသွေးရဲ့ သတိပေးသံ တိုးတိုးကြားရတော့မှ သူ သတိပြန်ဝင်လာတော့ကာ ထွက်ပြေးဖို့ သတိရတော့သည်။

"ဟာ ... ပြေးပြီ"

"ကားပေါ် အမြန်တက်ကြ"

"ဟိုကောင့်နောက်လိုက်မယ်"

ကားစက်နှိုးသံ။

ဘုရား ဘုရား ... သူ လှည့်မကြည့်ရဲ။ ချွေးများ တပြိုက်ပြိုက်ကျကာ ဒရောသောပါး ပြေးဆင်းခဲ့မိတော့သည်။

မိများမိခဲ့လျှင် ယက္ခ ဂုမ္ဘာန်တွေရဲ့ ဒေါသမုန်တိုင်းကြားမှာ သူ တစ်စစီဖြစ်သွားရမှာ အသေအချာ။

သူ အသည်းအသန်ပြေးဆဲ။

'ကွီ'ခနဲ ကားတစ်စီး ရှေ့၌ ထိုးရပ်လာခဲ့ပြီး ...

"အပြေးလေ့ကျင့်နေတာလား"

"ဟာ ... ဖူးဖူး"

ဝမ်းသာလိုက်ရသည်မှာ ပြောဖွယ်ရာမရှိ။

"ဒီနေရာမှာ ပြေးနေတာ ကြည့်မကောင်းဘူး။ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



တက်၊ အင်းယားသွားပြီး ပြေးမယ်''

ခုချိန်မှာ မိဖူးဖူး ...ဘာပြောပြော ကိစ္စမရှိတော့ပြီ။ ဖူးဖူးကားထဲ အမောတကော ဝင်လိုက်မိသည်။ ကားပေါ်ရောက်မှပင် အန္တရာယ်စက်ကွင်းက လွတ်ပြီ ...လို့ စိတ်ကို ဒုံးဒုံးချကာ ...

''ဟူး''ခနဲ လေပူတွေ မှုတ်ထုတ်လိုက်မိသည်။

''ကဲ ...စကားလေး, ဘာလေး ပြောနိုင်ပြီလား''

ဖူးဖူးက သူ့ကို ကားမောင်းရင်းမှ မျက်လုံးစွေကြည့်ရင်း စကားစ,သည်။

''ကျေးဇူးတင်ပါတယ်ဟာ''

''ဟမ်''

ဖူးဖူး ကြောင်သွားသလို လုပ်ပြသည်။ တစ်သက်နဲ့တစ်ကိုယ် သူ တစ်ခါမှ မိဖူးဖူးကို ကျေးဇူးတင်စကား မပြောဘူး။

တကယ်လည်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိသည်။

ဖူးဖူးသာ ရောက်မလာခဲ့လျှင် ခုချိန် သွေးသွေးတို့ကားဘီးအောက် သူ ပြားနေလောက်ပြီ။

''ဟ ...ဘလိုင်းကြီး ကျေးဇူးတင်နေပါလား၊ အကျိုးအကြောင်းလေးလည်း ပြောပြစမ်းပါဦး၊ သွေးပူလေ့ကျင့်ခန်းလာလုပ်တာတော့ မဟုတ်ပါဘူးနော်''

ဖူးဖူးက မေးလေပြီ။ တံခွန် ...အမှန်အတိုင်း ဝန်ခံမှ





ဖြစ်တော့မှာမို့ မျက်နှာခပ်အမ်းအမ်းနှင့်ပင်။

''လူသုံးယောက် ငါ့ကို ရန်ရှာပြီး ကားနဲ့လိုက်တိုက်လို့ဟာ''

ဖူးဖူး သူ့ကို မျက်မှောင်ကြီးကြုတ်ကာ လှည့်ကြည့်သည်။

ပြီးတော့ ...ခေါင်းတဆတ်ဆတ်ညိတ်ကာ စဉ်းစားသလိုလုပ်ရင်း ...

''အိုကေ ...ငါ သဘောပေါက်ပြီ၊ အဲ့ဒီလူသုံးယောက်က ပန်းနုသွေးခြယ်ရဲ့အစ်ကိုတွေပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား''

''ဟမ် ...နင် ဘယ်လိုလုပ် သိနေတာလဲ မိဖူး''

သူ တအံ့တသြ ဖြစ်သွားရသည်။ ပါးနပ်လိုက်သည့်မိဖူးဖူး။ သူ မချီးကျူးဘဲ မနေနိုင်တော့။

''နင်က ငါ့ကို လျှော့တွက်ထားတာကို တံခွန်ရာ၊ နင်စွန့်လွှတ်ပြီး ပန်းနုသွေးခြယ်ကို ကြောင်နေကတည်းက ငါကကြိုတွက်ထားပြီးသား''

''အခုလည်း မနက်က နင် ဒီဘက်ကို ထွက်လာတာမြင်လိုက်ကတည်းက ငါ ပေါက်ပြီးသား''

''ပန်းနုသွေးခြယ် သင်တန်းကိုထွက်လာကာနီး နင်ကပ်ပြီး လာကြောင်တာ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"သူ့အစ်ကိုတွေရဲ့ ကားဘီးအောက် နင်ပြားပြားဝပ် ကိန်းမြင်လို့ ငါ လာကယ်တာ"

ဘုရားရေ ... ပြောပုံက လာကယ်တာ ဆိုပါလား။

"ငါပြောတာ ဟုတ်တယ်မဟုတ်လား၊ လိမ်ဖို့ မကြိုးစားနဲ့ တံခွန်"

"အေးပါဟာ ... မလိမ်ပါဘူး၊ ငါ ဝန်ခံပါတယ်"

မတတ်နိုင်တော့။ လိမ်လို့လည်း မရတော့မယ့်အတူတူ သူ ဝန်ခံလိုက်ရတော့သည်။

"ဘယ်လိုဖြစ်ရတာလဲ တံခွန်ရာ၊ နင်ကလည်း အသည်းအသန် ကြောင်ကလည်း ကြောင်ချင်၊ နုံကလည်း နုံ"

မိဖူးဖူးက သူ့အဖြစ်ကို ကောင်းကောင်းနိုပ်ကွပ်လေတော့သည်။ သူ မခံချင်သော်လည်း ပြောမနာ, ဆိုမနာ ငယ်သူငယ်ချင်းဆိုလို့ ဖူးဖူးတစ်ယောက်သာ ရှိသည်မို့။

"မလွယ်ပါဘူး မိဖူးရာ၊ သွေးသွေးအစ်ကိုသုံးယောက်က အတော်ဆိုးမယ့်ပုံပဲ၊ သွေးသွေး အနားကပ်ဖို့ကို အခွင့်အရေးရဖို့ မလွယ်ဘူး"

လက်မှိုင်ချပြီး ညည်းမိတော့သည်။ ညိုးကျသွားရသည့် သူ့မျက်နှာထားကို တစ်ချက်ကြည့်ကာ ဖူးဖူး ငြိမ်သက်တိတ်ဆိတ်သွားတော့သည်။ အတော်ကလေးကြာမှ ...

"တံခွန် ... နင် ပန်းနုသွေးခြယ်ကို တကယ်ခိုက်နေ





တာလား"

"ဟာ ... တကယ်ပေါ့ ဖူးဖူးရာ၊ ငါ မိန်းကလေးတွေကို လိုက်တာ နင် ဘယ်နှခါတွေ့ဖူးလဲ"

တံခွန် အားတက်သရောပင် ဝန်ခံလိုက်မိသည်။

"တစ်ယောက်ဆိုတစ်ယောက်ပါပဲဟာ၊ ငါတော့ သွေးသွေးနဲ့ နီးစပ်ဖို့ ဘယ်လိုစဉ်းစားရမလဲကို မသိတော့ဘူး"

သူ စိတ်ညစ်လွန်းစွာ ညည်းညူရင်း သက်ပြင်းရှိုက်လိုက်မိသည်။

"တံခွန် ... နင် အရမ်းစိတ်ညစ်နေလားဟင်"

ဖူးဖူးလေသံက မကြားစဖူး ပျော့ပျောင်း၍နေသည်။

"ညစ်တာမှ သေချင်စော်တောင်နံတယ်"

သူ့ကိုကြည့်ကာ သက်ပြင်းရှိုက်လိုက်သူက ဖူးဖူး ...

"အဲ့လောက်လည်း စိတ်ညစ်မနေပါနဲ့ဟာ၊ နင့်ကိစ္စကို ငါ ကူညီပါ့မယ်"

"ဘာ ... မိဖူး နင်ကူညီမယ် ဟုတ်လား"

သူ အရမ်းကို အံ့သြသွားမိသည်။ အမြဲတမ်း သူ့ကို နှောင့်ယှက်ချောက်ချတတ်သည့် မိဖူးက ဒီတစ်ခါ သူ့ကိစ္စကို အကူအညီပေးမယ်ဆိုပါလား။

သူ့နားကိုပင် သူမယုံနိုင်။ မိဖူးပခုံးကိုကိုင်လှုပ်ကာ ထပ်မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် မိဖူး"

"ဩော် . . . တကယ်ပေါ့ဟ"

"ဟာ . . . သင့်ခ်ယူး, သင့်ခ်ယူးဟာ၊ မိဖူး နင့်စကား နင်မမေ့နဲ့နော်"

"အေး . . . ငါ မမေ့ပါဘူး၊ နင်လည်း မမေ့နဲ့"

'ဟမ် . . . ငါက ဘာကိုမမေ့ရမှာလဲ"

"လောလောဆယ် ငါ့ကိုပြုစုဖို့လေ"

မိဖူး မချိုမချဉ်မျက်နှာနှင့် ပြောသည်။

"ဟင်"

"ငါ . . . ဘာမှမစားရသေးဘူး၊ ဟယ်လို ခဏဝင်ပြီး ပီစာလေး ဝင်စားရင် မကောင်းဘူးလား"

"မကောင်းဘူး၊ ငါ ပိုက်ဆံကုန်တာပေါ့"

"အဲ့လို သူ မပြောရဲပါ။ လောလောဆယ် မိဖူးက သူ့ကိစ္စကို ကူညီပေးမယ်ပြောထားတယ် မဟုတ်လား။

"အေး . . . အလား စားလေ ငါ ကျွေးပါ့မယ်၊ ငါလည်း ဆာနေတာနဲ့ အတော်ပဲ"

"ဒါပေါ့ . . . နင်လည်း ပြေးရလွှားရနဲ့ တော်တော်ဆာနေရောပေါ့"

မိဖူး . . . ခွေးသူခိုးမ။ စကားပြောတာ အနှောင့်အသွားက မလွတ်။





"အေး . . . ဟုတ်တယ် . . . ငါလည်း ဆာတယ်၊ နင့်ကိုလည်း ကျွေးမယ်၊ ငါတို့သူငယ်ချင်းနှစ်ယောက် ပီစာ အတူတူ စားကြမယ်နော် . . . အဟင်းဟင်း"

မချိုသွားဖြဲကလေးနှင့် ပြောသာပြောလိုက်ရ တံခွန့်ရင်ထဲ၌တော့ သိပ်မယုံကြည်ချင်သေး။

အမြဲလို ချောက်ချတတ်သည့် မိဖူးက ဒီတစ်ခါ စိတ်ကောင်းဝင်ပြီး ကူညီမယ်ဆိုတာ တကယ်ဟုတ်ပါ့မလား။

မိဖူးစကားကို သူ စိတ်ချလက်ချ မယုံရဲ။ စိတ်ထဲ၌ မယုံစိတ်တစ်ဝက်။ စိုးရိမ်စိတ်တစ်ဝက်။

"နင့်မျက်နှာကြီးကလည်း ဖြစ်နေလိုက်တာ တံခွန်ရယ်၊ ဘာလဲ . . . ငါ့စကားကို မယုံဘူးလား"

"အေးပါ . . . နောက် အဆင်ပြေတော့မှ ကျူးပစ်ဖူး၊ ကျူးပစ်ဖူး . . . ဆိုပြီး တဖူးဖူး လာမလုပ်နဲ့ . . . အဟင်း"

ဖူးဖူးက မျက်စောင်းခဲရင်းက ရယ်ဟဟနှင့် ပြောသည်။

အားကိုးပါရဲ့ ကျူးပစ်ဖူးရယ် . . . ဟု စိတ်ထဲမှ ပြန်ပြောလိုက်မိသည်။

တကယ်ပဲ . . . သူ၌ အားကိုးစရာ မိဖူးသာလျှင် ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ရင်ထဲ တထိတ်ထိတ်။

လက်ဖဝါးအချင်းချင်း ပွတ်လျက်။ လမ်းမဆီသို့သာ စိုက်လျက်ကြည့်နေမိသည်။ မျက်တောင်ပင် မခတ်ဝံ့။

စိုက်ကြည့်ရလွန်းသဖြင့် မျက်လုံးများပင် ပြာချင်ချင်ဖြစ်လာပြီး ခေါင်းကိုလည်း ဟိုဘက်, သည်ဘက် မလှည့်ရဲသဖြင့် ဇက်လည်း ခိုင်ချင်ချင်။

"ဟော"

မိဖူးဆီမှ တပ်လှန့်သံ။ ရင်ထဲ ထိန်းမရအောင် ဒိန်းခနဲ။

"ပန်းနုသွေးခြယ်အိမ်ကကား ဝင်လာပြီ"

"ဟင်"

သူ အကြာကြီး စောင့်ကြည့်နေခဲ့ပြီးမှ တကယ်တမ်း သွေးသွေးတို့အိမ်မှကား ကွေ့ဝင်လာတော့ ဘာလုပ်လို့ ဘာကိုင်





ရမှန်းမသိ ခြေမကိုင်မိ လက်မကိုင်မိ ယောင်ကန်းကန်း ဖြစ်နေမိဆဲ။

"နင်က ဘာတွေ ဂယောင်ဖတ်နေတာလဲ၊ သွားတော့ ... တော်ကြာ ဟိုဘီလူးညီနောင်တွေက နင်နဲ့ငါ တစ်ဖွဲ့ထဲမှန်း ရိပ်မိသွားဦးမယ်"

ဖူးဖူး နှင်လွှတ်တော့မှ သူ ခပ်ကုပ်ကုပ်ကလေး ထွက်လာခဲ့ရသည်။

အတန်းထဲ ကမူးရှူးထိုးနှင့် တွေ့ရာနေရာ ဝင်ထိုင်လိုက်မိသည်။

"အို ... နေရာမှားနေပြီလေ၊ အဲ့ဒါ ကျွန်မ နေရာ"

"ဟာ ... ဆော ... ဆောရီး"

သူ ကပျာကယာ တောင်းပန်ပြီး ကိုယ့်နေရာ ကိုယ် ပြန်ရှာမိသည်။

"ဟင်း ... ကိုယ့်နေရာ ကိုယ်တောင် မေ့ရတယ်လို့ သင်တန်းတက်နေတာကဖြင့် နှစ်ပေါက်တော့မယ်"

ကောင်မလေးက မျက်စောင်းနှင့် ပွစိပွစိ။ သူ မတုံ့ပြန်နိုင်။ အပြင်သို့ ပြန်ချောင်းကြည့်မိပြန်သည်။

ကိုယ်က စိတ်လှုပ်ရှားနေမိသလောက် ကိုယ်တိုင်ပါဝင်လှုပ်ရှားမည့် ကာယကံရှင် မိဖူးဖူးက ပီကေအဝါးမပျက်။

ဟော ... သွေးသွေး ကားပေါ်မှ ဆင်းလာပါပြီ။ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကပါ လိုက်ဆင်းသည်။

သွေးသွေး ကော်ရစ်ဒါတစ်လျှောက် လမ်းလျှောက်လာဆဲ ကားနားမှာရပ်လျက် အစ်ကိုတော်တွေ စောင့်ကြည့်နေကြဆဲဖြစ်သည်။ လှည့်ပြန်မသွားကြသေး။ ကိုယ်စီ လက်ပိုက်လျက်။

မျက်နှာထားတွေကလည်း ညီမအတွက်ဆိုရင် တလောကလုံးကို စစ်ခင်းမယ်ဆိုသည့် မျက်နှာထားတွေ။

ထိုအစ်ကိုသုံးယောက်ကြောင့် နတ်သမီးကလေးလို လှရက်နိုင်လွန်းသော်လည်း သွေးသွေးနား ဘယ်သူမှ မကပ်ဝံ့ကြခြင်းပင်။

သို့သော် ... ပေရယ်ဖူးဆိုသည့် မိဖူးဖူးတစ်ယောက်ကဖြင့် ပီကေဝါးလျက် ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်လျက် သွေးသွေးဆီ ခပ်တည်တည်ပင် လျှောက်သွားချေလေပြီ။

"ရွတ် ... ရွတ်"

နံဘေးမှ တရွတ်ရွတ်သံကြောင့် သွေးသွေး ဇဝေဇဝါဖြင့် လှည့်ကြည့်လိုက်မိသည်။

ပြုံးရွှင်စွာရယ်ပြီး နှုတ်ဆက်နေသော ကောင်မလေး





တစ်ယောက်။

ghost ကားထဲမှာ ဒယ်မီမိုးရှိထားသည့် ဆံပင်ပုံစံတိုကပ်ကပ်ကလေးနှင့် ...

တီရှပ်အပွ၊ ဘောင်းဘီရှည်အပွနှင့် မျက်နှာကလေးကတော့ အခြယ်အသကင်းမဲ့လျက်။ ပကတိ ပန်းသွေးရောင် ကြည်လဲ့နေသည်။

သင်တန်းမှာ မျက်မှန်းတန်းမိထားပေမယ့် တစ်ခါမှ အခေါ်အပြောမရှိဘူးသည်မို့ အစိမ်းသက်သက်ကြီး ပြုံးပြနှုတ်ဆက်နေတော့ သွေးသွေးမှာ ပြန်ပြုံးပြရကောင်းနိုး မသိချင်ယောင်ပဲ ဆောင်ရကောင်းနိုး အခက်ကြုံနေရဆဲ ...

"ပန်းနုသွေးခြယ် ကိုယ့်ကိုသိလား"

"ဟင်"

နာမည်ခေါ်ပြီး စကားပါပြောလာတော့ သွေးသွေး မပြုံးပြလို့မကောင်းတော့သည်မို့ ပြန်ပြုံးပြရရင်း ...

"ဟို ... တွေ့တော့ တွေ့ဖူးပါတယ်"

"တွေ့ဖူးမှာပေါ့ ... ကိုယ်လည်း ဒီဆက်ရှင်းကပဲဟာ"

"ဩော် ... ဟုတ်ကဲ့"

သွေးသွေးမှာ ရန်လိုလုသည့် အစ်ကိုတော်တွေကြောင့် အပေါင်းအသင်းမရှိဘဲ ရုပ်တည်ကြီးနှင့် ကျောက်ဆစ်ရုပ်လိုနေရသည့်ဘဝကို ညည်းငွေ့နေရသည်မို့ ခုလို မိတ်ဆက်ခေါ်ပြော



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူ ရှိလာတာကို ပျော်သွားမိကာ လှိုက်လှိုက်လှဲလှဲ ပြန်စကားပြောနေမိသည်။

"မှတ်ထားနော် ကိုယ့်နာမည်က ပေရယ်လ်ဖူး"

ဟောတော့ ... နာမည်ကို မိတ်ဆက်ရင်းက 'ကျစ်'ခနဲ စုတ်သပ်ကာ မျက်စိတစ်ချက် လှစ်ခနဲ မှိတ်ပြ၏။

ပေရယ်လ်ဖူး ... ဆိုသည့် နာမည်လှလှလေးက မိန်းကလေးနာမည်။

ဝတ်ပုံစားပုံနှင့် အမူအရာတွေက ယောကျ်ားလေးဆန်ဆန်။ သွေးသွေး ဘယ်လိုနားလည်ရမလဲကို မသိတော့။

ယောကျ်ားလျာလေးပဲလား။ ကိုယ့်ကို လာကြောင်နေတာပဲလား။ စိတ်ထဲ လန့်သလိုလိုဖြစ်လာပြီး အပြုံးတွေပင် ခပ်တွန့်တွန့်ဖြစ်သွားမိဆဲ။

ပေရယ်လ်ဖူးဆိုသည့် သကောင့်သမလေးက လှစ်ခနဲအနားတိုးကပ်လာလျှင် သွေးသွေးမှာ မျက်လုံးကလေး ဝိုင်းလျက်လန့်ခနဲဖြစ်သွားရသည်။

လန့်ပါသည်ဆိုမှ သကောင့်သမလေးက နား,နားကပ်ကာ ခပ်တိုးတိုးပြောပြန်ပါသည်။

"တံခွန့်ကို သိလား"

"ဟင်"

သွေးသွေး တအံ့တဩလေး ဖြစ်သွားရသည်။





"တံခွန်လေ ဟိုတစ်နေ့က စွန်လွှတ်တင်လိုက်တာလေ၊ ပြီးတော့ ... မနေ့က မင်းအစ်ကိုတွေ ကားနဲ့လိုက်တိုက်တဲ့ငနဲလေးလေ"

"သိ ... သိတယ်"

တံခွန်ဆိုတဲ့နာမည် ကြားလိုက်ရသည်နှင့် သွေးသွေးရင်ခုန်သံ မြန်ရချေပြီ။

ပြီးတော့ ... ပေရယ်လ်ဖူး လာမိတ်ဆက်တဲ့အထာကလေးကိုလည်း ခေတ်လူငယ်ပီပီ သဘောပေါက်လိုက်ပါပြီ။

"ဟိုလေ ... သူ့ကို ပြောတာမဟုတ်လား"

"အိုး ... ရိုက် (right) တံခွန်ဆိုတာ သူပေါ့၊ သိလား"

ဖူးဖူး ရယ်ဟာဟာနှင့် မေးသည်။ အစ်ကိုသုံးယောက်နှင့်နေရသော သွေးသွေး အဲ့လောက်တော့ မတုံးသေးပါ။ ပြုံးစိစိနှင့် ဖက်ကလေးပု လေသံကိုနှိမ့်လျက်။

နှစ်ယောက်သား သဘောတကျ ရယ်လိုက်မိကြသည်။

တံခွန်ကြားရင်တော့ ဒေါပွလိုက်မယ့်အမျိုး။ ဘာရယ်မဟုတ်ဘဲ ဖူးဖူး အခေါ်အပြောညက်ကာ အရွှန်းဖောက်တတ်မှုကြောင့် နှစ်ယောက်သား မြန်ဆန်စွာ ရင်းနှီးသွားတော့သည်။

"သူက ..."

သွေးသွေး စကားပြန်ဆက်သည်။ ဖူးဖူးကလည်း သွေးသွေးကို မသိမသာ အကဲခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းရီနေသော သွေးသွေးရဲ့မျက်ဝန်းကလေးများကို ကြည့်ကာ တံခွန်ကို စိတ်ဝင်စားမှု ရှိနေသည်ဆိုတာ ဖူးဖူး ရိပ်မိလိုက်သည်။

ဖူးဖူး ကိုယ့်အကြံအစည် အောင်မြင်ဖို့ ရာခိုင်နှုန်းပြည့် ရှိသည်ဆိုတာ သေချာသည်မို့ ပြုံးလိုက်မိကာ ...

"ပန်းနုသွေးခြယ် ...ကို ခင်ချင်လို့တဲ့"

"သွေးသွေးကို"

သွေးသွေး ကိုယ့်ရင်ဘတ်ကိုယ် လက်မလေးနှင့်ထောက်ကာ မျက်လုံးလေးပြူးပြီး တမင်အံ့သြဟန်ပြုသည်။

"ဟင် ...မင်းသမီးလည်း မဟုတ်ဘဲနဲ့"

"မင်းသမီးတွေထက် ပိုလှနေတာကိုး"

"ဘာစားမလဲ"

"ပီစာ"

"မစ်ရှိတ်ပါ တိုက်မယ်"

"စိတ်ဆိုးတယ်"

အတိုင်အဖောက်ညီစွာပြောပြီး ရယ်မိကြပြန်သည်။

"ဟော့ကောင်"

နှစ်ယောက်သား ရယ်၍ကောင်းဆဲ။ နောက်မှ ဟိန်းခနဲ ထွက်ပေါ်လာသော အသံကြီးကြောင့် ကျောကလေးများပင် တုန် သွားမိကြသည်။





အလန့်တကြား လှည့်ကြည့်လိုက်မိကြလျှင် ...

"မင်း ...ဘယ်ကကောင်လဲ ပြောစမ်း"

"ကိုငယ် မေးမနေနဲ့ကွာ ဖွဲ့လိုက်"

အစ်ကိုသုံးယောက်မှာ ခက်ထန်ကြွပ်ဆတ်၍နေသော မျက်နှာထားကိုယ်စီနှင့် လက်သီးတွေပြင်ကာ ရှေ့တိုးလာကြသည်။

တိုက်ကွန်ဒိုသင်တန်းတက်ထားဖူးသော ဖူးဖူးမှာ မဖြုန်။ ပီကေအဝါးမပျက်ပင် လက်ပိုက်ကာ ပြန်စောင်ကြည့်နေလိုက်သည်။

ဖူးဖူးရဲ့မထေ့မဲ့မြင်အမူအရာကြောင့် သူရိန်တို့သုံးယောက်မှာ ပိုနာတင်းသွားရပြီး ...

"ဟော့ကောင် ...မင်း ဘာကောင်လဲ"

"ခင်ဗျားတို့ကရော ဘာကောင်တွေလဲ"

"ဘာကွ ...မင်း ...မင်း"

ကိုလေး လက်သီးပြင်လျက် ရှေ့တိုးသည်။ သွေးသွေး ကပျာကယာ ဖူးဖူးရှေ့ ဝင်ရပ်ကာ ...

"ကိုလေး ...ကိုလေး မလုပ်နဲ့ ကိုလေးတို့ထင်သလို မဟုတ်ဘူး"

"ဘာမဟုတ်တာလဲ၊ နင် ဘာသိလို့လဲ"

"ဪ ...မဟုတ်ပါဘူးဆို ညီမလေးပြောတာ နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပါဦး''

သွေးသွေးမှာ ... အစ်ကိုတွေထင်အလို ဖူးဖူးဟာ ယောကျ်ားလေးမဟုတ်မှန်း ပြောပြချင်ပေမယ့် ဖူးဖူး မကြိုက်မှာ စိုး၍ မပြောဝံ့။

ပြောရကောင်းနိုး မပြောရကောင်းနိုး ပါးစပ်တပြင်ပြင်နှင့် အခက်ကြုံနေရတော့သည်။

နောက်ဆုံး ... မပြောလျှင်လည်း ဒေါသကူမ္ဘာရအစ်ကိုတွေက ဖူးဖူးကို ပြဿနာရှာတော့မှာမို့ ဉာဏ်ထုတ်ကာ ...

''သူ ... သူ့နာမည်က ပေရယ်လ်ဖူး ... တဲ့''

''ဟမ်''

လက်သီးပြင်နေကြသော အစ်ကိုများမှာ ယောကျ်ားလေးအသွင်အပြင်နှင့် ဖြစ်နေသော်လည်း နာမည်မှာ မိန်းကလေးနာမည်ကြောင့် ကြောင်သွားကြရပြီး ...

အသေအချာကြည့်မိတော့မှ ဘာဆိုးဆေးမှ တင်မထားသည့် ပကတိရှင်းသန့်နေသည့် မျက်နှာကလေးက နာမည်နှင့်လိုက်အောင် ဖူးထွတ်ဝင်းမွတ်နေကာ ...

ဘယ်လိုပင် အဝတ်အစားပွပွတွေနှင့် ဖုံးကွယ်ထားပေမယ့် ထိန်းချုပ်မရသည့် ရှိက်ဖိုကြီးငယ် အလှတရားလေးတွေကို တွေ့မြင်လိုက်ရလျှင် အားလုံး အိုးတိုးအမ်းတမ်းဖြစ်ကုန်ကြရတော့သည်။





''ဖူးဖူးက ညီမလေးကို ခင်ချင်လို့တဲ့ လာမိတ်ဆက်တာ၊ ကိုကြီးတို့ကလည်း ဘာမှန်းလည်းမသိဘူး ဒေါသချည်းပဲ''

သွေးသွေး အစ်ကိုတွေကို မျက်စောင်းလေးဝင့်သည်။

''ဟို ... ဆော ... ဆောရီးပါ မသိလို့''

ခုတော့လည်း ဒေါသကူမ္ဘာရတွေ လေသံပျော့လျက် ကြွပ်ဆတ်ခက်ထန်သည့်မျက်နှာထားတွေကလည်း ယုန်သူငယ်လေးတွေလို ဘာမှမသိနားမလည်သလို မျက်စိသူငယ် နားသူငယ်ကလေးတွေနှင့်။

''ခင် ... ခင်ပါ ရပါတယ်''

ဘယ်သူနှင့်မှ အပေါင်းအသင်းမလုပ်ရဘူးဆိုသည့် အစ်ကိုတွေက ခုတော့လည်း သဘောကောင်းလွန်းလှစွာ ...

''ဟို ... အိမ်ကိုလည်း အချိန်မရွေး ဝင်ထွက်လည်ပတ်ပါနော်''

''ဟုတ်တယ်၊ ဖူးဖူးအတွက်ဆို တံခါးတွေရော၊ ဓားတွေရော အကုန်ဖြုတ်သိမ်းထားမယ်''

''တကယ်လား ... တော်ကြာ ဓားပြဝင်တိုက်တော့မှ ကျွန်တော့်ကြောင့်လို့ မပြောနဲ့နော်''

''ပြောပါဘူး ... ပြောဘူး''

ဟော ... အပေးအယူတွေ တည့်ကုန်ကြပြီ။ အိမ်ကိုဝင်ပါ၊ ထွက်ပါတွေ ဖြစ်ကုန်ကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ညီမလေး အနေအထိုင်မတတ်ရင်လည်း ပြုပြင်ပေးပါဗျာ ... ပေရယ်လ်ဖူးလက်ထဲပဲ အပ်ပါတယ်"

"ဟုတ်တယ် ... အငယ်ဆုံးလည်းဖြစ်၊ မိန်းကလေးလည်း တစ်ယောက်တည်းပါတယ်ဆိုတော့ ညီမလေးက ဆိုးတယ်"

သွေးသွေး နှုတ်ခမ်းစူကာ မျက်စောင်းကလေး ဝင့်သည်။

"ဟုတ်လား ... ကျွန်တော်က မပြုပြင်ပေးတတ်ဘူး၊ မြှောက်ပဲ ပေးတတ်တယ်၊ ကျွန်တော်နဲ့ပေါင်းမှ ပိုဆိုးလာခဲ့ရင် အပေါင်းအသင်းဖျက်တယ် ... လို့ မပြောနဲ့"

"ပြောပါဘူး ... ပြောဘူး"

တာနောတွေ, ယက္ခတွေ, ဂုမ္ဘာန်တွေ အစွယ်ကျိုးကုန်ကြပြီ။

ဖူးဖူး ဘုပစ်သမျှ, လျောင်သမျှ တဟဲဟဲနှင့် ခေါင်းတညိတ်ညိတ်တွေ ဖြစ်ကုန်ကြပြီ။

"ကျွန်တော်တို့ညီမလေးကိုခင်သလို ကျွန်တော်တို့ကိုလည်း ခင်နိုင်ပါတယ်"

ဂုမ္ဘာန်ညီနောင်တစ်တွေ ကိုယ့်အတွက် ကိုယ်လည်း မမေ့။ ကိုယ့်အကွက်ထဲ မဝင်,ဝင်အောင် ဆွဲထားဖို့ ကြံသည်။

ဒီလိုဆိုတော့လည်း ဒင်းတို့ထက် ပါးနပ်သည့် ဖူးဖူးက





အိတ်ထဲ ဟိုရှာသလို ဒီရှာသလို တမင်အလုပ်ရှုပ်ချင်ယောင်ဆောင်ပြီး မကြားချင်ယောင်ဆောင်လိုက်တာပေါ့။

"ကဲ ... ခင်မင်တဲ့အထိမ်းအမှတ်နဲ့ ..."

ကိုကြီးက စကားစ,သည်။

ဖူးဖူးမျက်လုံးလေး မေ့။ မျက်တောင်ကလေး စင်းကာကြည့်သည်။

"ညနေကျရင် ..."

ကိုလေးက စကားဆက်သည်။ ဖူးဖူး မေးဆတ်ပြသည်။

"အိမ်မှာ ထမင်းလာစားပါလို့"

ကိုငယ်က စကားဆုံးအောင် ဖြည့်ဆွတ်အပြီး ဖူးဖူး ဘာမှမတုံ့ပြန်ဘဲ ပခုံးကလေးသာ တွန့်ပြသည်။

"ဟုတ်တယ် ... ဟုတ်တယ် သွေးသွေးကို ခင်တယ်ဆိုရင် ညနေအိမ်မှာ ထမင်းလိုက်စားရမယ် ... နော် ဖူးဖူး"

အပေါင်းအသင်းမရှိရှာသည့် သွေးသွေး ခုမှ ခင်သည့် ဖူးဖူးကိုပင် အရမ်းကို တွယ်တာမိတော့တာ။ ထမင်းလိုက်စားဖို့ အတင်းခေါ်တော့သည်။

"လိုက်စားပါဗျာ၊ ညီမလေးက ဟင်းချက်သိပ်ကောင်းတာ"

"ဟုတ်လား၊ သွေးသွေးက ဟင်းချက်တတ်လား"

"ချက်တတ်တာပေါ့၊ အိမ်မှာ သွေးသွေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း မိန်းကလေးရှိတာ၊ သွေးမချက်လို့ ဘယ်သူချက်မှာလဲ''

''တော်လိုက်တာ''

''အချိုးမွမ်းမစောနဲ့၊ လိုက်စားကြည့်ပြီးမှ ဝေဖန်''

''ဟာ ... အပြောနဲ့တင် တကယ်စားချင်လာပြီဗျာ''

''ဟယ် ... ဒါဆို ညနေ အိမ်မှာ ထမင်းလိုက်စားမယ် ပေါ့''

''ကောင်းမလားလို့''

''အို ... သိပ်ကောင်းတာပေါ့၊ သွေး အရမ်းပျော်သွားပြီ''

''နောက် ... အမြဲစားချင်သွားရင် ...''

''ဝဲလ်ကမ်း''

''အဲဗား''

''ဖော်အဲဗား''

ဖူးဖူးနှင့် သွေးသွေး ခုမှ ခင်မင်ကြပေမယ့် ငယ်ပေါင်းကြီးဖော်တွေလို ... ဖူးဖူး သွေးသွေးပခုံးလေးကိုဖက်ကာ အတန်းထဲဝင်သည်။

မိန်းကလေးချင်းရယ်လို့ သိပေမယ့် တိုက်ပ်ကပ်ဒမ်မီမိုးရဲ့ကေနှင့် ယောကျာ်းလေးအဝတ်အစားများကြောင့် အစ်ကိုတွေမှာ နည်းနည်းတော့ နင်သွားရသည်။

အတန်းထဲ လိုက်ဝင်လို့မရသည်မို့ အစ်ကိုတော်တွေ





အတန်းရှေ့မှ လှည့်ပြန်ရသည်။ အတန်းထဲဝင်လိုက်သည်နှင့် ..

ရှင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ပြီး ချောင်းကြည့်နေခဲ့ရသော တံခွန့်မျက်လုံးများနှင့် တန်းခနဲ။

ဖူးဖူး တံခွန့်ကို မသိမသာ လက်မထောင်ပြကာ မျက်စိတစ်ဖက် လှစ်ခနဲမှိတ်ပြ၏။

အောင်မြင်တယ် ... ဆိုသည့်သဘော။

တံခွန်မျက်နှာကြီး အစွမ်းကုန်ပြုံးသွားရ၏။

သူတို့နှစ်ယောက်ရဲ့အထာတွေကို ရိပ်မိသလို သွေးသွေး တံခွန်ကို မသိမသာ မျက်စောင်းကလေး ခဲ၏။

ဟား ... တံခွန့်ရင်ထဲ ပျားရည်ပြစ်ကလေး ဖြတ်စီးသွားရသည်။

မျက်စောင်းကလေးက ချိုမြိန်လွန်းလှသည်လေ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)



“ကြာ ... နာမည်လေးနဲ့လိုက်အောင် မျက်နှာကလေးက ဖူးနေတာပဲ”

ကြိတ်မနိုင် ခဲမရ မချင့်မရဲပြောသံ။ အစ်ကိုတွေ အခန်းရှေ့မှအဖြတ် သွေးသွေး ခြေလှမ်းတို့ တုံ့သွားရသည်။

“မျက်နှာကလေးတင်မကပါဘူးကွာ အကုန်ဖူးပါတယ်”

“ကိုလေး ... မင်းစကားကြီးက”

“ဘာတွေလျှောက်တွေးနေတာလဲ၊ လက်ချောင်းလေးတွေ၊ ခြေချောင်းလေးတွေကအစ ပြည့်ပြည့်ဖူးဖူးလေးတွေလို့ပြောတာ”

“မျက်နှာကလေးက ဘာကာလာမှမတင်ထားဘဲနဲ့ ဝင်းဖန့်နေတာပဲကွာ”

“အဲ့ဒါ နယ်ချရယ် ဗြူတီ၊ နယ်ချရယ်ဗြူတီ မှတ်ထား”





ဪ ... လက်စသတ်တော့ ဧပရယ်လ်ဖူးအကြောင်း ပြောနေကြတာကိုး။

သွေးသွေး နှုံရှုံနှား အသာကပ်လျက် နားစွင့်လိုက်သည်။

“အတွေ့နောက်ကျတာတောင် ရင်ထဲမကောင်းဘူး”

“အေးကွာ ... မိသွေးကို စောစောစီးစီး ဘာလို့ လာမမိတ်ဆက်ရတာလဲ”

အံမယ် ... ခုမှ ညီမတစ်ယောက်ရှိတာ တည်ကြက်လုပ်ဖို့ သတိရနေလိုက်ကြတာ။

“ဘာပဲဖြစ်ဖြစ် ... ငါကတော့ မိသွေးကို ဖူးဖူးနဲ့ပေါင်းတာ သဘောကျတယ်”

“အေး ... ငါလည်း သဘောကျတယ်၊ ဖူးဖူးက ယောကျ်ားလေးပုံစံဆိုတော့ မိသွေးကို လိုက်ချင်တဲ့ငနဲတွေရှိရင် ဖူးဖူးကိုလန့်ပြီး ပြေးမှာပဲ”

ဖူးဖူးကိုလန့်ပြီး ပြေးမှာပဲ ... တဲ့။ ကိုကြီးစကားကြောင့် သွေးသွေး ကြိတ်ရယ်လိုက်မိသည်။ မပြေးတဲ့အပြင် အနားကပ်ချင်လို့ ဖူးဖူးကို ကျူးပစ်လုပ်နိုင်းတဲ့ ဉာဏ်ကြီးရှင်ရှိတာ အစ်ကိုတော်တွေ မသိ။

“ဟုတ်တယ် ... ဖူးဖူးရှိတော့ မိသွေးကို သင်တန်းမှာစိတ်ချလို့ရပြီ၊ ဘယ်ငနဲမှ မိသွေးနား ကပ်ရဲတော့မှာ မဟုတ်ဘူး”

“မိသွေး ... ဖူးဖူးနဲ့ အပေါင်းအသင်းဖြစ်တာ မိသွေး



www.burmeseclassic.com

www.burmeseclassic.com



အတွက်လည်းကောင်း၊ ဟဲဟဲ . . . ငါတို့အတွက်လည်း ကောင်း''

အကွက်ဝင်ချေပြီ။ သွေးသွေး မျက်နှာကိုချိုလျက် အစ်ကိုတွေအခန်းထဲ ဆောင့်ခနဲ ဝင်ချကာ . . .

''ဘာတွေပြောနေကြတာလဲ''

''ဟို . . . ကောင်း . . . ကောင်း''

ကိုယ်တစ်ယောက် တစ်ကောင်းကောင်းနှင့် စကားရှေ့မဆက်ရဲ။

''ဘာတွေကောင်းနေတာလဲ . . ဆက်ပြောလေ ဟင်း''

သွေးသွေးလေသံက ခပ်တင်းတင်း။

''ဪ . . . ဖူးဖူးနဲ့ အပေါင်းအသင်းဖြစ်တာ ညီမလေးအတွက် ကောင်းတယ်လို့''

''ပြီးတော့ရော . . .''

''ကိုယ်တို့အတွက်လည်းကောင်း''

''ဘာကောင်းတာလဲ . . . ဘာကောင်းတာလဲ''

ဖူးဖူး ခါးထောက်ပြီး ကြုံးအော်သည်။

''ဟို . . . ဟိုလေ . . . ညီမလေးကို အရင်လို စိတ်မပူရတော့တာ ကိုယ်တို့အတွက် ကောင်း . . . ကောင်းတာပေါ့လို့''

''ဟင်း . . . သိတယ်နော်၊ ကိုယ်တို့အကြံတွေ''

သွေးသွေး ခါးထောက်လျက်က ဂါဝန်ကလေး စုကိုင်ကာ အစ်ကိုတော်တွေကို မျက်စောင်းခဲသည်။





''ဖူးဖူးက ယောကျ်ားစိတ်ဝင်နေတာနော်၊ တွေလီကာလီ မကြံစည်ကြနဲ့''

''ဟာ . . . မကြံ . . . မကြံ''

''ဟင်း . . . ညီမလေးမှာ အပေါင်းအသင်းဆိုလို့ ဖူးဖူး တစ်ယောက်တည်း ရှိတာနော်၊ ကိုယ်တို့ကြောင့် ညီမလေးနဲ့ ဖူးဖူး အခင်မင် မပျက်ပါရစေနဲ့''

''အေးပါ . . . အေးပါ . . . မပျက်စေရပါဘူး''

''ဖူးဖူးလာရင် ဣန္ဒြေရရနေကြ''

''အေး . . . အေးပါ နေပါ့မယ်''

သွေးသွေး ကိုယ်ခံခဲ့ရသမျှ အစ်ကိုတွေကို ဥပဒေပြန်ထုတ်သည်။

''စကားမရှိ စကားရှာ လာ,လာမပြောကြနဲ့''

''ဟင့်အင်း . . . ပြောပါဘူး၊ ပြောဘူး''

''မျက်လုံးတွေကလည်း တောင်ကြည့်, မြောက်ကြည့်နဲ့ ခေါ်တောမလုပ်ကြနဲ့''

''ကြည့်ပါဘူး . . . ကြည့်ဘူး''

''ကတိနော်''

''ကတိ . . . ကတိ''

''ဟင်း . . . ကတိကို လွယ်လွယ်နဲ့ မပေးကြနဲ့နော်၊ နောက်မှ ကတိဖျက်လို့ကတော့ ညီမလေးနဲ့ တွေ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



“အေးပါ ... ကြောက်ပါရဲ့”

သွေးသွေး အစ်ကိုတော်တွေကို မျက်စောင်းထိုးသည်။

ထို့နောက် ... တဒုန်းဒုန်းမြည်အောင် ခြေသံပြင်းပြင်း ပေးလျက် အခန်းထဲမှ အထွက် ...

“ဟွန်း ... သူ့များ ကြောက်ရမလားလို့”

“ဟား ဟား ... စိတ်ချမ်းသာအောင် ပြောပေးလိုက်ပါကွာ”

မကြားတကြား အပြော ‘ဘာ’ခနဲ အော်လျက် ... သွေးသွေး လှည့်ကြည့်သည်။

“ဟင် ... ဘာ ... ဘာလဲ”

“မကြောက်ဘူးပေါ့လေ ... ဟုတ်လား”

“ဟင့်အင်း ... အလကားနောက်တာ၊ ကြောက် ... ကြောက်ပါတယ်”

သွေးသွေး ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

“အိုကေ ... မကြောက်ပါနဲ့ ရပါတယ်၊ ဒါပေမဲ့ ... ကိုယ်တို့ ကိုကြီးတို့သိအောင် တစ်ခုတော့ ပြောပြထားမယ် ... သိလား”

“ဘာလဲဟင်”

အစ်ကိုတော်တွေ မျက်နှာပိုးသပ်လျက် ပြန်မေးသည်။

သွေးသွေး မခိုးမခန့်ပြုံးလျက် တစ်လုံးချင်း ပြောသည်။





“ဖူး ဖူး က ... တိုက် ကွမ် ဒို တတ် တယ်”

“ဟင်”

“ရွှေတံဆိပ် သုံးဆု ရဖူးတယ်”

“ဟုတ် ... ဟုတ်လား”

“မယုံရင် စမ်းကြည့်လိုက်လေ”

စကားဆုံးသည်နှင့် သွေးသွေး အောင်နိုင်သူကြီးတစ်ယောက်လို မျက်နှာကလေးချီလျက် ထွက်လာခဲ့သည်။

“တိုက် ကွမ် ဒို ... တဲ့”

“ရွှေတံဆိပ်သုံးဆု ... တဲ့”

“မယုံရင် စမ်းကြည့် ... တဲ့”

“ဟင့်အင်း ... စမ်းရဲပါဘူး ကြောက်တယ်”

သူရိန်, ဝေဇနှင့် အာကာတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ခေါင်းတခါခါ ...

မျက်စိမျက်နှာလည်း အပျက်ပျက် ဖြစ်ကုန်ကြသည်။ သွေးသွေး အစ်ကိုတွေ ဘယ်လိုဖြစ်ကုန်ကြမလဲဆိုတာ လှည့်မကြည့်ဘဲလျက် သိကာ ကြိတ်ရယ်နေမိသည်။

ဟင်း ... ဘယ်ရမလဲ တစ်သက်လုံးက သူတို့ ချုပ်ချယ် သဝန်ကြောင်သမျှ ခေါင်းငုံ့လည်စင်းခံခဲ့ရတာ ...

ခုတော့ ... ပန်းနုသွေးခြယ်အလှည့်ပဲ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

"ဟဲဟဲ ... သူငယ်ချင်း"

ဖူးဖူး 'ဝါး'ခနဲ သမ်းရင်းက တအံ့တဩဖြစ်သွားရသည်။ ကိုယ့်မျက်လုံးကိုယ်ပင် မယုံ။ မျက်လုံးကို လက်ညှိုးနှင့် အခါခါ ပွတ်လျက် ...

"တံခွန်"

"မောနင်း သူငယ်ချင်း"

"ဘုရားရေ ... တံခွန် အခု မိုးတောင်မလင်းသေးဘူး လေ"

"အေးလေ ... ဘာဖြစ်လဲ"

"ဟာ ... ဒီအချိန်ကြီး ... နင် သူများအိမ် လာလည် ရသလား"

"သူများအိမ်မှ မဟုတ်တာ နင့်အိမ်ပဲဟာ၊ အန်တီလည်း





နိုးနေပြီပဲ"

"အာ ... ဘယ်နှနာရီရှိသေးလို့လဲ တံခွန်ရာ"

"ငါးနာရီ ထိုးပြီလေ"

"အိပ်ကောင်းတုန်း ... လို့ ပြောတာဟ"

မအူမလည်သကောင့်သားက အရိပ်ပြလို့လည်း နားမလည်။ ဖူးဖူး မျက်နှာ ရှုံ့မဲ့နေမိသည်။

"ဟင် ... နင် အခု နိုးနေပြီ မဟုတ်လား"

"ဘယ်က နိုးရဦးမှာလဲ၊ ရှူးပေါက်ချင်လို့ ထ,လာတာ၊ ပြီးရင် ... ပြန်အိပ်ဦးမှာ"

"အိပ်ပါနဲ့တော့ဟာ ... ငါ နင့်ကို ပြောစရာရှိလို့"

"တံခွန်ရာ"

ဖူးဖူး ... ရှစ်ခေါက်ချိုးမျက်နှာနှင့် ခြေဆောင့်သည်။

"ငါ ... ငါလေ ... တစ်ညလုံးလည်း အိပ်လို့မရဘူး၊ ငါ့မျက်လုံးထဲမှာ သွေးသွေးကိုပဲ"

"ခဏ .. ခဏနေဦး .. ငါ ရှူးအရင်ပေါက်ပါရစေဦး"

သကောင့်သား လေကြောမိရင် ကိုယ့်ကိစ္စက ပြဿနာ တက်နိုင်သည်မို့ ဖူးဖူး တံခွန့်ကို လက်ကာပြပြီး လက်ထရိန်ကို အမြန်ပြေးရသည်။

လက်ထရိန်ထဲရောက်တော့မှ အေးအေးဆေးဆေး ပြန် ငိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သကောင့်သားလေကြောထဲ ပြန်မိလျှင် ဒီမနက်ကို အိပ်ရတော့မှာမဟုတ်။

"ဖူးဖူး ... ဟဲ့ ဖူးဖူး ထွက်တော့လေဟာ ကြာလှပြီ၊ အထဲမှာ ပြန်အိပ်နေတာလား"

"အာ ... ကျွတ်"

အိမ်သာတံခါးကို တဝုန်းဝုန်းထု,ကာ လာအော်နေပြန်သည်မို့ ဖူးဖူး စိတ်ပျက်လက်ပျက် ညည်းညူကာ ထွက်ရပြန်သည်။

"တံခွန်ရာ ... နင် တော်တော်ဆိုးတာပဲ၊ ငါ အိပ်ရေးမဝသေးဘူး၊ တစ်ရေးလောက် ပြန်အိပ်ပါရစေဟာနော်၊ နင် မေမေနဲ့အတူ ပရိတ်ကြီးဆယ့်တစ်သုတ် သွားရွတ်နေပါလား"

"ဟာ ... မဖြစ်သေးပါဘူး၊ ငါ အခု အရမ်းရင်ခုန်နေတယ်ဟ၊ ဘုရားရှိခိုးရင် ငရဲကြီးလိမ့်မယ်"

"အဲ့ဒါဆိုလည်း ကော်ဖီလေးသောက်ပြီး အခွေကြည့်နေပါလားဟင်"

ဖူးဖူး လေသံပျော့နှင့် နှပ်ကြည့်သည်။

"ဟာ ... ဒီအချိန်ကြီး အခွေလည်း မကြည့်ချင်ပါဘူး ဖူးဖူးရယ်၊ ငါ အရမ်းကို ခံစားနေရလို့ပါ"

"ငါ့ကို နားလည်စာနာပေးမယ့်သူ နင့်အပြင် ဘယ်သူမှ မရှိလို့ပါဟာ ... နော်၊ ငါ နင့်ကို ရင်ဖွင့်ပါရစေ"





သေစမ်း ... သေလိုက်တော့။ ပေရယ်လ်ဖူး ဝဋ်ရှိသရွေ့တော့ ခံလိုက်ပေဦးတော့။

"လာပါဟာ ... ငါပြောတာ နားထောင်ပေးပါ၊ မိုးလင်းရင် ငါ နင့်ကို ဒင်းမ်ဆမ်း လိုက်ကျွေးပါ့မယ်"

ဖူးဖူး ဒင်းမ်ဆမ်းကိုလည်း မမက်တော့ပြီ။ ခေါင်းကုပ်ပြီး တံခွန့်ဘေး အသာဝင်ထိုင်လိုက်ရ၏။ အိပ်ချင်စိတ်တွေက တားမနိုင် ဆီးမရ။ မျက်ခွံတွေက မဖွင့်ချင်လောက်အောင် လေးလံ၍နေသည်။

"မိဖူးရယ် ... ငါလေ တစ်ညလုံးအိပ်မပျော်ဘူး။ သူ့မျက်နှာလေးကိုပဲ မျက်စိထဲ မြင်ယောင်နေမိတယ်"

"သူ့ရဲ့လှုပ်ရှားမှုလေးတွေ၊ အပြုအမူလေးတွေအားလုံးကို စွဲလမ်းနေမိတယ်"

"သူ ... ငါ့ကိုကြည့်တဲ့မျက်ဝန်းလေးတွေ၊ သူ ... ငါ့ကိုပြုံးပြတဲ့ နှုတ်ခမ်းလေးတွေဟာ ငါ့အာရုံထဲက လုံးဝကို ဖျောက်လို့မရဘူးဟာ၊ ငါ ... ငါ ဘာလုပ်ရမလဲဟင် မိဖူး၊ ငါ ဘာလုပ်ရမလဲ"

စိတ်ကြီးရယ် ညစ်ရပါရဲ့။

"တံခွန်"

အိပ်ချင်မူးတူးသံကြီးနှင့် ဖူးဖူးခေါ်လိုက်တော့ ...

'ဟင်'ခနဲ အားကိုးတကြီး ပြန်ထူးရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် ခုချိန်မှာ ဘာလုပ်ရမလဲဆိုတော့လေ"

"အေး ... ပြောပါဦး၊ ငါ ဘာလုပ်ရမလဲ"

"နင် အိမ်ပြန်ပြီးတော့လေ ..."

"ဟာ ... ငါ အိမ်တော့ မပြန်ချင်ဘူး"

"မဟုတ်ဘူးလေ၊ နင် အိမ်ပြန်ပြီးတော့ နင့်ရင်ထဲက ဖီလင်တွေကို စာချရေးပါလား"

"ပြီးရင် ... ငါ သွေးသွေးကိုသွားပေးမယ်လေ ... နော်၊ ကောင်းတယ် မဟုတ်လား"

"ဟာ ... အေး ကောင်းတယ်၊ နင် တကယ်ပေး,ပေး မှာနော် မိဖူး"

"ဩော် ... ပေး,ပေးမှာပေါ့၊ ငါ နင့်ကို ကူညီပါ့မယ်လို့ ကတိပေးထားတာပဲဟာ"

"အိုကေ ... အိုကေ သိုင်းခ်ယူးပဲ သူငယ်ချင်းရာ၊ ငါ့ဖီလင်တွေကို စာရွက်ပေါ်ချရေးမယ်၊ ဒါပေမဲ့ ငါ အိမ်တော့ မပြန်ချင်သေးဘူးဟာ၊ ဒီမှာပဲ ရေးတော့မယ်"

"ရတယ် ရတယ် ... အိမ်မပြန်ချင်လည်း ရတယ်၊ ငါ့စားပွဲပေါ်မှာ စာရွက်နဲ့ဘောလ်ပင်နဲ့ရှိတယ် သိလား သူငယ်ချင်း"

"နင် အေးအေးဆေးဆေးရေးနော်၊ ငါလည်း တစ်ရေး လောက် ပြန်အိပ်လိုက်ဦးမယ်"





"ဒါမှ သွေးသွေးဆီ စာသွားပေးရင် စိတ်ကြည်လင်အောင်၊ ငါက အိပ်ရေးမဝရင် တလွဲတချော် အမှားအယွင်းတွေ ဖြစ်တတ်တယ်"

ဖူးဖူး အေးချမ်းစွာ အိပ်ခွင့်ရဖို့ ဉာဏ်နီဉာဏ်နက်မျိုးစုံ သုံးရတော့သည်။

"ဟာ ... အိပ် အိပ် ... သွားပြန်အိပ် သူငယ်ချင်း၊ နင် အိပ်ရေးဝ,ရင် ငါတို့ဒင်းမ်ဆမ်းသွားစားကြမယ်နော်"

"အေးပါ ... အေးပါ ဒင်းမ်ဆမ်းစားပြီးရင် ငါ သွေးသွေးကို စာသွားပေးပေးမယ် သိလား၊ နင် တစ်ယောက်တည်း အေးအေးဆေးဆေးသာ စာရေး"

ဖူးဖူး ခုမှပဲ သက်ပြင်းချကာ အခန်းထဲပြေးဝင်မိတော့သည်။ အိပ်ရာပေါ် မှောက်လျက်အနေအထားနှင့် ဒိုင်ဗင်ထိုးပစ်ဝင်လိုက်သည်နှင့် လောကကြီးတစ်ခုလုံးနှင့် ဖူးဖူး အဆက်အသွယ်ပြတ်ချေပြီတည်း။

ဒါတောင် အိပ်မက်ထဲမှာ တံခွန်က နောက်က စကား တကောက်ကောက်လိုက်ပြောနေလို့ စိတ်ညစ်ရသေးသည်တဲ့။

ဒါပေမဲ့ ... အိပ်မက်ထဲမှာ တံခွန်ပြောသည်က ...

"မိဖူးရယ် ... ငါ နင့်ကို အရမ်းစွဲလမ်းတာပဲ"

တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ကျလိ ... ကျလိ"

ဖူးဖူး သွေးသွေးနားကပ်ပြီး ငှက်အော်သံ လုပ်ပြလိုက်သည်။

သွေးသွေး မျက်မှောင်ကလေးကြုတ်ကာ ...

"ဘာလဲ ... ဖူးဖူးရဲ့"

ဟု ပြန်မေးသည်။

"စာလေ ... စာ ... စာပါလာတယ်"

"စာ"

သွေးသွေး လေသံလေးနိမ့်ကာ သံယောင်လိုက်သည်။

"ဘယ်သူပေးလိုက်တာလဲ"

"တံခွန်"

"ဖူးဖူးနော် ... ဟင်း"





သွေးသွေး မကြိုက်သလို နှုတ်ခမ်းလေးရှူပြီး မျက်စောင်းဝင့်သည်။

"မဖတ်ဘူးလား"

ဖူးဖူး ပြန်တော့မလို့ ခြေလှမ်းပြင်ပြီး မေးလိုက်သည်။

"ဖတ်မှာပေါ့"

သွေးသွေး ဖူးဖူးကိုဆွဲထားရင်း မျက်နှာပြောင်ကလေးနှင့် ပြန်ပြောသည်။

နှစ်ယောက်သား ရယ်လိုက်မိကြပြန်သည်။

"ပဲက ကိုင်လိုက်သေးတယ်"

"ရမလားလို့ပါ"

"ဒါဆို ... လာ"

"အခန်းထဲမှာ သွားဖတ်မယ်"

နှစ်ယောက်သား ရယ်ရင်း ခုန်ဆွဆွနှင့် အခန်းထဲ ဝင်ခဲ့ကြသည်။

အစ်ကိုတော်တွေမှာ ဖူးဖူး လာလည်တာတွေ့လို့ ဝမ်းသာသည့်တိုင် သွေးသွေး ထုတ်ပြန်ထားသော ဥပဒေသတွေကြောင့် ဖူးဖူးကို နှုတ်မဆက်ရဲ၊ ရဲရဲမကြည့်ရဲ။

နှစ်ယောက်သား အခန်းထဲ ပြေးဝင်သွားတာ ကြည့်ပြီး

"ချစ်ဖို့ကောင်းလိုက်တာနော်"

"ဒမ်မီမိုးရဲ့ ယယ်ယယ်က ရုပ်ကလေးအတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိသွေးတို့က ပြင်လို့လှတာနော်၊ သူလေးက မပြင်ဘဲနဲ့ကို သဘာဝအတိုင်း လှနေတာ"

"ယောက်ျားလျာလေးဖြစ်နေတာ နမြောစရာကွာ"

"ဟာ ... အဲ့ဒီပုံစံလေးကိုက ချစ်စရာကောင်းနေတာကွ"

အစ်ကိုတော်တွေ ဖူးဖူးရဲ့အလှကို ခံစားနှစ်မျောကြဆဲ–

ထိုချစ်စရာကောင်းလှစွာသော ယောက်ျားလျာမလေးက သူတို့ တစ်သက်လုံးက လူကြည့်ပင်မခံစေခဲ့သည့် တစ်ဦးတည်းသော ညီမလေးကို စာအပေးအယူလုပ်ကာ အကျိုးတော်ဆောင်ပေးနေသည်ကိုတော့ သူတို့ခမျာ မသိရှာကြ။

"သွေး ... တဲ့"

"အရိုး၊ အရည်၊ အသား ... လို့ ဆက်မပါဘူးလား"

ဖူးဖူး ပြုံးစိစိနှင့် လှောင်သည်။

"ဖူးစုတ်နော် ... တော်ပြီ ကိုယ့်ဘာသာပဲ ဖတ်တော့မယ်"

"ပြုံးငြင်တာလား၊ ဒီက ယူခဲ့ပေးတဲ့သူပါနော်၊ ဖတ်ချင်





ရင် လမ်းမှာ ခိုးဖတ်ခဲ့လို့ ရပါတယ်၊ သစ္စာ ဘယ်လောက်ရှိသလဲ"

"အဲ့လိုဆို ငြိမ်ငြိမ်နားထောင် မလှောင်နဲ့ကွာ"

"အိုကေ အိုကေ ... မျက်လုံးလေးမှိတ်ပြီး နားထောင်မယ်၊ ကောင်းကောင်းဖတ် ဆင်ဆာမဖြတ်နဲ့"

"ဖူးနော်"

သွေးသွေး မျက်စောင်းလေးဝင့်သည်။

"ကဲပါ ... ဖတ် ... ဖတ်"

ဖူးဖူး ပိုင်စိုးပိုင်နင်းပင် သွေးသွေးအိပ်ရာပေါ် တက်အိပ်ပြီး မျက်လုံးမှိတ်ကာ နားထောင်ဖို့ အဆင်သင့်ပြင်သည်။

သွေးသွေးကလည်း ရှက်ဝဲဝဲဟန်လေးနှင့် စာကို ပြန်ဖတ်လေသည်။

"သွေး

ကျွန်တော် တစ်ညလုံးအိပ်မပျော်ဘူး၊ သွေးပုံရိပ်လေးတွေပဲမြင်ယောင်နေမိတယ်၊

သွေး ကြည့်တတ်တဲ့ မျက်ဝန်းလေးတွေ၊ ပြုံးတတ်တဲ့ အပြုံးလေးတွေ ... အားလုံး အားလုံးကို အရိုန်ပြည့် မြင်ယောင်နေမိတယ်၊ ကျွန်တော်သွေးကိုဘာကြောင့် ဒီလောက်တောင်စွဲလမ်းနေမိရတာလဲ၊

သွေးရယ်...ကျွန်တော်လေ..."



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူး မျက်လုံးမှိတ်ကာ နားထောင်နေမိရင်းမှ သက်ပြင်းရှိုက်လိုက်မိသည်။

ဘုရားရေ ... ဘာကြောင့် သက်ပြင်းရှိုက်လိုက်မိပါလိမ့်။ ကိုယ်ကိုယ်ကိုယ် မသိတတ်နိုင်တော့။

ရှက်ဝဲဝဲ အသံဖျော့ကလေးနှင့် ဖတ်ပြနေသော သွေးသွေးရဲ့အသံကလည်း ရပ်သွားသည်။

ဖူးဖူး မျက်လုံးများ ပြန်ဖွင့်လိုက်ရကာ ...

"ဆက်ဖတ်လေ သွေးရဲ့ ... ဆင်ဆာမဖြတ်ပါနဲ့ဆို"

သွေးသွေးပုံစံကလည်း ကြောင်စီစီကလေးဖြစ်လို့နေသည်။

"ဟင့်အင်း ... သွေး ဆင်ဆာဖြတ်တာ မဟုတ်ဘူး၊ သူ့စာက အဲ့ဒီအထိပဲ ပါတယ်"

"ဟမ် ... ဘယ်လိုကြီးလဲ"

ဖူးဖူး နားမလည်နိုင်စွာ အိပ်ရာထဲမှ ကုန်းထ,ပြီး သွေးသွေးလက်ထဲကစာကို လှမ်းကြည့်လိုက်သည်။

"ရော့ ... ဖူး ဖတ်ကြည့်"

သွေးသွေးက ဖူးဖူး မယုံမှာစိုးသလို စာကို လှမ်းပေးသည်။ ဖူးဖူး စာကို ယူဖတ်ကြည့်လိုက်လျှင် မျက်မှောင်များကုတ်သွားမိသည်။

"ဟင် ... ဘာကြီးလဲ၊ စာက အဆုံးမရှိ, အစမရှိ၊





တုံးတိကြီးပါလား၊ ဆက်လည်း မရေးထားဘူး"

"အင်းလေ ... သွေးလည်း ကြောင်သွားတာပဲ၊ ဘာကြီးမှန်းလည်း မသိဘူး၊ ဖူးသူငယ်ချင်းက အူကြောင်ကြောင်နဲ့"

သွေးသွေး မျက်နှာကလေး စူပုပ်ကာ ပွစိပွစိပြောသည်။

"ဟုတ်တယ် ... ဒီကောင် ကြောင်၊ ဘာအထာမှန်းလည်း မသိဘူး၊ တွေ့တော့မှ တစ်ချက်လောက် ဆွဲထိုးလိုက်ဦးမယ်"

ကိုယ်က စာယူလာခဲ့ပေးရတဲ့သူမို့ သွေးသွေးကို မျက်နှာမူ အားနာစွာ တံခွန်ကို ကြိမ်းလိုက်ရသည်။

သို့သော် ... ဘာဖြစ်လို့မှန်းမသိ ဖူးဖူး သက်ပြင်းချမိပြန်လေသည်။

အင်း ... စာကိုဆုံးအောင် ဆက်မရေးလို့ပဲလား မသိ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ကြောင်ရာ . . . ငါ့မှာ မျက်နှာတွေ ပူလိုက်ရတာ၊ နင် ဘာလုပ်လိုက်တာလဲ ပြောစမ်း"

ဖူးဖူး တံခွန့်လက်မောင်းကို ဖွဖွထိုးလိုက်ရင်း ပြောသည်။

"ဟာ . . . ငါ ဘာလုပ်လို့လဲ . . . နင်ကလည်း ဘလိုင်းကြီး"

"ဘာငြင်းဦးမလို့လဲ၊ ငါကတော့ မျက်နှာအပူခံပြီး စာကို သွားပေး,ပေးရတယ်၊ နင်က အူကြောင်ကြောင်နဲ့ စာကို ဆုံးအောင် ရေးမထားတော့ ကြားထဲက ငါ ကောင်းမလား"

ဖူးဖူး မျက်နှာကြီး ရှုပုပ်ကာ တံခွန်ကိုဖိကောသည်။

တံခွန်က မနာအောင် ထိုးမှန်း သိသိကြီးနှင့် နာချင်ယောင်ဆောင်ကာ လက်မောင်းကို ပွတ်ရင်း . . .

"ဟို . . . ဟို . . . ငါ သူ စိတ်ဆိုးမှာစိုးလို့"





"ကြောင် . . . အဲ့ဒါဆိုလည်း အစကတည်းက စာ မပေးခိုင်းပါနဲ့လား"

"နင်ပဲ စာချရေးဆို"

"တော် တော် . . . ငါ့ဘက် လှည့်မလာနဲ့ သွေးရယ်၊ ကျွန်တော်လေ ဆိုပြီး တုံးတိကြီး ဖြတ်ချလိုက်တော့ ဟိုက ဘယ်လောက် ဗီးလ်အောက်သွားမလဲ"

ပြောရင်းက နီရဲရှုပုပ်သွားသည့် သွေးသွေးမျက်နှာကလေးကို ပြန်သတိရကာ ဖူးဖူး တံခွန့်ကို ပိုစိတ်တိုလာရသည်။

"တော်ပြီ . . . နင် ငါ့ကို နောက် ဘာစာမှမပေးခိုင်းနဲ့တော့ . . . ငါ မပေး,ပေးတော့ဘူး၊ သွေးသွေးကလည်း ငါ ဘာပေးပေး ယုံကြည်တော့မှာ မဟုတ်ဘူး၊ နင့်ကိုလည်း ဟိုက တင်းသွားပြီ"

"ဟင် . . . သွေး သွေး ငါ့ကို တင်းသွားပြီ ဟုတ်လား"

တံခွန် ပျာပျာသလဲ ဖြစ်သွားရသည်။

"တင်းသွားတာမှ လေးခွနဲ့ခေါ်ချင်တဲ့အထိ ဖြစ်နေတာ၊ အသွားအလာ, အနေအထိုင် သတိထားနေ"

တံခွန် ပျာပျာသလဲ ဖြစ်သွားတာကိုကြည့်ပြီး နောက်ချင်သည့်စိတ်ကလေးက ခေါင်းထောင်ထ,ကာ ဖူးဖူး ပိုပိုသာသာကလေး ပြောလိုက်သည်။

"သွားပါပြီဟာ"



www.burmeseclassic.com

www.burmeseclassic.com



တံခွန် ခေါင်းကြီးငိုက်စိုက်ချကာ ညည်းသည်။

ဖူးဖူး ရယ်ချင်လာမိသည်။

နှုတ်ခမ်းကို ဖိကိုက်ထားရင်း ...

"နင်က ဘာလို့ အဲ့လိုလုပ်ရတာလဲ"

တံခွန် သက်ပြင်းရှိုက်သည်။ ပြီးတော့ ... ဖူးဖူးမျက်နှာကို တွေဝေစွာကြည့်ကာ ...

"ဖူးဖူး ... ငါလေ ပထမတော့ သူ့ကိုချစ်တယ်လို့ ရေးလိုက်မလို့ပဲ၊ ဒါပေမဲ့ ဘာဖြစ်လို့မှန်းမသိဘူး အဲ့ဒီစာကြောင်းကို ငါ ဆုံးအောင်ဆက်ရေးလို့မရဘူး၊ ငါ့လက်ကို တစ်ယောက်ယောက်က လှမ်းဆွဲထားသလိုပဲ ...၊

ပြီး ... ပြီးတော့လေ ငါ့ကိုယ်ငါ မသေချာသေးသလိုပဲ"

တံခွန် ကိုယ့်ကိုကြည့်ပြီး ပြောနေပုံက တိုင်တိုင်တည်တည်။

ဖူးဖူး ဘာပြန်ပြောရမှန်းမသိတော့။

"နင်ကလည်းဟာ"

လို့သာ ဘာပြန်ပြောရမှန်းမသိသည်နှင့် ညည်းပြော, ပြောမိသည်။

ထို့နောက် ... သူငယ်ချင်းနှစ်ယောက်သား ဘာစကားမှ ပြောစရာမရှိတော့သလို တိတ်ဆိတ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိကြသည်။





သက်ပြင်းတွေလည်း ချမိကြသည်။

တရင်းတနှီးပေါင်းသင်းခဲ့သည့် ငယ်ပေါင်းကြီးဖော်တွေဖြစ်ပေမယ့် တံခွန် ခုလိုကြီး ငေးငေးရီရီကြီး မလွှဲစတမ်းကြည့်နေတော့ ဖူးဖူးမနေတတ်။

မသိမသာ မျက်နှာလွှဲမိသည်။

"ဖူးဖူး"

"ဟ"

အကြာကြီး တိတ်ဆိတ်နေပြီးမှ တံခွန် ရုတ်တရက်ခေါ်လိုက်တော့ ဖူးဖူး ဒိန်းခနဲ ရင်ထဲဆောင့်ခုန်ကာ လန့်သွားရသည်။

"နင်လည်း သတိထားနေနော်"

"ဟင် ... ငါက ဘာဖြစ်လို့ သတိထားနေရမှာလဲ၊ နင်ကလည်း ဘာလိုင်းကြီး"

"ငါ့အတွက် သွေးသွေးတို့အိမ် ဝင်ထွက်နေရင်းနဲ့ သူ့အစ်ကိုတွေ နင့်ကို မကြောင်ဘူးလား"

တံခွန် တစ်ခါမှ ခုလို ယောက်ျားလေးတွေနှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်စကား မပြောဘူးသည်မို့ ဖူးဖူး ကြောင်သွားရသည်။

စိတ်ထဲ တံခွန့်ရဲ့ ဂရုစိုက်မှုကိုခံရတာ ကျေနပ်သလိုလိုလည်း ဖြစ်သွားမိသည်။

"ကြောင်လို့ရမလား ... ငါ့လက်သီးစာ မိသွားမှာပေါ့"

"မလုပ်ပါနဲ့ဟာ၊ သွေးသွေးအစ်ကိုတွေကလည်း ချောပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သုံးယောက်လုံးဆိုတော့ နင် ဒုက္ခရောက်မှာစိုးလို့ပါ၊ တစ်ယောက်တည်းပဲရွေးလို့ ငါက သတိပေး''

''ဘာ ... တောက် ... တံခွန် နင် သေမယ့်သာပြင်''

''ဟာ ... မလုပ်နဲ့ ... မလုပ်ပါနဲ့ ငါက စေတနာနဲ့''

တံခွန့်စကား မဆုံးလိုက်။

ဖူးဖူး လက်သီးပြင်သည်မို့ တံခွန် အူယားဖားယား ထွက်ပြေးရတော့သည်။

သူတို့နှစ်ယောက် အမြဲတမ်း ဒီအတိုင်း။

စကားအကောင်းပြောရင်းမှ တစ်ယောက်မဟုတ် တစ်ယောက်က ဗွေထ,ဖောက်တတ်စမြဲ။

နောက်ဆုံး ...

လိုက်ထိုး, ထွက်ပြေး ရန်ပွဲနှင့် အဆုံးသတ်ရစမြဲ။

တံခွန် ခန့်မှန်းလိုက်သည့်အတိုင်းပင် ...

ဖူးဖူးကသာ ဘာမှမသိပေမယ့် ... ကိုယ့်ညီမဆီ ဝင်ထွက်လည်ပတ်ရင်း ဖူးဖူးရဲ့အလှအပများကို အတွေ့အမြင်များလာတော့ သွေးသွေးအစ်ကိုတော်တွေရဲ့စိတ်တွေ လှုပ်ရှားလို့





လာခဲ့ပြီ။

'တစ်နေ့ ... တစ်နေ့ ...

ညီအစ်ကိုသုံးယောက် မျက်နှာချင်းဆိုင်တိုင်း ပြောဖြစ်နေသည်က ဖူးဖူးရဲ့အကြောင်းပဲဖြစ်သည်။

''ငါတော့ မရတော့ဘူးကွာ''

''ဟ ... ဘာလဲကွ ကိုယ်ရ ... မင်းစကားက အရင်းမရှိ, အဖျားမရှိ''

''ငါ ... ဖူးဖူးကို အရမ်းစွဲလမ်းမိနေပြီ''

ကိုယ် လေသံကို နှိမ့်ချလျက် ပြောသည်။

သွေးသွေး ကြားသွားမှာကိုလည်း ကြောက်သည်လေ။

''ဘာ ... ဘာ ... မင်း ဘာပြောလိုက်တယ် ကိုယ်''

ကိုလေး မျက်လုံးကြီး ပြူးလျက် မေးသည်။

''ငါ ဖူးဖူးကို အရမ်းစွဲလမ်းမိနေပြီလို့ ပြောတာလေ''

''ဟော့ကောင်''

ကိုလေး အသံနက်ကြီးနှင့် ထ,အော်သည်။

ကိုယ် ကြောင်သွားရသည်။

''မင်းစကား ပြန်ပြင်လိုက်စမ်း ကိုယ်၊ ငါက မင်းထက်ပိုပြီး သူ့ကို ရူးသွပ်နေမိတာ''

''ဘာ''

ဒီတစ်ခါ ကိုယ် ဟိန်းခနဲ ထ,အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး . . . မင်းပြောချင်တာက မင်းလည်း သူ့ကို"

"ဟုတ်တယ်၊ မိသွေး ပြဿနာရှာမှာစိုးလို့ ငါ အသာ ငြိမ်နေရတာ"

"ငါလည်း အဲ့လိုပဲပေါ့၊ မိသွေး ရှိနေလို့၊ နို့မို့သာဆို ဖူးဖူးလေးကို ငါ ဖွင့်ပြောပြီးပြီ"

"ဟော့ကောင် . . . မင်းစကားကို ပြင်လိုက်လို့ ငါပြော ထားတယ်လေ"

"မပြင်နိုင်ဘူးဗျာ၊ စကားလည်း မပြင်နိုင်ဘူး၊ နှလုံး သားလည်း မပြင်နိုင်ဘူး၊ အာကာတို့က one way သမား"

"မင်း ငါ့ကို စိန်ခေါ်နေတာလား . . . ဟော့ကောင်"

ညီအစ်ကိုနှစ်ယောက် အခြေအနေတွေ တင်းမာလာပြီး မတ်တတ်ထရပ်ပြီး တစ်ယောက်နှင့်တစ်ယောက် စောင်ပေပေ တွေ ကြည့်ကုန်ကြပြီ။

"ဟော့ကောင်တွေ"

ညီနှစ်ယောက် အခြေအနေက တင်းမာနေပြီမို့ ကိုကြီး ဝင်ပါလေပြီ။

"မင်းတို့နှစ်ယောက်လုံး နောက်ဆုတ်ကြစမ်း"

ကိုကြီး အစ်ကိုအကြီးဆုံးပီသစွာ ပွဲထိန်းပေးသည့် လေသံ ဖြင့် အဆုံးအဖြတ်ပေးလေပြီ။

"ဖူးဖူးကို ငါပဲ လိုက်မယ်"





ကိုကြီးလေသံကို နိမ့်လျက် ပြောသည်။

"ဘာ"

ငြိမ်သက်နားထောင်နေကြသည့် ကိုလေးနှင့်ကိုငယ် ရှူး ရှူးရှားရှားဖြစ်သွားကြသည်။

"ရမလားကွ . . . မင်းက အကြီးဆုံးဆိုပြီး ဒီလိုအနိုင် ကျင့်လို့ဖြစ်မလား"

"အနစ်နာခံစရာရှိရင် အကြီးဆုံးက အနစ်နာခံရမှာပေါ့"

"ဟော့ကောင်တွေ . . . ဟော့ကောင်တွေ၊ တရားမျှမျှတ တပဲ ဆုံးဖြတ်ကြ"

"ဘယ်လိုဆုံးဖြတ်မှာလည်းပြော၊ ကလိမ်ကကျစ်တော့ မလုပ်နဲ့နော်"

"မဲနှိုက်ကြမယ်"

ကိုကြီးက အဆိုတင်သွင်းသည်။ ကျန်နှစ်ယောက်လည်း စိတ်ဝင်စားသွားကြသည်။

"မဲနှိုက်မယ်၊ ပေါက်မဲရတဲ့သူက . . ."

"ဖူးဖူးကို ကြိုးစားခွင့်ရမယ်"

"ကျန်တဲ့နှစ်ယောက်က မနှောင့်ယှက်ကြေး"

"အိုကေ"

အားလုံး သဘောတူညီစွာ မဲနှိုက်ကြဖို့ ပြင်သည်။ ညီ အစ်ကိုသုံးယောက်သား ရင်တထိတ်ထိတ် . . .



www.burmeseclassic.com

www.burmeseclassic.com



ရသမျှ ဘုရားရှိခိုးမျိုးစုံလည်း မဲမနှိုက်သေးခင် ကပေါက်တိကပေါက်ချာ ရွတ်ကြသေးသည်။

"သံ ... သံပုဒ္ဓေ ... အတ် ... အတ် ... ဟို ... ဘာပါလိမ့်"

"အိတိပိတော ... အောတောပိတိ ... အဲ ... ဟုတ်သေးပါဘူး"

"အစိန္တေယျ ... အစိန္တေယျ ... အင်း ပြီးတော့ ... ဘာလဲ"

ဘုရားရှိခိုးတွေ ကပေါက်ကတိ ကပေါက်ချရွတ်ရင်း မဲလိပ်နှိုက်ကြသည်။

"ဦး ... ကျားဆရာ ကြောင်၊ ကြောင်ဆရာ ကြွက်"

မာန်သွင်းပြီး ကိုငယ် မဲလိပ်နှိုက်၏။ ထို့နောက် ... ချက်ချင်း ဖြေမဖွင့်ရဲ။

မျက်လုံးတစ်ဖက်သာ ဖွင့်လျက် မဲလိပ်ကို ဖြည်းဖြည်းချင်းဖြေ၏။

ဟော ... တွေ့လိုက်ပါပြီ။

ဖူးဖူး ... ဆိုသည့် နာမည်ကလေး။

"ဟေး"

ကိုငယ် တစ်ခဲနက်အော်ကာ ထ,ခုန်၏။

"ပေါက်ပြီ ... ပေါက်ပြီကွ"





ကိုငယ် လက်သီးလက်မောင်း တန်းလေပြီ။

"ပြစမ်း ... ပြစမ်း"

ကိုလေးနှင့်ကိုကြီး မယုံ။

ကိုငယ့်လက်ထဲမှ မဲလိပ်ကို အတင်းယူကြည့်ကြ၏။

"ဟင်း"

တကယ် ပေါက်မဲကျမှန်းသိတော့ နှစ်ယောက်သား မျက်နှာမကောင်းကြတော့။

"တွေ့ပြီနော် ... တွေ့ပြီနော်၊ ဒါပဲကွ ... စေတနာမှန်တော့ ထိုက်တန်တဲ့သူသာ ရတာပဲ"

"ဟော့ကောင် ... အပိုတွေ မပြောနဲ့"

ကိုလေး နားကြားပြင်းကတ်သလို ဖြတ်ပြောသည်။

"ဒါပဲနော် ... ဒီနေ့ကစ,ပြီး ငါ ဖူးဖူးရဲ့အချစ်ကိုရဖို့ ကြိုးစားတဲ့အခါ မင်းတို့ လုံးဝအနှောင့်အယှက်မပေးရဘူး"

ကိုကြီးနှင့်ကိုလေး ကိုငယ့်ကို မျက်စောင်းထိုးသည်။

"မိသွေးဆီလည်း သတင်းပေါက်ကြားအောင် ချွန်တွန်းမလုပ်ရဘူး"

ကိုကြီးနှင့်ကိုလေး မျက်နှာပုပ်ကြီးတွေနှင့် ဘာမှပြန်မပြော။

ကိုငယ်ကတော့ လေထဲ လမ်းလျှောက်နေသလို မြှောက်ဆွ မြှောက်ဆွ။



www.burmeseclassic.com

www.burmeseclassic.com



"ပထမဆုံ ရယူဖို့အရေး ... ဟေး ဟေး"

သီချင်းတောင် အော်ဆိုလိုက်သေးသည်။

ဖူးဖူးက ဘယ်ဆီနေမှန်း မသိသေး။

"သွေးသွေး ... ရော"

သွေးသွေးရဲ့အရိပ်အယောင် မမြင်ရသေးသည်မို့ ဖူးဖူး အိမ်ထဲ ချက်ချင်း မဝင်သေးဘဲ မေးလိုက်သည်။

သွေးသွေးမှလွဲရင် ယောကျ်ားလေးတွေချည်းသာမို့ အမြဲ သတိအနေအထားနှင့် ဖူးဖူးနေသည်။

"ညီမလေး ... နေမကောင်းလို့ ဆေးခန်းသွားပြတယ်"

"ဩော် ... ဒါဆို နောက်မှ ကျွန်တော် လာခဲ့တော့မယ်၊ ကျွန်တော် လာသွားတယ်လို့သာ ပြောပေးပါ"

ဖူးဖူး ပြောပြီးသည်နှင့် ချက်ချင်းလှည့်ထွက်ဖို့ ပြင်သည်။

ယောကျ်ားလေးလို ဝတ်စားနေထိုင်ပေမယ့် ဖူးဖူး ကိုယ့် ကိုယ်ကိုယ် မိန်းကလေးဆိုတာ ဘယ်တုန်းကမှ မမေ့ခဲ့။

ပြီးတော့ ...

ကိုယ်က ခပ်မှန်မှန်နေလို့သာ မရောရဲတာ။ သွေးသွေး





အစ်ကိုတွေက ကိုယ့်ကို စိတ်ဝင်စားချင်ကြသည်ဆိုတာ ဖူးဖူး သိတာပေါ့။

"ဖူးဖူး ... ဟို ... ဟို"

သွေးသွေးအစ်ကို အငယ်ဆုံးရဲ့အသံက မှုသိပ်မမှန်ချင်။

အထစ်ထစ် အငေါ့ငေါ့ ကတုန်ကယင်ဖြစ်နေသည်မို့ ဖူးဖူး မျက်နှာထားတင်းတင်းနှင့် ချာခနဲ ပြန်လှည့်လိုက်ကာ..

"ဘာလဲ ... ဘာပြောမလို့လဲ"

"ဟို ... ဟို ... ပြန်လာခါနီးပါပြီ၊ အိမ်ထဲဝင်စောင့်ပါ လားလို့"

ထိုလူ မျက်နှာအပျက်ပျက်နှင့် တံတွေးတစ်ချက် မျိုချ လိုက်တာ ... ဖူးဖူး မြင်လိုက်သည်။

"ဟင့်အင်း ... မစောင့်တော့ဘူး၊ နောက်မှပဲ မှန်းပြီး ဖုန်းပြန်ဆက်လိုက်တော့မယ်"

ဖူးဖူး ပြန်လှည့်ထွက်သည်။

"ဖူးဖူး"

ခေါ်ပြန်ပြီ။ ဒီတစ်ခါတော့ ဖူးဖူး စိတ်တိုလာပြီ ...

'ကျစ်'

ခနဲ စုတ်သပ်ကာ ဖက်ကို ဘယ်ညာလှည့်ချိုးလိုက်ပြီး..

"ကဲ ... ခင်ဗျား ဘာပြောမှာလဲ၊ ကျွန်တော် သိပ်စိတ် မရှည်တော့ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဟင်း ... ကောင်းကောင်းသွားလို့"

သွေးသွေးအစ်ကို ရယ်ကျဲကျဲနှင့် ပြောသည်။

"ကျွတ် ... အရေးထဲ ကိုရီးယားလာရိုက်နေရသေးတယ်"

ဖူးဖူး တကယ်စိတ်တိုကာ ရိုင်းတယ်ထင်ချင် ထင်ပါစေတော့။ ဘုပစ်ခဲ့လျက် ခပ်ဆောင့်ဆောင့် ထွက်လာခဲ့တော့သည်။ စိတ်ထဲ မကြည်လင်။ လေးလံ ထိုင်းမှိုင်း၍နေသည်။

သွေးသွေးဆီလာလည်တော့လည်း သွေးသွေးက မရှိ။ ဘယ်သွားရမလဲ မသိတော့။

တံခွန့်ဆီပဲ သွားရကောင်းမလား။ တံခွန် တစ်ယောက်လည်း မတွေ့ရတာ ကြာပြီ။

အိမ်သွားရင်လည်း မရှိ။ သင်တန်းလည်း လာမတက်တာ ကြာပြီ။ တံခွန်တစ်ယောက် ဘာတွေဖြစ်နေတာလဲ။ စိတ်လေနေတာလား။

ဖူးဖူးစိတ်ထဲ လေးလံထိုင်းမှိုင်းလျက် တံခွန့်ကို အရမ်းသတိရမိလာသည်။

တွေ့ချင်စိတ်လည်း ပြင်းထန်လာလျက် တံခွန့်အိမ်သွားဖို့ ချက်ချင်းဆုံးဖြတ်လိုက်မိတော့သည်။



## အခန်း (၈)

"ဂဲ ... မင်း ဘာပြောမလဲ တံခွန်၊ မေမေ့ကို ညာဖို့တော့ စိတ်မကူးနဲ့နော်၊ မေမေက သတင်း အတိအကျ ရထားတာ"

ဖူးဖူး ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်သွားရသည်။ အန်တီ့အသံက မာထန်နေသည်လေ။ အန်တီ တံခွန့်ကို ဆူနေသည်လား။

ဒီကောင် ဘာတွေလုပ်ထားပြန်ပြီလဲ၊ သိချင်စိတ်စောလျက် ဧည့်ခန်းထဲ ခြေလှမ်းတို့ မြန်ဆန်စွာ ရောက်သွားရသည်။

ဖျတ်ခနဲ လှည့်ကြည့်သည့် တံခွန့်မျက်နှာက စိတ်နှင့်လူ မကပ်သလို။

ဖူးဖူးကိုမြင်တော့ စိတ်ရှုပ်သွားပုံမျိုး။ မျက်မှောင်တို့ ကုတ်သွားသည်။ ဖူးဖူး ဂရုမစိုက်ဘဲ အန်တီ့နား ဝင်ထိုင်ကာ ...

"သူ ... ဘာဖြစ်လို့လဲ အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူး စပ်စုလိုက်သည်။ တံခွန် မျက်စောင်းကြီး လှမ်းချိတ်သည်။ ဖူးဖူးမေးတော့ အန်တီ သက်ပြင်းရှိုက်ပြလျက် ခေါင်းခါလိုက်ပြီး ...

''ဘာဖြစ်ရမလဲ သမီးရယ် ... သမီးသူငယ်ချင်း ကျောင်းပြေးတယ်လေ''

ဩော် ... တံခွန် ကျောင်းပြေးသည့်ကိစ္စပဲ။

အန်တီ့စကားကို ဖူးဖူး စိတ်ဝင်စားဟန် စူးစိုက်ကာ နားထောင်ပြလိုက်တော့ အန်တီ တက်ကြွလာကာ စိတ်လိုက်မာန်ပါ ဖြစ်လာတော့သည်။

''အန်တီ့မိတ်ဆွေတစ်ယောက်က သူ ဘီယာဆိုင် ထိုင်နေတာ တွေ့ခဲ့တယ်လို့ အန်တီ့ကို သတင်း အတိအကျပေးတယ်၊

အန်တီက သူ့ကို ခေတ်နဲ့အမီ ရင်ပေါင်တန်းပြီး သိမြင်စေချင်လို့ ကွန်ပျူတာသင်တန်း တက်ခိုင်းတာ ...၊

အဲ့ဒါကို သူ အတန်းလစ်တော့ ကောင်းသလား''

''ဘယ်ကောင်းမလဲ အန်တီရယ်''

ဖူးဖူး ခွန်းထောက်လုပ်လိုက်တော့ တံခွန် မျက်လုံးပြူးကြီးနှင့် လှမ်းကြည့်သည်။ ဖူးဖူး မမြင်ချင်ယောင်ဆောင်ပြီး ...

''သင်တန်းကြေး ပေးထားရတာ နည်းတာမှမဟုတ်ဘဲ အန်တီရယ်''

''အံမယ်လေး ဖူးဖူးရယ် ... ငါ့သမီးကမှ အဲ့ဒီလို တွက်





တတ်၊ နမြောတတ်သေးတယ်၊ သူကတော့ မိဘရှာထားတဲ့ ပိုက်ဆံကို နည်းနည်းမှကို မလေးစားတာ၊ ဟင်း ဟင်း ... ဖူးဖူးပြောတာ ကြားသလား တံခွန် ... ဟင်''

အမှတ်ကပ်ရလိုက်သည်မို့ ဖူးဖူး မျက်နှာကို မသိမသာကလေး မော့ချီလိုက်သည်။

တံခွန့်ရင်ထဲတော့ မခံချင်စိတ်နှင့် အတော်ကလေး အောင့်သက်သက်ဖြစ်နေမှာ သေချာသည်။

''စာတွေက တစ်ရက်ပျက်ရင် တစ်ရက် အရမ်းသိသာတာ၊ စာတွေက အရမ်းမြင့်တာလေ၊ တစ်ချိန်ပျက်ရင် ပြန်လိုက်ဖို့ မလွယ်တော့ဘူး''

တွန်းလက်စနှင့်တော့ ဖူးဖူး အဆင်းကို ဘီးတပ်ကာ တွန်းလွှတ်သည်။

တံခွန့်မျက်လုံးကြီးတွေက စားတော့ ဝါးတော့မလို ဒေါသတည့်ည့်ည့်ဖြင့် ပြူးထွက်လာသည်။

ဖူးဖူးရင်ထဲ ရယ်ချင်စိတ်က တလိပ်လိပ်တက်လာတော့သည်။

''သမီးရယ် ... ဒါနဲ့များတောင် ကိုယ့်သူငယ်ချင်းကို မထိန်းပေးဘူး၊ သူ အတန်းလစ်တာသိလျက်နဲ့ အန်တီ့ကို လာတိုင်ပါတော့လား''

အန်တီပြောရင်းက မာန်ပါလာကာ ကိုယ့်ဘက် မြားဦး



www.burmeseclassic.com

www.burmeseclassic.com



လှည့်လာတော့ ဖူးဖူး ချက်ချင်း ကပျာကယာ ...

"ဟာ ... ဖူး အခုပဲ လာတိုင်တာ အန်တီ၊ ဖူးကို အထင်မလွဲပါနဲ့၊ ဖူးက ကိုယ့်သူငယ်ချင်း ခြေလှမ်းပျက်တာ သိ,သိကြီးနဲ့ လွှတ်ထားမယ့်သူမျိုး မဟုတ်ပါဘူးနော်"

"သူ ဘီယာဆိုင် ထိုင်တာလည်း ဖူး မသိလို့ပါ၊ ဖူးသာ သိရင် သူ့ကို ဆွဲထိုးပြီး ဆိုင်ထဲက ခေါ်ထုတ်လာမှာ"

ဖူးဖူး မေးလေး တငေါ့ငေါ့လုပ်ကာ ပြောတော့ တံခွန် သူ့အမေ မမြင်အောင် လက်သီးဆုပ်ပြသည်။

"အေး ... ဖူးဖူးရယ် သမီးသူငယ်ချင်းအတွက် အန်တီ တော့ အရမ်းကို စိတ်ညစ်နေရတယ်၊ သူ ဘာလို့ ဒီလောက် တောင် ခြေလှမ်းတွေ ပျက်နေရတာလဲ၊ အန်တီတော့ စဉ်းစားလို့ ကို မရတော့ဘူး"

"ပျက်မှာပေါ့ အန်တီ ... သူက"

ဖူးဖူးစကား စ,လိုက်သည်နှင့် တံခွန် ပျာပျာသလဲဖြစ် သွားကာ မပြောရန် မျက်ရိပ်မျက်ခြည်ဖြင့် တားလေတော့သည်။

မတားနဲ့တော့ တံခွန်ရေ ... ဆောရီးပဲ။

နင် ဒီလောက် အတန်းတွေပျက်ပြီး စိတ်လေနေမှတော့ နင့်ကို တိုင်ကိုတိုင်မှ ဖြစ်တော့မယ်။

"သူ ... သူ ... ဘာဖြစ်လို့လဲ သမီး၊ အန်တီ့ကို ပြောစမ်းပါဦး"





"သူ ... ကောင်မလေးတစ်ယောက်ကို အသည်းအသန် လိုက်ကြိုက်နေတာလေ၊ အခု ... အဲ့ဒီစိတ်ကြောင့် အဲ့ဒီလို စိတ်တွေလေပြီး ခြေလှမ်းတွေ ပျက်နေတာပေါ့"

ဖူးဖူး ဖွတ်နှစ်ကာ ပြောချလိုက်တော့သည်။

တံခွန့်အခြေအနေက မပြောလို့ မဖြစ်တော့သည့် အခြေအနေ ဖြစ်နေပြီလေ။

ဖူးဖူးစကားအဆုံးမှာ စိမ်းနက်တောက်လက်သွားသည့် တံခွန့်မျက်လုံးတွေကို မြင်လိုက်ရလျှင် တံခွန် အရမ်းကို စိတ်ဆိုး သွားပြီဆိုတာ သိလိုက်သည်။

ကိစ္စမရှိ။ နင် ငါ့ကို စိတ်ဆိုးချင်လည်း ဆိုးတော့ တံခွန် ရေ၊ နင် စိတ်လေနေတာကို ငါ မမြင်ချင်ဘူး။

"ဘယ် ... ဘယ်လို ... အံ့မယ်လေး သားက ကောင် မလေးတစ်ယောက်ကြောင့် ခုလို စိတ်တွေလေနေတာ ဟုတ် လား"

"ကြည့်စမ်း ... ကြည့်စမ်း အဲ့လောက်တောင် ဖြစ်ရ အောင် မင်း ... အဲ့ဒီကောင်မလေးကို ဘယ်လောက်တောင် စွဲလမ်းနေလို့လဲဟင် တံခွန်"

"အဲ့ဒီကောင်မလေးက ဘယ်သူလဲ၊ ဘယ်ကလဲ ဖူးဖူး ... ဟင်၊ အန်တီ့ကို ပြောပြစမ်းပါဦး"

အန်တီက ဖူးဖူးကိုပင် မေးလေပြီ။ ဖူးဖူးမှာ အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေရကောင်းနိုး၊ လိမ်ရကောင်းနိုး ဝေခွဲမတတ်တော့ပြီ။

ဒီကိစ္စထဲမှာ ကိုယ့်ကိုယ်တိုင်လည်း ပါဝင်သည်မို့ အမှန်အတိုင်း ဖြေဖို့ကို ဖူးဖူး နှုတ်တွန့်နေမိသည်။

သင်တန်းကပါပဲ ... လို့ ဖြေလိုက်ရင်လည်း အန်တီက တံခွန့်ကို သင်တန်းပြောင်းအပ်လိုက်ရင် တံခွန် ဖူးဖူးကို အရမ်းစိတ်ဆိုးသွားမှာ သေချာသည်။

ခုတောင် ... ဖူးဖူးကို စူးရဲနေအောင် စိုက်ကြည့်နေသည့် တံခွန့်မျက်နှာကြီးက ဒေါသတကြီး နီရဲနေတာ ...

ဖူးဖူးမှာ နင်လာသော တံတွေးတစ်ချက်ကို မျိုချလျက် မယုတ်မလွန်ပင် ...

"အို ... တာဝါကြီးမှာနေတာ အန်တီ၊ ဒါပေမဲ့ ကောင်မလေးက အေးအေးဆေးဆေးပါ"

"တံခွန်ဘက်ကသာ တစ်ဖက်သတ်ဖြစ်ပြီး စိတ်လေနေတာပါ၊ ဟိုက သူ့ကို ဘာမှအထာတွေပေးမထားပါဘူး"

"ဟိုလေ ... အန်တီတွေ့ရင် အဲ့ဒီကောင်မလေးကို သဘောကျ"

"အို ... ဟင့်အင်း ... ဟင့်အင်း မလိုချင်ဘူး၊ တွေ့လည်း မတွေ့ချင်ဘူး"

ဖူးဖူးမှာ တံခွန် အတန်းပျက်ရက်တွေများပြီး စိတ်လေနေတာကိုသာ အန်တီ့ကို တိုင်ချင်သော်လည်း ...





သွေးသွေးနှင့်ကိစ္စကိုတော့ ဘာမှနှောင့်ယှက်ဖျက်ဆီးချင်တာမဟုတ်။

အန်တီ ... သွေးသွေးအပေါ်ကိုလည်း တစ်မျိုးမမြင်ရအောင် ကာကာကွယ်ကွယ်ပြောရင်း ...

တံခွန်နှင့်သွေးသွေးကို သဘောတူချင်လာအောင် ပြောပေးဖို့ ပြင်ဆဲ၊ အန်တီက ခါးခါးသီးသီးပင် ငြိမ်လေလျှင် ဘာဆက်ပြောရမှန်းပင် မသိတော့။

သွားပြီ ... လို့ စိတ်ထဲမှ ရေရွတ်လိုက်မိသည်။

တံခွန်အတွက် အခြေအနေမကောင်းတော့ပြီ ... ဆိုတာလည်း တွေးလိုက်မိသည်။

တင်းမာနေသော အခြေအနေမှာ သားအမိနှစ်ယောက်ကြား၊ နေရတာ စိတ်ကျဉ်းကျပ်၍လာဆဲ။

"တံခွန် ... မင်း ဘယ်မိန်းကလေးမှ စိတ်ဝင်စားဖို့ စိတ်မကူးနဲ့၊ မင်းကို မေမေတို့ ယယ်ယယ်ကတည်းက သဘောတူထားတဲ့သူရှိတယ်ဆိုတာ မင်းခေါင်းထဲ ထည့်ထား"

အန်တီက ပြတ်သားသောလေသံနှင့် တံခွန့်ကို ပြောသည်။ ယယ်ယယ်ကတည်းက သဘောတူထားတဲ့သူ ...

ဆိုတဲ့ စကားကိုပြောစဉ် ဖူးဖူးကို တဲ့တိုးပင်ကြည့်ပြီး ပြောလိုက်ရာ ဖူးဖူးမှာ တရှိန်းရှိန်း တဖိန်းဖိန်းဖြစ်သွားရသည်။

ယယ်ယယ်ကတည်းက တံခွန်ရဲ့ဖေဖေနှင့်မေမေက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



တွေနှစ်ယောက်ကို ကြီးလာရင် ပေးစားမှာ ... လို့ အမြဲစနောက်နေတတ်ကြပေမယ့် တကယ့်ကြီး စိတ်ကူးရှိထားကြတာလို့ မထင်ခဲ့။

ဖူးဖူးကိုယ်တိုင်ကလည်း ဆံပင်ပုံစံကအစ အဝတ်အစားပုံစံအဆုံး ယောကျ်ားလေးလိုပင် ဝတ်စားနေထိုင်ကာ တံခွန့်ကိုလည်း ယောကျ်ားလေးချင်း ပေါင်းသလိုသာ သဘောထားပြီး ပေါင်းသင်းခဲ့တာ ...

ဖေဖေနှင့်မေမေကလည်း ငယ်စဉ်ကတည်းက ဖူးဖူး ယောကျ်ားကလေးပုံစံ နေထိုင်ပြောဆိုခဲ့တာကို ဘာမှမပြောခဲ့ဘူး။

တံခွန့်မေမေကသာ ဂါဝန်ကလေးတွေ ဝတ်စမ်းပါ သမီးရဲ့။ မျက်နှာကလေးက ဖူးဖူးကလေးနဲ့ ဂါဝန်ကလေးတွေနဲ့ သာလိုက်မှာ ... ဘာညာနှင့် စည်းရုံးတတ်ခဲ့သေးတာ။

နောက်ဆုံး ... ဘယ်လိုမှ စည်းရုံးမရတော့မှ ...

အင်းလေ ... ငယ်သေးတာပဲ၊ ခုတော့ သမီးကြိုက်သလိုနေထားဦး။ ကြီးလာရင်တော့ တံခွန့်ကို ယူရမှာနော် သမီး ... လို့ ပြောခဲ့တာ။

ဒါပေမဲ့ ... စ,နေကျမို့ နားထဲရိုးအီနေတာ အန်တီပြောသမျှကို ဖူးဖူး ဘယ်လိုမှမနေခဲ့။

အခု ... အတည်ကြီး ပြောချလာတော့မှ ရင်တွေခုန်ကာ ဘယ်လိုကြီးဖြစ်လာမှန်းမသိ။





တံခွန့်ကိုလည်း မျက်နှာချင်းမဆိုင်ရဲတော့သလို ဖြစ်လာကာ ...

ချက်ချင်းပင် ထ,ပြန်ဖို့ ကြိုးစားမိတော့သည်။

"ဟို ... အန် ... အန်တီ ... ဖူးဖူး ပြန်တော့မယ်နော်၊ ဟိုလေ ... စာကြည့်ရဦးမှာမို့ နောက်မှပဲ အေးအေးဆေးဆေးလာခဲ့တော့မယ်"

ဖူးဖူး ထ,လစ်ဖို့ ပြင်မိတော့သည်။

"ပြန်တော့မလို့လား ... အေး ... အေး နောက်လည်း တံခွန် ခြေလှမ်းပျက်ရင် အန့်တို့ကို လာတိုင်နော် ကြားလား သမီး၊ သမီးသူငယ်ချင်းကို လွှတ်မထားနဲ့ ဝိုင်းထိန်းပေးဦး"

"ဟုတ် ... ဟုတ်ကဲ့ပါ အန်တီ"

ဖူးဖူး ထူပူရှိန်းဖိန်းနေရသည်မို့ ဧည့်ခန်းထဲမှ မြန်မြန်ထွက်ဖို့သာ စိတ်စောနေမိသည်။

"မီဖူး ... နေဦး ... ငါ လိုက်ပို့ပေးမယ်"

ခြေလှမ်းကျဲကြီးများနှင့် ဖူးဖူးထွက်လာဆဲ ... တံခွန်အနောက်မှ ပြေးလိုက်လာပြီး ပြောသည်။

ဖူးဖူး ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်သွားရသည်။

တံခွန့်လေသံက ပုံမှန်ဖြစ်အောင် ကြိုးစားထိန်းထားသည့်တိုင် အသံပျက်ကာ အေးစက်စက်။

တံခွန် တစ်ခုခုပြောတော့မှာပဲဆိုတာ သိလျက် ဖူးဖူး



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကို ပြန်နှေးလိုက်သည်။

သို့သော် ... တံခွန်ပြောမယ့်စကားများဟာ စိတ်ဆိုးပြီး ဒေါသနှင့် ပြောမယ့်စကားများပဲ ဖြစ်လိမ့်မယ် ... ဆိုတာလည်း ဖူးဖူး သိနှင့်လို့နေသည်။

ကားနားရောက်လျှင် ဖူးဖူး ခြေလှမ်းကို ရပ်လိုက်လျက်

"နင် ဘာပြောမှာလဲ တံခွန်၊ ငါ့ကို အိမ်အထိ လိုက်မပို့နဲ့တော့၊ ပြောစရာရှိ ဒီမှာပဲ ပြောတော့"

"အေး ... ပြောမယ်၊ နင့်ကို ငါ အရမ်းစိတ်ဆိုးတယ်၊ နင် မေမေ့ကို တမင်ချွန်တွန်းတာ မဟုတ်လား"

တံခွန့်အသံမှာ ဒေါသဖြင့် တုန်ခါလျက် မျက်နှာမှာလည်း ရဲရဲနီနေသည်။

"မဟုတ်ဘူး၊ နင် အတန်းပျက်တာတွေ အရမ်းများနေလို့"

"နေစမ်းပါ ... အဲ့ဒါ နင်နဲ့ဘာဆိုင်လဲ၊ သွေးသွေးကိစ္စကိုရော ဘာကိစ္စ ထည့်ပြောရတာလဲ"

တံခွန့်မျက်နှာမှာ နီရဲသထက် ပိုပြီးနီရဲလာသည်။

မျက်နှာပြင်ပေါ်ရှိ သွေးကြောများမှာ ပေါက်ကွဲထွက်တော့မလား ထင်ရလောက်အောင် ကြွပ်ဆတ်၍နေသည်။

"တံခွန် ... ငါက နင့်အတွက် စေတနာ"

"ဘာ ... စေတနာ၊ ဘာစေတနာလဲ၊ တော်စမ်းပါ





... ကြားကောင်းအောင် လာလုပ်မနေနဲ့၊

နင့်အကြံ ငါမသိဘူးများ ထင်နေသလား၊ ငါ့ကို သွေးသွေး ပြန်ချစ်သွားမှာ နင်မနာလို,လို့ ပွဲဖျက်တာ မဟုတ်လားဟင်၊ ငါမသိဘူးများ မထင်နဲ့"

ဘုရားရေ ... အံ့သြစိတ်ဖြင့် ... ဖူးဖူး မျက်လုံးများ ဝိုင်းခနဲ။ ပြောရက်လိုက်တာ ...

ဘယ်နည်းနှင့်မှ မယုံနိုင်စွာ၊ အံ့သြစိတ်၊ ရှက်ရွံ့စိတ်ဖြင့် ရင်တစ်ခုလုံး နင့်၍သွားရသည်။

တံခွန်ရယ် ... နင် ပြောထွက်ရက်လိုက်တာ။

ငါက သွေးသွေး နင့်ကို'ပြန်ချစ်မှာ ဘာဖြစ်လို့ မနာလိုဖြစ်ရမှာလဲ။

ဖူးဖူးသည် ဘာမှပြန်မပြောနိုင်အောင် နင့်ဆွေးနာကျင်၍နေဆဲ။

သူကတော့ ... ရက်စက်လှစွာ ဆက်ပြောခဲ့သည်မှာ

"ဘာလဲ ... သွေးသွေးနဲ့ ချစ်သူဖြစ်ခွင့်မရခဲ့ရင် ငါ ... နင့်ဘက် လှည့်လာလိမ့်မယ်လို့ တွက်ထားလို့လား ...၊

ဆောရီးပဲ ... အဲ့ဒါဆိုရင် နင် စောစောစီးစီး နောက်ဆုတ်လိုက်တော့"

"တံခွန် ... နင် ... နင်"

ဖူးဖူးသည် ငြင်းဆန်ရန် ပြင်ပြီးမှ နှုတ်ခမ်းလွှာတို့ စေး



www.burmeseclassic.com

www.burmeseclassic.com



ထန်းတုန်ယင်လျက် စကားဆက်လို့ မရနိုင်တော့။

ရှက်စိတ်၊ ဝမ်းနည်းစိတ် ရင်တစ်ခုလုံး မခံမရပ်နိုင်အောင် နာကျင်ခါးသီး၍နေသည်။

မျက်ဝန်းတို့ ပူနွေးစွတ်စိုလာရသည်။

တံခွန် ... နင် သိပ်ရက်စက်တယ်။

စေတနာရဲ့ တုံ့ပြန်ချက်က ဒါလားဟာ။ ငါက ...

ငါက ... နင့်အတွက် စေတနာနဲ့ ပြောလိုက်မိတာပါ တံခွန်ရဲ့။

နင် ... ငါ့ကို ဒီလောက် ရက်ရက်စက်စက်ပြောဖို့ မလိုပါဘူး။

အခု ... နင်ပြောလိုက်တာ နင့်အပေါ်ထားတဲ့ ငါ့ရဲ့ စေတနာ၊ ပြီးတော့ ... ငါ့ရဲ့သိက္ခာ ဘယ်လောက်တောင် ကျဆင်းသွားရပြီလဲ နင်သိရဲ့လား။

ငါ နင့်အပေါ် ဘယ်တုန်းကများ စိတ်ယုတ်မာမွေးခဲ့ဖူးလို့လဲ။ နင့်ရဲ့ကောင်းကျိုး၊ နင့်ရဲ့စိတ်ချမ်းသာမှုကိုသာ ငါ အမြဲလိုချင်ခဲ့တာပါ။

နင် စွပ်စွဲသလို ငါဟာ နင်နဲ့သွေးသွေး ချစ်သူတွေဖြစ်ခွင့်ရမှာ မလိုလားခဲ့ရင် ပွဲဖျက်ချင်ခဲ့ရင် ...

အစောကြီးကတည်းက နင်နဲ့သွေးသွေး နီးစပ်မှုရအောင် ငါ ကြိုးစားပေးခဲ့ပါ့မလား။





နင့်အတွက် ငါ သွေးသွေးကို ခင်မင်ခွင့်ရအောင် ကြိုးစားခဲ့တာကို နင် မေ့နေပြီလား။

အခုတော့ ... ငါလုပ်ပေးခဲ့ရသမျှ အားလုံးဟာ သဲထဲ ရေသွန်ပေါ့။ ဆုံးရှုံးရပြီပေါ့။

စေတနာမှန်ရင် တူညီသောတုံ့ပြန်မှု ရတတ်တယ် ... ဆိုတဲ့ စကား ရှိပေမယ့် ... ငါ့စေတနာတွေကျတော့ ခါးသီးသော တုံ့ပြန်မှုပဲ ပြန်ရတာပါလား။

ငါ့ရဲ့ပေးဆပ်ခြင်းက ခုတော့ ဆုံးရှုံးဖို့ ဖြစ်ခဲ့ရပြီပေါ့။

ဖူးဖူးမှာ နှုတ်ခမ်းလွှာတို့ ဖွင့်ဟ၍မရနိုင်သည့်တိုင် ရင်တွင်းမှာတော့ နင့်ဆွေးသော၊ နာကျင်သော၊ ခါးသီးသော စကားလုံးများစွာ ဆူပွက်၍ ပါးပြင်ပေါ် ပူနွေးသော မျက်ရည်စက်တို့ စီးပြိုလိမ့်ဆင်း၍ လာခဲ့သည်ကို သိလိုက်ရသည်နှင့် ကားပေါ် မြန်ဆန်စွာတက်ကာ နောက်လှည့်မကြည့်စတမ်း မောင်းထွက်လာခဲ့သည်။

နင် သိပ်ရက်စက်တယ် တံခွန်။

ငါ့ဘဝမှာ ဒါဟာ ပထမဆုံးအကြိမ် မျက်ရည်ကျဖူးခြင်းပဲ။

ငါ ဘယ်တော့မှ မမေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နင်နဲ့ငါဟာ ငယ်ငယ်ကတည်းက မကြာခဏ စိတ်ဆိုး စိတ်ကောက်တတ်ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် စ, နောက်ကျီစယ်ရုံအပြင် ဒီလောက် ပြင်းပြင်းထန်ထန် ဘယ်တုန်းကများ ပြောခဲ့ကြဖူးလို့လဲ။

ငါ နင့်ကို ငယ်ငယ်ကတည်းက ဘယ်လောက်တောင် တွယ်တာခဲ့ရသလဲ . . . ဆိုတာ နင် မသိဘူးလား တံခွန်ရယ်။

နင်နဲ့ငါဟာ တစ်လမ်းတည်းနေတဲ့ အိမ်နီးချင်းငယ်သူငယ်ချင်း . . . ဆိုတာတောင် တစ်နှစ်တည်း, တစ်လတည်း, တစ်ရက်တည်းမွေးတဲ့ စက္ကန့်ပိုင်းလေးသာခြားတဲ့ ငယ်သူငယ်ချင်းအရင်းကြီးပါဟာ။



## အခန်း (၂)

**တစ်ထောင့်ကိုးရာ ကိုးဆယ့်နှစ်**
**ဧပြီလ . . .**
**တစ်ရက် . . .**

***"Aprial Fool"***

"ဒီနေ့ ဘာနေ့ပါလိမ့်"

"ဧပြီ တစ်ရက် . . . လေ"

"ဟင်း . . . စိတ်ညစ်ပါရဲ့"

"ဘာဖြစ်လို့ စိတ်ညစ်ရတာလဲ သီဂီရဲ့"

"သိတာရယ် . . . ဧပြီတစ်ရက်ဆိုတာ အနောက်နိုင်ငံတွေမှာ ဧပြီဖူးလ် အရူးလုပ်တတ်ကြတဲ့နေ့လေ"

"အို . . . အဲ့ဒါနဲ့ စိတ်ညစ်တာနဲ့ ဘာဆိုင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်တာပေါ့၊ ဒီနေ့ ဗိုက်က အနာစိပ်လာတယ်၊ ညက လည်း သီတာသိတဲ့အတိုင်းပဲ နာလိုက်တာ၊ တစ်ညလုံး အော်လို့ မရဘူး၊ ဒီနေ့ မွေးတော့မှာလား မသိဘူး၊ ဒီနေ့မှား မွေးချလိုက် ရင် အခက်၊ ပေရယ်လ်ဖူးနေ့မှာ မွေးတာဆိုတော့ တည်တည် ငြိမ်ငြိမ်မဟုတ်ဘဲ သူများကို အရှုးလုပ်တတ်တဲ့ အစအနောက် သန်တဲ့ကလေးလေးဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ဒေါ်သိင်္ဂီ ပြောတော့မှပင် ဒေါ်သီတာလည်း မျက်လုံးပြူး သွားကာ ...

"ဟယ် ... ဟုတ်ပါရဲ့နော် ဒုက္ခပဲ၊ သီတာလည်း ဒီနေ့ အနာစိပ်နေတာ၊ ဒီနေ့မှား မွေးချလိုက်ရင် ဒုက္ခပဲ"

"ဟုတ်တယ် သီတာရယ် ... စိပ်နေလိုက်တာ၊ အား ... ပြောရင်းနဲ့ နာလာပြန်ပြီ"

"ဟုတ်ပါရဲ့ ... အဲ့ဒါ သီတာလည်း နာလာပြီ ... ဒုက္ခ ... အား ... ဒုက္ခပါပဲ"

ပြောရင်း ဆိုရင်းမှ နှစ်ယောက်သား အပြိုင်အဆိုင် ဗိုက်နာလာကြသည်။

ဒေါ်သိင်္ဂီတို့ဇနီးမောင်နှံနှင့် ဒေါ်သီတာတို့ ဇနီးမောင်နှံ နှစ်စုံတွဲမှာ ကျောင်းတုန်းကတည်းက သူငယ်ချင်းများ ဖြစ်သည်။

အိမ်ထောင်ပြုကြတော့လည်း မတိမ်းမယိမ်း။ ကိုယ်ဝန် ဆောင်တော့လည်း ရှေ့ဆင့်နောက်ဆင့်။





အိမ်နီးနားချင်း တစ်လမ်းတည်းသားတွေမို့ အိုဂျီတစ် ယောက်တည်းကိုပဲ ဗိုက်အတူတူအပ်လိုက်တာ။

ဂျူးဒိတ် (မွေးမည့်ရက်) ကလည်း တစ်ရက်ထဲမို့ ဆေးရုံ ကိုလည်း အတူတူ တက်လိုက်ကြသည်။

ပြီးတော့ ... အဖော်ရအောင်ဆိုကာ နှစ်ယောက်ခန်းကို ပဲ ယူလိုက်ကြသည်မို့ ခုတင်ချင်းကလည်း ကပ်လျက်။

အခု ... နာလာတော့လည်း တိုက်ဆိုင်လှစွာပင် နှစ် ယောက်သား တစ်ပြိုင်တည်း ဖြစ်နေသည်။

"အား ... မောင်ရေ လာပါဦး ... ဒီမှာ သိင်္ဂီဗိုက် အရမ်းနာလာပြီ"

"ကို ... ကိုရေ ဘယ်ရောက်နေလဲ၊ မြန်မြန်လာပါဦး ... သီတာ ဗိုက်တအားနာလာပြီ ... အား ကျွတ် ကျွတ်"

နှစ်ယောက်သား ခင်ပွန်းသည်နှစ်ယောက်ကို အားကိုး တကြီး အသံကုန် ကုန်းအော်ကြ၏။

အပြင်ဘက်မှာ အေးအေးလူလူ ဘောလုံးပွဲအကြောင်း လေကန်နေကြသော ခင်ပွန်းသည်နှစ်ယောက်မှာလည်း ဇနီးဖြစ် သူများရဲ့အော်သံကြားရလျှင် အူယားဖားယားပင် အခန်းတွင်း ပြေးဝင်ကြပြီး ...

"သိင်္ဂီ ဗိုက်အရမ်းနာနေပြီလား"

"ဗိုက်နာလို့လား သီတာ"



www.burmeseclassic.com

www.burmeseclassic.com



မေးမယ့်သာ မေးရသည်။ တကယ်တော့ . . . မေးစရာ မလိုလောက်အောင် အံကြိတ်ရှုံ့မဲ့နေသည့် ဖနီးသည်တွေ၏ မျက်နှာက ဆန္ဒပြနေသည်။

"ခဏ . . . ခဏလေး ဆရာမတွေကို သွားပြောလိုက်ဦးမယ်နော်"

ခင်ပွန်းသည်နှစ်ယောက် ပျာယာခတ်ကာ ဆရာမတွေရဲ့ အခန်းဆီ ပြေးဖို့ပြင်သည်။

"အံမယ်လေး . . . စိတ်ညစ်လိုက်တာနော် ဒီနေ့များ မွေးတော့မှာလား မသိဘူး"

"ဟုတ်ပါရဲ့ ဒုက္ခပါပဲ"

ဖနီးဖြစ်သူတွေဆီမှ စိတ်ညစ်လိုက်တာ ဒုက္ခပါပဲဆိုသော စကားများကြောင့် ဦးရာဇာနှင့်ဦးသူရတို့ ကြောင်တောင်တောင် ဖြစ်သွားကြရသည်။

"ဘာဖြစ်လို့လဲ သီဂီရဲ့"

"သီတာကရော ဘာဖြစ်လို့လဲ"

ဒေါ်သီဂီနှင့်ဒေါ်သီတာတို့မှာ ခါးထောက်လျက် ရှုံ့မဲ့ရင်း

"ဒီနေ့ ပေရယ်လ်ဖူးလ်နေ့လေ"

"သီဂီကပြောတယ် မကောင်းဘူးတဲ့"

"ဟာ . . . ဟုတ်သားပဲ၊ ဒီနေ့ ပေရယ်လ်ဖူးပဲ"

"ဟင် . . . ဘာဖြစ်လို့တုန်းဗျ"





ဦးသူရမှာ အနောက်တိုင်းဓလေ့ ပေရယ်လ်ဖူးလ်နေ့အကြောင်း မသိသေးသော ဦးရာဇာကို ဇာတ်ကြောင်းလှန် ရာဇဝင်ရှင်းပြရသည်။

ဦးရာဇာမှာ သိရလျှင် တဟားဟားအော်ရယ်ကာ . . .

"ဩော် . . . ဘာများလဲလို့ ပေရယ်လ်ဖူးလ်တော့လည်း ဖူးလ် ဖူးလ်ပေါ့ကွာ . . . ဘာတတ်နိုင်မှာလဲ၊ မိန်းမရယ် မမွေးနဲ့ဆိုပြီး တားထားလို့ရတဲ့အရာမှလည်း မဟုတ်တာ"

"ဟုတ်တယ်လေ၊ ဒီနေ့ ပေရယ်လ်ဖူးလ်မို့ မမွေးချင်ဘူး၊ နက်ဖြန်မှမွေးမယ်ဆိုပြီး ရက်ရွှေ့လို့မှလည်း မရတာ"

ဦးရာဇာနှင့်ဦးသူရတို့ ကိုယ့်မိန်းမကိုယ် နားချကြသည်။

ခင်ပွန်းသည်တွေ နားချကြတော့မှပဲ အလူးအလဲနာနေပြီဖြစ်သော မဗိုက်နှစ်ယောက်မှာ . . .

"အင်းလေ . . . ဟုတ်ပါတယ် ဘာတတ်နိုင်မှာလဲ"

"အင်း . . . ကိုယ်မွေးစရာရှိတာ မွေးရမှာပဲ၊ ဒါတောင်တားလို့ရတဲ့အရာမှ မဟုတ်တာ"

အသီးသီး စိတ်လျှော့လိုက်ကြတော့သည်။

စိတ်လျှော့လိုက်တော့မှပဲ ဗိုက်ထဲက ကလေးတွေက အသီးသီးဆန္ဒပြလာပြန်တာမို့ နှစ်ယောက်သား အော်ကြရန်ပြန်သည်။

"အား . . . နာလိုက်တာ . . . အမေ . . . အမေရေ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေးလေး ... နာလိုက်တာ ... ကျွတ်ကျွတ် ... မောင်ရေ ... ဆရာမ အမြန်သွားခေါ်ပေးပါတော့"

"အေး ... အေး သွားမယ် သွားမယ်၊ လာဗျို့ ကိုရာဇာ အခြေအနေ မကောင်းဘူး"

ဦးရာဇာနှင့်ဦးသူရတို့ ဆရာမအခန်းဆီ အပြေးအလွှား။ ဆရာမတွေမှာလည်း အပြေးအလွှား။

မွေးခန်းဆီပို့တော့လည်း အားလုံးအပြေးအလွှား။ လူနာတင်လှည်းပေါ်မှာ ဒေါ်သီဂီနှင့်ဒေါ်သီတာ နှစ်ယောက်သား ရှေ့ဆင့်နောက်ဆင့်။

နှစ်ယောက်သား တစ်ပြိုင်တည်း ဗိုက်နာသည်မို့ အိုဂျီနှင့် ဆရာမများအားလုံးမှာ မွေးခန်းထဲ၌ အလုပ်ရှုပ်ကုန်ကြတော့သည်။

အိုဂျီမှာ တစ်ယောက်မွေးပြီး နောက်တစ်ယောက်ဆီ ချက်ချင်း ကူးနေသည်မှာ အသက်ပင် မရှူရအား။

"ဝါး"

"အူဝဲ"

မွေးခန်းထဲမှ ထွက်လာသော အသံပြုလေးနှစ်ခုမှာ ရှေ့ဆင့်နောက်ဆင့် ...

အိုဂျီ ချွေးသီးချွေးပေါက်များကြားမှ 'ဟူး'ခနဲ သက်ပြင်းမှုတ်ထုတ်လိုက်ချိန် ...





အဖေနှစ်ယောက် မွေးခန်းရှေ့မှ ...

"ဟေး"ခနဲ

"ဟား"ခနဲ

လက်သီးလက်မောင်းတန်း၏။ အတိအကျပြောရလျှင်ထို ...

"ဝါး" နှင့်

"အူဝဲ" ကြားမှာ

ဆယ်မိနစ်တိတိသာ ကွာခြားသည်။

စင်စစ် ... သူတို့နှစ်ယောက်မှာ ဆယ်မိနစ်တိတိသာ ခြားလျက် မွေးလာခဲ့ကြခြင်း ဖြစ်သည်။

ဆယ်မိနစ်တိတိစောလျက် မွေးဖွားလာခဲ့သောကလေးမှာ ယောကျ်ားလေးဖြစ်ခဲ့ပြီး ဖခင်ဖြစ်သူ ဦးရာဇာက ...

"ကျွန်တော့်သားက သားဦးလည်းဖြစ်တယ်၊ တစ်ရက်နေ့မှာ မွေးတာလည်းဖြစ်တယ်ဆိုတော့ အများရဲ့ရှေ့မှာ ဦးဆောင်နိုင်တဲ့ မြင့်မြတ်တဲ့သူဖြစ်အောင် အတိတ်ကောင်း နိမိတ်ကောင်းနဲ့ ကျွန်တော်ကတော့ ကျွန်တော့်သားကို တံခွန်လို့ နာမည်ပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်ဗျာ''

ဦးရာဇာက သားဖြစ်သူကို ကြွားကြွားဝင့်ဝင့်။

ဆယ်မိနစ်တိတိ နောက်ကျကာ မွေးဖွားလာခဲ့သော ကလေးမှာတော့ မိန်းကလေးဖြစ်နေခဲ့ပြီး ဖခင်ဖြစ်သူ ဦးသူရက

''ကျွန်တော်ကတော့ ကျွန်တော့်သမီးလေးကို ထူးထူးခြားခြား ပေရယ်လ်ဖူးလ်နေ့မှာ မွေးခဲ့တာဆိုတော့ ပေရယ်လ်ဖူးလ်လို့ နာမည်ပေးမယ်ဗျာ''

''အာ ... ကိုသူရရယ်၊ ကြည့်လည်းလုပ်ပါဗျာ၊ နာမည်ဆိုတာ အရေးကြီးသဗျ၊ တော်ကြာ ... ကိုယ့်သမီး အချောအလှကလေးကို လူပြောင်စရာ ဖြစ်နေပါ့မယ်''

အရင်းအချာတွေမို့ ဦးရာဇာ သတိပေးစကားဆိုသည်။ ဦးသူရက အရယ်အပြုံးမပျက်ပင်။

''မဖြစ်ပါဘူးဗျ၊ ကျွန်တော်က မြန်မာအနေနဲ့လည်း အဓိပ္ပာယ်တွဲပြီး ကောက်လိုက်တာလေ''

''ပေရယ်လ် ... ဆိုတာက သမီးကလေးရဲ့မွေးလပေါ့ဗျာ''





''အဲ ... ဖူးဆိုတာကတော့ မြန်မာလို အဖူးအညွန့်ကလေးပေါ့''

''ပေရယ်လ်လမှာမွေးတဲ့ ဖူးဖူးထွတ်ထွတ် အဖူးအညွန့်ကလေးပေါ့ဗျာ၊ ဘယ့်နှယ် မကောင်းဘူးလား''

ဦးသူရ သူ့စိတ်ကူးနှင့်သူ အဓိပ္ပာယ်ဖွင့်ပြသည်။

''အေးဗျ ... ဒီလိုဆိုတော့လည်း ခင်ဗျားရဲ့အဓိပ္ပာယ်က လှနေတာပဲ၊ လုပ်ဗျာ ... ကိုယ့်မွေးထားတဲ့သမီးပဲ၊ ကိုယ်ကြိုက်သလို နာမည်ပေး''

''အဓိက,က ... ဟဲဟဲ''

''ဘာလဲဗျ ... ဘာဟဲဟဲလဲ''

''အဓိက,က ကြီးလာရင် ကျွန်တော့်သားကလေးနဲ့ နေရာချထားပေးဖို့''

''ဟာဗျာ ... ကိုရာဇာ ခင်ဗျား အတော်နောက်တဲ့လူ''

''ဘာလဲဗျ ... ခင်ဗျားက သဘောမတူချင်ဘူးလား''

''နောက်တောင်ကျနေပြီလားလို့ ... ဟား ဟား''

''ဟား ဟား ဟား ဟား''

အဖေနှစ်ယောက်သား အတိုင်အဖောက်ညီစွာ တဟားဟား။ တကယ်တော့ ... အဲဒီအရွယ်ကတည်းက ဖူးဖူးနှင့်တံခွန်ကို နှစ်ဖက်မိဘတွေက သဘောတူထားခဲ့ကြတာ။

သမီးမွေးထားသည့် ဦးသူရနှင့်ဒေါ်သိင်္ဂီက တံခွန့်ကို



www.burmeseclassic.com

www.burmeseclassic.com



တသားသားနှင့် သည်းသည်းလှုပ်တတ်ကြသည်။

သားယောက်ျားလေး မွေးထားသည့် ဦးရာဇာနှင့်ဒေါ်သီတာတို့ကလည်း ဖူးဖူးမှီဆို သမီးလေး . . . သမီးလေးနှင့် ပါးစပ်မှ မချစတမ်း ဖူးဖူးမှုတ်။

ဘယ်လောက်တောင်များလဲဆို . . . တစ်ယောက်မအားရင်တောင် ကျန်တစ်ယောက် သူ့ကလေး၊ ကိုယ့်ကလေး မခွဲခြားဘဲ နှိုချိုတိုက်ကျွေးတတ်ကြတာ။

ကလေးတွေကလည်း အလည်။

တံခွန်က ဒေါ်သီဂီကို ကိုယ့်အမေမဟုတ်မှန်း သိသိကြီးနှင့် ချွဲချွဲနွဲ့နွဲ့ နို့စို့တတ်သလို၊ ဖူးဖူးကလည်း ဒေါ်သီတာ့ရင်ခွင်ထဲမှာဆို ဂူးဂူးဂဲဂဲစကားတွေဆိုကာ ပြုံးရွှင်လို့ နေတတ်သည်။

အဲ့ဒါတွေကိုပဲ အမေနှစ်ယောက်က အသည်းခိုက်ကာ တဖွဖွပြောလို့ မဆုံးတော့ပြီ။

"တွေ့လား . . . သားက သီဂီကိုဆို သိပ်သိတာ၊ နို့စို့ရင် မျက်နှာကိုမော့ကြည့်ပြီးမှ စို့တာ၊ သူ့မျက်လုံးလေးတွေက စကားတွေ ပြောနေသလိုပဲ"

"အံမယ် . . . သမီးလေးကလည်း သီတာ့ကိုဆို သိပ်သိတာပါနော်၊ သီတာ့ရင်ခွင်ထဲရောက်တာနဲ့ စကားတွေ ပြောလိုက်တာ"

အမေချင်းက ကိုယ့်ကလေး၊ သူ့ကလေး မခွဲခြားဘဲ





အပြိုင်ချစ်ကြလို့ပဲလားမသိ တံခွန်နှင့် ဖူးဖူးမှာ ငယ်ငယ်ကတည်းက သွေးသားရင်းချာ မောင်ရင်းနှမတွေလို ချစ်ခဲ့ကြသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်စိအောက်မှ အပျောက်မခံနိုင်။

အရိပ်ကလေးတွေလို မခွဲမခွာ။ ဘယ်နေရာသွားသွား တစ်ယောက်ပါမှ ကျန်တစ်ယောက်က သွားသလို၊ ဘယ်အရာမဆို နှစ်ယောက်အတူတူရမှ။

လူကြီးတွေက မုန့်နှစ်ခုရှိပါလျက် တစ်ခုကို ဝက်ကာ တစ်ယောက်ကိုသာ ပေးကြည့် . . .

"တံခွန့်အတွက်ရော"

"ဖူးဖူးအတွက် မပါဘူးလား"

အဲ့သလို မေးတတ်ကြတာ။

မုန့်ဆိုလည်း နှစ်ယောက်အတူ စားရမှ၊ အရုပ်ဆိုလည်း နှစ်ယောက်အတူတူရပါမှ။

အမြဲတမ်း တစ်ယောက်အတွက်တစ်ယောက် သတိတရရှိတတ်သည့် သံယောဇဉ်ကလေးတွေက တိုက်ဆိုင်စွာ ကူညီတတ်ကြသလို . . .

နောက်ထပ် . . . တူညီတတ်သည့် တိုက်ဆိုင်မှုတစ်ခုလည်း ရှိသေးသည်။ အဲ့ဒါကတော့ . . .

နှစ်ယောက်စလုံး ဧပရယ်လ်ဖူးလ်နေ့ကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



အသုံးချတတ်ကြခြင်းပင်။

တံခွန်ရော၊ ဖူးဖူးရော တစ်နှစ်လုံးမှာ အပျော်ရဲဆုံးရက်က ပေရယ်လ်လ တစ်ရက်နေ့ဖြစ်သလို . . .

အမျှော်ရဆုံး ရက်ကလည်း ပေရယ်လ်လ တစ်ရက်နေ့ပင်။ အဲ့ဒီနေ့က နှစ်ယောက်စလုံးရဲ့မွေးနေ့ မဟုတ်လား။

ပြီးတော့ . . . တစ်ယောက်နှင့်တစ်ယောက် အရူးလုပ်စ,နောက်လျှင် စိတ်မဆိုးရသောနေ့မို့ တစ်နှစ်လုံး သူတစ်ပါးကိုစ,နောက်ချောက် တွန်းချင်သမျှ ချုပ်ထိန်းအောင့်အည်းခဲ့ရသမျှကို ဒီနေ့မှာ အတိုးချ စ,နောက်ပြီး သူတို့ ပျော်တတ်ကြသည်လေ။

တကယ်တော့ . . .

သူတို့နှစ်ယောက်အတွက်က ပေရယ်လ်ဖူးလ်လုပ်ဖို့ ဝေးဝေးလံလံ အပင်ပန်းခံပြီး သူများတွေကို စနောက်စရာမလို။

တစ်ယောက်နှင့်တစ်ယောက် ဦးသည့်လူက အရူးလုပ်တတ်ကြမြဲပင်။ မှတ်မှတ်ရရ . . . အဲဒီနေ့က နှစ်ယောက်သားဆယ်နှစ်ပြည့်သည့်နေ့ . . .



## အခန်း (၁၀)

အိပ်မက်သော ဖူးဖူးအဖို့ ဒီနေ့အတွက်တော့ အိပ်ရေးအပျက်ခံကာ မိုးမလင်းခင်ကတည်းက တံခွန့်အနီးကို သမ်းရင်း,ဝေရင်း ငုတ်တုတ်ထိုင်စောင့်နေခဲ့တာ ဖြစ်သည်။

တံခွန်က စောစောနိုးတတ်သည်လေ။

တံခွန် . . . အခန်းရှေ့မှာ ဒူးကလေးတုပ်ထိုင်လျက် ခေါင်းတင်ကာ ပြန်ပိုက်၍စောင့်နေဆဲ။

''ချပ်''

ခနဲ တံခါးဖွင့်သံကြားလိုက်ရလျှင် ဖူးဖူး ဝမ်းသာသွားလိုက်ရသည်မှာ ပြောဖွယ်ရာမရှိတော့ပြီ။

''ဟိုင်း . . . သူငယ်ချင်း မောနင်း''

ဖူးဖူးကို စောစောစီးစီး တွေ့လိုက်ရတော့ တံခွန် ကြောင်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိဖူး ဘယ်တော့မှ ဒီအချိန် ထ,တတ်တာမဟုတ်။

မနက်စောစောထ,ဖို့ကို မုန့်နဲ့လည်း မျှားလို့မရ။ အရုပ်နဲ့လည်း မျှားလို့မရ။ ဘာနဲ့မှ ဆွဲဆောင်စည်းရုံးလို့မရတတ်သည့် အိပ်ပုပ်မက စောစောစီးစီး ကိုယ့်အခန်းရှေ့မှာ ငုတ်တုတ်ထိုင်ပြီး နှုတ်ဆက်လိုက်သည်မို့ တံခွန် အရမ်းကို အံ့သြသွားရခြင်းပါ။

"မိဖူး"

"ရက်စ် . . . သူငယ်ချင်း"

"ဟဲ့ . . . နင် အိပ်ရာထဲက ယောင်ပြီးထ,လာတာတော့ မဟုတ်ပါဘူးနော်"

တံခွန် မယုံသင်္ကာ မေးမိသည်။

"နိုးပါ . . . ငါ ခုလို မနက်အစောကြီးနိုးအောင် မနေ့က နေမဝင်ခင်ကတည်းက အိပ်ထားတာ"

"နေပါဦး . . . နင်က ဘာကိစ္စနဲ့ ဒီနေ့ အစောကြီး ထ,လာရတာလဲ"

ဖူးဖူး ချိုမြစွာ ပြုံးပြသည်။

မိဖူး တစ်ခါမှ ဒီလောက် မျက်နှာထားချိုတာ မတွေ့ဖူးသည်မို့ တံခွန် အူကြောင်ကြောင်ဖြင့် အံ့အားသင့်နေမိသည်။

"သြော် . . . ငါ့မှာ အရမ်းအရေးကြီးတဲ့ကိစ္စတစ်ခု ရှိနေလို့ပေါ့ သူငယ်ချင်းရယ်"

ဖူးဖူး အကြံအစည်နှင့်မို့ မျက်နှာထားက ချိုသလို၊ နှုတ်





ဖျားကလေးကလည်း 'သူငယ်ချင်း' ဆိုတာကို မချ။

တစ်ယောက်နှင့်တစ်ယောက် ဘယ်လိုပင် ရန်ဖြစ်၊ စိတ်ကောက်တတ်ကြပေမယ့် စိတ်ကောင်းဝင်နေကြချိန်ဆို သူငယ်ချင်းဆိုတာကို ပါးစပ်က မချစတမ်း ခေါ်တတ်ကြသည်လေ။

"ဘယ်လောက်တောင် အရေးကြီးတဲ့ကိစ္စမို့လဲ"

တံခွန် မျက်မှောင်ကြီးကြုတ်ကာ မေးသည်။

စိတ်ထဲကတော့ မိဖူးကို လူလေး လက်တောက်လောက်နဲ့ စကားကြီးစကားကျယ် ပြောလိုက်တာ . . . ဟု ချဉ်တူးမိသည်။

"ဘာနဲ့ချီပြီး အရေးကြီးတယ်"

ဖူးဖူးက မျက်လုံးလေး စင်းကာ ပြောသည်။

လုပ်ပြီ . . . သောက်ညင်ကတ်စရာ . . . ဟု တံခွန် ထောမနာပြုသည်။

ဆက်မေးရင် ဒါထက်ပိုပြီး အမြင်ကတ်စရာစကားကြီးစကားကျယ်တွေ ဆက်နားထောင်ရတော့မှာမို့ တံခွန် ဆက်မမေးတော့ဘဲ လှည့်ထွက်လာခဲ့သည်။

အဲ့လို ဆက်မမေးတော့လည်း ဖူးဖူး မနေနိုင်ပြန်။

တံခွန်နောက်မှ အတင်းလိုက်ကာ . . .

"ဟဲ့ . . . ဟဲ့ . . . ဘယ်လို အရေးကြီးတဲ့ကိစ္စလဲလို့ ဆက်မေးလေဟာ"

"မေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလို့လဲ"

ဒီတစ်ခါ မခံချိမခံသာဖြစ်ရသည်က ဖူးဖူးအလှည့်။ တံခွန်ကတော့ မျက်နှာကလေးချိုလျက်ပင် ...

"ငါမှ မသိချင်ဘဲ"

တံခွန်ပြောပုံက ပြတ်ပြတ်သားသား။

ဟုတ်တယ်လ ... ကိုယ်က အသည်းအသန်မေးရင် သူက အိုဗာတင်းဖျော်ဦးမည်။

ကိုယ်က စိတ်မဝင်စားတဲ့ပုံ ဖမ်းပြလိုက်တော့ ဒင်း မနေနိုင်တော့။ ဖူးဖူး မျက်နှာရှုံ့မဲ့ကလေးနှင့် ...

"နင် တကယ်မသိချင်ဘူးလားဟင်"

တံခွန် လှည့်၍ပင် မကြည့်။

"သိချင်ပါဘူး"

ဖူးဖူး 'အွန့်' ခနဲ နှာခေါင်းရှုံ့၏။ ဆက်ပြီး ... ပဲကိုင် လို့ မရတော့မှန်းသိတော့ ...

"ငါက နင့်ကို မွေးနေ့လက်ဆောင်ပေးမလို့"

"ဟမ်"

တံခွန် ချက်ချင်း လှည့်ကြည့်၏။

မျက်နှာလေးကလည်း ဝင်းခနဲ ...

"မိဖူး ... နင်"

"ဟုတ်တယ် ... ငါက နင့်ကို မွေးနေ့လက်ဆောင်





လာပေးတာ"

ကြည့်စမ်း ... ဟုတ်သားပဲ၊ သူ သတိမထားလိုက်မိ တာ။

မိဖူး နောက်မှာ အထုပ်ကလေးတစ်ထုပ် ဝှက်ကိုင်ထား တာပဲ။

"ဆောရီးဟာ ... မိဖူး ... ငါ မသိလို့"

"နင်ပဲ မသိချင်ဘူးဆို"

"ဆောရီးပါဆို သူငယ်ချင်းကလည်း"

တံခွန် ချက်ချင်း လေသံပြောင်းသွားပြီ။

ဖူးဖူးဝှက်ကိုင်ထားသည့်အထုပ်ကလေးကို အတင်းလှည့် ပတ် လိုက်ကြည့်ရင်းက ...

"ဘာလေးလဲဟင် မိဖူး ... ပြစမ်း"

ဖူးဖူး နောက်သို့ဆုတ်ကာ ခပ်လှမ်းလှမ်းမှ အထုပ်က လေး မြှောက်ပြသည်။ ရွှေရောင်အသည်းပုံ ဘူးကလေး ...

"ဟာ"

ဝင်းလက်နေသော တံခွန့်မျက်နှာက ဖိတ်ဖိတ်တောက် သွားတော့သည်။

"ချောကလက်"

"ဟုတ်ပ ... မနေ့ညနေကတည်းက စီးတီးမတ် (city mart) က သွားဝယ်ထားရတာ၊ ဈေးကြီးလိုက်တာဟယ်၊ ငါ့



www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဂျက် တော်တော်နိုက်သွားတယ်''

ဖူးဖူးက ညည်းပြောကလေး ပြောသည်။

ချောကလက်သရဲဖြစ်သော တံခွန်၊ ဘူးအခွံတွေ့လိုက်သည်နှင့် အကောင်းစားမှန်း သိပါသည်။

ကြည့်ရင်းက သားရေစိမ့်ထွက်လာလျက် မရိုးမရွဖြစ်ကာ . . .

''သိုင်းခယူးနော် သူငယ်ချင်း''

ကျေးဇူးစကားနှင့်အတူ လက်လှမ်းသည်။ ဖူးဖူးက မျက်လုံးကလေးမှေးလျက် ခေါင်းခါပြကာ . . .

''ဟဲဟဲ . . . ဒီလိုမလုပ်နဲ့လေ သူငယ်ချင်းရဲ့၊ မျက်နှာအရင်သစ်ဦးမှပေါ့''

''ဩော် . . . အေး ဟုတ်သားပဲ၊ ငါ မျက်နှာမသစ်ရသေးတာ မေ့သွားတယ် . . . ဟဲ ဟဲ''

တံခွန် အရှက်ပြေ ရယ်သည်။

''သွား သွား . . . မျက်နှာ အရင်သစ်၊ ဟဲ့ . . . သွားလည်း သေချာတိုက်နော်၊ တော်ကြာ . . . ငါ့ချောကလက် အရသာပျက်နေမယ်''

''အေးပါ . . . အေးပါ''

တံခွန် ချောကလက်မက်လုံးနှင့် ရေချိုးခန်းထဲ ပြေးဝင်သည်။





''ဟဲ့ . . . ချော်လဲဦးမယ်''

''ဟင်း ဟင်း''

ဖူးဖူး လှမ်းအော်သတိပေးတော့ တံခွန် အရင်လို ဆရာလုပ်တယ်လို့ မထင်။ တဟင်းဟင်း ရယ်၍ သဘောကျနေသည်။

''နင် မျက်နှာသစ်ပြီးရင် ထမင်းစားခန်းထဲ လာခဲ့နော်၊ ငါ ထမင်းစားပွဲမှာ စောင့်နေမယ် သိလား''

''အေးပါ . . . အေး''

တံခွန် သွားတိုက်ရင်းမှ ဗလုံးဗထွေး ပြန်အော်သည်။

ဖူးဖူး ဖက်ကိုပုကာ အသံမထွက်အောင် ကြိတ်ရယ်ရင်း ထမင်းစားပွဲမှာ ထိုင်စောင့်သည်။

စားပွဲပေါ်မှာ တံခွန့်အတွက် breakfast က အဆင်သင့်။ ဘိုစာကြိုက်တတ်သော တံခွန့်ရဲ့မနက်စာက မိုင်လို၊ ကြက်ဥကြော်၊ ပေါင်မုန့်နှင့် ယိုမျိုးစုံ။

''ရှယ်ပဲ''

ဟု ရေရွတ်ရင်း မယ်လမင်း ပန်းကန်ပြားလှလှကလေးပေါ် ယူလာသော ချောကလက်ဘူးကို ဖူးဖူးတင်လိုက်သည်။

ထို့နောက် . . .

ပါးစပ်ကို လက်ဖြင့်အုပ်ကာ 'ခွိ'ခနဲ ကြိတ်ရယ်နေမိဆဲ

''နင်လည်း ဆာရောပေါ့ . . . ငါနဲ့ အတူတူဝင်စားလေ၊ နင်က လက်ဆောင်ပေးတော့ ငါကလည်း ပြန်ကျွေးရမှာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်ပြီး ရေတောင်မသုတ်နိုင်ဘဲ မျက်နှာရေစက်လက်နှင့် ထမင်းစားပွဲမှာ ပြေးဝင်လာထိုင်ရင်း တံခွန် လောကွက်ချော်သည်။

အံ့မယ် ... သူ့ကျွေးမှ စားရမှာ ကျနေတယ်။ အရင်လည်း ဒီအတိုင်း အမြဲဝင်စားနေကျပဲဟာ။

ဖူးဖူးကိုများဆို အန်တီနှင့်ဦးဦးက အမြဲ open ဖွင့်ထားပေးတဲ့ဟာ။

"အေးပါ ... စားတာပေါ့"

"ဟဲဟဲ ... နင့်ချောကလက်လက်ဆောင်ကို ငါ ဖွင့်တော့မယ်နော် ... ဖူးဖူး"

တံခွန် ဟန်မဆောင်နိုင်တော့၊ ချော့ကလက်ဘူးဆီ လက်က ရောက်နှင့်နေပြီ။

"ကဲ ကဲ ... ဖွင့်တော့၊ ဟက်ပီးဘာ့သ်ဒေး သူငယ်ချင်း"

ရှိးရာမပျက် ဖူးဖူး wish လုပ်ပေးလိုက်သည်။

"သိုင်းခယူး သူငယ်ချင်း"

ကျေးဇူးစကားနှင့်အတူ တံခွန် ချောကလက်ဘူးကို ဖွင့်လိုက်လျှင် ...

"ဟင်"

အံ့ဩတကြီးအသံနှင့်အတူ ဝင်းလက်နေသော မျက်လုံး





များမှာ ချက်ချင်း အရောင်ပြောင်းသွားရတော့သည်။

"မိ ... မိဖူး ... ဒါ ..."

တံခွန် လက်ညှိုးငေါက်ငေါက်ထိုးရင်း မျက်နှာတစ်ပြင်လုံး ရဲရဲနီလာသည်။

မယ်လမင်းပန်းကန်ပြား လှလှကလေးပေါ်မှာ အခန့်သားနေရာယူထားသည်က သားရေဖြင့် ပြုလုပ်ထားသော ခွေးချေးပုံအတုကလေး။

တကယ် ... တထေရာတည်း တူသည့်မို့ အရွံ့အရှာကြီးတတ်လွန်းသော တံခွန်တစ်ယောက် လက်ညှိုးထိုးရင်းက မျက်နှာကြီးရဲရဲနီကာ မျက်ရည်များ ရစ်ဝဲလျက် ပျို့တက်လာမိတော့သည်။

"မိဖူး ... နင် ... နင် ... မိုက် ... မိုက်ရိုင်း"

တံခွန် စကားဆုံးအောင် မပြောနိုင်။ ဘေစင်ဆီ ပြေးကာ တဝေါ့ဝေါ့ ထိုးအန်နေမိတော့သည်။

အဲ့ဒါကိုကြည့်ပြီး တဟားဟားအော်ရယ်ကာ သဘောအကျကြီးကျနေမိသူက ဖူးဖူး။

ဒီလို ရယ်ချင်လွန်းလို့ မနက်အစောကြီး အိပ်ရေးပျက်ခံပြီး လာစောင့်ရသည်လေ။

ဒါမှ တံခွန် breakfast မစားခင်အချိန်ကို မီမှာလေ။

"မိဖူး ... နင့်ကို ငါ သတ် ... သတ်"



www.burmeseclassic.com

www.burmeseclassic.com



စကားမဆုံးခင် ဝေါခနဲ တံခွန် ထိုးအန်ပြန်သည်။

ဖူးဖူးကတော့ ရယ်ရလွန်းလို့ ဗိုက်တွေပင် နာလာကာ ဗိုက်ကို လက်နှင့် နှိပ်ထားမိတဲ့အထိ။

“ဟဲ့ ဟဲ့ . . . စိတ်မဆိုးနဲ့လေ၊ ဒီနေ့ ပေရယ်လ်ဖူးလ် လေဟာ . . . ဟား ဟား . . . စိတ်မဆိုးကြေး”

ဖူးဖူးရယ်ရင်း ပြောရင်းက ထွက်ပြေးသည်။

“မိဖူး”

ဘာမှမတတ်နိုင်တော့သော တံခွန် ဒေါသတကြီး ကုန်းအော်သည်။

“တောက်”

ဒီနေ့ ‘ပေရယ်လ်ဖူးလ်’ ဆိုတာ ဘာလို့မေ့နေရတာလဲ။

ဒင်းက Birthday present (မွေးနေ့လက်ဆောင်) ဆိုပြီး လာပေးကတည်းက သတိရ,ရမှာ။

ခုတော့ ခံလိုက်ရပြီ။ ဟင်း . . . တွေ့မယ်။

ရှေ့နှစ်ခါ ပေရယ်လ်ဖူးလ်ကျရင် တွေ့မယ်သာမှတ်။

လောလောဆယ်တော့ . . . တံခွန့်ခမျာ သုံးလေးရက်လောက် အစားအသောက်ပျက်ရတော့သည်။

ထမင်းစားပွဲထိုင်တိုင်း မယ်လမင်းပန်းကန်ပြားလှလှလေးထဲက ထိုအပုံကိုပဲ မြင်ယောင်မိကာ ပျို့တက်စမြဲ။

ပြီးတော့ . . .





ချော့ကလက်ကိုလည်း မကြည့်ချင်တော့အောင် ဖြစ်ခဲ့ရသည်။

* * *

အဲ့ဒီနောက်ပိုင်းတော့ April Fool နေ့ရောက်တိုင်း တစ်ယောက်ရဲ့ခြေလှမ်းကို တစ်ယောက်က စောင့်ကြည့်ရတာ အမောပင်။

မတ်လကုန်ခါနီးရောက်ကတည်းက ပေရယ်လ်တစ်ရက်နေ့ကို ကြိုတင်သတိထားနေရကာ . . .

ပေရယ်လ်တစ်ရက် ရောက်ပြီဆိုသည်နှင့် အိပ်ရာထသည်နှင့် သတိအနေအထားနှင့် နေရသည်မှာ တစ်နေကုန်။

တစ်ယောက်နှင့်တစ်ယောက် ဘာကျွေးကျွေး မစားရဲ။ ဘာပေးပေး မယူရဲ။

ယုတ်စွအဆုံး ဘာပြောပြော မယုံရဲ။ အထူးသဖြင့် ဖူးဖူး။

ကိုယ်က တံခွန်ကို အကြီးအကျယ် အရှုးလုပ်ဖူးထားသည်မို့ တစ်နှစ်,တစ်နှစ် တံခွန် ကိုယ့်ကို လက်စားချေဖို့ စောင့်နေတယ်ဆိုတာ သိလျက် တထိတ်ထိတ်နှင့် နေ,နေရသည်။

ဒီလိုနှင့်ပင် . . .



www.burmeseclassic.com

www.burmeseclassic.com



သုံးနှစ်လောက် တစ်ယောက်နှင့်တစ်ယောက် အရှုးလုပ်ခွင့်မရခဲ့ဘဲ နေခဲ့ကြပြီး ...

မှတ်မှတ်ရရ ... အဲဒီနေ့က တံခွန်နှင့်ဖူးဖူးတို့နှစ်ယောက်သား ဆယ့်သုံးနှစ်ပြည့်သည့်နေ့ ...

တစ်ယောက်နှင့်တစ်ယောက် မြွေ့မြွေ့ချင်း ခြေမြင်လျက် ဖူးဖူး သူ့ဆီမသွား။ ကိုယ့်ဘာသာ အိမ်ထဲအောင်းနေသည်။

သူလည်း တစ်နေကုန် ပေါ်မလာ။ ညနေစောင်းလောက်ကူးမှ ...

"အန်တီရေ ... သားမွေးနေ့ မေမေ ကြာဆံချက် ပို့ပေးလိုက်တယ်"

တံခွန့်အသံကြားရတော့ ဖူးဖူး ကိုယ်လေး ဆတ်ခနဲဖြစ်သွားရသည်။

"ကြာဆံချက်"

ကြာဆံချက် ... ဆိုသည့်အသံကြားတော့ ဖူးဖူးနှုတ်ခမ်းကို လျှာဖြင့် သပ်လိုက်မိသည်။

ဖူးဖူးက ကြာဆံချက်သရဲဖြစ်သည်။

ဒါကိုသိလို့လည်း အန်တီသီတာက ဖူးဖူးတို့နှစ်ယောက်ရဲ့မွေးနေ့ဆို ကြာဆံချက် ချက်ကျွေးတတ်တာ။

"ဟုတ်လား ... ဆာနေတာနဲ့ အတော်ပဲ၊ သားမေကြီးလက်ရာက အရမ်းကောင်းတာ"





"အများကြီး စားနော် ... အန်တီ"

"စားမှာ စားမှာ ... မပူနဲ့၊ အန်တီကတော့ ဘာမှမလုပ်ဖြစ်ဘူး သားရေ၊ သားဦးဦး ပြန်လာမှပဲ သားတို့သူငယ်ချင်းနှစ်ယောက်ကို ကစားကွင်း လိုက်ပို့ပေးတော့မယ်၊ မုန့်လည်းကျွေးမယ်"

"ဟေး ... တကယ်နော် အန်တီ"

"တကယ်ပေါ့"

"ဧပရယ်လ်ဖူးလ် မလုပ်ကြေးနော်"

"အိုး ... မလုပ်ပါဘူး သားရဲ့၊ အန်တီက လူကြီးပဲဟာ မနောက်ပါဘူး"

"ဝေး ... ပျော်တယ်ကွ"

တံခွန့်အူမြူးနေသည့် အော်သံကြားရတော့ ဖူးဖူးမျက်နှာလေး မဲ့လိုက်မိသည်။

"သမီးရေ ... လာစားလေ၊ ဒီမှာ သမီးရဲ့အန်တီသီတာက သမီးအကြိုက် ကြာဆံချက် ပို့လိုက်တယ်"

မေမေ့ဆီမှ လှမ်းအော်ခေါ်သံကြားရတော့ ဖူးဖူး ချက်ချင်း အခန်းထဲမှ ပြေးထွက်လိုက်မိသည်။

ကြာဆံချက်ဟင်းခါးနံ့က မွှေးနေသည်။ ဗိုက်ထဲက ချက်ချင်း ဆာလောင်လာတော့သည်။

"လာစားလေ မီဖူး၊ ငါ့ကြာဆံချက်က အစစ်အမှန်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ပေရယ်လ်ဖူးလ်လုပ်မထားပါဘူး၊ မယုံရင် ဒီမှာ ... အန်တီကိုယ်တိုင် စားနေတာပဲ ကြည့်ပါလား''

ဖူးဖူးကို တွေ့တာနှင့် တံခွန် လှမ်းခေါ်သည်။ ပြောပုံက ခပ်ကျောကျော။

မျက်နှာထားကလည်း မခံချင်စရာလုပ်ထားသေးသည်။ မျက်နှာကိုမော့ကာ မျက်လုံးကိုမှေး၊ နှုတ်ခမ်းကိုတွန့်ထားလိုက်သည်မှာ အမြင်ကတ်ချင်စရာ။

မစားရဲရင်ဘဲ သူ့ကို ကြောက်သလိုပုံစံမျိုး ဖမ်းထားတာ

''လာလေ သမီးရဲ့ ... အရမ်းကောင်းတာပဲ သမီးအန်တီသီတာလက်ရာ''

မေမေက ညွှန်းရင်း ထပ်ခေါ်သည်။ ဖူးဖူး ကြာဆံချက်ကို မကြည့်မိအောင် မျက်နှာကိုလွှဲလျက်က တံတွေးကို 'ဂွပ်'ခနဲ မျိုချကာ ...

''မစားသေးဘူး မေမေ၊ သမီး ခုနက ဆီချက်ခေါက်ဆွဲစားထားလို့''

တံခွန့်ရှေ့မှာ မစားချင်တာမို့ ဖူးဖူး မငြင်းချင်ဘဲ ငြင်းရလျက် စာကြည့်ခန်းထဲ ဝင်ခဲ့မိသည်။ ရင်ထဲမှာတော့မကောင်း။

တထောင်းထောင်း မွှေးပျံ့နေသည့် ကြာဆံချက်အနံ့က ကိုယ့်နောက်ကို လိုက်လာသလိုပင်။

အောင့်ထားဦးမှ ... ဒင်းပြန်တော့မှပဲ တဝကြီးစားမယ်။





တကယ်လို့ ပေရယ်လ်ဖူးလ် အလုပ်ခံရရင်တောင် ဒင်းပြန်တော့မှ ထိတော့ သက်သာတာပေါ့။

အဓိက,က ဒင်းရဲ့အရယ်မခံရဖို့ပဲ။

ဖူးဖူး အန်တီသီတာရဲ့ ကြာဆံချက်အနံ့ကို ရှူရင်း စာကြည့်ခန်းထဲမှာ စိတ်မကောင်းစွာ မှိုင်တွေနေမိဆဲ။

♫ ရှောင်စုံဘောလုံး
ဆောခဲ့ဖူးပါသည်။
တစ်နေကုန်ဆော့လို့
အဘွားက ရိုက်ပါသည် ♫

သီးချင်းသံသဲ့သဲ့။

ဟင် ... ဒင်းက ခုထိ မပြန်သေးဘူးဘဲ။

တံခွန့်အသံကို ကြားရတော့လည်း ဖူးဖူး မနေနိုင်စွာ ညည့်ခန်းဆီ ချောင်းကြည့်မိသည်။

တံခွန်က ... ဘောလုံးလေးတစ်လုံးကို မြှောက်ကာမြှောက်ကာနှင့် ခုန်ပေါက်ဆော့နေတာ တွေ့လိုက်ရသည်။

ဖူးဖူးမျက်လုံးတွေ မိုက်ခနဲ ဖြစ်သွားသည်။

ဘောလုံး ...

အဲ့ဒီလောက် လှပဆန်းကြယ်တဲ့ ဘောလုံးကလေးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖူးဖူး တစ်ခါမှ မတွေ့ဖူး။

ဘောလုံးကလေးမှာ မွေးပွကလေးလိုလို၊ ပိုက်ကြိုးကလေးလိုလို စုစည်းဆက်စပ်ထားတာဖြစ်ပြီး သက်တန့်ရောင်စုံကလေးတွေလည်း ရောင်စဉ်ဖြာလျက် ရှိတာမို့ အရမ်းကို လှပပါသည်။

"ဟယ် . . . လှလိုက်တာ"

စိတ်ထဲမှ မထိန်းချုပ်နိုင်လွန်းစွာ လွှတ်ခနဲပြောလိုက်မိရင်းက ဖူးဖူးခြေလှမ်းတွေက ညှို့ခန်းဆီ တရွေ့ရွေ့ရောက်လာတော့သည်။

မျက်လုံးများမှာ လှပလွန်းသော ဘောလုံးကလေးဆီမှ မခွာနိုင်။

ဖူးဖူး ညှို့ခန်းထဲ ထွက်လာတော့ တံခွန်က ခပ်လျှမ်းလျှမ်းသာ တစ်ချက်မျှကြည့်ပြီး သူ့ဘာသာ သီချင်းဆိုလျက် ဆက်ဆော့နေသည်။

♫ ရောင်စုံဘောလုံး
ဆောခဲ့ဖူးပါသည်။
တစ်နေ့ကုန်ဆော့လို့
အဘွားက ရိုက်ပါသည် ♫

ဖူးဖူး တဖြည်းဖြည်း တံခွန့်ရှေ့ တိုးလျက် စကားမရှိ





စကားရှာကာ . . .

"တံခွန် . . . နင် မပြန်သေးဘူးလား"

"ပြန်သေးဘူး . . . ဘာလို့ပြန်ရမှာလဲ၊ ဦးဦးပြန်လာရင် ကစားကွင်းလိုက်ပို့မှာတဲ့၊ မုန့်လည်း ကျွေးမှာတဲ့"

တံခွန်က လှည့်မကြည့်ဘဲ ဘောလုံးနှင့် ဆော့လျက်က ပြန်ပြောသည်။

ဘောလုံးကလေးက အနားနီးလာလေ ပိုလှလာလေပင်။ အသားလေးမှာ အိနေမှာပဲ ထင်သည်။ ဖူးဖူးစိတ်ထဲ မရိုးမရွဖြစ်လာသည်။ ဆိုဖာစ,လို၊ ဝါဂွမ်းစ,လို။

ပြီးတော့ . . . မွေးပွအိအိကလေးတွေ။ အဲ့သလိုမျိုးလေးတွေ တွေ့ရင် မကိုင်ရ မနေနိုင်အောင် အသည်းယားတတ်သည့် စွဲလမ်းမှုတစ်မျိုး ဖူးဖူးထံ၌ ရှိသည်။

"တံခွန်"

ဖူးဖူးလေသံကလေးချိုလျက် ခေါ်လိုက်မိသည်။

"ဘာလဲ"

ဖူးဖူးရဲ့စွဲလမ်းမှုကို သိနေသော တံခွန်ကတော့ လေသံခပ်တင်းတင်းပင် . . .

"အဲ့ . . . အဲ့ဒါ . . . နင့်ဘောလုံးလားဟင်"

"အင်း"

"ဘယ်သူဝယ်ပေးတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး"

တံခွန့်လေသံက ခပ်စီးစီး ခပ်ပြတ်ပြတ်။ ဖူးဖူး ဝမ်းနည်းသွားရသည်။

"ဟင် ... ဦးဦးက ငါ့အတွက်ကျတော့ မပါဘူး"

ဘာမဆို အမြဲနှစ်ယောက်အတူရနေကျမို့ ဖူးဖူး စိတ်မကောင်း။

အထူးသဖြင့် သိပ်ချစ်စရာကောင်းသည့် ဘောလုံးကလေးကျတော့မှ ကိုယ်မရတာကို ဝမ်းနည်းသွားမိသည်။

ဖူးဖူးမျက်နှာကလေး ညှိုးလျက် လှည့်ထွက်လာခဲ့စဉ်...

"မိဖူး"

တံခွန် လှမ်းခေါ်တော့ ဖူးဖူး ဝမ်းသာသွားရသည်။ ဖူးဖူးမျက်နှာငယ်ကလေး လုပ်ပြလျှင် သူ သနားတတ်သည်လေ။ ဖူးဖူး သိတာပေါ့။

"လာ ... အတူတူဆော့မယ်"

ဖူးဖူးမျက်နှာ ချက်ချင်း ဝင်းပ,ပြုံးရွှင်သွားလျက် ...

"တကယ်နော်"

"တကယ်ပေါ့၊ မနေ့က တစ်ခုတည်းတွေ့လို့ ဖေကြီးက တစ်ခုတည်း ဝယ်လာခဲ့တာ၊ ဒီနေ့ နင့်အတွက်ပါ ပါလာမှာပေါ့၊ လောလောဆယ်တော့ အတူတူဆော့မယ်နော်"

"အေး ... နင့်ဘောလုံးလေးက အရမ်းလှတယ်နော်





တံခွန်"

"သူက အရှင်ဟ၊ ဘောလုံးတစ်မျိုးတည်းမဟုတ်ဘူး၊ တခြားပုံစံတွေလည်း လုပ်လို့ရတယ်၊ ဒီမှာကြည့်"

တံခွန် ပြောပြောဆိုဆို ဘောလုံးကလေးကို ကိုင်ကာ ဟိုလှည့် ဒီလှည့် လှည့်ပြသည်။

ဖူးဖူး ပါးစပ်အဟောင်းသားကလေးနှင့် တအံ့တဩ စိုက်ကြည့်နေမိဆဲမှာပင် ဘောလုံးကလေးမှာ လှပသော ပန်းပွင့်ကလေးတစ်ပွင့် ဖြစ်လို့သွားသည်။

"ဟယ် ... ကြည့်စမ်း ဘောလုံးကနေ ပန်းပွင့်ဖြစ်သွားပြီ၊ လှလိုက်တာ တံခွန်ရယ် ... နင် သိပ်တော်တာပဲ"

ဖူးဖူး လက်ခုပ်လက်ဝါးတီးကာ တအံ့တဩလေး ပြောမိသည်။

"နေဦး ... ရှိသေးတယ်"

တံခွန် ခေါင်းလေးတညိတ်ညိတ်လုပ်ကာ ဆရာကြီးစတိုင်လ်နှင့် ပြောသည်။

"ဟယ် ... ရှိသေးတယ် ဟုတ်လား၊ ဘာပုံစံတွေလဲ ဟင်"

"ကြည့်ချင်လား"

"ကြည့်ချင်တာပေါ့ လုပ်ပြဟာ"

ဖူးဖူး ဣန္ဒြေမဆည်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို စိတ်ဝင်စားမိနေပြီမို့ ကျို့ထားသော လေသံချိုကလေး ဆုံးသည်။

တံခွန် ဆရာကြီးစတိုင်လ်ဖြင့် တဟင်းဟင်းရယ်ရင်းက ပန်းပွင့်လေးကို ပွင့်ဖတ်လေးတွေ တစ်လွှာချင်း တစ်ဖတ်ချင်း သိမ်းသည်။ ဖူးဖူး မျက်တောင်ပင် မခတ်မိ။

စိတ်ဝင်တစား စိုက်ကြည့်နေမိဆဲမှာပင် လှပလှသော ပန်းပွင့်ကလေးမှာ လက်တံကြီးတွေ တစ်ခုချင်းစီ ထွက်လာလျက် ကိုယ်ထည်ကတော့ တုတ်တုတ်ကြီးနှင့် ပင့်ကူကြီးတစ်ကောင်ရဲ့ ပုံသဏ္ဌာန်ပေါ်လာခဲ့လျှင် ...

''အား''

ဖူးဖူးတစ်ယောက် ငယ်သံပါအောင် အော်လျက် ထွက်ပြေးလေပြီ။

ယောကျ်ားလေးဆန်ဆန်နေထိုင်ပြောဆိုသော ဖူးဖူးမှာ ဘာကိုမှမကြောက်တတ်သော်လည်း မွေးကတည်းက အသည်းယားကာ ကြောက်တတ်သောတစ်ခုတည်းသောသတ္တဝါမှာ ပင့်ကူဖြစ်သည်။

ပင့်ကူကိုမို့ တွေ့လိုက်လျှင် ကြီးကြီး,သေးသေး ဣန္ဒြေမဆည်တတ်နိုင်အောင် ကြောက်မိမြဲ။

ခုလည်း မျက်နှာကြီးတစ်ပြင်လုံး နီရဲတွတ်ကာ ငိုချတော့မလိုနှင့် ဝုန်းဒိုင်းကြဲကာ ထွက်ပြေးသည်။





ထိုပုံစံကို လက်ညှိုးကြီးထိုးလျက် ဗိုက်နှိပ်ကာ သဘောအကျကြီးကျပြီး အော်ရယ်သူက တံခွန်။

''ဟား ဟား ဟား ... သတ္တိခဲမ၊ အရုပ်ပါဟ ... ချစ်စရာလေးပါ၊ ရော့ ... ယူမလား ငါ ပစ်လိုက်မယ်''

''တံခွန် ... သွား ... သွား နင် ခုထွက်သွားနော်၊ ငါ နင့်ကို အရမ်းစိတ်ဆိုးတယ် သိလား''

''ဟာ ... ဟော့ ဟော့ စိတ်မဆိုးကြေးလေ၊ ဒီနေ့ ဧပရယ်လ်ဖူးလ်လေ၊ စိတ်မဆိုးကြေး''

ဧပရယ်လ်ဖူးလ် ... .

တံခွန်အော်တော့မှ ဖူးဖူး သတိပြန်ရလျက် အံကြိတ်လိုက်မိသည်။ တောက် ... ခွေးသူခိုး တံခွန်စုတ်။

ဒီလောက် အတန်တန် သတိထားတဲ့ကြားက ဧပရယ်လ်ဖူးလ် ထိရသေးတယ်။

ကြာဆံချက်ကို သတိထားနေသော ဖူးဖူးမှာ ဘောလုံးနှင့်ကျမှ ဧပရယ်လ်ဖူးလ် ထိရသည်မို့ မခံချိမခံသာဖြစ်နေမိသည်။

အဲ့ဒီတုန်းကတော့ စိတ်ဆိုးလိုက်ရတာ ... တံခွန့်ကို ကုတ်ဖဲ့ပစ်ချင်တဲ့အထိ မုန်းတီးခဲ့ရသည်။

သို့သော် ... အဲ့ဒီတုန်းကလည်း ဘယ်လောက်စိတ်ဆိုးဆိုး မုန်းမုန်း သိပ်မကြာခင်မှာ စိတ်ပြန်ပြေပြီး အခင်မင်မပျက်ခဲ့တာပင်။



www.burmeseclassic.com

www.burmeseclassic.com



တံခွန့်ကို ပေရယ်လ်ဖူးလ်က ဘယ်လိုများ မုန်းလို့ရမှာတဲ့လဲ။ ဘယ်တုန်းကရော မုန်းလို့ရခဲ့ဖူးလို့လဲ။

ခုလည်း . . . နင် ဘယ်လောက်ရက်ရက်စက်စက် ပြောပြော ငါ နင့်ကို မမုန်းနိုင်ပါဘူး တံခွန်ရယ်။

နင့်ဘက်က ဘယ်လောက်ပဲ ပြင်းထန်ခါးသီးတဲ့စွပ်စွဲချက်တွေနဲ့ ထိုးနှက်လည်း ငါ နင့်ကို ဘာလို့များ မုန်းလို့ မရနိုင်ရတာလဲ။

နင်ပြောသလို နင်နဲ့သွေးသွေးနဲ့ ချစ်သူတွေဖြစ်သွားကြမှာ ငါက တကယ်ပဲ မနာလိုဖြစ်ခဲ့သလား။

ငါ တကယ်ပဲ မနာလိုဖြစ်ခဲ့လို့လား တံခွန်ရဲ့။

ဒါပေမဲ့ . . . နင် သွေးသွေးဆီ ရေးပေးလိုက်တဲ့စာမှာ ချစ်တယ်လို့ ပြီးဆုံးအောင် ဆက်မရေးခဲ့တော့ ငါ . . . ငါ ဘာဖြစ်လို့များ သက်ပြင်းမောရှိုက်ခဲ့မိရပါလိမ့်။

ငါ . . . ဘာဖြစ်လို့ သက်ပြင်းမော ရှိုက်ခဲ့မိရတာလဲ တံခွန်။

ငါလေ . . . ငါ တစ်သက်တာလုံး ယောက်ျားလေးဖြစ်တဲ့ နင့်ကို အားကျပြီး ယောက်ျားလေးလို ပြောဆိုပြုမူနေထိုင်ခဲ့ပေမယ့် ငါ့ရဲ့နှလုံးသားကတော့ . . .

စင်စစ် . . . မိန်းကလေးပီသတဲ့ နှလုံးသားဆိုတာ ငါ အခု ပြတ်ပြတ်ထင်ထင် သိလိုက်ပါပြီ။





ငါ . . . ငါ . . . နင့်ကို . . .

နင့်ကို . . .

ဖူးဖူးမှာ အတွေး၌ပင် ကိုယ့်စကားကို ရှေ့မဆက်ရဲ။ မျက်ဝန်းတို့ ပူနွေးစွတ်စိုလာခဲ့ရသည်။

တံခွန်ရယ် . . . တစ်သက်လုံးက မသိမမြင်ခဲ့တဲ့ ငါ့နှလုံးသားကို ငါ ထင်ထင်ရှားရှား သိမြင်လိုက်ရတဲ့အချိန်မှာ . . .

ငါ့နှလုံးသားဟာ တိတ်တခိုးအချစ်တွေနဲ့ မွှန်းကြပ်လို့နေခဲ့ပြီ။

ဒါပေမဲ့လေ . . . ဘာပဲဖြစ်ဖြစ် ငါ မျှော်လင့်ပါရစေ။

ပြင်းထန်တဲ့ စွပ်စွဲချက်တွေနဲ့ မွှန်းကျပ်နာကျင်နေတဲ့ ငါ့နှလုံးသားကို မျှော်လင့်ခွင့်ကလေးတော့ ပေးသနားပါ။

ကျေးဇူးပြု၍ ငါ မျှော်လင့်ပါရစေ။

ဖူးဖူးသည် ခေါင်းအုံး၌ မျက်နှာအပ်လိုက်မိချိန် . . . ထိန်းချုပ်ထားသောရှိုက်သံက တားဆီးမရစွာ ပွင့်အန်ထွက်၏။

အဲ့ဒီ မျက်ရည်စက်တွေနဲ့အတူ ငါ နင့်ကို မျှော်လင့်ပါရစေ တံခွန်ရယ်။

နင် . . . ငါ့ဘက်ကို စာနာငဲ့ညှာစွာ တစ်ချက်လောက်တော့ ပြန်လှည့်ကြည့်ပါဟာ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဧပရယ်လ် ဖူးလ်

*"Aprial Fool"*

၆၆

ဧပရယ် တစ်ရက်နေ့ ရောက်ခဲ့ပြန်ပြီ တံခွန်။

နင်နဲ့ငါ့ရဲ့မွေးနေ့ ရောက်ခဲ့ပြန်ပြီ။

ဒီနေ့ရောက်တိုင်း ငါ့ရဲ့မွေးနေ့ဆိုတာထက် နင့်ရဲ့မွေးနေ့ဆိုတဲ့အသိနဲ့ ငါပျော်တယ်။

ငါတို့နှစ်ယောက်ရဲ့မွေးနေ့က ဆန်းကြယ်လှစွာ ဧပရယ်လ်ဖူးလ်နေ့ ဖြစ်နေခဲ့လို့။

မွေးနေ့ရောက်တိုင်း နင်နဲ့ငါက တစ်ယောက်ကိုတစ်ယောက် နောက်ပြောင်အရွှးလုပ်ဖို့ပဲ အပြန်အလှန် အလစ်ချောင်း





နေခဲ့ကြတာနော်။

ဒီနှစ်ရော ...

နင် ငါ့ဆီ ရောက်လာခဲ့ဦးမှာလား တံခွန်။

တကယ်လို့သာ ...

နင် ငါ့ဆီ ရောက်လာခဲ့မယ်ဆိုရင် နင်ပေးမယ့်အရာဟာ ငါ့အတွက် မွေးနေ့လက်ဆောင်ပဲဖြစ်ဖြစ်၊ နောက်ဆုံးဟာ ... ဧပရယ်လ်ဖူးလ်ပဲ ဖြစ်ဖြစ်ပေါ့ ... ငါ ရင်ခုန်ချင်ပါတယ်။

တကယ်တော့ မိန်းကလေးဖြစ်တဲ့ ငါ့အဖို့ စောင့်မျှော်ရင်ခုန်ရုံအပြင် ဘာများတတ်နိုင်မှာတဲ့လဲ။

အား ...

မျှော်လင့်ချက်နဲ့ လူတွေ ရှင်သန်ကြတယ်ဆိုပေမယ့်

မျှော်လင့်ချက်နဲ့ ခုန်ရတဲ့ ရင်ကတော့ သေလုမျောပါးပါပဲ တံခွန်ရယ်။

---

ဧပရယ်လ် ၁ ရက်နေ့ နံနက်ခင်းလေးတွင်

ဖူးတို့လမ်းထဲရှိ အပင်မြင့်တစ်ပင်ဆီမှ ဥသြငှက်ကလေးတစ်ကောင်ရဲ့ တွန်ကျူးသံက ချိုမြစွာ နားထဲစီးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏မွေးနေ့မို့ပဲလားတော့မသိ ဒီနံနက်ခင်းလေးမှာ ဖူးရဲ့စိတ်ကလေးက ထူးထူးခြားခြား ကြည်လင်လန်းဆန်းလို့နေသည်။

ချမ်းမြေ့ရွှင်ကြည်မှုလေးနှင့်အတူ စိတ်လိုလက်ရ ရှိနေတာကြောင့် မှန်တင်ခုံရှေ့မှာ ဖူးဖူးက ဝင်ထိုင်လိုက်သည်။

သူမရဲ့အလှပြင်မှန်တင်ခုံပေါ်မှာတော့ Revlon, L'oreal စသည်ဖြင့် အမျိုးအစားအမယ်စုံ များပြားလှသည့် အလှပြင်ပစ္စည်းတွေ။

ဖူးဖူးက မှန်ထဲမှ သူမ၏ရုပ်သွင်ကို တစ်ချက်ကြည့်သည်။

နှာတံစင်းစင်း နှုတ်ခမ်းပါးလေးများက စွေးစွေးနီလျက် ထူထဲသွယ်တန်းသည့် မျက်ခုံးတို့က စိမ်းစိမ်းညို့ညို့ကလေး။

ရှည်လျားကော့ပျံနေသည့် မျက်တောင်ကော့လေးတွေ ဝန်းရံထားသည့် မျက်ဝန်းပြာပြာထဲမှ စိမ်းညို့နက်မှောင်နေသည့် မျက်ဆန်တို့က တောက်ပရွှန်းရီလျက်။

ဖြူနုဝင်းမွတ်သော ပါးပြင်ထက်ဆီမှ ပါးအို့နီရဲရဲလေးတွေက တင်းတင်းမို့မို့။

ရွှေညိုရောင်ပြေးလေးသန်လျက် စိုလက်သန်စွမ်းသော ဆံပင်တိုအုပ်အုပ်ခဲခဲလေးတွေက လှိုင်းတွန့်လေးတွေလို အထပ်အထပ်ဖြင့် ...

ဖူးက အထူးအထွေး ဘာမှလိမ်းခြယ်မနေတော့ဘဲ ...





မျက်နှာအဆီမပြန်စေရန်အတွက် Foundation မိတ်ကပ်အရည်ကို ပါးပါးလေး ပွတ်လိမ်းလိုက်ပြီး အပေါ်မှ Revlon ပန်းနုရောင်မိတ်ကပ်ကို နုနုပါးပါးလေး ဖို့လိုက်သည်။ နှုတ်ခမ်းကို ပန်းရောင်ဖျော့ဖျော့လေး ဆိုးသည်။

ဆံပင်အတိုတွေကို ဂျယ်လိမ်းလိုက်ပြီး အထပ်ထပ်လှိုင်းတွန့်လေးတွေဖြစ်သွားအောင် ဘီးအကျဲဖြင့် ဖွပေးလိုက်၏။

ပြီးတော့မှ ...

အတွန့်အထပ်ထပ်ကလေးတွေပါသည့် သုံးလွှာစကာဒ်အတိုလေးနှင့် ဆင်စွယ်ရောင်အင်္ကျီလက်ပြတ်ကလေးကို တွဲဖက်ဝတ်ဆင်လိုက်သည်။

ဖူးက ကိုယ်လုံးပေါ်မှန်ရှေ့မှာ ကိုယ်ကို တစ်ပတ်လှည့်ပြီး ကြည့်သည်။ ဖြူနုဝင်းမွတ်သွယ်ပျောင်းသည့် လက်မောင်းသားလေးများ၊ မို့သောရင်၊ သေးကျဉ်းသောခါး၊ စွင့်ကားသောတင်တို့ဖြင့် မိန်းမပီသသော သူမ၏အလှတရားကို မှန်ထဲမှာကြည့်ပြီး ကျေနပ်စွာ ပြုံးလိုက်မိ၏။

ဒါပေမဲ့ ... အလှမပြင်စဖူး ပြင်ကာ မိန်းကလေးလို မဝတ်တာလည်း ကြာပြီမို့ ရင်ထဲမှာတော့ ရှက်ရွှေးရွှေး။

ဖူးက ပိုက်ဆံအိတ်အသေးလေးကို လက်မှာကိုင်လျက် အိမ်ရှေ့ ထွက်ခဲ့လိုက်သည်။

"မာမီ ... ဖူး လမ်းထိပ်ကဆိုင်မှာ အခွေသွားငှားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

မီးဖိုဆောင်မှာ ချက်ပြုတ်စရာများကို စီစဉ်ညွှန်ကြားနေသည့် မာမီထံ လှမ်းအော်ပြောလိုက်ပြီး ပင်ဆယ်လ်ဟီးကြိုးသိုင်း အနက်ရောင်လေးကိုစီးလျက် ခြံပြင်လှမ်းထွက်ခဲ့သည်။

ဖူးတို့လမ်းကို အုပ်မိုးထားသည့် သစ်ပင်တို့၏ခက်ဖြာ အကိုင်းတို့ကြားမှ နေခြည်နုနုလေးတွေက မြေပြင်ဆီ လင်းဖြာကျလျက် နံနက်ခင်းလေးက ကြည်ကြည်စင်စင် ရှိလှသည်။

နုသစ်လတ်ဆတ်သော လေပြည်ကလေးက သူမ၏ဆံစလေးတွေနှင့် ပါးပြင်မို့မို့ကို တို့ခတ်ကျီစယ်သွား၏။

"ဖူးဖူး"

"ဟင်"

လျှောက်လက်စ ခြေလှမ်းတို့ တုံ့ခနဲ။

မြတ်စွာဘုရား ... သူ။ အံ့သြထိတ်လန့်စွာ လှမ်းကြည့်လိုက်မိသည်။ နှုတ်ခမ်းလွှာတို့က ပြုံးမြလျက် မျက်ဝန်းတို့က လည်း နွေးထွေးရွှန်းရီစွာ ...။

"တံခွန်"

"ရက်စ်"

အပြုံးဖြင့် ခေါင်းညိတ်ပြ၏။

ကြည့်စမ်း ... သူ ဖူးဆီ တကယ်ရောက်လာခဲ့သတဲ့။

ဒါဖြင့် ... သူ, ဖူးအပေါ် စိတ်ပြေခဲ့ပြီပေါ့။





"ငါဖြင့် နင့်ကို မြင်,မြင်ချင်း မမှတ်မိသလိုတောင် ဖြစ်သွားတယ်၊ နင်က အလှမပြင်စဖူး ပြင်ထားပြီး မိန်းကလေးလို ဝတ်ထားတာကိုး"

စူးစိုက်ငေးရီလျက် တောက်ရွှန်းတဲ့အကြည့်တွေနဲ့ ကြည့်ကာ ပြောလိုက်သည့်တံခွန့်စကားကြောင့် ဖူးက သူမကိုယ်လုံးလေးကို ကျုံ့ပစ်လိုက်မိရင်း ရင်ထဲ ရှက်သွေးရှိန်းမြသွားရသည်။

"ဖူး ... ငါ, နင့်ကိုလာချော့တာ"

အို ... သူက ဖူးကို လာချော့တာတဲ့။ ဖူးဖူးမှာ ကြားနေရသော မိမိနားကိုပင် မယုံရဲနိုင်။

"ဟိုတစ်နေ့က ငါပြောတာ အရမ်းလွန်သွားတယ်နော်၊ ဆောရီးပါ ... မေမေ အရမ်းဆူလွန်းလို့ စိတ်ညစ်ညစ်နဲ့ နင့်ကို ညစ်တွန်း တွန်းလိုက်မိတာ။

တံခွန် ... ကိုယ့်အပြစ်အတွက် မျက်နှာအထားရခက်သလို ခပ်အမ်းအမ်းမျက်နှာမျိုးဖြင့် ပြောသည်။

ဖူးဖူးမှာတော့ ဘာကိုမှ မယုံနိုင်လောက်အောင် အံ့သြနေမိဆဲ။

"ဖူး ... နင် ငါ့ကို အရမ်းစိတ်ဆိုးသွားမှာပဲနော်၊ ငါ ... နင် ကျေနပ်အောင် ဘယ်လိုတောင်းပန်ရမလဲဟင် ဖူးဖူး"

သူ အနားတိုးလာလျက် တိုးဖျော့သောလေသံဖြင့် ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ မယုံမှတ်နိုင်သောရင်က အံ့ဩစိတ်ဖြင့် လှုပ်ရှားလိုက်ခါ၍လာသည်။

သူ ပြင်းထန်စွာ ရက်ရက်စက်စက် ပြောခဲ့တုန်းကတောင် မမုန်းတီးနိုင်ခဲ့သူပဲ။

ပြန်လာချော့သည်ဆိုတော့မှ ဝမ်းနည်းစိတ်က ရင်ထဲ လှိုင်းထ,လို့လာသည်။

ဟင့်အင်း ... ငါ နင့်ကို ဘယ်တုန်းကမှ စိတ်မဆိုးခဲ့ ဖူးပါဘူး တံခွန်ရဲ့။

"နော် ... လို့ ဖူးဖူး ငါ တောင်းပန်တယ်နော်၊ စိတ်မဆိုးနဲ့တော့နော် ... နော် ဖူးဖူး"

သူ တိုးဖျော့သော လေသံချိုကလေးဖြင့် တနော်နော်နှင့် တောင်းပန်ဆဲ ဖူးဖူးရင်ထဲ ပိုပြီး ဝမ်းနည်းကြေကွဲလို့လာသည်။

တောင်းပန်စရာ မလိုပါဘူး တံခွန်ရယ်။ ငါမှ နင့်ကို စိတ်မဆိုးခဲ့ဘဲ။

စကားလုံးတို့က ရင်ထဲ၌ပင် ပလုံစီလျက် နှုတ်ခမ်းလွှာတို့ကမူ စေးထန်စွာဖွင့်မရ။

"ဖူးဖူး ငါ့ကို စကားပြန်ပြောတော့လေဟာ၊ နင်မခေါ်ရင် ငါမနေတတ်ဘူး ဖူးဖူးရဲ့"

သူကလည်း တငင်ငင်နှင့် ချော့ဆဲ။ ဝမ်းနည်းစိတ်ဖြင့် ငိုချင်လို့လာခဲ့တော့သည်။





ခက်ပါလား ... ရက်စက်စွာ ပြောခဲ့တုန်းကလည်း ငိုခဲ့ရပြီးပြီ။ အခု ပြန်ချော့တော့ရော ... ဘာလို့ ငိုချင်ရပြန်ပါလိမ့်။

ဖူးဖူးမှာ ကိုယ့်နှလုံးသားကိုယ်လည်း နားမလည်နိုင်တော့။

"ဖူးဖူး ... ငါ နင့်ကို ပီစာဝယ်ကျွေးမယ်၊ မစ်ရှိတ်ခ်လည်း တိုက်မယ်၊ အောလ်စတား (All Star) လည်း ဝယ်ပေးမယ်၊ ပြီးတော့ နင် ဘာလိုချင်သေးလဲ၊ လိုချင်တာ အကုန် ငါ ဝယ်ပေးမယ်လေဟာ ... နော် ဖူးဖူး"

လိုချင်တာ ...။

ငါလိုချင်တာ နင် တကယ်ပေးနိုင်မှာမို့လား တံခွန်ရယ်။

အသံမဲ့ ရင်ထဲမှစကားနှင့်အတူ ဝမ်းနည်းနင့်ဆွေးစိတ်က ထိန်းချုပ်လို့မရတော့ပြီ။

နှုတ်ခမ်းလေးကိုက်ကာ စိတ်ကိုထိန်းပါသော်လည်း ပူနွေးသော မျက်ရည်တစ်စက် ပါးပြင်ပေါ် လိမ့်ဆင်းကျ၏။

သူ ချက်ချင်း ထိတ်ထိတ်ပျာပျာဖြစ်သွားဟန်ဖြင့် ...

"ဟာ ... ဖူးဖူး နင်ငိုနေတယ်၊ ဘာလို့လဲဟင် ... မငိုပါနဲ့ဟာနော်"

တံခွန် ... ဖူးဖူးကို ပခုံးမှနေ သူ့ဘက် ဆွဲလှည့်သည်။

ဖူးရင်ထဲ လှုပ်ခနဲ။ နွေးချိုသော သူ့ရင်ခွင်ရနံ့ကို ခံစားမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိုး ... ရင်ထဲ၌ တုန်ယင်လှုက်ခါ၍နေသည်။

"တိတ် ... တိတ်တော့နော် ဖူးဖူး"

သူ လက်ညှိုးကွေးလျက် ပါးပြင်ပေါ်မှ မျက်ရည်စက်တို့ကို ဖွဖွ,တို့သုတ်ပေး၏။ နွေးထွေးသော ချိုမြသော အထိအတွေ့ နုနုကလေး။

မျက်ရည်တို့က သုတ်ပေးသူရှိတော့မှ မစဲတတ်သောမိုးလို ကျ၍ကောင်းနေခဲ့သည်။

ကောင်လေးရယ် ... ငါ့ကို ပြုစားနေတာလား။

တိတ်တခိုး မျှော်လင့်ချက်တွေနဲ့ ငါ့ရင်ကို ပိုပြီးကျွမ်းလောင်အောင် လှည့်စားနေတာလား။ ငါ ... ငါ ရူးရလိမ့်မယ်။

"ဖူး ... တကယ်တော့လေ ... အဲဒီနေ့က ငါပြောခဲ့တဲ့ စကားတွေက ငါ့ရင်ထဲက စကားအမှန်တွေ မဟုတ်ဘူးသိလား၊ အားလုံးကို ငါ ပြောင်းပြန်ခဲ့တာ၊ တကယ်တော့လေ ... ငါက ... နင့်ကို"

ကောင်လေးအသံက ပိုပြီးဖျော့မှိန်သွားသည်။

ရင်ခုန်သံတို့ ထိန်းချုပ်မရတော့အောင် ဆူညံပေါက်ကွဲ၍နေသည်။

သူက ဖူးဖူးနားနားကပ်လျက် နှစ်ကိုယ်ကြားသာရုံ တိုးဖွဖွကလေး ဆက်ပြောလေသည်မှာ ...

"ငါက နင့်ကိုချစ်နေတာ"





ဘုရားရေ ...

ထိတ်လန့်အံ့ဩစွာ နောက်သို့ ဆုတ်လိုက်မိ၏။ မယုံနိုင် ... ကိုယ့်နားကို ကိုယ် ဘယ်လိုမှမယုံနိုင်။

တိုးဖွသော်လည်း နှလုံးသားကို အလန့်တကြား ပေါက်ကွဲစေသောစကား။

မယုံကြည်နိုင်လွန်းစွာ မော့ကြည့်မိတော့ သူ့မျက်နှာက ပကတိ ကြည်စင်လျက်၊ မျက်ဝန်းတို့က ရွှန်းရီလျက်၊ နှုတ်ခမ်းလွှာတို့ကလည်း ပြုံးပြလျက်။

အို ...

အဲ့ဒီနှုတ်ခမ်းလွှာတွေက ကိုယ့်ကိုချစ်တယ်ဆိုတဲ့ ပြောခဲ့သတဲ့လား။

ဖူးသည် ခဏတွင်းချင်းပင် သူနှင့်မျက်နှာချင်းဆိုင်ဖို့ကို ရှက်အမ်းပူနွေးလာလျက် သူ့အနားမှ ပြေးထွက်ခဲ့မိသည်။

"ဟေ့ ... ဖူးဖူး ... ဖူးဖူး"

နောက်မှပြေးလိုက်လာသောခြေသံ ကြားရသည်။

ကြည့်စမ်း ...



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ဆိုးတဲ့ ကောင်ကလေးလဲ။ ဒီမှာ ရှက်သည်းတာ သေတော့မယ်။

"ဖူးဖူး ... နင် ငါ့ကို စိတ်ဆိုးသွားလား"

သူ ဖူးဖူးကို မီလာသည်။

လက်ကို ဆုပ်ဆွဲထားလျက် မေးနေပြန်သည်။

ခက်လိုက်တာ။ ဟင့်အင်း ... ငါ စိတ်မဆိုးပါဘူး ... လို့ ပြန်ပြောရမှာလား။

တကယ်လို့ သူကသာ ခုနေ အဖြေချက်ချင်းပေးဖို့ တောင်းဆိုပူဆာလာခဲ့လျှင် ...

အတွေး၌တင် ရင်ခုန်လွန်းစွာ ခြေဖျား၊ လက်ဖျားတို့ အေးစက်တုန်ယင်လာခဲ့သည်။

ဖူးဖူး ဟန်မဆောင်တတ်ဘူးဆိုတာ သူ သိမှာပါ။

ပြီးတော့ ...

နှလုံးသားဆိုတာ ဟန်ဆောင်ထိန်းချုပ်စရာမဟုတ်။ အချစ်ဟာလည်း မျိုသိပ်ဖုံးကွယ်စရာမဟုတ်။

လောလောဆယ်တော့ တစ်သက်လုံးက ရင်းနှီးလွန်းစွာ လက်ပွန်းတတီးနေခဲ့ပေမယ့် ခု ခဏတွင်းချင်းကလေးပင် သူ လက်ကိုဆုပ်ဆွဲထားသည်ကို အနေရခက်စွာ ရုန်းထွက်လိုက်မိလျှင် ...

တံခွန်မှာ ဘယ်လိုထင်သွားလေသည်လဲမသိ ...





"မီဖူး ... နင် ... အန်တီနဲ့ မတိုင်နဲ့နော်၊ ငါ နင့်ကို အလကားနောက်တာ"

"ဘာ"

ဖူးဖူး တုန်လှုပ်စွာ အော်လိုက်မိသည်။

"ဒီနေ့ ဧပရယ်လ်ဖူးလ်လေ"

ကြည့် ... ကြည့်စမ်း ... ဧပရယ်လ်ဖူးလ်။

"တံခွန် ... နင် ... နင်"

"စိတ်မဆိုးနဲ့နော်၊ ငါ နောက်တာ"

ဒါ ... ဒါ· နောက်စရာလား။

မိန်းကလေးတစ်ယောက်ကို ချစ်ရေးဆိုတမ်း စ,နောက်စရာလား။

ဧပရယ်လ်ဖူးလ် (April Fool) ဆိုတာ နှလုံးသားကို အသုံးချစတေးပြီး နောက်ပြောင်စရာလား။

"သွား ... နင် ခုထွက်သွား။ ငါ နင့်မျက်နှာကို မမြင်ချင်ဘူး ... ထွက်သွား"

ဖူးဖူး သတိလက်လွတ်စွာ ကြုံးအော်လိုက်မိသည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားပြီလဲ။ နားမလည်နိုင်တော့။

"ဖူးဖူး ... ငါ"

"မပြောနဲ့ ... ဘာစကားမှမပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြာကျွမ်းသွားမတတ် ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် ကြည့်မိ၏။

မုန်းတယ်။ နင့်ကို ငါ မမြင်ချင်တော့လောက်အောင် မုန်းတယ် ... တံခွန်။

မသွားသေးဘူးလား။ နင် ခုထိ ငါ့မျက်စိရှေ့က ထွက်မသွားသေးဘူးလား။ မသွားသေးရင် ...

ကဲဟယ် ...

ဖူးဖူးသည် သူ့ကို အားကုန်ဆောင့်တွန်းဖယ်ခဲ့လျက် ... နေရာမှ လှည့်ထွက်ပြေးလာခဲ့သည်။ အသားတို့ အေးစက်ကာ တဆတ်ဆတ်တုန်နေသည်။

နှလုံးသားထဲမှာတော့ လောင်မြိုက်စွာ ...။

နင် သိပ်စော်ကားလွန်းတယ် တံခွန်။ ငါ နင့်ကို သည်းခံနိုင်တဲ့ အတိုင်းအတာ ကျော်လွန်သွားပြီ။

ငါ့စေတနာ, ငါ့သိက္ခာကို စော်ကားတဲ့အထိ ငါ နင့်ကို သည်းခံနိုင်ခဲ့တယ်။ ခွင့်လွှတ်နိုင်ခဲ့တယ်။

ခုတော့ ...

နင် စော်ကားလိုက်တာက ငါ့နှလုံးသားကိုပဲ။ ငါ့အချစ်ကိုပဲ။

မှတ်ထား ... လောကမှာ အပြစ်အကြီးဆုံးဟာ နှလုံးသားကို စော်ကားခြင်းပဲ။

သက်ပိုင်ရဲ့စာပေ



ငါ နင့်ကို တစ်သက်လုံး ခွင့်မလွှတ်ဘူး။ တစ်သက်လုံး မကျေဘူး။

နင့်ကို သိပ်ချစ်ခဲ့တဲ့ ငါ့နှလုံးသားဟာ အစွန်းတစ်ဖက်မှာရှိတဲ့ အမုန်းတရားဆီ ပြောင်းလဲသွားခဲ့ပြီ။

ငါ နင့်ကို အရမ်းမုန်းသွားပြီ တံခွန်။ အဲ့ဒီအမုန်းက နင့်ကို လှလှပပ ဒဏ်ခတ်လိမ့်မယ်။

နင် တစ်သက်လုံး နောင်တ,ရမယ့် အပြုအမူမျိုးကို ခံစားရစေမယ်။

သူမတူအောင် ချစ်တတ်တဲ့ငါက ...

သူမတူအောင် အငြိုးအတေးကြီးစွာ လက်စားချေတတ်တယ်ဆိုတာ ...

နင် တစ်နေ့မှာ သိစေရမယ်။

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

BURMESE CLASSIC .com

အခန်းထဲ၌ လှည့်ပတ်၍ လမ်းလျှောက်နေမိသည်မှာ ဘယ်လောက်တောင် ကြာပြီလည်းမသိ။ ကိုယ့်ကိုယ်ကိုယ် ဂနာမငြိမ်ဖြစ်နေမိမှန်းလည်း သိသည်။

'တောက်' တစ်ချက် ခေါက်လိုက်မိပြန်သည်။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်၍မဆုံး။

အတော်ညံ့ဖျင်းတဲ့ကောင် ... ဟု ပျစ်ပျစ်နှစ်နှစ် ပြန်ဝေဖန်မိသည်။

တကယ်တော့ ...

ဟိုတစ်နေ့က မေမေဆူတာ စိတ်ညစ်ညစ်နှင့် မိဖူးလာထောင်ရမလားထင်ကာ မဲပြီး ပြောလိုက်မိတာ သိပ်လွန်သွားပြီဆိုတာ ကိုယ့်ကိုယ်ကိုယ်သိတာမို့ မိဖူးကို ချော့ရအောင်သွားခြင်းဖြစ်သည်။





ပြီးတော့မှ ... နှစ်ယောက်သား မွေးနေ့ဖြစ်သည့် ပေရယ်လ်လ တစ်ရက် ... ဆိုတာ သတိရမိလျှင် မိဖူးကို ပေရယ်လ်ဖူးလုပ်ဖို့ စိတ်ကူးမိခြင်းဖြစ်သည်။

တစ်ယောက်နှင့်တစ်ယောက် ခြေလှမ်းကို အမြဲစောင့်ကြည့်နေကြတာမို့ ပေရယ်လ်ဖူးလ် မလုပ်ရတာ ကြာပြီ။

စိတ်ဆိုးနေသည့် မိဖူးကို စိတ်ကောက်ပြေအောင် ပြန်ချော့ပြီးမှ ... စိတ်မဆိုး,ဆိုးအောင် ပေရယ်လ်ဖူးလ် ပြန်လုပ်မည်ဟု စိတ်ကူးကာ ရည်းစားစကားပြောပြီး ပေရယ်လ်ဖူးလ်လုပ်ဖို့ စဉ်းစားမိခြင်းပင်။

သူတွေးထားသည်က ... မွေးကတည်းက ယောကျ်ားလေးလိုနေသော မိဖူးတစ်ယောက် ရည်းစားစကားအပြောခံရလျှင် ဆွေ့ဆွေ့ခုန်အောင် စိတ်ဆိုးမည်။

အဲ့ဒီတော့မှ သူက ဟားတိုက်ရယ်ကာ ပေရယ်လ်ဖူးလ်ဟု ပြန်ချော့မည် ... လို့ စိတ်ကူးထားတာ။

ခုတော့ ... မိဖူး ဒီလောက်စိတ်ဆိုးသွားလိမ့်မယ်လို့ သူ မထင်ခဲ့။ မိဖူး သူ့ကို နာနာကြည်းကြည်း ကြည့်သွားခဲ့သော မျက်လုံးများကို မေ့မရ။

မိဖူးရယ် ... နင် ငါ့ကို အရမ်းကိုမုန်းသွားခဲ့ပြီလား။ တွေးမိပြန်တော့ အတွေး၌တင် ခံနိုင်ရည်မရှိပြန်။

ရင်ထဲ၌ လှုပ်ဟာ၍နေကာ ဘယ်လိုနေလို့ နေရမည်



www.burmeseclassic.com

www.burmeseclassic.com



လည်း မသိတော့။ ဆံပင်တွေကို အကြောင်းမဲ့ ထိုးဖွကာ ...
'ကျွတ်'ခနဲ ညည်းညူစုတ်သပ်မိပြန်သည်။

မိဖူးရေ ... ငါတော့ ရူးတော့မှာပဲ။

ဘာလုပ်ရမလဲ ...

ဘာလုပ်ရမလဲ။

ဟုတ်ပြီ ... ဖုန်းဆက်ပြီး ချော့မယ်။ သူ ချက်ချင်း ဖုန်းနံပါတ်များကို ကောက်နှိပ်သည်။ ဖုန်းဝင်သွားသည်နှင့် မျက်လုံးစုံမှိတ်ကာ ရင်တထိတ်ထိတ်နှင့် စောင့်နေမိသည်။

တတူတူမြည်နေသောအသံ ရပ်သွားပြီး ကံကောင်းထောက်မစွာ ဖုန်းကိုင်သူက မိဖူးဖြစ်ပါစေ။

"ဟယ်လို"

သူ ဆုတောင်းပြည့်ပါသည်။ ဖုန်းကိုင်သူမှာ မိဖူးပဲ ဖြစ်သည်။

"မိဖူး ... ငါ ... ငါ အရမ်းမှားသွားတယ် ငါတောင်းပန်ပါတယ်ဟာနော်"

သူ မဝံ့မရဲ တောင်းပန်လိုက်မိသည်။ တစ်ဖက်မှ အသက်ရှူသံပြင်းပြင်းကို ကြားရသည်။ မိဖူး စိတ်ဆိုးမပြေသေးဘူးလား။

"တောင်းပန်တယ်ဟုတ်လား၊ မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို စော်ကားပြီးမှ ဘယ်လိုတောင်းပန်မှာလဲပြော၊





တောင်းပန်လို့ရော ရသလား"

မိန်းကလေးတစ်ယောက်ရဲ့သိက္ခာ ...

မိန်းကလေးတစ်ယောက် ...။

ရင်ထိတ်နေရသည့်ကြားမှ သူ လှပ်ခနဲဝမ်းသာသွားမိသည်။ ကြည့်စမ်း ... မိဖူးဟာ သူ့ကိုယ်သူ မိန်းကလေးတစ်ယောက်ဆိုတာ အသိအမှတ်ပြုခဲ့ပြီ။

မိန်းကလေးတစ်ယောက်ဆိုတဲ့အသိ၊ မိန်းမစိတ် မိဖူးမှာ ဝင်ရောက်နေပြီပဲ။

"မိဖူးရယ် .. ငါ ... ငါ ဧပရယ်လ်ဖူးလ် လုပ်တာပါ"

"ဒီမှာ ... ဧပရယ်လ်ဖူးလ်ဆိုတာ နောက်ပြောင်တာပဲ၊ မှန်တယ် ... ဒါပေမဲ့ မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို စော်ကားထိပါးတဲ့အထိ မဖြစ်သင့်ဘူးဆိုတာတော့ နင်သိထားသင့်တာပေါ့"

"မိဖူးရယ် ... ငါ နင့်ကို စော်ကားတာမဟုတ်ပါဘူး၊ ငါ နောက်ပြောင်တာ သက်သက်ပါဟာ"

"ဟင့်အင်း ... ဒါ နောက်ပြောင်တာမဟုတ်ဘူး၊ ဒါ ရည်ရွယ်ချက်ရှိရှိ စော်ကားတာပဲ"

"မ ... မဟုတ်"

"မငြင်းနဲ့ ... နင် မငြင်းနဲ့၊ နင်နဲ့ သွေးသွေးအကြောင်းကို အန်တီ့ကို ပြောပြလိုက်လို့ နင် ငါ့ကို ငြိုးထားပြီး လက်စား



www.burmeseclassic.com

www.burmeseclassic.com



ချေတာ၊ တုံ့ပြန်တာ၊ ပေရယ်လ်ဖူးလ်ကို အသုံးချပြီး နင် ငါ့ကို လက်စားချေတာ၊ စော်ကားတာ၊ ငါ နင့်ကို အရမ်းမုန်းတယ် သိလား၊ နင့်ကို ငါ အရမ်းမုန်းတယ်''

တုန်ယင်အက်ကွဲသော အမုန်းသံ၊ ဖုန်းခွက်ကို ကိုင်ထားသော လက်ချောင်းများ တဆတ်ဆတ်တုန်နေမိသည်။

အမုန်းစကားကို ရင်ထဲ၌ ခံနိုင်ရည်မရှိ။

''ဟင့်အင်း''

မမုန်းပါနဲ့၊ မမုန်းလိုက်ပါနဲ့ . . . သူငယ်ချင်းလေးရယ်၊

ငါ နင့်ကို နောက်တာပါ။ တကယ်ပါ . . . ငါ နင့်ကို နောက်လိုက်မိတာပါ။

''ဖူးဖူးရယ် . . . ငါ . . . ငါ တောင်းပန်''

''မပြောနဲ့ . . . ငါ နင့်ကို အရမ်းမုန်းတယ်၊ နင့်အသံလည်း ငါ မကြားချင်ဘူး မုန်းတယ်''

ဆောင့်ကြီး အောင့်ကြီး ပစ်ချလိုက်သော ဖုန်းချသံ ဝှပ်ခနဲ။ ရင်ထဲ၌လည်း ကျင်ခနဲ။ မိဖူးရယ် . . . နင် ငါ့ကို တကယ်မုန်းသွားပြီလား။

ဟင့်အင်း . . . မမုန်းလိုက်ပါနဲ့ သူငယ်ချင်းလေးရဲ့။ ငါ မနေတတ်လို့ပါ။

တံခွန် ချက်ချင်းပဲ ဖူးဖူးတို့ရဲ့ခြံဆီသို့ ပြေးထွက်ခဲ့မိသည်။



BURMESE CLASSIC .com

## အခန်း (၁၁)

### တံခွန် —
### နင့်ကို ငါ မုန်းတယ်

အခန်းတံခါး၌ ရေးထားသော စာတန်းက မောဟိုက်စွာ ပြေးလာသူရဲ့ရင်ကို ဆီးကြိုထိုးနှက်သည်။

ရင်ထဲ၌ နင့်ခနဲ နာကျင်သွားမိသည်။

ဖူးဖူးရယ် . . .

နင် ငါ့ကို အဲ့လောက်တောင် ခါးခါးသီးသီးဖြစ်သွားပြီလား။

''ဖူး . . . မိဖူး ခဏ . . . ခဏလောက် ထွက်ခဲ့ပါဟာ . . . ငါ ပြောပါရစေ''

အခန်းတံခါးကို လက်နှစ်ဖက်ကပ်ကာ မှီလျက်က ရင်



www.burmeseclassic.com

www.burmeseclassic.com



နင့်စွာ တောင်းပန်မိသည်။

"သွား ... ထွက်သွား ... ခုထွက်သွား မလာနဲ့"

ရင်ကို ခြေမွသည့် နင်သံ။ အခန်းတံခါးကို အတွင်းမှ ပစ္စည်းတွေနှင့် ပစ်ပေါက်ရိုက်ခွဲသံ။

"မိဖူး ... ထွက်ခဲ့ပါဟာ၊ ငါ ရှင်းပြပါရစေ"

"သွား ... ဘာမှ လာရှင်းမပြနဲ့၊ သွားဆို ... ထွက်သွား"

"ဖူးရယ် ... ငါ တောင်းပန်ပါတယ်ဟာ၊ ငါ မှားပါတယ်၊ ငါ အရမ်းကိုမှားပါတယ်၊ ငါ တောင်းပန်ပါတယ်၊ နင် ကျေနပ်တဲ့အထိ ငါ တောင်းပန် ..."

"မကျေနပ်ဘူး၊ နင့်ကို ငါ ဆယ်သက်မကျေနပ်ဘူး၊ သွား ... ခုထွက်သွား၊ နင့်အသံကို ငါ မကြားချင်ဘူး"

"ဖူးရယ် ... ငါ တောင်းပန်ပါတယ်"

ဒီစကားတစ်ခွန်းမှလွဲ၍ ကိုယ့်၌ ပြောစရာစကားမရှိတော့ပြီ။ ရင်ထဲ၌ လှိုက်ခါဆို့နစ်လာသည်။

အခန်းတံခါးကိုမှီကာ ခေါင်းငိုက်စိုက်ချထားမိသည်။ အံကြိတ်ထားသော်လည်း လက်ခုံပေါ် မျက်ရည်တစ်ပေါက် လွင့်စဉ်ကျ၏။

"မိဖူး"

နောက်ဆုံးအကြိမ်အဖြစ် နင့်ဆွေးစွာ ခေါ်မိ၏။





"နင် ... နင် ထွက်မသွားသေးဘူးလား၊ ငါ့ကိုယ်ငါ မီးရှို့ပြီး သေပစ်လိုက်ရမလားပြော၊ ငါ မလုပ်ရဲဘူး မထင်နဲ့"

ပေါက်ကွဲစွာ ထွက်ပေါ်လာသော နာကြည်းသံ။

ဟင့်အင်း ...

ဟင့်အင်း ...

နင့်ကိုယ်နင် အနာတရဖြစ်အောင် ဘာမှမလုပ်ပါနဲ့။ အပြစ်ရှိတဲ့သူက ငါပါ။

ဘာမှမစဉ်းစားမိတော့ဘဲ ရူးသွပ်နေသူတစ်ယောက်လို တံခါးကို ခေါင်းထိုးလျက် အရှိန်ဖြင့် ပြေးဆောင့်လိုက်မိ၏။

'ဒုန်း'

ခနဲ ကျယ်လောင်စွာ မြည်ဟည်းသံအဆုံး၌ နဖူးပြင်ဆီ၌ ပူခနဲ။

မကြာခင်အချိန်အတွင်းမှာပဲ လက်ခုံပေါ် သွေးစက်တို့ စီးပြိုကျ၏။

မျက်ရည်နှင့် သွေးစက်တို့ရောနှောကာ မြင်ကွင်း၌ မပီပိုးတဝါး။

ဖူးရယ် ...

ငါ့ကို ကြိုးစားခွင့်ပေးပါ။

နင့်ရင်ထဲက အမုန်းကို ပြောင်းလဲပြင်ဆင်နိုင်တဲ့သူတစ်ယောက်အဖြစ် ငါ့ကို ကြိုးစားခွင့်လေးတော့ ပေးပါဟာ။



www.burmeseclassic.com

www.burmeseclassic.com



ငါ ... နှင့်အမုန်းကို မခံစားနိုင်ဘူး မိဖူးရဲ့။

အတူနီးကပ်စွာ နေခဲ့စဉ်က ရင်တွင်းက သံယောဇဉ်ကို မသိမြင်ခဲ့။

မတွေ့မမြင်ရတော့မှ မြဲနိုင်စွာ ဖွဲ့နှောင်ထားခဲ့သည့် သံယောဇဉ်က ဘယ်လောက်တင်းကျပ်လှသည်ဆိုတာကို ခံစားမိတော့သည်။

ရင်၌ကျွမ်းလောင်မှုက မီးတမျှ ဟုန်းဟုန်းတောက်လျှက်။

ဆယ့်ရှစ်နှစ်လုံးလုံး ဖွဲ့နှောင်မြည်ခဲ့တဲ့ သံယောဇဉ်ကို လွယ်လွယ်ကူကူနဲ့ စိမ်းကားဖြတ်တောက်လို့ ရနိုင်သတဲ့လား ... သူငယ်ချင်းလေးရယ်။

ပြတ်သားနိုင်လွန်းလှချေရဲ့။

ဖုန်းတက်တော့လည်း မကိုင်။ အိမ်သွားတော့လည်း ထွက်မတွေ့။

မတွေ့မမြင်၍ မနေနိုင်သူက ခြေရာကောက်ကာ ရှိနိုင်မည်ထင်သည့် နေရာတွေကို ရှာဖွေမိသည်လေ။

အင်း ... သွေးသွေးအိမ်တော့ သွားလည်မယ်ထင်ပါရဲ့။





သွေးသွေးနေထိုင်ရာ တာဝါကြီးဘက် ခြေဦးလှည့်ခဲ့ရတော့သည်။

ဟော ... အရိပ်ကလေးကို တွေ့မြင်လိုက်ရတော့ ရင်၌စမ်းချောင်းကလေး ဖြတ်စီးသွားရသလို အေးခနဲ။

မတွေ့ရတာ ဘယ်လောက်တောင် ကြာပြီလဲ။ သတိလက်လွတ် ငေးရီနေမိဆဲ။

ဝရန်တာဆီမှ အရိပ်ကလေးတို့ ပြေးဝင်ပျောက်ကွယ်သွားပြန်သည်။

ရင်၌ လမင်းကွယ်ပျောက်သွားသည့် ကလေးငယ်ကို လှုပ်ဟာသွားရသည်။

ခေါင်းငိုက်စိုက်ချကာ ဖိနပ်ဦးကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေမိဆဲ ...

ဘယ်လောက်တောင် ကြာသွားခဲ့လည်းမသိ ရှေ့၌အရိပ်ကလေးနှစ်ခု လာရပ်သည်။

မျက်မှောင်ကြုတ်လျှက် အံ့အားတသင့် မော့ကြည့်လိုက်မိသည်။

"ဟင် ... ဖူးဖူး နင် ငါ့ကို လာတွေ့တယ်နော်"

လျှာခလုတ်တိုက်တော့မတတ် ဝမ်းသာမှုက စကားလုံးတို့ကို မြန်ဆန်စေသည်။

"ဩော်"



www.burmeseclassic.com

www.burmeseclassic.com



မိဖူးနှင့်အတူ သွေးသွေးလည်း ပါလာခဲ့သည်ကိုး။ မျက်နှာပြင် နွေးခနဲဖြစ်ဆဲ။

"သူပေါ့ သူပေါ့ . . . သွေးသွေးကို လာ,လာကြောင်နေတာ၊ ဟိုတစ်ခါ စွန်မှာစာရေးပြီး ရည်းစားစကားပြောတာလည်း သူပဲ"

"ဟင်"

လုံးဝမယုံကြည်နိုင်စွာ အံ့ဩထိတ်လန့်သွားရသဖြင့် မျက်လုံးအစုံပြူးကျယ်သွားရတော့သည်။

"တောက် . . . ဒီကောင်ကများ ငါတို့ညီမလေးကိုး"

"ရာရာစစ"

"ကြာတယ်ကွာ ဖွဲ့မယ်"

ဒေါသတကြီး ပြေးဝင်လာသော လူသုံးယောက်။

"အို . . . မလုပ် . . . မလုပ်ကြပါနဲ့"

သွေးသွေးဆီမှ တားဆီးသံ။

"အိုး . . . တားမနေစမ်းပါနဲ့ လွှတ်ပေးလိုက်စမ်းပါ"

ရက်စက်လိုက်တာ။ နင်နဲ့ငါ သူငယ်ချင်းအရင်းတွေပါ ဖူးဖူးရဲ့။

ငါ့အပေါ် ဘယ်လိုအငြိုးအတေးမျိုးနဲ့ ဒီလောက်တောင် ဖြစ်ရတာလဲ။

"ဟော့ကောင်တွေ . . . ဖဲပစ်"





"အို . . . ဘယ်လိုဖြစ်နေတာလဲ၊ ကိုကြီးတို့နော် မတရားမလုပ်နဲ့၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ"

"မိသွေး . . . နင်က အလိုတူ အလိုပါလား"

"လွှတ်ပေးလိုက်စမ်းပါဆို သွေးသွေးကလည်း"

"တံခွန် . . . ပြေး, ပြေး အမြန်ပြေးလေ"

ဆူညံနေသော အသံတို့ကို ထွင်းဖောက်သွားအောင် သွေးသွေးက အသံစာစာကလေးဖြင့် လှမ်းအော်၏။

သွေးသွေးရဲ့အော်သံကြားရတော့မှ တံခွန် သတိဝင်ကာ အမြန်ထွက်ပြေးလိုက်တော့သည်။

"ပြေး ပြေး တံခွန်၊ လွတ်အောင်သာပြေးပေးတော့၊ သူ့အစ်ကိုတွေလက်ထဲမရောက်အောင် ပြေးပေတော့၊ မိလို့ကတော့ တစ်စစီ ဆွဲဆုတ်ခံရတော့မယ်"

တော်ပါသေးရဲ့ တကယ့်ကို လက်မတင်ကလေး။ မိဖူးရယ် . . . နင် အရမ်းရက်စက်တယ်။ ဒါပေမဲ့ . . .

နင် ဘယ်လောက်ရက်စက်ခဲ့ပါစေ၊ ငါ ခံနိုင်ရည်ရှိအောင် ကြိုးစားပါ့မယ်။ ငါက နင့်ကို နာကျင်အောင် လုပ်မိခဲ့တဲ့ သူကိုး။

နင့်အမုန်းတွေ လွင့်ပျောက်သွားအောင်တော့ ငါ ကြိုးစားကြည့်ချင်သေးတယ် သူငယ်ချင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဟဲ … အခု ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလုပ်ကြမှာလဲ … ပြော"

"ဘယ်လိုလုပ်လို့ရမှာလဲ၊ မင်းညီမကိုယ်တိုင်က ဟိုကောင့်ဘက် ပါနေတာ"

"တောက် … မိသွေး နင်နော် … နင်"

ကိုငယ် အံကြိတ်ရင်း လက်ပြန်ရွယ်သည်။ တစ်ခါမှ အရွယ်မခံရဘူးတာမို့ သွေးသွေး ဝမ်းနည်းကာ အိခနဲ မျက်ရည်ကျ၏။

တောက်ခေါက်သူက ခေါက်၊ လူးလာခေါက်ပြန် လမ်းလျှောက်သူက လျှောက်။ အစ်ကိုတော်တွေ ညီမဖြစ်သူအတွက် သောက များရချေပြီ။

ဒီလောက် ကြပ်ကြပ်မတ်မတ် စောင့်ရှောက်အုပ်ထိန်း





သည့်ကြားက လာချောင်းရဲသေးသည်ဆိုတော့ သောကမများဘဲ နေပါ့မလား၊

ဒီကြားထဲ …

ကိုယ့်ညီမကိုယ်တိုင်ကိုက သင်းဘက် ခပ်ပါပါဖြစ်ကာ အစ်ကိုတွေကို မတရားဘူးလေး၊ ဘာလေးနှင့် ဆွဲလား တားလား လုပ်တော့ သောကပေါ် သောက ဆင့်ပွားချင်စရာပေါ့။

သကောင့်သားရုပ်ကလည်း မိန်းမကြိုက်ချင်စရာရုပ် မဟုတ်လား။

မိသွေးများ ကြိုက်နေပြီလား … ဆိုတဲ့ အတွေးက အစ်ကိုတော်တွေရဲ့ရင်ကို အတော်မှန်တိုင်းထန်စေတာ။

"တော်သေးတာပေါ့ကွာ … ဖူးဖူးတွေ့လို့"

ခေါင်းစဉ်က လမ်းကြောင်းပြောင်းလဲသွားပြီ။

"ကျေးဖူးတင်ပါတယ် ဖူးဖူးရယ်"

"ဖူးဖူးဟာ မိသွေးအတွက် တကယ့်ကို သစ္စာရှိတဲ့ သူငယ်ချင်းပဲ"

သွေးသွေး ပြုံးသည်။ အပြုံးက မပီပြင်။ မဲ့စပ်စပ်ဖြစ်၍ နေသည်။

ဖူးဖူးကတော့ သွေးသွေးရဲ့မဲ့ပြုံးကိုရော၊ အစ်ကိုတော်တွေရဲ့ ကျေးဇူးတင် ချီးမွမ်းစကားကိုရော ဘာကိုမှမမြင်သလို မကြားသလိုပင်။ ခပ်တည်တည် ပီကေဝါးမပျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် မိသွေးကို ဖူးဖူးနဲ့ အပေါင်းအသင်းဖြစ်တာ စိတ်ချရတာ"

ကိုငယ် ဖူးဖူးကို ရွှန်းရွှန်းစားစားကြည့်လျက် ထပ်တာလဲလဲ ကျေးဇူးစကားဆိုသည်။

ကိုလေး သိပ်ကြည့်လို့မရတော့။ ဖူးဖူးကို ချီးမွမ်းခန်းဖွင့်နေရာမှ စကားလမ်းကြောင်း ပြန်ပြောင်းသည်။

"ကဲ ... လောလောဆယ် မိသွေးကို ဘယ်လိုလုပ်မလဲ"

"ဟိုကောင့်ရန်က လွတ်အောင်"

အစ်ကိုတော်သုံးယောက် ခေါင်းချင်းဆိုင်ကာ အုန်းစားရပြန်သည်။

ဖူးဖူး ပြုံးပြီးကြည့်ကာ ...

"ကျွတ် ... ဒါများ"

ဘာမှမခက်ခဲသလို ဖူးဖူး ရေရွတ်သည်။

သုံးယောက်သား ဖူးဖူးကို အားကိုးတကြီး လှည့်ကြည့်ကြသည်။

"သွေးသွေးကို တစ်နေရာ,ရာ ပို့လိုက်၊ အဲ့ဒီကောင် မျက်ခြည်ပြတ်အောင်"

"ဟာ ... ဟုတ်သားပဲ"

"အိုး ... ဂွဒ် အိုင်ဒီယာ"



"ကျေးဇူးပဲ ဖူးဖူး"

အစ်ကိုတော်တွေ မျက်နှာငွေလ ဝင်းပလို့သွားပြီ။ သွေးသွေးခမျာမှာတော့ မဲ့ပြုံးပင် မပြုံးနိုင်တော့။

ဖူးဖူးကလည်း ရိုးရာအတိုင်း ပီကေ အဝါးမပျက်။

"ဒါဆို ... ဘယ်ကိုပို့ရင်ကောင်းမလဲ"

အစ်ကိုတော်သုံးယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး ...

"ဒေါ်ကြီး"

"ရှိတဲ့"

"မန္တလေး"

သုံးယောက်သား စကားတစ်ခွန်းကို သုံးပြတ်ပိုင်းပြီး ပြောသည်။

စကားအဆုံးမှာတော့ ... သွေးသွေးကို မတွေ့ရတော့။ တဒုံးဒုံးခြေသံသာ ညှော်ခန်းထဲ ကျန်ရစ်သည်။

"ဖူး ... ဖူးရဲ့လုပ်ရပ်တွေကို သွေး ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲရောက်သည်နှင့် သွေးသွေး မျိုသိပ်ထိန်းချုပ်ထားရသမျှ ပေါက်ကွဲသည်။

"သူလာတာတွေ့တော့ ဖူးပဲ တို့ကို အောက်ဆင်းပြီး ထွက်တွေ့ရအောင်ဆိုပြီး ဘာလို့ အစ်ကိုတွေနဲ့ တိုင်ရတာလဲ"

"ကျွတ် … သွေးသွေး … တို့ကို အထင်လွဲနေတာပဲ"

ပြောရင်းက ဖူးဖူး ပီကေဝါးသည်။ သွေးသွေး သိပ်ကြည့်လို့မရတော့။

မျက်လုံးထဲ ခရော့ (cross) ဖြစ်လာပြီမို့ …

"ဖူးဖူး … အဲ့ဒီပီကေကြီး ထွေးထုတ်ပြီး စကားကောင်းကောင်း ပြောစမ်းပါ"

ဖူးဖူး အဟက်ခနဲရယ်ကာ သွေးသွေးရှေ့ ပီကေကို ပူးပေါင်းအကြီးကြီးဖြစ်အောင် မှုတ်ပြ၏။ ထွေးတော့မထုတ်။

"တို့နှစ်ယောက်ဆင်းတော့ သွေးသွေးအစ်ကိုတွေက နောက်က လိုက်လာတာကိုး၊ ဒီလိုပဲ လုပ်လိုက်ရတော့တာပေါ့"

ဖူးဖူးပြောပုံက အလေးအနက်မရှိ။ ပေါ့ပျက်ပျက်။

သွေးသွေး ဘဝင်မကျချင်။

"သူ့ကို ထောင်ချောက်ဆင်တယ် … လို့ ထင်သွားပြီလား မသိဘူး"

သွေးသွေးလေသံက တိုးဖျော့ဖျော့။ ဖူးဖူး လှည့်ကြည့်သည်။





သွေးသွေးမျက်နှာပေါ်က စိုးရိမ်စိတ်တွေ တွေ့လိုက်ရတော့ ပခုံးတွန့်လိုက်မိသည်။

"သိပ်စိုးရိမ်မနေစမ်းပါနဲ့ သွေးရာ၊ ဒီကောင် လူလည်ပါ"

သွေးသွေး သက်ပြင်းရှိုက်သည်။

"နေပါဦး … သွေးကို တခြားတစ်နေရာပို့ဖို့ရော အစ်ကိုတွေကို ဖူး ဘာဖြစ်လို့ အကြံပေးရတာလဲ"

သွေး မကျေနပ်သံလေးစွက်လျက် မေးလိုက်သည်။

ဖူးဖူး … 'ကျစ်' ခနဲ စုတ်သပ်ပြန်သည်။

"အဲ့ဒါ သွေးသွေးရဲ့အစ်ကိုတွေကို အယုံသွင်းလိုက်တာလေ"

"ဘယ်လို"

သွေးသွေး ဖူးဖူးရဲ့ညာဏ်ရောင်စုံကို လိုက်မမီတော့။

မျက်မှောင်ကလေးကြုတ်လျက် နားမရှင်းသလို ပြန်မေးသည်။

"ဒါမှ ကိုယ့်ကို သူတို့ဘက်သားလို့ ယုံကြည်သွားမှာပေါ့"

"ဩော်"

"ပြီးတော့ …"

"ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"စမ်းသပ်လိုက်တာလေ"

"ဘာကိုလဲ"

"တံခွန့်ကိုလေ၊ သူ . . . မင်းကို တကယ်စွဲလမ်းတယ်ဆိုရင် အခက်အခဲမျိုးစုံကြားက မဖြစ်ဖြစ်အောင် ကြိုးစားလိမ့်မယ်"

သွေးသွေး မျက်လုံးကလေး ပိုင်းသွားမိသည်။ ဖူးဖူးက ဒါတွေကိုလည်း သိနားလည်နေသတဲ့လား။

"ခက်ခက်ခဲခဲ အရယူရတဲ့ပစ္စည်းကိုမှ လူတွေက တန်ဖိုးထားတတ်ချင်ကြတာလေ"

ထိုစကားကိုပြောလိုက်သော ဖူးဖူးရဲ့မျက်လုံးများ စိမ်းခနဲတောက်လက်သွားတာကို သွေးသွေး သတိထားလိုက်မိသည်။

"ကိုယ်တို့မိန်းကလေးတွေရဲ့ ဘဝမှာ တန်ဖိုးဆိုတာ ကိုးကွယ်ရာပဲ မဟုတ်လား"

"ဖူးဖူး"

သွေးသွေး တအံ့တသြကလေး ခေါ်လိုက်မိသည်။

ကိုယ်တို့မိန်းကလေးတွေ . . . တဲ့။

ဖူးဖူးဟာ ယောကျ်ားလေးပုံစံ ဝတ်စားနေထိုင်တတ်ပေမယ့် သူမကိုသူမ မိန်းကလေးလို့ လက်ခံထားသူပါလား။

သွေးသွေးမှာ အံ့သြနေမိဆဲ။ ဖူးဖူးကတော့ ဆန်းကြယ်သောစကားများကို တစ်ကိုယ်တည်း ဆက်ပြီး ရေရွတ်ပြောဆို





နေခဲ့သည်။

"ခက်ခက်ခဲခဲရူးရတဲ့ တစ်နှစ်မှတစ်ခါပွင့်တဲ့ ပီတောက်လိုပန်းမျိုးကျ လူတွေက တန်ဖိုးထားတတ်ကြတယ်၊ ခက်ခက်ခဲခဲရူးစရာမလိုတဲ့ လေတိုက်ရင် မြေပေါ်အရောက် ကြွေကျပေးတတ်တဲ့ ခရေလို ပန်းမျိုးကိုတော့ တန်ဖိုးမထားချင်ကြဘူး . . .၊ တကယ်တော့ ပန်းရဲ့တန်ဖိုးဆိုတာ သင်းပျံ့တဲ့ရနံ့ ရှိဖို့ပဲ မဟုတ်ဘူးလား"

သွေးသွေးမှာ ဖူးဖူးကို အံ့သြစွာ ကြောင်ငေးကြည့်နေမိတော့သည်။ ဖူးဖူးရဲ့မျက်လုံးများမှာ နာကြည်းရိပ်ဖြင့် စိမ်းနက်တောက်ပလို့နေသည်။

"အဲ့လိုဆိုရင် ဖူးပါလိုက်ခဲ့"

သွေးသွေးက နှုတ်ခမ်းလေးစူကာ ပူဆာသည်။

"အင်း . . . လိုက်တော့လိုက်ချင်သား"

"လိုက်ချင် လိုက်ခဲ့ပေါ့"

"အိမ်က ထည့်ဦးမှကိုး၊ ဖူးဖူး တစ်ခါမှ အဝေးကြီးသွားဖူးတာ မဟုတ်ဘူး၊ မေမေတို့ မပါဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ထည့်အောင် သွေး လိုက်ပြောပေးမှာပေါ့၊ ဘာမှ စိတ်မချစရာမရှိဘူး၊ သွေးတို့ဒေါ်ကြီးကလည်း အပျိုကြီးပေမယ့် ဇီဇာမကြောင်ဘူး၊ အရမ်းသဘောကောင်းတယ်"

"ပြီးရောကွာ ... အိမ်ကို ရအောင်ပြောပေး"

"ပြောပေးမယ် စိတ်ချ၊ သွေးတာဝန်ထား"

သွေးသွေး အလိုကျသွားသလို ပြုံးတော်မူသည်၊ ဖူးဖူးက လိုက်ချင်လွန်းလို့တော့မဟုတ်။

ခရီးထွက်ရင်ဖြင့် တံခွန်နှင့်ဝေးကာ စိတ်ထဲ၌ မွန်းကျပ်လှောင်ပိတ်နေသော စိတ်ခံစားချက်တို့ ပြေပျောက်သက်သာနိုင်ကောင်းရဲ့ ... လို့ တွေးမိတာကြောင့်ဖြစ်သည်။

ဖူးဖူး လိုက်မယ်ဆိုတော့ အစ်ကိုတော်တွေရဲ့မျက်နှာက အချိုပေါ် သကာရည်လောင်းသလို ဖြစ်သွားရတော့သည်။

သွေးသွေးကတော့ ဖူးဖူးရဲ့စိတ်ခံစားချက်တွေကို ဘာမှမသိ။ ဖူးဖူးနှင့်အတူ ခရီးထွက်ရမည်ဆို၍ ခုန်ဆွ ခုန်ဆွဖြစ်ကာ ပျော်နေသည်။

သူမမှာ အပေါင်းအသင်း တစ်ခါမှမရှိခဲ့ဖူးဘူး မဟုတ်လား။

အမြဲတမ်း စားသတိ၊ သွားသတိ၊ ကြည့်သတိနှင့် သတိဆွဲကာ နေခိုင်းတတ်သော ချုပ်ချယ်တင်းကျပ်လှသည့် အစ်ကိုတွေနှင့်သာ နေခဲ့ရသည်မို့ ဖူးဖူးကို သွေးသွေး မျက်စိအောက်က





အပျောက်မခံချင်လောက်အောင် ခင်မိသည်။

တကယ်တော့လည်း ...

အစ်ကိုတွေ သွေးသွေးကို ဒီမျှတင်းကျပ်ချုပ်ချယ်ခံရသည်က အကြောင်းရှိခဲ့သည်လေ။

အဲ့သည့်အကြောင်းအရာမှာ ...

သွေးသွေးဘဝမှာ ဘယ်တော့မှ ပြန်သတိမရချင်တော့လောက်အောင် ခါးသီးခဲ့ပြီး တမင်တကာ မေ့ထားပစ်ခဲ့သည့် အကြောင်းအရာလည်း ဖြစ်ပါသည်။

အခု ... မန္တလေးကို အလည်ပြန်ရတော့မည်ဆိုတော့ ကျက်ခဲ့ပြီလို့ ထင်ခဲ့သည့် ရင်ထဲကဒဏ်ရာဟောင်းက တစစ်စစ် ပြန်ကိုက်ခဲနာကျင်လာသလို ...

ဟိုးအတိတ်က ပုံရိပ်ဟောင်းတွေက ပြဇာတ်တစ်ခုလို မျက်ဝန်းများရှေ့ တရိပ်ရိပ်ပြန်ထင်ဟပ်လို့ လာခဲ့ချေသည်။

ဟိုး ... လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ...



www.burmeseclassic.com

www.burmeseclassic.com

# ပန်းနုသွေးခြယ်နှင့်မိုးဝေယံ

## အခန်း (၁၅)

အဲ့ဒီတုန်းက . . .

သွေးသွေးတို့က ကုတ်အင်္ကျီထူထူကို မချွတ်စတမ်းဝတ်ရသည့် တောင်တန်းပြာတွေ ပတ်လည်ဝန်းရံထားသည့် အေးချမ်းလှသည့် တောင်ပေါ်မြို့လေးမှာ နေထိုင်ကြတာ ဖြစ်သည်။

အဲ့ဒီတုန်းက . . .

သွေးသွေးက မူလတန်းကျောင်းက စတုတ္ထတန်းအောင်ပြီး အလယ်တန်းကျောင်းမှာ ပဥ္စမတန်း စ,ပြီး ပြောင်းရွှေ့တက်ရတဲ့နှစ်။

အဲ့ဒီနှစ်မှာပဲ . . .

တစ်လောကလုံးနှင့် ရန်ဖြစ်ထားသလို ထိမထင်ဂျစ်ပေပေနှင့် အရွဲ့တိုက်တတ်သည့် "မိုးဝေယံ"ဆိုသော ကောင်ဆိုးလေးတစ်ယောက်နှင့် သွေးသွေး အမှတ်မထင် ဆုံစည်းခဲ့ရတာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အဲ့ဒီတုန်းကသာ ...

မိုးဝေယံဆိုတဲ့ကောင်ဆိုးလေးဟာ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ပျော်ရွှင်ကြည်နူးဖွယ်၊ ငြိမ်သက်ငြိမ်းချမ်းလွန်းလှသည့် သွေးသွေးတို့ရဲ့ မိသားစုဘဝတစ်ခုလုံးကို ပြောင်းပြန်လှန် မုန်တိုင်းထန်သွားစေလောက်အောင် ပြောင်းလဲပစ်လိုက်နိုင်သည့် ကံဆိုးခြင်းလက်ဆောင်များကို သယ်ပိုးဆောင်ကြဉ်းလာခဲ့သူ ဖြစ်မယ်မှန်းသာ ကြိုသိနိုင်ခဲ့လျှင် ...

သွေးသွေးသည် နူးညံ့ချိုကြည်လှသည့် စိတ်ထားဖြင့် သူတစ်ပါးကို ကူညီဖေးမတတ်သည့် သူမနှလုံးသားမှ ကရုဏာတရားကို အပြီးတိုင် တံခါးပိတ်၍ ဥပေက္ခာပြုထားလိုက်မိမှာ ဖြစ်သည်။

ခုတော့ ... ပဋ္ဌမတန်း (B) တွင် စတက်ရသည့်နှစ်တွင်ပင် သွေးသွေးနှင့် မိုးဝေယံတို့မှာ တစ်တန်းထဲသားချင်းများ ဖြစ်ခဲ့ရသည်။

ပြီးတော့ ...

ထိုင်သည့်ခုံချင်းကလည်း မဝေးခဲ့။ သူနှင့်သွေးသွေး ဆုံဆည်းခင်မင်ခွင့်ကြုံချင်တော့ အဲဒီနေ့က ...

‘‘မိုးဝေယံ’’

အတန်းပိုင် ဆရာမ၏ခေါ်လိုက်သံသည် တစ်တန်းလုံး





ငြိမ်ဆင်းသွားစေသည့်အထိ ဟိန်းခနဲ။

သွေးသွေးတို့အားလုံး အလန့်တကြားဖြင့် မိုးဝေယံရှိရာဆီ လှည့်ကြည့်လိုက်မိကြသည်။

‘‘ထစမ်း’’

ဆရာမ ခပ်ဆတ်ဆတ် အော်ပြန်၏။

သူ တစ်တန်းလုံး ပိုင်းကြည့်နေကြတာကို ဂရုမစိုက်သလို ထိမထင်မျက်နှာပေးဖြင့် ထ,ရပ်၏။ သူ့မှာ ဘာအပြစ်ပါလိမ့်။

သွေးသွေးတို့အားလုံး စိတ်ဝင်စားနေမိကြသည်။

ဆရာမကလည်း အတန်းပိုင်ပီပီ အုပ်ချုပ်မှုမှာ စည်းကမ်းကြီးလွန်းလှသည်မို့ ချစ်ပေပေနိုင်သောသူနှင့်တော့ ပွဲကြီးပွဲကောင်းအဖြစ် သွေးသွေးတို့အားလုံး စိတ်ဝင်စားနေမိကြခြင်း ဖြစ်သည်။

‘‘မင်း ဘာလုပ်တာလဲ ပြောစမ်း’’

‘‘ကျွန်တော် ဘာလုပ်မိလို့လဲ ဆရာမ’’

ဆရာမကို သူ ပြန်ဖြေရဲပုံကို သွေးသွေးတို့ အံ့သြမဆုံး။ ဆရာမမှာ ယမ်းပုံမီးကျဖြစ်ကာ ...

‘‘မင်း အိမ်စာတွေ တစ်ပုဒ်မှ တွက်မလာဘဲနဲ့ စာအုပ်ကို ထပ်ရဲတယ်ပေါ့ ဟုတ်လား’’

‘‘ဆရာမပဲ စာအုပ်တွေထပ်ဆို’’

‘‘တောက်’’



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ မိုးဝေယံကို စိုက်ကြည့်ကာ ဒေါသတကြီး တောက်ခေါက်၏။

"မင်းအပြစ်က ဘာလဲ သိလား"

"ကျွန်တော် အိမ်စာတွေ တွက်မလာခဲ့မိဘူး"

သူ ခပ်တည်တည် ပြန်ဖြေပါသည်။ ဆရာမက သူ့ကို အတော်ကြာအောင် စိုက်ကြည့်ပါသည်။

"အေး ကောင်းပြီ ... အိမ်စာတွေ တွက်မလာတဲ့အတွက် မင်းကို ဒဏ်ကြေးရိုက်တယ်၊ မင်း ဒီနေ့မုန့်ဖိုးနဲ့ အတန်းအတွက် လိုအပ်တဲ့ တံမြက်စည်းတစ်ချောင်း ဝယ်ပေးရမယ် ... ဒါပဲ"

ဆရာမမှာ အပြစ်ရှိသူများကို မုန့်ဖိုးထဲမှ ဒဏ်ကြေးစိုက်ကာ အတန်းအတွက် လိုအပ်သည့်ပစ္စည်းများဝယ်ပြီး ဒဏ်ပေးလေ့ရှိသည်။

အဲ့ဒီနေ့ မုန့်စားဆင်းချိန်မှာ သူ မုန့်ထွက်စားတာ မတွေ့ရ။ ဒဏ်ငွေဆောင်လိုက်ရတဲ့အတွက် သူ့မှာပါလာတဲ့ မုန့်ဖိုးငွေကုန်သွားပြီ ထင်ပါရဲ့။

သူများတွေ အသီးသီး မုန့်စားနေကျချိန်မှာ သူက ထောင့်တစ်ထောင့်မှာ ငုတ်တုတ်ကြီးထိုင်နေတာ မြင်ရတော့ သွေးသွေး စိတ်ထဲ သနားသွားမိကာ ဆွဲခြင်းလေးကိုင်ပြီး သူ့အနား သွားမိသည်။





"မိုးဝေယံ ... နင်နဲ့ငါ မုန့်အတူတူစားကြရအောင်နော်၊ ငါ့မေမေက မုန့်တွေ အများကြီး ပိုထည့်ပေးလိုက်တာ"

သွေးသွေးဘက်က အပြုံးကလေးနှင့် ဖိတ်ခေါ်သည့်တိုင် သူ့ဆီက အကြည့်စူးစူးနှင့် ဘုဆတ်ဆတ်အပြောကိုသာ တုံ့ပြန်ရရှိပါသည်။

"ဘာလဲ ... နင်က ငါ့ကို သနားလို့လား ဘာဆိုင်လို့လဲ၊ ကယ်တင်ရှင်ကြီး လာမလုပ်စမ်းပါနဲ့"

ဟောတော့ ... သွေးသွေး မျက်လုံးကလေး ဝိုင်းသွားမိသည်။ သို့သော် ... သွေးသွေး လက်မလျှော့။

"ငါက နင့်ကို အတူတူစားချင်လို့ပါဟာ ... လာပါ၊ ငါ့မေမေ ဖျော်ပေးတဲ့ ဟောလစ်သောက်ကြည့်စမ်း၊ အရမ်းကို ချိုဆိမ့်နေတာပဲ၊ နင် လျှာပေါ်မှာ တစ်ခါတည်း စွဲသွားလိမ့်မယ်၊ ဟောလစ်နဲ့ဝေဖာနဲ့ တို့စားရင် အရမ်းကောင်းတာ ... သိလား၊ မယုံရင် စားကြည့် ... တကယ်ပြောတာ"

သွေးသွေး ကြော်ငြာဝင်ရင်းက သူ့ရှေ့တွင် ဓာတ်ဘူးလေး ဖွင့်လိုက်သည်။

သင်းပျံ့ချိုအီသော ဟောလစ်နံ့မှာ ထောင်းခနဲထွက်လာသည်။ သွေးသွေးက ခွက်ထဲငှဲ့ထည့်ပြီး ဝေဖာနှင့်တို့စားပြ၏။

"အင်း ... စားကြည့် အရမ်းကောင်းတယ်"

သူ့လက်ထဲကိုလည်း ဝေဖာချောင်းလေး ထိုးထည့်ပေး



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မိုးဝေယံ ကြောင်အမ်းအမ်းလေး ယူလိုက်မိသည်။

"တို့ကြည့်လိုက် ... တို့ကြည့်လိုက်"

သွေးသွေးပြောသည့်အတိုင်း မိုးဝေယံ အမှတ်တမဲ့ တို့စားကြည့်လိုက်မိ၏။ ချိုဆိမ့်သောအရသာက လျှာတွင် စွဲသွား၏။

"တွေ့လား ... ကောင်းတယ်မဟုတ်လား"

မိုးဝေယံ ငယောင်ပြီး ခေါင်းညိတ်ပြမိ၏။

"ကောင်းရင် အများကြီးစား၊ ငါက အဝစားမကြိုက်တာ၊ ငါလည်း အစားပုတ်တယ်၊ ပြီးရင် ယူရိုကိတ်လည်း စားဦး၊ ပြီးရင် အာလူးကြော်လည်း စားဦး၊ ပြီးရင် ဖရုံစေ့လှော်လည်း စားဦး"

"အာ ... နင်ပြောတဲ့အတိုင်းဆို မုန့်စားပြန်တက်ချိန်အထိ စားလို့ပြီးမှာ မဟုတ်ဘူး"

"ဟုတ်သားပဲ ... မြန်မြန်စားပေါ့ ဟင်းဟင်း"

နှစ်ယောက်သား ရယ်လိုက်မိကြသည်။

ဘာပဲဖြစ်ဖြစ် မိုးဝေယံ သွေးသွေးနှင့်အတူ မုန့်စားရတာ ပျော်သွားသည်။

မုန့်စားပြန်တက်တော့မှ အားရပါးရမုန့်တွေစားပြီး ဗိုက်တင်းသွားတော့မှ ...

"ကျေးဇူးတင်ပါတယ်ဟာ"

လို့ ပြောဖို့ သတိရကာ ခပ်ရှက်ရှက်နှင့် ပြောရသည်။





"မလိုပါဘူးဟာ၊ နေ့တိုင်း ... နင်နဲ့ငါ မုန့်အတူစားမယ်နော်၊ နင့်အလှည့်ကျရင်လည်း ကျွေးနော်"

ချစ်စရာကောင်းသည့် ပြောပုံကလေးကြောင့် မိုးဝေယံ ကမန်းကတန်း ခေါင်းညိတ်ပြမိ၏။

လူတကာကို ဂျစ်တိုက်ဆိုးပေတတ်သည့် မိုးဝေယံဆိုသည့်ကောင်ဆိုးလေး သွေးသွေးနှင့်ကျမှ အရမ်းကို ခင်မင်မိသွားပြီလေ။

"ဟောတော့"

သွေးသွေး အလန့်တကြားဖြစ်ကာ မျက်လုံးကလေးဝိုင်းသွားမိသည်။

"ကိုယ်ရေ ... ကိုယ် စက်ဘီး ခဏလောက်ရပ်ပါဦး"

သွေးသွေး ကိုယ့်ပခုံးကိုပုတ်ကာ ပုတ်ကာဖြင့် စက်ဘီးရပ်နိုင်းလိုက်မိသည်။

"ဘာဖြစ်လို့လဲဟ"

ကိုယ်မှာ ဘုမသိဘမသိဖြင့် ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုရှေ့မှာ ရန်ဖြစ်နေတာ သွေးသူငယ်ချင်း"

"ဟေ ... ဟုတ်လား"

ကိုငယ် စက်ဘီး ချက်ချင်းရပ်ပေးသည်။

"လာ ... ကိုငယ် အများနဲ့တစ်ယောက်ဖြစ်နေကြတာ သွေးသွေးတို့ သွားဆွဲခေါ်ရအောင်"

စက်ဘီးရပ်တာနှင့် သွေးသွေး ကိုငယ့်လက်ကိုဆွဲကာ ရန်ပွဲဆီ ပြေးသည်။

"မိုးဝေယံ ... မိုးဝေယံ ... ရန်မဖြစ်နဲ့တော့ တော်တော့"

"ဟေ့ကောင်လေးတွေ တော်စမ်း၊ မတော်ရင် မင်းတို့အားလုံးကို ငါ ဆရာမကြီးရုံးခန်းထဲ ပို့မယ်"

အသက်လည်းကြီးပြီး လူကောင်လည်းထွားကျိုင်းသော ကိုငယ့်ကိုကြည့်ကာ ရန်ဖြစ်နေကြသူများမှာ ရှိန်သွားကြသည်။

"ကိုငယ် မိုးဝေယံကို ဆွဲခေါ်ပါ၊ အဲ့ဒါ သွေးသူငယ်ချင်း"

သွေးသွေးမှာ ဒဏ်ရာဒဏ်ချက်တွေနှင့် ဖြစ်နေသော မိုးဝေယံကိုသာ စိုးရိမ်ပူပန်နေမိသည်။

"ဒီကောင်လား ညီမလေးသူငယ်ချင်း၊ ဟေ့ကောင်လေး လာ ... တော်ပြီ ရန်မဖြစ်နဲ့"

ကိုငယ်က ဆံပင်လေးကို အလယ်မှာစုထောင်ထားသော





မိုက်တီမိုက်ကန်းရုပ်နှင့် မိုးဝေယံကို ဆွဲခေါ်သည်။

"ကိုငယ် ... သူ့မှာ ဒဏ်ရာတွေနဲ့"

"အေး ... မင်း ငါတို့အိမ်လိုက်ခဲ့၊ ဆေးထည့်ပေးမယ်"

"ဟာ"

မိုးဝေယံ ငြင်းဖို့ပြင်သည်။

"လူတစ်ဖက်သားရဲ့စေတနာကို မငြင်းရဘူး"

သွေးသွေး ဆရာမကြီးဝင်လုပ်လျှင် မိုးဝေယံမှာ 'အဲ'ခနဲဖြစ်ကာ ဘာပြန်ပြောရမှန်းမသိတော့ဘဲ မောင်နှမနှစ်ယောက် ဆွဲခေါ်ရာဆီ ကန့်လန့်ကန့်လန့် လိုက်ခဲ့ရတော့သည်။

သွေးသွေးတို့အိမ်ရောက်တော့ မိုးဝေယံရဲ့ဒဏ်ရာတွေကို တစ်အိမ်လုံးက စိတ်ပူစွာ ဂရုတစိုက် ဆေးထည့်ပေးကြသည်။

သွေးသွေးရဲ့မေမေက စိတ်မကောင်းစွာ စုတ်သပ်ရင်း မေးလေသည်။

"ဘာဖြစ်လို့ ရန်ဖြစ်ရတာလဲ ကလေးရယ်"

မိုးဝေယံမျက်နှာလေးမှာ တင်းခနဲဖြစ်သွားရသည်။

"သူတို့က ကျွန်တော်မကြိုက်တာ စ,တယ်"

"ဘယ်လိုစ,လို့လဲ ... သားရယ်"

မိုးဝေယံ တော်တော်နှင့်မဖြေ။ အတော်ကြီးကြာမှ ...

"ကျွန်တော့်မှာ အဖေ ဘယ်နှစ်ယောက်ရှိသလဲတဲ့"

"ဗျို"



www.burmeseclassic.com

www.burmeseclassic.com



မေမေ မိုးဝေယံမျက်နှာကိုကြည့်ကာ တအံ့တသြ ...

"ကျွန်တော် ပထွေးနဲ့ နေရတာ"

"အို ... သားရယ်"

မေမေ့အသံက စိတ်မကောင်းခြင်းကြီးစွာ။

တကယ်တော့ ပထွေးနှင့်နေရသည်ဆိုသော မိုးဝေယံဘဝကို သွေးသွေးတို့တစ်မိသားစုလုံး သနားကရုဏာသက်မိကြတာပင်။

မေတ္တာငတ်နေသော မိုးဝေယံကလည်း သွေးသွေးတို့မိသားစုကို အရမ်းကို တွယ်တာမိသွားခဲ့လေပြီ ဖြစ်သည်။

အဲ့ဒီကစပြီး သွေးသွေးနှင့်မိုးယံ (သွေးသွေး အမြန်ခေါ်လျှင် သူ့နာမည်ဟာ အလယ်မှ 'ဝေ'တစ်လုံး ပြုတ်ကျန်ခဲ့တတ်သည်) ဟာ ကျောင်းသွားဖော်တွေ ဖြစ်လာခဲ့။

စွယ်တော်ရွက်ကလေးတစ်ရွက်လို သံယောဇဉ်ကြီးစွာ မခွဲမခွာဖြစ်လာခဲ့။ တဖြည်းဖြည်းနှင့် ... ကုန်လွန်မြန်လှသည့် အချိန်တွေနှင့်အတူ သွေးသွေးတို့နှစ်ယောက်လည်း ကြီးပြင်းလာခဲ့ကြတော့သည်။





ပြည့်နဝဒေးကြီးရဲ့ 'ကလူ၏သို့ မြူ၏သို့' ရတုထဲကလို ဖြူရွှင်ရောရှ နောင့်သက်စုံကို ... လို့ ရည်ညွှန်းသည့်အရွယ်။

သွေးသွေးတို့ ဆယ်တန်းရောက်သည့်နှစ်မှာ သွေးသွေးရော သူရော ကြီးကောင်လေးဝင် မြီးကောင်ပေါက်ကလေးတွေ ကိုယ်စီဖြစ်လာခဲ့ကြ၏ကာ သွေးသွေးမှာလည်း အလှသွေးကြွယ်စပြုလာခဲ့လေပြီ။

ကော့လွန်းသော မျက်တောင်ရှည်စိမ်းစိမ်းကြီးများအောက်က သဘာဝညို့မျက်ဝန်းများပိုင်ရှင် သွေးသွေးကို စကားလိုက်ပြောဖို့, စာလိုက်ပေးဖို့ ချောင်းနေကြသူများမှာ နေ့စဉ်နှင့်အမျှဒုနှင့်ဒေး။

သို့သော် ...

နုအိလှပလွန်းသော နှင်းဆီဖူးကလေးမှာ ဝန်းစုံကာကွယ်သောဆူးရှိသလို ... သွေးသွေးရဲ့သက်တော်စောင့် ကိုယ်ရံတော်က မိုးယံ။

လူကိုယ်တိုင်လာပြီး ချစ်ရေးဆိုဖို့ မပြောနဲ့ စောင်းပါးရိပ်ခြည်လေးပြောတာတောင် အပြောမခံ။

"ဟော့ကောင်တွေ မင်းတို့ အရောင်ထဲမှာ ဘာအရောင်ကို အကြိုက်ဆုံးလဲ"

"အဖြူရောင်"

"အပြာရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့က အနက် ... အီမိုကာလာ"

"နီး ... ငါကတော့ ပန်းနုရောင်ပဲ"

အတူလမ်းလျှောက်နေရာမှ အုတ်ခုံပေါ်မှ ကောင်လေးများ၏စကားကြောင့် မိုးယံ ထ,ပေါက်တော့မယ့် မြွေဟောက်တစ်ကောင်လို ဆတ်ခနဲခေါင်းထောင်သွားသည်။

သွေးသွေးကိုယ်တိုင်လည်း ရင်ထဲ ဒိန်းခနဲ။

"ပန်းနုရောင်တောင်မှ ငါက ပန်းနုမှာ သွေးခြယ်ထားတဲ့အရောင်ကိုမှ"

"ကြိုက်တယ်ပေါ့"

"ဟင့်အင်း ချစ်တာ"

ထိုကောင်လေး စကားမဆုံးခင်မှာပင် မိုးယံမှာ ရိပ်ခနဲပြေးသွားလျက် ...

"ချစ်ဦးကွာ ... အဲ့ဒါ ချစ်ဦးကွာ"

'ခွပ်'ခနဲ ... 'ခွပ်'ခနဲ ကြားလိုက်ရသော လက်သီးနှင့်မေးရိုး ထိခတ်သံနှင့်အတူ ကောင်လေးမှာ မရှုနိုင် မကယ်နိုင်ဖြစ်သွားရတော့သည်။

"ဟဲ့ ... မိုးယံ တော်ပါတော့ ငါ စိတ်ညစ်လာပြီ"

ဒေါသတကြီး ဖြစ်နေသော မိုးယံကို သွေးသွေးမှာ အတင်းဆွဲခေါ်လာခဲ့ရသည်။

"တောက် ... တော်တော် အတင့်ရဲတဲ့ကောင်တွေ"





ဒါတောင် သူ့မှာ ဒေါသမပြေနိုင်။

"မိုးယံရယ် ... နင့်ကြောင့် ငါ စိတ်ညစ်တယ်သိလား၊ ထစ်ခနဲရှိ ထိုးမယ်၊ ကြိတ်မယ်နဲ့ သိပ်ရိုက်ဖို့ကောင်းတာပဲ"

မိုးယံ ရန်လိုတတ်တာကို နည်းနည်းမှ မကြိုက်သော သွေးသွေးကတော့ တဗျစ်တောက်တောက်။

သို့သော် ...

သွေးသွေး ဖျန်ဖြေပေးလို့မရနိုင်သော ရန်ပွဲမျိုး ဖြစ်လာခဲ့သောအခါမှာတော့ ...

တကယ်တော့ မိုးဝေယံမှာလည်း မွေးရာပါ ဒေါသကြီးက ရန်လိုစိတ်ရှိခဲ့တာမျိုး မဟုတ်ပါ။

ဘဝကပေးသော အခြေအနေကြောင့်သာ သူ့စိတ်က အစဥ်သဖြင့် ရန်ဖြစ်ချင်စိတ် ပေါ်ပေါက်ခဲ့ရတာပင်။

ငယ်စဥ်ကတည်းက စိတ်သဘောချင်း မတိုက်ဆိုင်ကာ အမြဲလိုဆူပူအော်ဟစ် ရန်ဖြစ်နေတတ်သော မိဘနှစ်ပါးရဲ့ကြားမှာ သူက မြေစာပင်ဖြစ်ခဲ့ရသည်။

နောက်ဆုံး ... ဖေဖေနှင့်မေမေ တရားဝင်ပြတ်စဲကွာရှင်းပြီး ဖေဖေက အရင် နောက်အိမ်ထောင်ပြုကာ တခြားမြို့တစ်မြို့ကို ပြောင်းရွှေ့သွားခဲ့ပြီး မကြာမီမှာပင် မေမေကလည်း နောက်အိမ်ထောင်ပြုလိုက်သည်။

အဲ့ဒီအဖြစ်အပျက်က သူ့ဘဝတစ်သက်တာမှာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ မေ့ပျောက်မရနိုင်တော့မည့် စိတ်ဒဏ်ရာကြီးတစ်ခုပင်ဖြစ်သည်။

အဲ့ဒီအချိန်ကစပြီး သူ မေတ္တာတွေ, ကရုဏာတွေ အကြင်နာတရားတွေဆိုတာ ကြားကောင်းအောင် လူတွေပြောတတ်ကြသည့် စကားလုံးတွေပဲလို့ သဘောထားမိတော့ကာ မယုံကြည်တတ်တော့။

တစ်လောကလုံးကို အရွဲ့တိုက်ချင်သည့်၊ စိန်ခေါ်ချင်သည့် ဂျစ်ကန်ကန်စရိုက်က အဲ့ဒီအချိန်ကတည်းက ဝင်လာခဲ့ပြီး ထစ်ခနဲရှိ လက်ရုံးအားလုံးနှင့် ဖြေရှင်းချင်သည့် ရန်လိုသည့်စိတ်က ဖြစ်ပေါ်ခဲ့တော့တာပင်။

မေမေက မိုးဝေယံကို အစစအရာရာ လိုလေသေးမရှိ မျက်နှာမငယ်ရအောင် ထားခဲ့သော်လည်း ...

ကျောင်းမှာ သူငယ်ချင်းတွေရဲ့ အလှောင်ပြောင်ခံရတာများတော့ ပထွေးနှင့်နေရသည့်အဖြစ်ကို ရှက်လာမိသည်။

ပြီးတော့ ...

ကိုယ့်ဘာသာ သီးသီးသန့်သန့်မနေတတ်ဘဲ နေရာတကာ ပစိပစပ်များတတ်သည့် ပထွေးနှင့်မိုးဝေယံမှာ တစောင်းစေးနှင့် မျက်ချေးပင်။

ပြဿနာက ဘာရယ်မဟုတ်ဘဲ ထမင်းဝိုင်းမှာ ဖြစ်ခဲ့ရတာဖြစ်သည်။





"မေမေ ... ကျွန်တော့်ကို စက်ဘီးအသစ်ဝယ်ပေးပါလား၊ ဒီကောင့်ကို ကျွန်တော် ဗီးလ်အောက်သွားပြီ၊ သိပ်မလန်းတော့ဘူး"

သူ မေမေ့ကို ပူဆာမိတာဖြစ်သည်။ မေမေကလည်း သူ ပူဆာတာဆို ငြင်းလေ့ငြင်းထ မရှိတတ်သည့် ထုံးစံအတိုင်း

"သားက ဘယ်လိုဘီးမျိုး လိုချင်တာလဲ"

တကယ်တော့ မေမေ ပြန်မေးတာ ဝယ်ပေးဖို့ သေချာသလောက်ဆိုတာ သူ သိပြီးသားပင်။

အဲ့ဒါကို ပထွေးက ဝင့်ကာ ...

"မင်းဘီးက ဘာဖြစ်နေသေးလို့လဲ၊ အားလုံးကောင်းနေတာကိုး"

သူ တင်းခနဲ ဖြစ်သွားမိသည်၊ သူတို့သားအမိနှစ်ယောက် စကားပြောလျှင် ပထွေး ထိုသို့ဝင်ပါတာကို သူ နည်းနည်းမှ မကြိုက်ပါ။

"ဦးဇော် အသာနေစမ်းပါ"

"ဟေ့ကောင် ... ငါက မကုန်သင့်တာ မကုန်ရအောင် ပြောနေတာကွ၊ မင်းဟာက ဖြုန်းချင်တာသက်သက်ပဲ"

သူ့စိတ်ထဲ ထောင်းခနဲဖြစ်သွားမိပြီး စွန်းကို တမင် အသံမြည်အောင် လွှတ်ချလိုက်မိသည်။

မေမေ ... သူ့ကို အလန့်တကြားကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြုန်းတော့ရောဗျာ ဘာဖြစ်လဲ၊ ကျွန်တော်ဖြုန်းတာ ဦးဖော်ရဲ့ပိုက်ဆံမှ မဟုတ်ဘဲ၊ မေမေ့ပိုက်ဆံပဲ"

မေမေ့မှာ ကိုယ်ပိုင်ဆိုင်ခန်းရှိသည်မို့ သူ ခပ်ရင့်ရင့်ပြောလိုက်နိုင်ခြင်း ဖြစ်ပါသည်။

"ဟေ့ကောင် ... မိုးဝေယံ မင်းစကားပြောတာ အတော်ရိုင်းနေပြီနော်၊ စံပယ် မင်းသားကို မင်း မဆုံးမတော့ဘူးလား၊ မင်းသားက လူကြီးကို လူကြီးမှန်းမသိ၊ မိမဆုံးမ ဖမဆုံးမစစ်စစ်ဖြစ်နေပြီ"

ပထွေးစကားအဆုံးမှာ သူ ဝုန်းခနဲ ထ,လိုက်မိတော့သည်။

"အို ... ကိုဖော် ရှင် ဘယ်လိုပြောလိုက်တာလဲ"

"ခင်ဗျား ... ကျုပ်ကို မိမဆုံးမ, ဖမဆုံးမလို့ ပြောတယ် ဟုတ်လား၊ အေး ... ခင်ဗျားစကားအတွက် ခင်ဗျားနောင်တရစေရမယ်"

သူ ကျားနာတစ်ကောင်ကို ပထွေးရှေ့ကို လွှားခနဲရောက်သွားမိသည်။

"ဟဲ့သား ... မင်း ဘာလုပ်မလို့လဲ ပြောစမ်း၊ ဟင် ... မင်းက အမေရှေ့မှာတောင် ရန်ဖြစ်ချင်သေးတယ်ပေါ့ ဟုတ်လား၊ ငါ့ကို လူလို့မထင်တော့ဘူးလား၊ ငါ့ကို နည်းနည်းမှမငဲ့ညှာတော့ဘူးလား၊ နင့်ကြောင့် ငါ အမြဲစိတ်ဆင်းရဲရတယ်"





ဟင် ...

ဝံမေမေက သူ့ကြောင့် အမြဲစိတ်ဆင်းရဲရသတဲ့၊ သူ့ရင်ထဲ ခါးသီးနာကြည်းသွားမိသည်။

မေမေက ပထွေးဘက်က ရပ်တည်နေခဲ့ပြီ။

ကောင်းပါပြီ မေမေ ... ဒါဆို မေမေ့ဘဝမှာ ကျွန်တော်က အသုံးမဝင်တဲ့ အပိုလူတစ်ယောက်ပေါ့။ သူ မေမေ့ရှေ့မှ ချာခနဲ လှည့်ထွက်လာခဲ့ပါသည်။

"မဟုတ်ပါဘူး မိုးယံရယ်၊ နင်ထင်သလို မဟုတ်ပါဘူးဟာ၊ နင့်အမေအပေါ် အထင်မလွဲပါနဲ့၊ နင့်အမေက နင်နဲ့ဦးဖော်ဘာမဟုတ်တာလေးနဲ့ ပြဿနာအကြီးအကျယ်မဖြစ်ရအောင် ကြားဝင်လိုက်တာပါ"

"ဟ ... ကြားဝင်တယ်ဆိုရင်လည်း ဘဲကြီးကိုလည်း ပြောသင့်တာပေါ့၊ ခုတော့ ငါ့ကို တစ်ဖက်သတ် နှိပ်ကွက်လိုက်တာ"

"မိုးယံရယ် ... နင့်ကို အန်တီက နှိပ်ကွပ်တာမဟုတ်ဘူး၊ ဟိုက သူစိမ်းလေ၊ နင်က သားအရင်း မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကြောင့် ဆန်ရင်းနာနာဖွပ် . . . ဆိုတဲ့စကားအတိုင်း နင့်ကို ဆူလိုက်တာ၊ သူစိမ်းပြောတာ မခံရစေချင်လို့ သူကိုယ်တိုင်ပြောတာ''

သွေးသွေးက လူကြီးလေးတစ်ယောက်လို အကြောင်းပြချက် ခိုင်ခိုင်လုံလုံနှင့် ပြောလာတော့ မိုးယံ့ဒေါသတွေက အရည်ပျော်ချင်ချင် ဖြစ်လာခဲ့သည်။

ဟုတ်ပါတယ် . . . သွေးသွေးပြောသလိုပဲ သူ မေမေ့အပေါ် အထင်လွဲမိတာ ထင်ပါရဲ့။

''ကဲ . . . ဘာမှစဉ်းစားမနေနဲ့၊ ဘယ်မှလျှောက်သွားဖို့လည်း စိတ်မကူးနဲ့၊ နင် ငါ့မျက်စိရှေ့မှာပဲ နေရမယ်၊ ငါ နင့်ကို စိတ်မချဘူး''

စိတ်မချဘူးတဲ့။ မျက်စောင်းကလေးရွယ်ပြီး ပြောလိုက်တဲ့ စကားက အရှိုင်းနုလုံးသားကို လှုပ်ခါလိုက်လေသည်။

''ထ . . . ထမင်းစားမယ်၊ တကတဲ သူ့ကိုချော့ရတာနဲ့ ထမင်းတောင် မစားရသေးဘူး၊ ဗိုက်ဆာလိုက်တာ ထ, တူတူစားမယ်''

စကားနှင့်အတူ လက်မောင်းကို ဆွဲထူသည်။

နူးညံ့ ဘအထိအတွေ့မှာ နုလုံးသားက တလှုပ်လှုပ်ခါနေရတော့သည်။ သွေးသွေးကိုယ်တိုင် ချူးကျွေးသော ထမင်းတစ်နပ်သည် နတ်သုဒ္ဓါနှင့် မလဲနိုင်ပြီ။





ဖူးပွင့်စပြုသည့် အလှတရားကို အနီးကပ်ဆုံးလူတစ်ယောက်အဖြစ် ရင်ခုန်ရလွန်းလေပြီ။

သွေးရယ် . . . ငါ နင့်ကို . . .

''သားရေ ဒီမှာကြည့်စမ်း''

မေမေက ဂိုဒေါင်တံခါးကို ဖွင့်ပြသည်။

''ဟာ . . . မေမေ''

အံ့သြဝမ်းသာစိတ်ဖြင့် သူ ရင်ခုန်သွားမိသည်။

''ကြိုက်ရဲ့လား သား''

''မေမေ ဒါ သားအတွက်''

''ဒါပေါ့ . . . ရော့''

မေမေက သူ့လက်ထဲ သော့တစ်ချောင်း ထည့်ပေးသည်။ တောက်ပကြွားဝင့်၍နေသော D.T ဆိုက်ကယ်လ်ကြီးကို ကြည့်ကာ သူ ကြည်နူးကျေနပ်စွာ လေထဲ လက်သီးနှစ်ဖက် ထိုးသွင်းလျက် . . .

''ရေ့'' ခနဲ အော်လိုက်မိသည်။

''Thanks a lot မေမေ သား ဒီကောင်ကြီးကို စမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဦးမယ်နော်''

သူ ဆိုင်ကယ်လ်ပေါ် ချက်ချင်းရောက်သွားတော့သည်။

''ဟေ့သား''

မေမေ့မျက်လုံးအပြုံးသား ပါးစပ်အဟောင်းသားနှင့် လှမ်းအော်သည်။

သူ ဆိုက်ကယ်လ်ကို စက်နှိုးလိုက်ရင်းက ...

''စိတ်ချ မေမေ ... သား ကောင်းကောင်းစီးမှာပါ''

သူ မေမေ့ကို လက်တစ်ဖက်မြှောက်ပြပြီး D.T ကြီးကို မောင်းထွက်ခဲ့တော့သည်။

သူ့ရဲ့ဦးတည်ရာက သွေးသွေးဆီကိုပဲ ဖြစ်သည်။

ဆိုင်ကယ်လ်ကြီးကို အရှိန်ပြင်းပြင်းဖြင့် မောင်းဝင်လိုက်တော့ သွေးသွေး သူ့ကို အံ့ဩဘနန်း လှည့်ကြည့်သည်။

''ဟယ် ... မိုးယံ အရမ်းကို မိုက်နေပါလား''

''မားကြီးက ပြန်ချော့လိုက်တာလေ''

''ကြောင်ကို အတောင်ပံတပ်ပေးလိုက်တာပေါ့လေ''

''အေး ... တစ်ကောင်ထဲပျင်းလို့ နင့်ကို အဖော်လာခေါ်တာ''

သွေးသွေး ဆိုင်ကယ်လ်ကြီးကို တစ်လှည့်၊ သူ့ကိုတစ်လှည့်ကြည့်ပြီး တိတ်ဆိတ်ကာ မျက်နှာကလေး တစ်မျိုးဖြစ်သွားသည်။





''လာလေ သွေးသွေး ... ဘယ်လိမ့်ရင် ကောင်းမလဲ''

သူခေါ်တော့ တွေးတွေးဆဆမျက်နှာလေးနှင့် သွေးသွေး ခေါင်းခါသည်။

''ဟင့်အင်း နင့်ဘာသာ တစ်ယောက်တည်းသွားတော့ မိုးယံ၊ ငါ မလိုက်တော့ပါဘူး''

မိုးဝေယံ အံ့အားသင့်စွာ မျက်မှောင်ကုတ်လိုက်မိသည်။

''သွေး ... နင် ဘာဖြစ်လို့လဲ''

''ဟို ... သူများတွေ လျှောက်ပြောလိမ့်မယ်''

မိုးဝေယံ မျက်နှာကြီးတင်းသွားတော့ သွေးသွေး တွန့်ဆုတ်ဆုတ်ကလေး ပြန်ပြောမိသည်။

ကိုယ်က မိန်းကလေးမို့ အရွယ်ကလေးရောက်လာရင် ပတ်ဝန်းကျင်က အပြောအဆိုမခံရအောင် အနေအထိုင် ဆင်ခြင်ရမည်ဆိုတာ အလိုအလျောက် နားလည်လျက် ငြိမ်မိခြင်းပင်။

မိုးယံကတော့ ...

''အေးပေါ့ ... ငါ့လိုကောင်နဲ့ ဆိုင်ကယ်လ်အတူစီးမိရင် နင့်ရဲ့သိက္ခာတွေ၊ တန်ဖိုးတွေ ပွန်းပဲ့သွားမှာပေါ့၊ ဆောရီးပဲ သွေးသွေး၊ ခေါ်မိတာ ငါ တောင်းပန်တယ်''

မျက်နှာကြီး ရှုပုပ်သိုးလျက် မိုးယံ စကားနာထိုးတော့ သက်ပြင်းချပြီး လိုက်လျောမိပြန်သူက သွေးသွေးရယ်ပင်။

သွေးသွေး သူ့ကို အရမ်းခင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... တော်ပါ ... ယောကျ်ားတန်မဲ့ နှုတ်သီးကြီး ချွန်ပြီး စကားနာမထိုးပါနဲ့၊ ခဏစောင့် ... အဝတ်အစားလဲ လိုက်ဦးမယ်"

ဟော ... မျက်နှာစူပုပ်ကြီးက ချက်ချင်း ပြန်ပြုံးဖြီးသွား ပြန်လေတော့သည်။

"မလဲနဲ့တော့ ... လှပြီးသား"

"မဖြောက်နဲ့ ... ဘာမှမကျေးဘူး"

"ရတယ် ... အပြင်မှာ စားမယ်"

"ဒါကတော့ ကိုယ့်ဒေါသနဲ့ကိုယ်ပဲလေ၊ ငါကတော့ တစ်ပြားမှ အကုန်ခံမှာ မဟုတ်ဘူးနော်၊ အဝတ်အစားကတော့ လဲမှ ဖြစ်မှာ၊ နင် ခဏစောင့်"

ပြောရင်းမှ သွေးသွေးက သူမအခန်းထဲဝင်သွားသည်။ ခဏအကြာမှာ အပြင်ပြန်ထွက်လာသည့် သွေးသွေးရဲ့အသွင်ကာ သူပင် ငေးမောသွားရလောက်အောင် ရင်သပ်ရှုမောဖြစ်ချင်စရာ။

မဲနက်သွယ်တန်းသည့်မျက်ခုံးနှင့်မျက်တောင်ကော့တွေ ဝန်းရံထားသည့် မျက်သားပြာပြာ မျက်ဝန်းလေးတွေ၊ နှာတံစင်းစင်းလေးနဲ့ အဖျားကော့ကော့ နှာသီးဖျားလုံးလုံးချွန်ချွန်လေး။ ပြီးတော့ နီရဲစိုအိနေသည့် နှုတ်ခမ်းဖူးဖူးနုနုလေးနှင့် မေးဖျားလုံးလုံးလေး။ နက်မှောင်တဲ့ဆံနွယ်တွေကြားက နားရွက်လှလှလေးတွေရဲ့ ဘယ်ညာတစ်ဖက်တစ်ချက်မှာ စိမ်းပြာရောင်ဖန်စီနား





ကွင်းကြီးတွေက လှပစွာလှုပ်ယမ်းခါလျက်။

အချိုးအစားကျ ပြေပြစ်ကျော့ရှင်းတဲ့ ခန္ဓာကိုယ်လေးမှာတော့ ဇာနားအတွန့်သေးလေးတွေ ကွပ်ထားသည့် စိမ်းပြာရောင် ကြိုးတစ်ချောင်း၊ ကိုယ်ကြပ်အင်္ကျီလေးနှင့် ဇာနားတပ်စကဒ်တို စိမ်းပြာရောင်လေးကို အောက်မှာ စတော်ကင်နီဆွဲသားအနက်ရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထားသည်။

"ဟာ ... နင့်ပုံက တကယ့်ကို အလန်းစားပဲ၊ ငါတောင် ငုတ်တုတ်မေ့သွားတော့မလို့"

"တော်ပါ ... အပိုတွေပြောမနေနဲ့၊ သွားကြစို့၊ ဒီနေ့ သွားသမျှ, စားသမျှ. နင်ပဲ ဒကာခံရမှာနော်"

"Ok စိတ်ချ၊ နင့်စိတ်ကြိုက် တစ်နေကုန်သွားချင်ရာ သွား၊ ဝါးချင်ရာသာဝါး၊ ငါ လုံးဝတာဝန်ယူတယ်"

မိုးဝေယံ အားတက်သရော တက်ကြွစွာပြောရင်း ဆိုင်ကယ်လ်ပေါ် ခွထိုင်လိုက်သည်။

"ကဲ ... သွေးသွေး တက်"

သွေးသွေး သူ့နောက်ဘက်မှာ နေရာတကျတက်ထိုင်ပြီးသည်နှင့် မိုးဝေယံက ဆိုင်ကယ်လ်ကို စက်နှိုးကာ မောင်းထွက်လိုက်သည်။

တကယ်လည်း နှစ်ယောက်သား တစ်နေကုန် တစ်နေခန်း တစ်မြို့လုံးအနှံ့ လည်လိုက်၊ စားလိုက်နှင့်။ စိတ်တူကိုယ်တူ



www.burmeseclassic.com

www.burmeseclassic.com



ပျော်လိုက်ကြသည်ဖြစ်ခြင်း။

ပတ်ဝန်းကျင်ကတော့ ဂျစ်ပေပေ ကောင်ဆိုးလေး မိုးဝေယံနှင့် အလုနတ်သမီး ပန်းနုသွေးခြယ်တို့ကို စောင့်ကြည့် အကဲခတ်နေတော့သည်။

နှစ်ယောက်စလုံးက ရှုပါရော၊ စတိုင်လ်ရော အမိုက်စားအလန်းစားလေးတွေ မဟုတ်ပါလား။

မိုးဝေယံကတော့ သွေးသွေးနှင့်အတူ လည်ပတ်သွားလာရလျှင် တစ်လောက,လုံးကို မေ့နိုင်ကာ ...

သွေးသွေးလည်း သူ့ရင်ထဲက တိတ်တခိုးအချစ်ကို နားလည်ကာ လက်ခံတုံ့ပြန်နေသည်ဟုပဲ မျှော်လင့်ယုံကြည်ထားလိုက်မိတော့သည်။

ထိုယုံကြည်ချက်နှင့်ပင် သွေးသွေးကို ချဉ်းကပ်လာ႗တိုင်းနှင့် ရန်ဖြစ်ရလွန်းတော့ တချို့က မကျေနပ်ချင်ကြ။

တစ်ရက်မှာ ...

''အလကားပါကွာ ကျွတ်မနေစမ်းပါနဲ့၊ ကောက်ရိုးပုံစောင့်တဲ့ခွေးပါ၊ မစားရ အညှော်ခံ၊ ကြီးတော် နွားကျောင်းနေတယ်''

ရင့်သီးလွန်းသော စကားလုံးများကို နားနှင့် ဆတ်ဆတ်ကြားလိုက်ရတော့ မိုးဝေယံဒေါသက ငယ်ထိပ်တက်ဆောင့်ပြီ။

ထုံးစံအတိုင်း ရန်ဖြစ်ရပြန်ပြီ။





''နေစမ်းပါဦး ... မင်းက ဒီလောက်ဖြစ်နေရအောင် မင်းနဲ့ပန်းနုသွေးခြယ်က ဘယ်အတိုင်းအတာအထိ ပတ်သက်နေလို့လဲ''

မေးခွန်းက မိုးဝေယံရဲ့ ရင်ဘတ်တည့်တည့်ကို ထိမှန်သွားရသည်မို့ အောင်နိုင်သူအပြုံးဖြင့် ထီမထင်ပြုံးပြလိုက်လျက် မိုးဝေယံ ရင်ကော့လျက် သကောင့်သားတွေကို ပြန်ပြောပြလိုက်သည်။

''မှတ်ထားလိုက်၊ သွေးသွေးက ငါ့ချစ်သူ ... မင်းတို့ ဘယ်တော့မှ ပတ်သက်ဖို့မကြိုးစားနဲ့၊ အေး ... အဲ့ဒါ ငါ့အသက်နဲ့ထပ်တူ လောင်းကြေးထပ်ထားတဲ့စကားပဲ''

မိုးဝေယံပြောပုံမှာ စိတ်လိုက်မာန်ပါ။

ဟိုကောင်တွေ ရှိန်သွားကြကာ သွေးသွေးအနားကပ်ဖို့ စိတ်ပင်မကူးရဲကြတော့။

ရန်ပွဲပြီးလျှင်တော့ ထုံးစံအတိုင်း ဒဏ်ရာတွေ ဆေးထည့်ပေးရသူက သွေးသွေး။

''မိုးယံရယ် ... နင်ကလည်းလေ ငါမကြိုက်မုန်းသိရဲ့နဲ့ ရန်ပဲ ခဏခဏဖြစ်နေတော့တာပဲ၊ ငါ အရမ်းစိတ်ညစ်တာပဲ၊ ငါ့ကို ကတိပေးပါလားဟင်၊ နောက် ဘယ်တော့မှ ရန်မဖြစ်တော့ပါဘူးလို့''

သွေးသွေး လေချိုလေးနှင့် ဖျောင်းဖျရန် ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေယံကတော့ ဒေါသအရှိန်မပြေသေးသလို ...

"ဆောရီးပဲ သွေးသွေး၊ နင်တောင်းတဲ့ကတိကို ငါ မပေးနိုင်ဘူး၊ ငါ ရန်ဖြစ်နေရတာ နင့်ကို ကြိုက်နေတဲ့ကောင်တွေကြောင့် သွေးသွေး၊ ငါ ပြတ်ပြတ်သားသားပဲ ပြောမယ်၊ နင်နဲ့ငါကြားမှာ တစ်ယောက်ယောက် ဝင်လာမှာကို ငါ လက်မခံနိုင်ဘူး၊ နင်နဲ့ငါ ဝေးကွာသွားအောင် လုပ်မယ့်သူ မှန်သမျှနဲ့ ငါ ရန်ဖြစ်နေရမှာပဲ၊ နင့်ဘေးနားမှာ ငါပဲ အမြဲရှိနေချင်တယ် ...၊

ငါ ရန်မဖြစ်ဖို့အတွက်ဆိုရင် နင့်မှာ ရည်းစားမရှိဖို့ လိုတယ်၊ နင် ရည်းစားမထားနဲ့နော် သွေးသွေး"

မိုးဝေယံ စူးရဲသော်လည်း ရွှန်းရီသောမျက်လုံးများဖြင့် သွေးသွေးကိုစိုက်ကြည့်ပြီး ပြောသည်။

သွေးသွေးကတော့ ဒဏ်ရာကိုသာ ဂရုတစိုက် ဆေးထည့်ပေးနေသည်မို့ မိုးဝေယံရဲ့အကြည့်တွေကိုလည်း သတိမထားလိုက်မိ။

"ရည်းစားများ ရှိစရာလား မိုးယံရယ်၊ မထားချင်ပါဘူး၊ ငါက နင်နဲ့ ခင်ခင်မင်မင်နေရတာပဲ ပျော်တာ ...၊

ဒါပဲနော် ငါ့ကို ရည်းစားမထားစေချင်ရင် နင် ငါ့စကားနားထောင်မှ ငါ နင့်စကား ပြန်နားထောင်မှာ"

ကျေနပ်စွာ ခေါင်းကြီးညိတ်ပြလိုက်မိသူက မိုးဝေယံ။ သွေးသွေးနှင့်သူ နှလုံးသားချင်း ထပ်တူလို့ပဲ ယုံကြည်မိ





ကာ ကြည်နူးပျော်ရွှင်ခြင်းက ရင်ထဲအပြည့် ပြည့်လျှံသွားလေပြီတည်း။

ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် မိုးဝေယံတစ်ယောက်ကတော့ အူမြူးလို့နေသည်။

သူငယ်ချင်းတွေက ...

"ဟေ့ကောင် ... မိုးဝေယံ ပန်းနုသွေးခြယ်အခြေအနေက ဘယ်လိုလဲ"

လို့ မေးလာခဲ့လျှင် လက်ညှိုးနှင့်လက်မကို ဝိုင်းပြကာ အိုကေ (OK) သင်္ကေတ လုပ်ပြလိုက်လျက် ...

"ငါနဲ့သွေးသွေးက တစ်ယောက်နှလုံးသား တစ်ယောက်နားလည်ပြီးသား"

"ဒါဆို"

"ချစ်သူ ... တွေလေ"

လေသံက မိုးကောင်းကင်ယံဆီ တက်လျက် ... မိုးဝေယံ သူငယ်ချင်းတွေကို ဝင့်ကြွားစွာ ပြောမိသည်လေ။

လူသတင်း လူချင်းဆောင် မဟုတ်လား။ နယ်မြို့ကျဉ်း



www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းကလေးထဲမှာ မိုးဝေယံရဲ့စကားက တစ်ခဏတွင်းချင်းမှာပဲ ပျံ့နှံ့သွားလျက် ...

ဆရာမတွေရဲ့နားအထိ ရောက်သွားခဲ့လျှင် ... သွေးသွေးမှာ ဆရာမတွေရဲ့ခေါ်ယူ သတိပေးခြင်းကို ခံရလေတော့သည်။

ဆရာမက ဆရာတွေ နားနေဆောင်ထဲမှာ နှစ်ယောက်ချင်း စကားပြောဖို့ ခေါ်လိုက်ကတည်းက သွေးသွေးမှာ ဘာမှန်းမသိ ညာမှန်းမသိနှင့် စိတ်ထဲ အလိုလို တထင့်ထင့်ဖြစ်မိသည်။

"ဆရာမ ... သမီးကို ပြောစရာရှိတယ်ဆိုလို့"

"အေး ... နှစ်ယောက်တည်း ပြောချင်လို့ ခေါ်ခိုင်းလိုက်တာ"

ဆရာမ ... သွေးသွေးကို ခပ်တည်တည်ကြီး ကြည့်လိုက်တာမို့ သွေးသွေးမှာ လန့်သွားရသည်။

"ဆရာမ ... သမီး"

သွေးသွေးမှာ 'သမီး ဘာလုပ်မိလို့လဲဟင်' ... ဟူသောမေးခွန်းကိုပင် ဆုံးအောင် မမေးရသေး။

"သမီးနဲ့မိုးဝေယံက ဘယ်လိုအနေအထားလဲ"

"ရှင်"

သွေးသွေးမျက်လုံးလေးများ ဝိုင်းသွားရတော့သည်။

"သ ... သမီးနဲ့မိုးယံက သူ ... သူငယ်ချင်းတွေပါ"





"ဆရာမတို့ကြားထားတာက တစ်မျိုးဖြစ်နေတယ်"

"ရှင်"

သွေးသွေးမှာ နောက်တစ်ခါ 'ရှင်' မိပြန်ချေပြီ။

"ပန်းနုသွေးခြယ် ... သမီးတို့ဟာ စာသင်တဲ့အရွယ်ပဲ ရှိသေးတယ်၊ စာကြိုးစားဖို့ကလွဲရင် တခြားစိတ်တွေ မဝင်စေချင်ဘူး၊ ဝင်လာခဲ့ရင် ပညာရေးမှာ အနှောင့်အယှက်ဖြစ်မှာပဲ ...၊

အဲ့ဒီတော့ ... သမီး တခြား ဘာစိတ်မှမဝင်ဘဲ စာကိုပဲ ကြိုးစားပါ ... ဟုတ်ပြီလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ဆရာမ၊ သမီးနဲ့မိုးယံကလည်း သူငယ်ချင်းတွေပါ"

ထိုနေ့တစ်နေ့လုံး သွေးသွေး စာထဲမှာ စိတ်ထည့်လို့ မရတော့။ ကျောင်းမှာ မိုးယံကိုလည်း ရှောင်ဖယ်ဖယ်လုပ်နေမိတော့သည်။

ထိုပြဿနာက ထိုမျှလောက်နှင့် ပြီးမသွားသေးဘဲ အိမ်ပြန်ရောက်တော့လည်း ...

"မိသွေး လာစမ်းပါဦး"

ကိုငယ် ခပ်ဆတ်ဆတ်ခေါ်သံကြောင့် သွေးသွေး မျက်မှောင်ကြုတ်လိုက်မိသည်။

အစ်ကိုတွေက သွေးသွေးကို အရမ်းချစ်ကာ အလိုလိုက်ကြသည်မို့ လေသံမာမာကြီးနှင့် ခေါ်လိုက်တာကို သွေးသွေးရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျဖြစ်သွားရသည်။

"ဘာလဲ"

"ငါ့ကို ပြန်မမေးနဲ့ … လာစမ်းပါဦး"

"ဟာ … ဘာလဲ … လူကို ဘလိုင်းကြီး"

"နင့်ကို ညီမလေးတစ်ယောက်တည်းမို့ ချစ်လို့ အလိုလိုက်ထားတာ၊ နင်က အခုတော့ …"

"အခုတော့ သွေးက ဘာလုပ်နေလို့လဲ"

"နင်က ရည်းစားတောင် ထားတတ်နေပြီပေါ့လေ … ဟုတ်လား"

"ဘုရားရေ"

သွေးသွေးမှာ မျက်လုံးအပြူးသားဖြစ်သွားရသည်။

လာပြန်ပြီ … ဒီနေ့တစ်နေ့လုံး အထင်လွဲ စွပ်စွဲခံနေရပါလား။ ကျိုင်ပဲ။

"ဘာတွေလာပြောနေတာလဲ သွေး။ ဘယ်မှာ ရည်းစားထားလို့လဲ၊ ကိုယ်တို့က ဘလိုင်းကြီး လာစွပ်စွဲနေတာပဲ"

"ဘာမှ ဘလိုင်းကြီးမဟုတ်ဘူး၊ သေသေချာချာ ကြားခဲ့ပြီးသား"

ကိုလေးကပါ ထ,လာပြီး ဝင်ပြောသည်။

"ဟာ … ဘာတွေလဲ၊ ဝိုင်းပြီးတော့ လာပြောနေကြတယ်၊ ဘယ်က သေသေချာချာကြားခဲ့တာလဲပြော၊ ဘယ်သူတွေ





က ပြောလိုက်တာလဲပြော"

သွေးသွေး အစ်ကိုတွေကဝိုင်းပြီး စွပ်စွဲနေတာမို့ ဝမ်းလည်းနည်း၊ စိတ်လည်းဆိုးကာ ငိုသံစွက်လျက် အော်လိုက်မိတော့သည်။

"ငါတို့ကို လာမအော်နဲ့၊ မဟုတ်တာ လုပ်ထားပြီးတော့"

"နင့်ကို စွပ်စွဲနေတာမဟုတ်ဘူး၊ သေချာလို့ ပြောနေတာ၊ မိုးဝေယံသူငယ်ချင်းက ပြောလိုက်တာ၊ ထိပ်တိုက်ရှင်းလို့ရတယ် သိလား"

"အေး … နင်နဲ့သူနဲ့ ရည်းစားတွေ ဖြစ်နေပါပြီ … ဆိုတာ ဟိုကောင်ကိုယ်တိုင်က ပြောလိုက်တာပေါ့၊ ဘာပြောချင်သေးလဲ"

"မဟုတ်ဘူး … မဟုတ်ဘူး၊ မိုးယံနဲ့သွေးနဲ့ ဘာမှရည်းစား မဟုတ်ဘူး၊ အလကားလျှောက်ပြောနေပြတာ၊ သွေးသွေး အော်ငြင်းရင်း ဒေါသထွက်ကာ ငိုမိပါလေပြီ"

"သမီးငယ် အစ်ကိုတွေကို ပြန်ခံပြောမနေနဲ့၊ နောက်ကို ဒီကောင်လေးနဲ့ အနေအထိုင်ဆင်ခြင်တော့"

မေမေကပါ ဝင်ပြောလေပြီ …

"ဆင်ခြင်မဟုတ်ဘူး၊ မေမေ လုံးဝမပတ်သက်ဖို့ မေမေ့သမီးကို ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ ကောင်လေးကို သနားတာမှန်ပေမယ့် သူ့မိဘအသိုင်းအဝိုင်းကို မေမေတို့ မကြိုက်ဘူး၊ သူကိုယ်တိုင်ကလည်း စရိုက်က ခပ်ဆိုးဆိုး"

"လူတစ်ယောက်ရဲ့ဗီဇနဲ့စရိုက်ဆိုတာ ပြုပြင်လို့ရခဲ့တယ်၊ ဒီတော့ သမီး သူနဲ့အဆက်ပြတ်ပြီး စာကိုပဲ ကြိုးစားပါ"

"အေးနော် ... သတိပေးလိုက်ပါရဲ့၊ နောက်ထပ် သတင်းကြားရရင်တော့ ငါတို့အဆိုးမဆိုနဲ့"

သွေးသွေး မျက်ရည်တွေသုတ်ရင်း အံကြိတ်ကာ အားလုံးရှေ့မှာ လှည့်ထွက်လာခဲ့တော့သည်။

ရင်ထဲ အတော်ခံရခက်ကာ ဒေါသတွေပဲ ထွက်နေမိသည်။

ကိုယ်လည်း ဘာမှမဟုတ်တာ မလုပ်ရပါဘဲ မဟုတ်ကြောင်းကို ရှင်းပြလို့မရနိုင်အောင် ဝိုင်းပြီး စွပ်စွဲဆူပူကြတာ ခံလိုက်ရတော့ ရင်ထဲ တနုံ့နုံ့ဖြစ်နေမိသည်။

မိုးယံ ... အဲ့ဒါ နင့်ကြောင့်။

နောက်ဆုံး ဒေါသတွေက မိုးယံဆီပဲ ဦးတည်သွားတော့သည်။ မဟုတ်ဘဲနဲ့ သင်းက ဘာလို့လျှောက်ပြောခဲ့ရတာလဲ။

သူငယ်ချင်းအရင်းကြီး ဒီလိုပြောတာ ကောင်းသလား။ ဒါ ... ခင်မင်မှုကို အခွင့်ကောင်းယူပြီး ပက်ပက်စက်စက် စော်ကားလိုက်တယ်။





မိုးယံ ... နင့်ကို ငါ သိပ်မုန်းသွားပြီသိလား။

နင် ... ငါ့ရဲ့ခင်မင်မှုကို အလွဲသုံးစားလုပ်ရက်တယ်။ အရောင်ဆိုးရက်တယ်၊ ဖျက်ဆီးရက်တယ်။

"တောက်"

သွေးသွေးသည် နာနာကြည်းကြည်း တောက်ခေါက်မိဆဲ။

'ဝေါ'ခနဲ ဆိုင်ကယ်လ်စက်သံနှင့်အတူ အနားရောက်လာခဲ့သော မိုးဝေယံကို တွေ့လိုက်ရလျှင် ဒေါသတွေ ပေါက်ကွဲကာ ...

"နင် ... နင် အရှက်မရှိ ငါ့ဆီ ဘာလာလုပ်တာလဲ ... သွား ... နင် ငါ့ရှေ့က ထွက်သွား"

သွေးသွေး ခြံပြင်ကို လက်ညှိုးထိုးလျက် မိုးဝေယံကို နှင်ထုတ်လိုက်မိသည်။

မိုးဝေယံမှာ သွေးသွေး ခုလို ဒေါသတကြီး တစ်ခါမှ မဆက်ဆံဖူးတာမို့ နားမလည်နိုင်ဖြစ်ကာ ...

"သွေး ... နင် ဘာတွေဒေါသထွက်နေတာလဲ၊ ငါ့မှာ ဘာအပြစ်ရှိလို့ နှင်ထုတ်ရတာလဲ"

မိုးဝေယံ တအံ့တသြ ပြန်မေးသည်။

"ဘာအပြစ်ရှိလို့လဲ ဟုတ်လား၊ နင့်ကြောင့် ငါ ကျောင်းမှာ ဆရာမ,ဆူတာ ခံရတယ်၊ အခုလည်း အိမ်မှာ အစ်ကိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းတာခံရတယ်''

''ဟင်''

မိုးဝေယံ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ သူ့ကြောင့် ... တဲ့။

သွေးသွေးမှာ ဒေါသတကြီးဖြင့် မိုးဝေယံကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...

''နင်က ... နင့်အပေါ်မှာထားတဲ့ ငါ့ရဲ့စေတနာ၊ ငါ့ရဲ့ ခင်မင်မှု၊ စာနာမှုတွေကို တန်ဖိုးမထားဘူး၊ နင့်ရဲ့စကားတွေ၊ နင့်ကြွားလုံးတွေနဲ့ ငါ့ရဲ့သိက္ခာကို စုတ်ပြတ်သွားအောင် နင် စော်ကားလိုက်တာပဲ ...၊

သူငယ်ချင်းဆိုတဲ့စိတ်နဲ့ နင့်ကို ငါက စေတနာထားပြီး ဆိုးသွမ်းနေတဲ့ နင့်စိတ်ကို ပြုပြင်ပေးခဲ့ပေမယ့် နင်က ထောက်ထားမှုမရှိတဲ့ အခွင့်အရေးသမားပဲ ...၊

မှတ်ထား မိုးဝေယံ ... နင့်ကို ငါ ချစ်လည်းမချစ်နိုင်ဘူး၊ ဘယ်တုန်းကမှလည်း မချစ်ခဲ့ဖူးဘူး၊ နင် နောက်ကို ငါနဲ့ ဘယ်လိုမှ မပတ်သက်ပါနဲ့တော့''

မိုးဝေယံမှာ စိမ်းကားပြတ်သားစွာ ပြောနေခဲ့သော သွေးသွေးကိုကြည့်ပြီး အံ့အားသင့်နေခဲ့ရာမှ ...

''သွေးသွေး ... နင် ငါ့ကို မျှော်လင့်ချက်တွေပေးထားခဲ့ပြီး အခု ဘယ်လိုဖြစ်ရတာလဲ၊ နင့်အနားမှာ ငါ အမြဲရှိနေချင်





တယ် ... လို့ ပြောခဲ့တုန်းက နင် ငါ့ကို ဘာလို့တုံ့ပြန်မှုတွေ ပေးခဲ့လဲ ...၊

အခုအချိန်မှတော့ ငါ နောက်မဆုတ်နိုင်တော့ဘူး၊ ငါ့စိတ်ထဲ, ငါ့ရင်ထဲမှာ နင်ပေးထားတဲ့ မျှော်လင့်ချက်တွေကိုပဲ အမြဲ သိမ်းဆည်းထားမိတယ် ...၊

နင်ပေးထားတဲ့ မျှော်လင့်ချက်တွေကသာ ငါ့ဘဝရဲ့ အလင်းရောင် ... လို့ ငါ သတ်မှတ်ယုံကြည်ထားတယ်၊ နင့် အချစ်ကသာ ငါ့ဘဝကို ရှင်သန်စေနိုင်တာပါ၊ အဲ့ဒီအတွက် နင့်အချစ်ကိုရရှိဖို့ နင့်အချစ်ကို ငါပိုင်ဆိုင်နိုင်ဖို့ နင့်ကိုချစ်တဲ့ ငါ့အချစ်တွေကို ဘယ်တော့မှ နောက်ဆုတ်ပေးမှာ မဟုတ်ဘူး''

ပြောရင်းက မိုးဝေယံလည်း ပေါက်ကွဲကာ ...

''သွေး ... နင်လည်း ငါ့ကိုချစ်တယ်မဟုတ်လား၊ မညာပါနဲ့ဟာ၊ ငါသိပါတယ်၊ လာ ... ငါနဲ့ တစ်ခါတည်း လိုက်ခဲ့ပါ''

ပေါက်ကွဲနေသော မိုးယံ ... ဘာကိုမှ မစဉ်းစားနိုင်တော့ပြီ။

သွေးသွေးကို သူနှင့်အတူ တစ်ပါတည်း လိုက်ခဲ့ရန် အတင်းလက်ဆွဲခေါ်မိတော့သည်။

''မိုးဝေယံ ... နင် ဒါ ဘာလုပ်တာလဲ ... လွှတ်စမ်း၊ ငါ့လက်ကိုလွှတ်၊ ငါ့အစ်ကိုတွေသာတွေ့ရင် နင် အသတ်ခံရမယ် သိလား''



www.burmeseclassic.com

www.burmeseclassic.com



"သတ်ချင်တဲ့သူသတ် . . . ငါ ဂရုမစိုက်တော့ဘူး"

"မိုးဝေယံ နင် . . . ငါ့လက်ကို မလွှတ်ဘူးလား"

"မလွှတ်ဘူးဟာ"

"ကဲဟယ်"

'ဖြန်း'ခနဲ အသံနှင့်အတူ မိုးဝေယံမျက်နှာမှာ လည်ထွက်သွားခဲ့ရသည်။ ရန်ပွဲပေါင်းများစွာ ဆင်နွှဲခဲ့ဖူးသော်လည်း . . .

ချစ်ရသူရဲ့ အမုန်းလက်ဝါးက ပါးတစ်ဖက်ကိုသာမက နှလုံးသားတစ်ခုလုံးကို ဖွဲ့ခြွေနင်းချေပစ်လိုက်သလို နာကျင်သွားခဲ့ရသည်။

မိုးဝေယံ သွေးသွေးကို အကြာကြီးစိုက်ကြည့်ပြီးမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

"အံရက်သမားဖြစ်သွားပြီ"

သွေးသွေး နှာခေါင်းလေးရှုံ့ကာ မကြားချင်ဟန်ဆောင်သည်။

"သွေးသွေး . . . မိုးဝေယံ နေ့ရောညရော အရက်ဆိုင်မှာပဲတဲ့"





သူငယ်ချင်းက ထပ်ပြောပြန်သည်။

"အဲ့ဒါ . . . ငါနဲ့ဘာဆိုင်လဲ၊ ငါ့ကြောင့် မဟုတ်ဘူး"

သွေးသွေး ခါးခါးသီးသီးပင် ပြန်ပြောသည်။ မကြိုက်မှန်းသိတာကြောင့် သူငယ်ချင်းက ဆက်မပြောရဲတော့။

သို့သော် . . .

"မိုးဝေယံကွာ . . . ညက တော်တော်ပေါက်ကွဲတာ ထိန်းလို့ကိုမရဘူး"

"သူ အရမ်းကိုခံစားနေရရှာတာ"

"ခံစားရလောက်တယ်လေ၊ ဒီလောက် နာကြည်းစရာကောင်းတာ"

"လောကကြီးမှာ လူ့,လူချင်း လှည့်စားခံရတာလောက် နာကြည်းစရာကောင်းတာ မရှိတော့ဘူး"

သွေးသွေး အံကို တင်းတင်းကြိတ်ကာ ခြေလှမ်းတွေကို မြန်လိုက်သည်။

မိုးဝေယံသူငယ်ချင်းတွေ တမင်ရိသဲ့စောင်းမြောင်းနေကြမှန်း သိသည်။

ခုတော့ . . . အားလုံးက သူမကိုသာ အပြစ်တင်ကြလေပြီ။ သူမသာ အားလုံးရဲ့အစွပ်စွဲခံ သတ္တဝါဖြစ်ရပြီ။

သူမမှာတော့ မကြားချင်ယောင်ဆောင်ရုံမှတစ်ပါး မရှိတော့။ သို့သော် . . . မကြားချင်ယောင်ဆောင်လို့မရသည့်သတင်း



www.burmeseclassic.com

www.burmeseclassic.com



က ရောက်ရှိလာခဲ့သောအခါ သွေးသွေးမှာ ကမ္ဘာပျက်မတတ် တုန်လှုပ်ချောက်ချားခဲ့ရတော့သည်။

''မိုးဝေယံ ... အရက်တွေ အလွန်အကျွံမူးပြီး တောင်ဆင်းလမ်းမှာ ဆိုင်ကယ်လ်မှောက်လို့''

ဘုရားရေ ...

သူမ ခေါင်းတစ်ခုလုံး ချာချာလည်သွားရတော့သည်။

''ဟုတ်ရဲ့လား ... သေချာရဲ့လား''

တုန်လှုပ်စွာ ပြန်မေးမိသည်။

''သေချာလား၊ မသေချာလားတော့မသိဘူး၊ အခု ဆေးရုံမှာ''

''ဟင်''

''ရတော့မယ်တော့ မထင်တော့ဘူး''

ဟင့်အင်း ... ဟင့်အင်း မဖြစ်ရဘူး၊ အဲ့လိုမဖြစ်ရဘူး။

သူမရဲ့သူငယ်ချင်းပါ။ မိုးယံဟာ သူမရဲ့အခင်ဆုံး သူငယ်ချင်းပါ။

ဒီလောက် ဆိုးဝါးနက်မှောင်လှတဲ့ ကံကြမ္မာဟာ မိုးယံကိုမှ ရွေးချယ်ကျရောက်စရာလား။

စိုးရိမ်ပူပန်မှုက ရင်တစ်ခုလုံးကို ဆို့နစ်ပူလောင်၍နေသည်။ သူမ အပြေးအလွှား ရောက်ရှိသွားခဲ့ချိန်မှာတော့ ...

''ဟင် ... ညည်းလာသေးတယ် ဟုတ်လား၊ ညည်း





ကြောင့် ငါ့သားလေး သေပြီလေ၊ ဘာဖြစ်စေချင်သေးလို့လဲ၊ ညည်း ဘာဖြစ်စေချင်သေးလို့လဲ''

မျက်ရည်များဖြင့် သွေးရူးသွေးတန်း ဆီးကာ ရန်တွေ့လိုက်သော မိုးယံမေမေ အန်တီစံပယ်ရဲ့စကားကြောင့် သွေးသွေးမှာ ကြောင်အမ်းဆွံ့အသွားခဲ့ရသည်။

မိုးယံ သေပြီ ... မိုးယံ သေပြီတဲ့။

ဘုရား ... ဘုရား

သေခြင်းတရားဟာ ဒီလောက်မြန်ဆန် ရက်စက်သတဲ့လား။ မယုံဘူး ... မယုံချင်ဘူး။

ပူလောင်သောမျက်ရည်စက်များ ပါးပြင်ပေါ် ချက်ချင်း ကြွေကျလာခဲ့သည်။

''သွားစမ်းပါ၊ ခုမှ လာငိုပြမနေစမ်းပါနဲ့''

''နင့်ကြောင့် မိုးဝေယံ သေရတာ''

''ရုပ်ကလေးဖန်းပြပြီး လှည့်ဖြားခဲ့တဲ့ နင့်ကြောင့်''

''မာယာများတဲ့မိန်းမ''

''အသည်းခွဲလို့ အားရတော့မှ မျက်ရည်လာကျပြမနေနဲ့၊ နင့်ကြောင့်''

နင့်ကြောင့် ... ဟင့်အင်း ... မဟုတ်ဘူး မဟုတ်ဘူး။

သူတို့ကို ဘယ်လိုရှင်းပြရမှာလဲ။ သွေးသွေးကြောင့် မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မိုးယံသေဆုံးရတာ သွေးသွေးကြောင့် မဟုတ်ပါဘူး။

သွေးသွေး မိုးယံကို အသည်းလည်း မခွဲခဲ့ပါဘူး။ မလှည့်ဖြားခဲ့ပါဘူး။ မလှည့်စားခဲ့ပါဘူး။

သွေးသွေး သူ့ကို ဖြူစင်တဲ့နှလုံးသားသန့်သန့်နဲ့ အရိုးသားဆုံး ခင်မင်ခဲ့တာပါ။

သို့သော် ... ကျောင်းတစ်ခုလုံး၊ မြို့တစ်မြို့လုံး တွင်မတော့ လူတစ်ယောက်ကို အသက်သေဆုံးသွားစေသည့်အထိ ရက်စက်စွာ လှည့်ဖြားအသည်းခွဲတတ်သော မိန်းကလေးတစ်ယောက်အဖြစ် သွေးသွေးမှာ အဖတ်ဆယ်မရအောင် နာမည်ပျက်ခဲ့ရလေပြီ။

မိုးယံ သေဆုံးသွားခဲ့ပြီး မကြာခင်မှာပင် နောက်ထပ် ရက်စက်လှသော ကံကြမ္မာဆိုးတစ်ခုက သူမဘဝကို မုန်တိုင်းတစ်ခုလို ထိုးဖောက်မွှေနှောက်ခဲ့ပြန်လေသည်။

ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့အပြစ်တင်စကားများကြောင့် အရှက်ရ စိတ်ထိခိုက်နေခဲ့သော သွေးသွေးရဲ့မိဘများမှာ ခရီးတစ်ခုမှအပြန် မမျှော်လင့်ဘဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ကွယ်လွန်





ခဲ့ရသောအခါ ...

သွေးသွေးမှာ လောကကြီးမှ ထွက်ပြေးချင်လောက်အောင် ရှုံးမတတ်ဖြစ်ခဲ့လေတော့သည်။

ရက်စက်ပြင်းထန်လှသော ခါးသီးလွန်းလှသည့် ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီးနောက် ...

အစ်ကိုများမှာ မြို့တွင်ဆက်ပြီး နေထိုင်လိုစိတ် မရှိကြတော့ဘဲ ပိုင်ဆိုင်သမျှ ခြံနှင့်အိမ်များအားလုံးကို ရောင်းချကာ ရန်ကုန်သို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့ကြခြင်းဖြစ်သည်။

အစ်ကိုများမှာ တစ်ဦးတည်းသော ညီမထွေးလေး သွေးသွေးကို အရမ်းချစ်ကြသည်မို့ ဖြစ်ခဲ့ပြီးသော အဖြစ်အပျက်တို့အတွက် စိတ်ထိခိုက်ကြေကွဲခဲ့ရသည့် သွေးသွေးကို အစစ အရာရာ ဂရုစိုက်ကြင်နာကြသလောက် သွေးသွေးနှင့် အခြားယောကျ်ားလေးများ ပတ်သက်ဆက်စပ်မည့်ကိစ္စမှန်သမျှကိုတော့ မိုးဝေယံနှင့်တုန်းကလို အဖြစ်မျိုး ထပ်မံကြုံတွေ့ရမှာ စိုးရိမ်သည့်အတွက် ကြပ်ကြပ်မတ်မတ် ချုပ်ချယ်တားမြစ်နေကြခြင်း ဖြစ်သည်။

ဩော် ... ခုတော့ ... စိတ်ကလည်း ကျက်လို့နေခဲ့ပြီမို့ ... သွေးသွေး ဒေါ်ကြီးတို့ရှိရာ မန္တလေးကို အလည်ပြန်သွားဖို့ စိတ်ကူးနှင့်ပင် ပျော်လို့မဆုံး ဖြစ်နေခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဟယ် ... ရောက်လာကြပြီလား ဒေါ်ကြီး ဖြင့် မျှော်နေတာ၊ ဟင်းတွေ စပါယ်ရှယ်ချက်ထားပေးတယ် သိလား"

ရွှန်းရွှန်းဝေအောင် ဆီးကြိုနှုတ်ဆက်သည်။ သွေးသွေး ၏အဒေါ်အပျိုကြီးကိုကြည့်ပြီး သဘောကောင်းမယ့်ပုံပဲ ... ဟု ဖူးဖူး မှတ်ချက်ချမိသည်။

"ငါ့တူမ သွေးသွေးက လှလာလိုက်တာဟယ် ကြည့်ဦး ... ဟယ် ... ဒီ ... ဒီက"

သွေးသွေးကို ချီးမွမ်းခန်းဖွင့်ရင်း ဖူးဖူးကို တွေ့သွားတော့ အပျိုကြီးမှာ သမီးလေးလို့ ခေါ်ရအခက်၊ သားလေးလို့ ခေါ်ရ အခက် ဖြစ်သွားရသည်။

ဖူးဖူးမှာ ယောက်ျားလေးလို body fit ရှပ် (shirt) နှင့်





ပြောက်ကျားကွာတာပွပွကို တွဲဝတ်ထားသော်လည်း မျက်နှာက လေးက မိန်းကလေးဆန်စွာ နုဖတ်ဝင်းမွတ်ချောမွေ့နေသည် မဟုတ်ပါလား။

အဒေါ်ရဲ့အခက်အခဲကိုသိသော သွေးသွေးက ရယ်ကာ ဖူးဖူးနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

"ဒေါ်ကြီး ... ဒါ သမီးသူငယ်ချင်း ပေရယ်လ်ဖူးလ် တဲ့ ... လှလား"

"လှတယ် ... သိပ်လှတာပဲ၊ ဟိုလေ ghost ကားထဲက ဒမ်မီမိုးနဲ့တူတယ်"

ဖူးဖူး ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

ghost ကားကို ဖူးဖူး ငယ်ငယ်လေးကတည်းက အသည်းစွဲ ကြိုက်ခဲ့ရသည်လေ။

အဲ့ဒီကား ခေတ်စားကတည်းက ghost ကားထဲက ဒမ်မီ မိုးရဲ့ဆံပင်ပုံစံထားခဲ့တာ အခုထိပင်။

"ဒါပေမဲ့ အခု ဒမ်မီမိုးက အဘွားကြီးဖြစ်နေပြီနော်"

"အိုး ... အဒေါ်ကြီးက အခုပုံကို ပြောတာမဟုတ်ဘူး လေ၊ ghost ကားထဲက ဒမ်မီမိုးရဲ့ပုံကိုပြောတာ"

"ဒေါ်ကြီးက အရမ်းကြည့်တတ်တာပဲ၊ မုန့်ဝယ်ကျွေး မယ်၊ လောလောဆယ်တော့ ဒေါ်ကြီးကျွေးတာ အရင်စားလိုက် ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွေးမှာ ကျွေးဦးမှာ၊ ကျွေးချင်လွန်းလို့ ဒေါ်ကြီးက အပင်ပန်းခံပြီး ချက်ထားတာ"

နူတ်သွက်သော ဖူးဖူးနှင့် သဘောကောင်းသော ဒေါ်ကြီးတို့ ခဏတွင်းချင်း အဖွဲ့ကျသွားကြတော့သည်။

"စားကောင်းသောက်ကောင်းရင် ဖူးဖူးက အကြာကြီးနေမှာနော် ဒေါ်ကြီး"

"အံမယ်လေး ဒေါ်ကြီးကလည်း မပြန်လေ ကြိုက်လေပဲ"

အတိုင်အဖောက်ညီစွာ နှစ်ယောက်သား တဟားဟားရယ်လိုက်မိကြသည်။

"ကဲ ... ဒေါ်ကြီး နောက်မှ အေးအေးဆေးဆေး ရယ်ဖွဲ့ဖွဲ့ရအောင် လောလောဆယ် သွေးတို့နေရမယ့်နေရာကို ပြပါဦး၊ ဖူးလည်း ခရီးပန်းလာတာ နားပါစေဦး"

"ဩော် ... အေး ... ဟုတ်သားပဲ၊ စကားကောင်းနေတာနဲ့ မေ့သွားတယ်၊ တူမတို့နှစ်ယောက်က ဒေါ်ကြီးနဲ့အတူတူ အောက်ထပ်မှာနေ"

"သားတို့က"

ကိုကြီး မျက်နှာငယ်လေးနှင့် နှာသံကလေးကပ်ကာ မေးသည်။

"မင်းတို့ယောကျ်ားလေးတွေက ဘိုးဘိုး,ဘွားဘွားနဲ့အတူ





အပေါ်ထပ်မှာနေကြ၊ အပေါ်မှာ ရေချိုးခန်းလည်း ရှိတာပဲ၊ အောက်ဆင်းမလာကြနဲ့၊ မိန်းကလေးတွေ အနေကျုံ့မယ်"

"ခင်ဗျာ"

အသက်ခုနစ်ဆယ်ကျော် နားလေးကာ ပစိပစပ်များပြီး အမေးအမြန်းထူလှသည့် အဘိုးအဘွားနှင့်အတူ နေရမည်ဆိုတော့ သုံးယောက်သား မျက်နှာမကောင်းကြ။

သွေးသွေးကတော့ အစ်ကိုတွေရဲ့ဥပဒေသတွေအောက်မှ လွတ်မြောက်ရတော့မည်မို့ ...

'ဟေ' ခနဲ ထ,အော်၏။

"မိသွေး ... နင်နော် ... နင် အခွင့်ကောင်းယူပြီး ဘတ်ဖို့ မစဉ်းစားနဲ့"

ကိုငယ် သွေးသွေးကို ကြိမ်းသည်။ ဒေါ်ကြီးအားကိုးနှင့် သွေးသွေး အစ်ကိုတွေကို လျှာလေးတစ်လစ် မျက်လုံးလေး ပေကလတ် ပေကလတ်လုပ်ကာ ပြန်ပြောင်ပြပြီး ...

"အောက်ကို ဆင်းမလာကြနဲ့နော်၊ ဖူးဖူး မနေတတ်ဘဲနေမယ်၊ ခုတောင် လိုက်ခွင့်ရအောင် အန်တီ့ကို မနည်းပြောလာခဲ့ရတာ"

ဖူးဖူးနှင့် လှည့်ခြောက်အကြောင်းပြတော့မှ အစ်ကိုတွေငြိမ်ကုပ်သွားကြတော့သည်။

ဖူးဖူးနှင့်ခုလို ခရီးအတူထွက်ခွင့်ရသည်ကပင် သူတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုလာဘ်တော်ကြီး မဟုတ်လား။

"သားတို့ ထမင်းစားရင်ရော အပေါ်မှာပဲ စားရမှာပဲလား ဟင် ... ဒေါ်ကြီး"

ကိုလေး ... မျက်နှာငယ်ကလေးနှင့် မေးမြန်းသည်။

"အပေါ်မှာ အိမ်သာပဲ ရှိတယ်၊ ထမင်းစားခန်း မရှိဘူး"

"ခင်ဗျာ"

ဖူးဖူးနှင့် သွေးသွေးတို့ ကြိတ်ရယ်လိုက်မိကြသည်။

"ဒွိ"

ကိုလေးမျက်နှာ ရဲခနဲ။

"ငါလည်း မင်းတို့ကို အပေါ်ထပ်ထိ ထမင်း လာမပို့ပေးနိုင်ဘူး၊ အဘိုးနဲ့အဘွားတောင် အောက်ဆင်းပြီး ထမင်းဆင်းစားကြတာ၊ ထမင်းစားချိန်တော့ မင်းတို့လည်း အောက်ဆင်းပြီး လာစားကြ ... ဒါပဲ"

"ဟုတ်ကဲ့"

သုံးယောက်သား မျက်နှာငယ်ကလေးတွေနှင့် အထုပ်ကို ကိုယ်စီဆွဲကာ အပေါ်ထပ်သို့ တက်ကြတော့သည်။

ဖူးဖူးနှင့်သွေးသွေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြိတ်ရယ်လိုက်မိပြန်သည်။ သူတို့ခေတ် ပြန်ရောက်ပြီ မဟုတ်လား။



## အခန်း (၁၇)

"ရှ သား ... ခုတလော ငိုင်တွေလှချေလား"

ကြမ်းပြင်ကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေမိရာမှ မေမေ့အသံ ကြားလိုက်ရသဖြင့် သူ ဆတ်ခနဲ ဖြစ်သွားမိသည်။

"ကေန္တ သားက ရည်းစားပူများမိနေတာလား"

မေမေ့လေသံက ခပ်မာမာ။ မျက်နှာထားကလည်း ခပ်တင်းတင်း။

"အပူမိစရာ ရည်းစားမှ သားမှာမရှိဘဲ မေမေရယ်"

သူ ... မေမေ့ကို ခပ်ညိုးညိုး အယူခံဝင်မိပါသည်။

"ရည်းစားမဟုတ်သေးပေမယ့် သား စိတ်ဝင်စားနေတယ်ဆိုတဲ့ မိန်းကလေးကရော"

မေမေက ကောင်တာကွက်ရှင် (counter question) ဖြင့် အစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ အနည်းငယ် စိတ်ပျက်မိသွားလျက် ...

"မေမေရာ ... မိဖူးပြောတိုင်း ယုံနေတော့တာပဲ၊ အဲ့ဒီကောင်မလေးကို မတွေ့တာဖြင့် ကြာလှပြီ"

သင်တန်းတွေ ပိတ်ထားသဖြင့် level အသစ်မတက်ခင် သူတို့ မတွေ့ကြရသည်မှာ အနည်းငယ်ကြာခဲ့ပြီပဲ။

သွေးသွေးကို မတွေ့ရတော့သလို မိဖူးကိုလည်း မတွေ့ရတော့သည်မှာ ကြာပြီ။

ရင်ထဲ၌ လှပ်ဟာ၍နေ၏။ နေမထိ ထိုင်မသာ တစ်ခုခုလိုအပ်နေသလိုချည်း။

မိဖူးရာ ... နင် သိပ်နေစိမ့်တယ်။

"ဖူးဖူးကိုတောင် မတွေ့တာကြာပြီ"

အတွေး၌ တမ်းတမိဆဲ။ မေမေကလည်း သတိတရပြော၏။

"အရင်လို အိမ်လာမလည်တော့ဘူး၊ ဘာဖြစ်လို့ပါလိမ့်"

မေမေ ... သူ့မျက်နှာကို အကဲခတ်သလိုကြည့်ရင်း ပြောတော့ သူ ရှိုးတိုးရှန့်တန့်ဖြစ်ကာ အနေရခက်မိသည်။

"စိတ်ကောက်နေကြသလား ပြောစမ်း"

မေမေ မျက်မှောင်ကုတ်ကာကြည့်ရင်း မေး၏။

"ဟို ... သားကတော့ မကောက်ပါဘူး မေမေ"

သူ ကပျာကယာ ဖြေရှင်းချက် ပေးမိ၏။





"ဒါဆို ... ဖူးဖူးက ကောက်နေတာပေါ့ ဟုတ်လား၊ မင်း သူ့ကို ဘာသွားလုပ်ထားသလဲ ပြောစမ်း"

"တော်ရုံတန်ရုံနဲ့တော့ ဖူးဖူး ဒီလောက်အကြာကြီး စိတ်ကောက်မှာ မဟုတ်ဘူး၊ သားဘက်က တော်တော့်ကို လွန်လို့ဖြစ်မှာ"

မေမေ ဖူးဖူးဘက်မှနေ သူ့ကို ဆူကြိမ်းလေပြီ။

အဖြစ်အပျက်ကို အမှန်အတိုင်းသာ သိခွင့်ရခဲ့လျှင် မေမေ သူ့ကို အိမ်ပေါ်မှပင် မောင်းချလေမည်လားမသိ။

သူ မေမေနှင့် မျက်နှာချင်းမဆိုင်ရဲဘဲ ...

"ဟို ... ဟို သား သူ့ကို ဧပရယ်လ်ဖူးလ်နေ့က စ,တာ နည်းနည်းလွန်သွားတယ်"

သူ ခပ်တိမ်တိမ် ဝန်ခံမိသည်။

"ဘယ်လို ... မင်း ဘယ်လိုစလိုက်လို့လဲ ... ပြောစမ်း"

မေမေ သူ့ကို မျက်မှောင်ကြီးကုတ်ကာ စူးစူးကြည့်ရင်း ထပ်မေးသည်။

"ဟို ... ဟိုလေ"

သူ အပြောရခက်နေမိသည်။

"ပြောစမ်းလို့ဆို ... မေမေ မေးနေတယ်လေ၊ ပြောစမ်း တံခွန်"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့လေသံမှာ အတော်ကျယ်လောင်လာပြီ။ သူ ပါးစပ်တပြင်ပြင်နှင့် ပြောရခက်နေမိသည်။

မပြောမချင်းလည်း မေမေက ကျေနပ်လိမ့်မည်မဟုတ်။ သူ ခေါင်းကို ကုတ်ဖွကာ ...

''ဟိုလေ ... သား သူ့ကို ရည်းစားစကားပြောလိုက်မိတယ်''

''ဟေ''

မေမေ တအံ့တသြနှင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

''ဘာ ... ဘာ ... ရည်းစားစကားပြောလိုက်တယ် ဟုတ်လား၊ မင်းက ... သူ့ကို''

မေမေ တအံ့တသြမေးပုံကြောင့် သူ့မျက်နှာ ရှိန်းခနဲ ပူထူကာ ရှက်အမ်းသွားမိသည်။

''ဟုတ်ကဲ့''

''နေပါဦး ... မင်းရည်းစားစကားပြောလိုက်လို့ ဖူးဖူး လေးက စိတ်ဆိုးသွားတာပေါ့ ဟုတ်လား''

''ဟုတ် ... အဲ ဟုတ်ဘူး''

သူ ခေါင်းညိတ်ပြီးမှ ခေါင်းအမြန် ပြန်ခါလိုက်မိသည်။

''တံခွန် ... မေမေ့ကို ရှင်းရှင်းပြောစမ်း၊ ဖူးဖူး ဘာကြောင့် စိတ်ဆိုးသွားရတာလဲ''





ခက်ချေပြီ။

မေမေ ကွက်ရှင် (question) ထိုင်သောကောင်တာက အကြီးကြီးမှ အကြီးကြီး ဖြစ်နေလေပြီ။

သူ ... မေမေနှင့် အနည်းငယ်ဝေးအောင် နောက်သို့ မသိမသာ ဆုတ်လိုက်လျက်။

''ဟိုလေ ... အဲ့လို ရည်းစားစကားပြောတာကို စိတ်မဆိုးနဲ့လို့၊ တကယ်မဟုတ်ဘူးလို့ ဧပရယ်လ်ဖူးလ်လုပ်တာလို့ ပြောလိုက်တော့မှ တကယ် စိတ်ဆိုးသွားတော့တာ''

''ဘာ ... ဘာ ... တံခွန် ... မင်း''

မေမေ သူ့ကို စိတ်ဆိုးမာန်ဆိုးနှင့် လက်ညှိုးကြီး ငေါက် ငေါက်ထိုးကာ ...

''မင်း ... တော်တော်ဆိုးတာပဲ တံခွန်''

''ဟုတ် ... ဟုတ်ကဲ့ မေမေ''

သူ မေမေနှင့် ဝေးသထက်ဝေးအောင် နောက်ကို ဆုတ် နေမိသည်။

''တံခွန် ... မင်း မေမေ့ကိုပြောစမ်း၊ မင်းရည်းစား စကားပြောလိုက်တော့ သူ စိတ်ဆိုးသွားသေးလား၊ မင်းကို ဘာ ပြန်ပြောလဲ''

''ဟင့်အင်း ... ဘာမှပြန်မပြောဘူး၊ ထွက်ပြေးသွား တယ်၊ အဲ့ဒါ ... သားက သူစိတ်ဆိုးပြီး အန်တီ့ကို တိုင်လိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးလို့ ပေရယ်လ်ဖူးလ်လုပ်တာလို့ ပြောလိုက်တော့မှ အရမ်းကို စိတ်ဆိုးသွားတော့တာ''

မေမေ လက်ညှိုးကိုချလျက် သူ့ကိုကြည့်ကာ သက်ပြင်းချ၏။

''ဖူးဖူးက မင်းကိုစိတ်ဆိုးတော့ ဘယ်လိုပြန်ပြောသလဲ၊ မေမေ့ကို ပြောစမ်း တံခွန်''

မေမေ့မေးခွန်းများမှာ အဆက်မပြတ်မို့ သူ စိတ်ညစ်လာမိတော့သည်။

သက်ပြင်းကို ရှိုက်မိလျက် ...

''မိန်းကလေးတစ်ယောက်ရဲ့သိက္ခာကို စော်ကားသတဲ့''

''ဟင်''

အံ့သြသလို ဖြစ်သွားခဲ့ပြီးမှ မေမေ့မျက်နှာ တွေခနဲ။

''ဖူးဖူးက တကယ်ပဲ အဲ့လိုပြောခဲ့သတဲ့လား''

''သား နားကြားမမှားပါဘူး မေမေရယ်''

''မင်းကရော ပြန်မတောင်းပန်ဘူးလား''

''သား ဖုန်းနဲ့လည်း တောင်းပန်တယ်၊ အိမ်လိုက်သွားပြီးတော့လည်း တောင်းပန်တယ်၊ လုံးဝမရဘူး''

''ညံ့လိုက်တဲ့သား''

မေမေက ပျစ်နှစ်စွာ မှတ်ချက်ချ၏။

ဟုတ်ကဲ့ ... ကျွန်တော်ညံ့မှန်း သိပါတယ် မေမေ။





ဒါပေမဲ့ ...

ခက်တာက ဘယ်နေရာမှာ ညံ့မှန်းမသိတာပါ။

''မှတ်ထား ပေရယ်လ်ဖူးလ်လုပ်လို့ရတဲ့အထဲမှာ ရည်းစားစကားပြောတာ မပါဘူး''

''ခင်ဗျာ''

''သွား ... ခုချက်ချင်း ဖူးဖူးဆီသွား၊ အိမ်ကိုပါအောင် ခေါ်လာခဲ့''

''ဟာ ... မေမေ''

''ဟာ မေမေမလုပ်နဲ့၊ ဒါ ... မင်း အရည်အချင်းကို မေမေ စမ်းသပ်တာပဲ၊ ဖူးဖူးကို မေမေ့ရှေ့ပါအောင် ခေါ်လာခဲ့''

''ဟို ... ဟို မေမေက ခေါ်ခိုင်းလိုက်တယ်လို့ ပြောလိုက်မယ်နော်''

''ကြိုက်သလိုပြော၊ ဖူးဖူးပါမလာရင် မင်း လုံးဝအိမ်ပြန်မလာနဲ့''

''ဟာ ... မေမေ''

''ဖူးဖူးရေ ... မိဖူး ... မိဖူး''



www.burmeseclassic.com

www.burmeseclassic.com



အော်သံကျယ်ကျယ်နှင့်အတူ တစ်အိမ်လုံးအနှံ့ သူလိုက်ရှာမိသည်။

အပုန်းကောင်းတဲ့ မိဖူးဖူး။ ဘယ်ရောက်နေပါလိမ့်။

"ဖူးဖူး ... မိဖူး ... မိဖူး ဘယ်မှာလဲ"

ဖူးဖူးအခန်းတံခါးကိုလည်း သူ တဒုံးဒုံးခေါက်မိ၏။ အထဲမှ ဘာသံမှ မကြားရ။

"ဟဲ့သား တံခွန် ... မင်းသူငယ်ချင်းကို ရှာနေတာလား"

အနောက်မှ ရုတ်တရက်ပေါ်လာသော အန်တီသီဂို့အသံကြောင့် သူ ကုန်းကုန်းကွကွနှင့် လိုက်ရှာနေရာမှ အမြန်ကိုယ်ရှိန်ပြန်သပ်လိုက်ရသည်။

"ဟုတ် ... အဟဲ ... ဟုတ်ကဲ့ ... မိဖူး ဘယ်သွားလဲ မသိဘူးနော် အန်တီ"

"ဟဲ့ သား မသိဘူးလား ... သူ မန္တလေးသွားတယ်လေ"

"ခင်ဗျား ... မန္တလေးသွားတယ် ဟုတ်လား"

တံခွန် တအံ့တသြ ဖြစ်သွားမိသည်။

မိဖူးတို့ ဆွေမျိုးတွေ မန္တလေးမှာရှိတယ် ... လို့ သူ တစ်ခါမှ မကြားဖူးခဲ့။

"အေး ... မန္တလေးသွားတယ် သားရဲ့"





"မန္တလေးမှာ ဘယ်သူရှိလို့လဲဟင်"

တံခွန် မစပ်စုစဖူး စပ်စုမိချေပြီ။

"ရှိပါဘူးကွယ်၊ သူ့သူငယ်ချင်းနဲ့ အလည်လိုက်သွားတာ"

"ဘယ် ... ဘယ်သူငယ်ချင်းလဲဟင် အန်တီ"

လျှာခလုတ်တိုက်မတတ် မေးမိပြန်ချေသည်။

"သင်တန်းကပဲကွယ့် ... နေပါဦး နာမည်လေးက ကဗျာဆန်ဆန်လေးပါ၊ ဟို ... ပန်းနုသွေးခြယ်ဆိုလား"

"ဟင် ... သွေးသွေးတို့နဲ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ အန်တီက မထည့်ချင်ပါဘူး၊ သိတဲ့အတိုင်း မင်းသူငယ်ချင်းက တစ်ဖွတ်ထိုး၊ ဟိုမိန်းကလေးကလည်း အတင်းပူဆာတော့ အားနာပြီး ထည့်လိုက်မိတာ"

"ဟင်း"

သက်ပြင်းနှင့်အတူ ရင်တစ်ခုလုံး ဖြောင်းဆန်သွားမိသည်။

ဖူးဖူးရယ် ... နင် ဘာတွေလုပ်နေတာလဲ။

ဘာဖြစ်လို့ လိုက်သွားရတာလဲ။

"ကျွတ်"

သူ စိတ်ပျက်လက်ပျက် စုတ်သပ်လိုက်မိပြန်သည်။

"ဘာဖြစ်လို့လဲ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သွေးသွေးမှာ အစ်ကိုသုံးယောက်တောင်"

သူ့လေသံမှာ စိတ်မချသော, ဝန်တိုသော အရိပ်အယောင်များ သိသာထင်ရှားသွားမှာ သေချာပါသည်။

"ဩော် ... ဘာများလဲလို့ သားရယ်၊ သူတို့ကြည့်ရတာ မိကောင်းဖခင် သားသမီးတွေပုံစံပါ၊ ပြီးတော့ မင်းသူငယ်ချင်း အကြောင်းလည်း သိရဲ့သားနဲ့၊

မိဖူးဖူးက ဆတ်ဆတ်ထိမခံဟာ၊ သူ့ကိုကြိုက်ရဲမယ့်သူ မရှိဘူး၊ ပြီးတော့ ဘွိုင် ဘွိုင်းဟာကို"

ဟင့်အင်း ... ဟင့်အင်း အန်တီ မသိပါဘူးဗျာ။

မိဖူးဟာ ယောက်ျားကလေးလိုသာ ဝတ်စားနေထိုင်တာ သူ့ကိုယ်သူ မိန်းကလေးဆိုတဲ့ အသိစိတ်ဓာတ် အပြည့်အဝရှိတယ်။

ဟိုးခရီးအဝေးကြီးမှာ ...

မိဖူးကို ယောက်ျားကလေးသုံးယောက်နဲ့အတူ ကျွန်တော် ဘယ်လိုလုပ် စိတ်ချလို့ ရနိုင်မှာလဲ။

မိဖူးရယ် ...





နင် ဘယ်လောက်တောင် ငါ့ကို မုန်းတီးသွားလို့ ဟိုးအဝေးကြီးကို ထွက်ပြေးရတာလဲဟာ။

ငါ့မျက်နှာကို မမြင်ချင် မတွေ့ချင်တော့လောက်အောင်ပဲ နင် ငါ့ကို သိပ်မုန်းနေလား။

ဆွေးနင့်သောစကားလုံးများစွာနှင့်အတူ ရင်တစ်ခုလုံး ကျွမ်းလောင်နေသည်။

ကားပေါ်မှာ တစ်မှေးမှ အိပ်မပျော်။

တရိပ်ရိပ်ပြေးကာ ကျန်ခဲ့သော သစ်ပင်တွေကိုသာ ညအမှောင်ထဲမှာကြည့်ရင်း မျက်လုံးတို့ ကြောင်နေမိသည်။

စိတ်က မိဖူးကို တွေ့ချင်စိတ်သာ စောနေမိသည်။

မိဖူးရယ် ...

ငါ နင်နဲ့ ဝေးဝေးမှာ နေလို့မဖြစ်ဘူး။ နင်မရှိရင် ငါ မနေတတ်ဘူး။ နင် ဘယ်လောက်လုံအောင် ပုန်းနိုင်မလဲ။

တွေ့ချင်တဲ့ငါက မတွေ့ တွေ့အောင် ရှာရတော့မှာပေါ့။

ရင့်ကျူးမိသော နှလုံးသားက သက်ပြင်းများနှင့် မောလျှ၍နေသည်။

နင့်ကြောင့် ငါ ရူးရတော့မယ် သိရဲ့လား မိဖူးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာ အထုပ်အပိုးထားခဲ့ပြီးတာနှင့် လိပ်စာစာရွက်ကိုကိုင်ကာ မျက်စိသူငယ် နားသူငယ်နှင့် ထွက်လာခဲ့မိသည်။

တစ်ခါမှ မရောက်ဘူးသော နယ်မြေဒေသစိမ်းမို့ သူ့မှာ ဟိုလူ့မေးလိုက်၊ ဒီလူ့မေးလိုက်။

ခြံဝန်းကျယ်ကျယ်တစ်ခုရှေ့ရောက်တော့ လက်ထဲက လိပ်စာစာရွက်နှင့် အိမ်နံပတ်ချင်း တိုက်မိသည်။

"အင်း ... ဒီအိမ်ပဲ ဖြစ်မယ်ထင်ပါရဲ့"

သူ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလိုက်တာ အိမ်ထဲကို လှမ်းချောင်းကြည့်လိုက်မိသည်။

ရင်ထဲ၌ ခုန်လွှန်းနေသည်။

မိဖူး ...

ငါတော့ တစ်ခါမှ မရောက်ဘူးတဲ့နေရာကို နင်ရှိတယ်ဆိုတဲ့အသိနဲ့ ရောက်လာခဲ့ပြီ။

နင် ဘယ်မှာလဲ မိဖူးရယ်။

မိဖူးရဲ့အရိပ်အယောင်ကို ရှာဖွေရင်း သွေးသွေးရဲ့အစ်ကို သုံးယောက်ရဲ့ရန်ကိုလည်း သူ့မှာ တထိတ်ထိတ်နဲ့ လန့်နေမိသည်။



## အခန်း (၁၈)

"အံ့ မယ်လေး နေလို့ထိုင်လို့ တယ်ကောင်းပါလား ... နော် ဖူးဖူး၊ လွတ်လပ်ခြင်းဆိုတာ ဘယ်လောက်သာယာချိုမြိန်လိုက်တဲ့ လောကတရားလဲ"

သွေးသွေးလက်နှစ်ဖက်ကို အားရပါးရဆန့်ရင်း ပြောသည်။

ဖူးဖူး မျက်လုံးလေးပင့်ပြလိုက်ရင်း ပြုံး၍သာ နေမိသည်။

ဖူးဖူးတို့အတွက်ကတော့ ဒီလိုနေရတာ ဘာမှမထူးဆန်း။

ကိုယ့်ကို မျက်စိဒေါက်ထောက်ကြည့်မယ့်သူ မရှိ။

ကိုယ့်ကိုယ်ကိုယ် ပိုင်ကာ ကိုယ့်သဘောကိုယ် ဆောင်ပိုင်ခွင့်ရှိသည်။

သွားချင်တဲ့နေရာ သွားပိုင်ခွင့်ရှိသည်။ ပေါင်းချင်တဲ့သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းပိုင်ခွင့်ရှိသည်။

ချုပ်ချယ်မည့်သူ မရှိ။ အမိန့်ပေး ကန့်သတ်မည့်သူ မရှိ။

တစ်ခါတလေကျတော့ စဉ်းစားမိလျှင် သွေးသွေးဘဝကို ဖူးဖူး သနားစာနာမိပါသည်။

သူ့ခမျာ ဖူးဖူးတစ်ယောက်တည်း အပေါင်းအသင်းရှိတာမို့ အစစ အရာရာ အားကိုးပြီး အရမ်းကို ခင်တွယ်ရှာတာ။

ပြီးတော့ ...

ဘာပြောပြောလည်း ယုံကြည်တတ်သေးတာ။

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနဲ့ ခင်တွယ်မှုကို အခွင့်အရေးယူ အသုံးချပြီး မတရားလုပ်မိပြီလား ...လို့တောင် ဖူးဖူး တွေးမိသည်။

ဟင့်အင်း ...

အချစ်နှင့်စစ်မှာ မတရားတာ မရှိဘူးတဲ့။

ဖူးဖူး ကိုယ့်စိတ်ကို ပြန်ပြောင်းလဲပစ်လိုက်မိပြန်သည်။

သွေးသွေးကတော့ ဖူးဖူးရဲ့စိတ်အပြောင်းအလဲကို ဘာမှ မသိရှာ။

အစ်ကိုတွေရဲ့ဒေါက်ထောက်ထားတဲ့ မျက်စိစူးစူးတွေရဲ့ အောက်က ခဏလွတ်မြောက်ခွင့်ရနေတာမို့ ခုန်ဆွ ခုန်ဆွနှင့် ပျော်နေမိသည်။





“ဖူး ... ခြံထဲဆင်းရအောင်”

“ဘာလုပ်မှာလဲ”

“ပန်းတွေ လျှောက်ကြည့်ရအောင်”

“ပန်းများ အထူးတလည် ကြည့်ရမယ်လို့”

ဖူးဖူး စိတ်မဝင်စားဟန်ပြသည်။

“ဟော့ ... ဘယ်လို မိန်းကလေးလဲကွ၊ ပန်းကို စိတ်မဝင်စားဘူးလို့”

သွေးသွေး စ,သည်။ ဖူးဖူး ပခုံးသာ တွန့်ပြသည်။

“လာပါကွာ ... ပန်းခြံထဲမှာ သွားက,ရအောင်”

သွေးသွေးက ရှိတ်ဆွဲရင်း စည်းရုံးသည်။

“အေး ... အဲ့လိုဆိုရင်တော့ နည်းနည်းစိတ်ဝင်စားလာပြီ ... ဆင်းနှင့်ကွာ၊ ကိုယ် အအေးနဲ့မုန့်လေး ဘာလေး သယ်လာခဲ့မယ်”

“good idea”

သွေးသွေး သမင်ပျိုမလေးတစ်ယောက်လို ပန်းခြံထဲ ပြေးဆင်းသည်။

“မင်းသမီး

“ဟော့ ... ရှုတ်ရှုတ်”

သီချင်းအော်ဆိုပြီး ခြံထဲ ခုန်ပေါက်ဆင်းချသွားသည့် သွေးသွေးတစ်ယောက် ခေါ်သံသဲ့သဲ့ကြောင့် သီချင်းတစ်ပိုင်းတစ်စ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခြေလှမ်းတန့်သွားမိသည်။

♫ မင်းသမီးလည်း ဖြစ်ချင်
မင်းသမီးလည်း ဖြစ်ချင်
သီချင်းလေး တို့ ဆိုချင်တာ
ပိုးလေးရှိလို့ အခန်းတံခါးပိတ်ကာ
ငါတစ်ယောက်တည်း ကျင့်နေတာ ♫

သီချင်းအော်ဆိုပြီး ခြံထဲခုန်ပေါက်ဆင်းချသွားမိသည့် သွေးသွေးတစ်ယောက် ခေါ်သံသဲ့သဲ့ကြောင့် သီချင်းတစ်ပိုင်းတစ်စ နှင့် ခြေလှမ်း တန့်သွားမိသည်။

ပြီးတော့ ...

ကိုယ့်ပုံစံကို လူမြင်သွားပြီမို့ ရှက်လည်း ရှက်သွားရသည်။

"သွေးသွေး"

"အံမယ်လေး"

ကိုယ့်နာမည်ကို ခေါ်သံကိုပါ ကြားလိုက်ရတော့ သွေးသွေး လန့်ဖျပ်သွားမိသည်။

ဒီနေရာမှာ ကိုယ့်ကို သိသူတစ်ယောက်မှမရှိ။

သွေးသွေး ကြောင်ပြီး ကြည့်နေမိခိုက် ထိုလူက ငိုက်ဆောင်းထားသော ဦးထုပ်ကို ဆွဲချွတ်လိုက်သည်။





"ဟယ်"

တအံ့တသြ အာမေဋိတ်သံနှင့်အတူ သွေးသွေး မျက်လုံးကလေးတွေ ဝိုင်းသွားရသည်။

"တံခွန်"

ကြည့်စမ်း ... သူ ဒီထိတောင် လိုက်လာခဲ့သတဲ့။

"သွေးသွေး ဒီမှာရှိတာ ဘယ်လိုသိလဲ"

တအံ့တသြ မေးလိုက်မိပြန်သည်။

အို ...

ဖူးဖူးပြောတာ မှန်နေပါလား။ လူဆိုတာ ခက်ခဲလေ ပိုပြီး လိုချင်လေတဲ့။

ဒါကြောင့် ... သူ ဒီအထိ လိုက်လာခဲ့တာပေါ့။

"ဖူးဖူးအိမ်ကိုမေးပြီး လိုက်လာခဲ့တာ"

"ဟုတ်လား"

သွေးသွေး ဘာဆက်ပြီး ပြောရမလဲမသိ။ ရင်ထဲ၌တော့ တလှပ်လှပ်ခုန်၍နေမိသည်။

ညိုးနွမ်းနေသော သူ့မျက်နှာကို ကြာကြာမကြည့်ရဲ၊ သနား၍တော့ နေမိသည်။

သူ ကြည့်ရတာ ခရီးပန်းလာသည့်ပုံရသည်။ နားပင် နားရသေးဟန်မတူ။

"သွေးသွေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့ဆီမှ ခေါ်သံတိုးတိုး ထွက်လာပြန်သည်။ သူ့မျက်ဝန်းတွေက တစ်စုံတစ်ယောက်ကို ရှာဖွေနေသလို။

သူ အိမ်ထဲဘက်ဆီ လိုက်ကြည့်ရင်း ...

"ဖူးဖူးရောဟင် ဖူးဖူးရှိလား"

"ဟင်"

သူ့မေးပုံမှာ အမောတကော၊ အလောတကြီးနိုင်လွန်းလှသည်။

"ဖူးဖူးကို ခေါ်ပေးပါလားဟင်၊ ကျွန်တော် ဖူးဖူးနဲ့ တွေ့ချင်လို့"

သွေးသွေး ကြောင်အမ်းစွာ သူ့ကိုငေးကြည့်မိရင်း ရင်ထဲ၌ မေးခွန်းများစွာ ဆူပွက်သွားမိသည်။

အို ... သွေးသွေးကို တွေ့ချင်လို့ လိုက်လာခဲ့တာ မဟုတ်ဘူးလား။

သူ ဒီအထိ လိုက်လာခဲ့တာ ဖူးဖူးနဲ့ တွေ့ဖို့လား။

ဘာတွေလဲ ...

ဘယ်လိုတွေလဲ ...

သွေးသွေး နားမလည်နိုင်ဆဲမှာပင် ...

"ဖူးဖူးရောဟင် ဖူးဖူးရော"

သူ တစာစာမေးရင်း စေ့ရှဲသာစေ့ထားသော ခြံတံခါးကို





တွန်းဖွင့်လျက် ဝင်လာခဲ့လေလျှင် ...

ဟင်!

ကြည့်စမ်း ...

သင်းက ဒီထိအောင် လိုက်လာခဲ့သတဲ့လား။

ရင်ထဲ၌ ကျင်ခနဲဖြစ်သွားမိသည်။ ကိုယ့်ကိုကျတော့ ရက်ရက်စက်စက် ပြောထွက်ရက်သူ။

အမြတ်တနိုး ကိုးကွယ်သင့်သော ချစ်ခြင်းဖွဲ့စကားကို ရယ်ဖွဲ့ဖွဲ့ အရှုးလုပ်ရက်သူ။

သွေးသွေးကိုကျတော့ ...

ဒီထိအောင် ဝေးလံလှသောခရီးကို လိုက်လာခဲ့တာပါ။

မုန်းတီးခါးသီးစိတ်က ရင်တစ်လျှောက် ရှန်းကြွတွန်းထိုးတက်လာခဲ့သည့်အဆုံး။

"ကိုကြီးတို့ ကိုလေးတို့ရေ ... ဒီမှာ တံခွန် လိုက်လာတယ်ဗျို့၊ သွေးသွေးဆီ တံခွန်လိုက်လာတယ်ဗျို့"

ကျယ်လောင်စွာ ဟစ်အော်သံ။

အထိတ်တလန့် ဖြူရော်သွားသော မျက်နှာကလေးနှစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲ ... ဘယ်မှာလဲ"

"အတင့်ရဲလိုက်တဲ့ကောင် ... ဘယ်မှာလဲ"

မိုးခြိမ်းသံလို ဒေါသတကြီး ရန်လိုသံများ။

"ဟဲဟဲ ... ဘာဖြစ်ကြတာလဲ"

"ဒေါ်ကြီးရေ အစ်ကိုတွေကို ဆွဲပါဦး"

"လွှတ်ပေးလိုက်စမ်းပါ၊ သွေးသွေးရဲ့ ဒါမှ ဒီကောင် မှတ်သွားအောင်"

"ဟုတ်တယ်၊ ဒီကောင့်ကို မှတ်လောက်သားလောက် အောင် ဆုံးမရမယ်"

"ဒီထိအောင် လိုက်လာရဲတာ၊ ငါတို့ကို သောက်ဂရု မစိုက်ဘူးဆိုတဲ့အချိုး ချိုးလိုက်တာပဲ"

"မဟုတ်ဘူး၊ ကျွန်တော် ရှင်းပြ"

"ဟော့ကောင် ... မင်း ပါးစပ်ကို ပိတ်ထားစမ်း"

"ကြာတယ်ကွာ ... ဖွဲ့ပစ်"

"ဟဲ့ နေကြစမ်း ... ငါ လူကြီးတစ်ယောက်လုံး ရှိနေ တာ ငါ ပြောပါရစေဦး"

"ခြံထဲတောင် ရောက်နေပြီ"

"ဒါ ပိုင်နက်ကျူးလွန်မှုပဲ"

"အေး ... ရဲစခန်းကို အကြောင်းကြား"

"အို"





သွေးသွေးဆီမှ သောက ကရုဏာသံ။

တံခွန် အံကိုတင်းတင်းကြိတ်လျက် ခေါင်းငုံ့ထားမိသည်။

ဖူးဖူးကတော့ ...

တစ်လောကလုံးနှင့် ဘာမှမသက်ဆိုင်သလို။

လက်ကလေးပိုက်ကြည့်ကာ ... ပီကေအဝါးမပျက်။

ဘယ့်နှယ်လဲ တံခွန် ... ရှုံးနိမ့်ရခြင်း၊ အစော်ကားခံရ ခြင်း၊ သိက္ခာတရားကို ထိခိုက်ခံရခြင်း ... တွေရဲ့ အရသာဟာ ချိုမြိန်ရဲ့လား။

မှတ်ထားလိုက် ...

နင့်အချစ်ကို ငါ မရဘူးဆိုရင် ငါမဟုတ်တဲ့ တခြား ဘယ်သူမှမရစေရဘူး။

အဲ့ဒါ ...

ငါ့ရဲ့ကျိန်စာပဲ။

ငါ့နှလုံးသားကို ရက်ရက်စက်စက် နင်းခြေခဲ့တဲ့ နင့်ရဲ့ လုပ်ရပ်အတွက် ထိုက်တန်တဲ့ အကျိုးသက်ရောက်မှုပဲ။

ရက်စက်လိုက်တာ မိဖူးရယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ...

နင့်အပေါ်ထားတဲ့ ငါ့ရဲ့တွယ်တာမှုတွေ အချုပ်ခန်းဆီ ရောက်ဖို့လား။

ငါ ... နင့်ကိုတွေ့ချင်လွန်းလို့ တနယ်တကျေးကို တစ်ယောက်တည်း လိုက်လာခဲ့တာ။

နင် ... ငါ့အပေါ် ဒီလောက်ထိ အငြိုးအတေးကြီးလိမ့်မယ်လို့ ငါ မထင်မှတ်ခဲ့ဘူး မိဖူး။

ငါ့ရဲ့ ညှံ့ဖျင်းလွဲမှားစွာသော လုပ်ရပ်တွေအပေါ် နင့်ရဲ့ တုံ့ပြန်မှုက ဒီလောက်ထိ ပြင်းထန်လွန်းလိမ့်မယ်လို့ ငါ မယုံကြည်နိုင်လောက်အောင်ပါပဲ မိဖူးရယ်။

"ရက်စက်လိုက်တာ"

ရင်ထဲမှာ တဖွဖွပြောနေမိသည်။

နင် ... ငါ့ကို သိပ်မုန်းတီးသွားတယ်ဆိုရင်တောင်မှ ကျွမ်းခဲ့ဖူးတဲ့ ငယ်ငယ်ကတည်းက သံယောဇဉ်တွေကိုတော့ ငဲ့ညှာသတိရသင့်ပါတယ် မိဖူးရယ်။

နင် ငါ့ကို တကယ်ပဲ မုန်းသွားခဲ့ပြီလား။ သိပ်ကို မုန်းသွားခဲ့ပြီလား။

ငါ့ရဲ့အဖြစ်ဟာ နင့်အမုန်းကို ခံယူရလောက်အောင် ထိုက်တန်ခဲ့သတဲ့လား။

ဟင့်အင်း ...





မမုန်းပါနဲ့ ... မမုန်းလိုက်ပါနဲ့ မိဖူးရယ်။

နင့်အမုန်းကို ခံယူနိုင်တဲ့ ခွန်အား ငါ့ဆီမှာ မရှိလို့ပါ။

တစ်ကိုယ်တည်း ခါးခါးသီးသီး ငြင်းဆန်နေမိသည်။

ခရီးပန်းစွာ အိပ်ရေးပျက်ခဲ့သည့် ခေါင်းက ချာချာလည်အောင် မူးရီဝေနောက်၍နေသည်။

ဝမ်းထဲ၌လည်း ဟာ၍နေသည်။

ဗိုက်ထဲ၌ မည်သည့် အစာမျှမရှိ။

ဆာလောင်မွတ်သိပ်ခြင်းဝေဒနာက ခန္ဓာကိုယ်တစ်ခုလုံးကို ဝါးမျိုနေသလို။

ကူညီမယ့်သူမရှိ။

ရင်းနှီးသိကျွမ်းသူ မရှိ။

မျက်နှာစိမ်းဒေသမှာ သူ့ကို ထမင်းတစ်လုပ် ရေတစ်မှုတ် ကမ်းမည့်သူ မရှိပြီ။

"ဟော့လူ"

နောက်ကျောမှ ခေါ်သံ ထွက်ပေးလာသည်။

သူ မသိလိုက်ဘာသာ နေမိဆဲ။

"ဂျာကင်နဲ့လူ ခင်ဗျာကို ခေါ်နေတာ"

ဂျာကင်နဲ့လူ။

ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိသည်။ သူ့ကို ခေါ်နေတာများလား။ သူ ဂျာကင်ဝတ်ထားသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ခေါ်တာလား"

လှည့်ကြည့်ပြီး မေးမိတော့ ရယ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။

"ဒီအခန်းထဲမှာ ဂျာကင်ဝတ်ထားတာဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ရှိတာပဲ"

ပတ်ဝန်းကျင်ကို သတိမပြုမိနိုင်လောက်အောင် သူ့စိတ်တွေ ညည်းညူထွေပြားနေခဲ့ပါလား။

"ဘာလဲ"

သူ ခပ်ဆတ်ဆတ် ပြန်မေးလိုက်မိသည်။

နယ်မြေစိမ်းမှာ ကိုယ့်ကို အချဉ်လာဖမ်းချင်သူတွေကို ကြိုကာထားမှ ဖြစ်မည်ဟု စဉ်းစားမိသည်။

"ဘာအမှုနဲ့ ရောက်လာတာလဲ"

မေးပုံက ရည်ရည်မွန်မွန်ပင်။

လူသစ်မို့ သူ့ကို စိတ်ဝင်စားသည်လားမသိ။

ယောက်ျားတွေလည်း စပ်စုတတ်တာပဲလား ...ဟု တွေးမိသော်လည်း အေးအေးဆေးဆေးပဲ သူ ပြန်ဖြေလိုက်ပါသည်။

"ပိုင်နက်ကျူးလွန်မှု"

ထိုလူ ပခုံးတွန့်ပါသည်။

"ခင်ဗျား ဒီကတော့ မဟုတ်ဘူးမှတ်လား"





"ရန်ကုန်က"

သူ ခပ်တိုတိုပြတ်ပြတ်ပဲ ပြန်ဖြေနေမိပါသည်။

ခုချိန်မှာ ဘယ်သူတစ်ယောက်နှင့်မှ သူ စကားမပြောချင်။

"ရန်ကုန်က ဟုတ်လား"

ထိုလူ မျက်ခုံးများ ပင့်သွားပါသည်။

"ဘယ်လိုဖြစ်ရတာလဲ"

သူ ကျွတ်ခနဲ စုတ်သပ်လိုက်မိတော့သည်။

အတော် စပ်စုသည့်လူ။ အတော် အမေးအမြန်ထူသည့်လူ။

"ကျွန်တော့်သူငယ်ချင်းကို လာတွေ့တာဗျာ၊ အဲ့ဒါ သူ့အစ်ကိုတွေက သောက်မြင်ကတ်ပုဒ်မနဲ့ ဒီထဲ ပို့လိုက်တာပဲ၊ ကဲ ... ဘာသိချင်သေးလဲ"

သူ စိတ်မရှည်စွာ ဘုပစ်လိုက်မိတော့သည်။

"ခင်ဗျားသူငယ်ချင်းက ကောင်းမလေးလား"

သူ ခေါင်းခပ်သွက်သွက် ညိတ်ပြလိုက်မိသည်။

ထိုလူပြုံးလိုက်တာ သူ မျက်လုံးထောင့်မှ မြင်လိုက်ရပါသည်။

"အဟဲ ... ကေန္တ စိတ်ကောက်နေတာပဲ ဖြစ်မယ်"

"စိတ်ကောက်တာလား၊ စိတ်ဖြောင့်တာလားတော့ မသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒီထဲ ပို့လိုက်တာသာကြည့်တော့''

''ခင်ဗျား သူငယ်ချင်း ကောင်မလေးကိုယ်တိုင်ကလား''

''သူကတော့ ဒီလောက်နဲ့ ကျေနပ်ချင်သေးပုံမပေါ်ဘူး ဖြစ်နိုင်ရင် ကြိုးစင်ပေါ်တက်စေချင်နေတဲ့ပုံပဲ''

''ဗျာ ... အဲ့လောက်တောင်''

''ဟုတ်တယ်''

ထိုလူ နောက်ထပ် ဘာမှမမေးတော့ဘဲ သူ့မျက်နှာကို ကြာမြင့်စွာ စိုက်ကြည့်သည်။

သူလည်း စိတ်ညစ်စွာ ခြေပစ်လက်ပစ်ထိုင်နေမိသည်။ အတော်ကလေးကြာတော့မှ ...

''မိန်းမတွေရဲ့စိတ်ဟာ သိပ်ကြောက်ဖို့ကောင်းတယ်ဗျ''

''ဘာ ... ဘာ ... ဘယ်လို''

ဒီတစ်ခါတော့ ထိုလူရဲ့စကားကို သူ စိတ်ဝင်စားသွားမိသည်။

''အစွန်းရောက်လွန်းတယ်''

''ဟို ... ဟို ကျွန်တော် နားလည်အောင် သေချာရှင်းပြပါလား''

''အရမ်းချစ်ရင်လည်း သူတို့ပဲ၊ အရမ်းမုန်းရင်လည်း သူတို့ပဲ၊ နောက်ပြီး ... အစွန်းတစ်ဖက်ကနေ အစွန်းတစ်ဖက်ကို လည်း ပြောင်းလဲတတ်တယ်''





''ဘယ်လို''

''အရမ်းချစ်ပြီးမှ သူတို့ နာကြည်းမိရင် အရမ်းမုန်းသွားတတ်တယ်၊ သူတို့စိတ်ဟာ သိပ်ကြောက်စရာကောင်းတယ်''

''အငြိုးအတေးကြီးတယ်၊ ပြင်းပြင်းထန်ထန်ကလဲ့စားချေတတ်တယ်၊ သူတို့ကို နာအောင် မလုပ်မိစေနဲ့''

''ဒါ ... ဒါဆို ကျွန်တော့်ကို သူ စိတ်နာသွားလို့ပေါ့နော်''

''သေချာတာပေါ့၊ သူ စိတ်နာအောင် ခင်ဗျား ဘာလုပ်ခဲ့လည်းမှ မသိတာ''

''ဟိုလေ ... ပေရယ်လ်ဖူးလ်နေ့က ကျွန်တော် သူ့ကို ရည်းစားစကားပြောတမ်း နောက်လိုက်မိတယ်၊ အဲ့ဒါကို သူ စိတ်ဆိုးသွားတာ၊ ဘယ်လိုမှ တောင်းပန်လို့မရတော့ဘူး၊ အတွေ့ ကိုမခံတော့ဘူး၊ ခါးခါးသီးသီးဖြစ်သွားတာ၊ ဒီကိုထွက်လာတဲ့အထိပဲ''

''ဟာဗျာ ... ခင်ဗျား တော်တော်ဆိုးတဲ့လူပဲ၊ ရည်းစားစကား နောက်တမ်း ဘယ်မိန်းကလေးကိုမှ မလုပ်သင့်ဘူးဗျ၊ အဲ့ဒါ သူတို့အတွက် စိတ်နာစရာအကောင်းဆုံးလုပ်ရပ်ပဲ''

''ဗျာ''

''ဒါပေမဲ့ ... သူ ခင်ဗျားကို ခါးခါးသီးသီးဖြစ်နေတာကပဲ တစ်ချိန်ကျရင် ခင်ဗျားအတွက် ကံကောင်းဖို့ ဖြစ်လာနိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဟာဗျာ''

လောလောဆယ် အချုပ်ထဲရောက်နေတဲ့လူတစ်ယောက်အတွက် ဘာများကံကောင်းနိုင်စေသေးသလဲ။

''ခင်ဗျားကရော ... ဒီထဲ ဘာကိစ္စနဲ့ ရောက်လာတာလဲ''

''ဟဲဟဲ ... ညက မူးသွားလို့လေ''

ထိုလူ ရယ်ကျဲကျဲနှင့် ပြန်ဖြေပါသည်။

''ကျွန်တော့်ကို ဒီထဲ ဘယ်သူပို့လိုက်တာလဲ သိချင်သေးလား''

''ဘယ်သူလဲ''

သူ မေးဆတ်ပြပြီး ပြန်မေးလိုက်မိပါသည်။

''ကျွန်တော့်မိန်းမလေ''

ထိုစကားကို ထိုလူ အရယ်အပြုံးမပျက် ပြန်ပြောနိုင်တာကို သူ အံ့သြမိပါသည်။

''ခင်ဗျားမိန်းမက တော်တော်ရက်စက်တာပဲဗျာ''

သူ့မှတ်ချက်စကားကို ထိုလူ ရယ်မောပါသည်။

''ကျွန်တော်ကလည်း မူးရင် နည်းနည်းရမ်းတတ်တယ်ဗျ''

''ဘာပဲဖြစ်ဖြစ် ဒီထဲထိပို့တာကတော့ ခင်ဗျားမိန်းမက





ရက်စက်လွန်းတယ်ဗျာ''

''ကိစ္စမရှိပါဘူး''

''ဘာဖြစ်လို့လဲ''

''မကြာခင် သူပဲ ကျွန်တော့်ကို ပြန်လာထုတ်မှာလေ''

''ဗျာ''

သူ တအံ့တသြ ဖြစ်သွားမိသည်။

ထိုလူ ရယ်နေဆဲ။

ဆံပင်တွေကို ထိုးဖွလျက် ... သူ ခေါင်းယမ်းလိုက်မိတော့သည်။

ဘာတွေလဲဗျာ ...

မိန်းမတွေရဲ့စိတ်ဟာ သိနားလည်ရခက်လှချေလား။

ဒါကြောင့်လည်း ...

မိန်းမတွေရဲ့သဘောဟာ မြစ်တွေလို ကွေ့ကောက်တယ်လို့ စာထဲပါတာ။

''တံခွန်''

''ခင်ဗျာ''

တာဝန်ကျရဲတစ်ယောက်ခေါ်သံကြောင့် သူ ချက်ချင်းခေါင်းထောင်ထ,လိုက်မိသည်။

''ပြန်လို့ရပြီ ထွက်မယ်''

တာဝန်ကျရဲ တံခါးလာဖွင့်ပေးသည်။ ရင်ထဲ၌ ပျော်ရွှင်မှု



www.burmeseclassic.com

www.burmeseclassic.com



က အတိုင်းမသိ။

ဝမ်းသာအားရဖြင့် အခန်းပြင်ထွက်လိုက်မိသည်။

"ဟို . . . ကျွန်တော့်ကို ဘယ်သူများ လာထုတ်ပေးတာလဲ"

"ကောင်မလေးနှစ်ယောက်ပဲ"

"နာမည်လေး"

"အပြင်ရောက်မှပဲ ကိုယ့်ဘာသာ မေးကြည့်ပေတော့"

သူ အံ့ဩနေမိဆဲ။

"ဟေ့လူ . . . ကိုတံခွန်"

အထဲမှ လူရဲ့အော်သံကြောင့် သူပြန်လှည့်ကြည့်လိုက်မိသည်။

"wedding ကျရင် ကျွန်တော့်ကိုလည်း ဖိတ်နော်၊ ကျွန်တော့်နာမည် သက်နိုင်ဗျ . . . မှတ်သွားဦး"

"သွားပြီဗျာ ကိုသက်နိုင်"

ကိုသက်နိုင်ကို နှုတ်ဆက်လျက် ပေါ့ပါးသောခြေလှမ်းများဖြင့် သူ ထွက်လာခဲ့မိသည်။

သူ့ကို အာမခံနဲ့ ထုတ်သွားခဲ့တာ ဘယ်သူတွေလဲ။

သိချင်စိတ်, တွေ့ချင်စိတ်နဲ့ သွက်လက်မြန်ဆန်တဲ့ ခြေလှမ်းတွေနဲ့ သူ လျှောက်ခဲ့မိပေမယ့် . . .

"ဟူး"





အနားက ကပ်ပြီး ဖြတ်မောင်းသွားတဲ့ကားတစ်စီး။

အမှတ်တမဲ့ သူ လှည့်ကြည့်လိုက်မိစဉ် . . . ကရုဏာမျက်ဝန်းတွေနဲ့ ကြည့်သွားတဲ့ မျက်ဝန်းတစ်ခု။

သို့သော် . . .

နောက်ထပ် မျက်နှာတစ်ခုကတော့ တင်းမာအေးခဲလွန်းစွာ။

"ဖူးဖူး . . . မိဖူး . . . မိဖူး"

သူ အသံကုန် အော်ခေါ်လိုက်မိပါလျက် မိဖူး လုံးဝလှည့်မကြည့်။

ကြားရဲ့နဲ့ မကြားချင်ဟန်ဆောင်သွားတာ သေချာပါသည်။

ပတ်ဝန်းကျင်က လူတွေက အရူးတစ်ယောက်ကို ကြည့်သလို ပြုံးစိစိနှင့် ဝိုင်းကြည့်တာ ခံလိုက်ရသည်။

မိဖူးရယ် . . . နင် ပြောင်းလဲသွားလိုက်တာ။

နင့်နှလုံးသား ဒီလောက်တောင် အေးစက်မာကျောနိုင်သတဲ့လား။

ငါနဲ့ပတ်သက်ပြီး နင့်မှာ ဘာခံစားချက်မှ မရှိတော့ဘူးလားဟာ။ အမုန်းက လွဲပြီးတော့လေ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"အခ် ကိုတွေကို အံယုံသွင်းတာ . . . ဆိုတဲ့ ဖူးစကားကို တို့ မယုံချင်တော့ဘူး ဖူး"

သွေးသွေး ခပ်စူးစူးကြည့်ပြီး ပြောသည်။

ရင်ထဲက အငြိုးအတေးတွေကို သွေးသွေး တွေ့မြင်သွားပြီလား။

"မဟုတ်ဘူး . . . ကိုယ် နောက်လိုက်တာပါ"

အသံမပျက်အောင် သတိထားလျက် ပြန်ပြောသည်။

"ဘုရားရေ . . . နောက်တာ . . . ဟုတ်လား၊ သူငယ်ချင်းချင်းနောက်တာ ရဲစခန်းရောက်အောင်ပဲလား ဖူးဖူးရဲ့"

"ကိုယ် လွန်သွားတယ်"

"ဩော်"

သွေးသွေး ခပ်ရိရိကလေး ရေရွတ်လိုက်သည်။





"လူဆိုတာ ခက်ခဲမှ ပိုပြီးတန်ဖိုးထားတတ်ကြတယ်ဆို၊ မင်းရဲ့စမ်းသပ်ကွင်းက သိပ်ကို ပြောင်မြောက်သွားတာပဲနော်"

သွေးသွေး အခဲမကျေစွာ ဆက်ပြောသည်။

ဖူးဖူး ပြောခဲ့သည့် အကြောင်းအရာအားလုံးကို သွေးသွေး ပြန်ချေပနေမိသည်။

"ဖူးဖူးပြောခဲ့သမျှ တို့ ဘာကိုမှ ယုံကြည်လို့ မရတော့ဘူး"

ဖူးဖူး ထိန်းချုပ်ထားသည့်တိုင် မျက်နှာပျက်သွားမိသည်။

သွေးသွေးအနားမှထ,ကာ ချောင်တစ်နေရာမှာ သွားထိုင်နေမိတော့သည်။

ဖူးဖူး မျက်နှာမကောင်းတော့လည်း သွေးသွေး သက်ပြင်းရှိုက်မိသည်။

စိတ်ထဲမှာ ဖူးဖူးရဲ့အပြုအမူတွေကို မကျေနပ်ပေမယ့် . . . လောလောဆယ် သူက ကိုယ်နဲ့အတူ ပါလာတဲ့ ညည်သည်။

သူစိမ်းတစ်ရံဆံ တစ်နယ်တစ်ကျေးမှာ ကိုယ့်မျက်နှာတစ်ခုတည်း၊ ကိုယ့်ကိုခင်မင်စိတ်တစ်ခုတည်းနဲ့ လိုက်ပါခဲ့တဲ့သူ မဟုတ်လား။

"ဖူး"

သွေးသွေး ဖူးဖူးပခုံးပေါ် လက်ကလေးတင်ကာ ချော့သောလေသံဖြင့် ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးနော်"

"ကိုယ်က တောင်းပန်ရမှာ"

ဖူး မချိပြုံးဖြင့် ပြန်ပြောသည်။

"တို့ သူ့ကို အရမ်းသနားသွားမိလို့ပါ ဖူးဖူးရယ်၊ သူ့ကို တောင်းပန်ချင်သေးတယ်၊ တို့အစ်ကိုတွေလုပ်ရပ်ဟာ သိပ်လွန်သွားတယ်"

"သွေးသွေး ... သူ့ကို အာမခံနဲ့ ပြန်ထုတ်ပေးခဲ့ပြီးပြီပဲ၊ သွေးသွေးအစ်ကိုတွေသိရင် တို့နှစ်ယောက် အသတ်ခံရမှာ"

"သတ်ပေ့စေကွာ သွေး။ သူ့ကို အရမ်းသနားတယ်"

ယုံပါရဲ့။

ကရုဏာမျက်ဝန်းကလေးတွေက ညှိုးဖျော့နွမ်းလျလို့နေသည်လေ။

"ဖူးရော ... ကိုယ့်သူငယ်ချင်းတစ်ယောက်လုံး အချုပ်ထဲရောက်တာ မသနားဘူးလားဟင်၊ မသနားဘူးလား"

သွေးသွေး မေးသံကြားရတော့မှပဲ ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိတော့သည်။

ရင်ထဲက မျက်ရည်မိုးတွေကို ဘယ်သူမြင်နိုင်မှာလဲ။

သို့သော် ...

အမုန်းကလည်း အရာရာကို ဥပေက္ခာပြုနိုင်ပြန်သည်လေ။





"သူ ... ယောက်ျားပဲကွာ၊ လုပ်ရဲရင် ခံရဲရမှာပေါ့"

ကိုယ့်စကားကြောင့် သွေးသွေး ကိုယ့်မျက်နှာကို ဘာအဲ့တသြ ကြည့်၏။

"မမျှတပါဘူးကွာ"

သွေးသွေး ညည်းပြော့ပြောသည်။

ဖူးဖူး ဘာမှပြန်မပြောဖြစ်။

"သူ ... ဒီကိုလိုက်လာတာ အရေးတကြီးပြောစရာရှိပုံပဲ၊ ဖူးကိုပဲ တွေ့တွေ့ချင်း မေးနေတာ"

ကိုယ့်ကို မေးနေခဲ့သတဲ့။

ဘာတွေလဲ ...

သူ သွေးသွေးဆီ လိုက်လာခဲ့တာ မဟုတ်ဘူးလား။

"သွေးသွေးကို သူ ဘာပြောသွားသေးလဲ"

အလောတကြီး မေးမိပြန်သည်။

"ဘာမှ အထွေအထူး မပြောရသေးဘူး"

"သွေးသွေးကို သူ ချစ်တယ်လို့ ပြောမသွားဘူးလား"

"ဟင့်အင်း"

သွေးသွေး မျက်နှာရဲကလေးနှင့် ခေါင်းခါငြင်းဆန်သည်။

ရင်ထဲ၌ တစ်မျိုးသောခံစားချက်ကလေး ခေါင်းထောင်ထ,သည်။

အို ... ဘာဖြစ်သွားရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုတွေကြောင့် အရမ်းစိတ်ညစ်တာပဲ ဖူးဖူးရယ်"

ညည်းညူသံကလေးက အက်ကွဲတုန်ယင်နေသည်။

"သွေး ... သူ့ကို အရမ်းသနားနေမိတယ်၊ သွေး ဘာလုပ်ရမလဲဟင် ဖူး"

မော့ကြည့်လျက် အားကိုးတကြီး မေးနေသောမျက်ဝန်း ကလေးတွေထဲမှာ မျက်ရည်တွေ ပြည့်လျှံခိုတွဲနေသည်။

ရင်ထဲ၌ ဆို့နစ်သွားမိသည်။

တစ်ပါးသူရဲ့ မျက်ရည်စတွေကို လက်ပိုက်ကြည့်မနေနိုင် လောက်အောင်တော့ ပေရယ်လ်ဖူးလ်အသည်းက မမာကျောဘူး လေ။

"သွေးက ဘာလုပ်ချင်လို့လဲ"

ပခုံးတွေကို ဖျစ်ညစ်ဆုပ်ကိုင်ရင်း ခပ်တိုးတိုးလေး မေး လိုက်မိသည်။

"သွေး ... သူ့ကို တွေ့ချင်တယ်"

တုန်ယင်နေသော နှုတ်ခမ်းလှလှကလေးက လေသံဖြင့် တောင်းဆိုသည်။

"သူ ... ထပ်လာရဲတော့မှာမဟုတ်ဘူး၊ သွေး သူ့ကို တောင်းပန်ချင်တယ်၊ စကားတွေလည်း ပြောချင်တယ်"

မျက်လုံးအစုံကို မှိတ်လျက် သက်ပြင်းရှိုက်လိုက်မိသည်။

ထို့နောက် ...





"အိုကေလေ ... ကိုယ် မင်းတို့နှစ်ယောက် ဆုံနိုင် အောင် ကြိုးစားပေးပါ့မယ်"

သက်ပြင်းနှင့် ခဲယဉ်းစွာ ပေးလိုက်ရသော ကတိစကား တစ်ခွန်းရဲ့နောက်မှာ ...

လေးလံလှသော တာဝန်ယူမှုနှင့် အေးခဲမာကျောလှ သော နှလုံးသားတစ်စုံကို ရင်းနှီးမြှုပ်နှံလိုက်ရသည်ကို ဘယ်သူ သိနိုင်မှာလဲ။

အငြိုးအတေး ... တွေ၊

ကလဲ့စားချေလိုမှု ... တွေ၊

အမုန်း ...၊

နာကြည်းချက် ...၊

အသည်းနစ်အောင် နာကျင်မှု၊

အို ... အရာအားလုံးကို ငါ မြှုပ်နှံလိုက်ပါပြီ တံခွန် ရယ်။

ဖြူစင်တဲ့နှလုံးသားနဲ့ တစ်ယောက်အပေါ် တစ်ယောက် ခိုင်ခိုင်မာမာ တွယ်ရစ်ဖွဲ့နှောင်ထားတဲ့ နင်တို့နှစ်ယောက်ရဲ့ချစ် ခြင်းကို ငါ မဖြိုခွဲရက်တော့ပါဘူး။

နင်တို့နှစ်ယောက် လှပငြိမ်းချမ်းစွာ ချစ်သူတွေဖြစ်ခွင့် ရအောင် ငါ အစွမ်းကုန် ကူညီပေးပါ့မယ်။ တကယ်ပါ။

ဒါပေမဲ့ ... တူသောအကျိုးပေးပါစေ ... လို့တော့ ငါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဆုမတောင်းတော့ပါဘူး။

"ကျေးဖူးတင်လိုက်တာ ဖူးရယ်"

အတွေးဖြင့် နစ်မျောဆဲ ...

သွေးသွေး မော့ကြည့်လျက် ကျေးဖူးတင်စကားဆို၏။

မျက်ရည်တွေနှင့် ပြုံးလိုက်သော ဖြူစင်လှသည့် မျက်နှာကလေးကြောင့် ရင်ထဲ အေးမြသွားရသလိုနှင့် ...

နာကျင်မှုက ပိုပြီး သိပ်သည်းလာခဲ့သည်။

နှလုံးသား၌ ခွန်အားတို့ မရှိတော့။

"ဧည့်သည်ရောက်နေတယ် အစ်ကို"

ဟိုတယ်ဝန်ထမ်းကောင်လေးက လာပြောတော့ သူ တအံ့တသြ ဖြစ်သွားမိသည်။

ဒီမြို့မှာ သူ့ဆီလာတွေ့မယ့်ဧည့်သည် မရှိနိုင်ပါ။

"ဘယ်သူများလဲ"

"မသိဘူး အစ်ကို၊ အစ်မလေးတစ်ယောက်ပဲ"

သူ ဇဝေဇဝါဖြင့် ဧည့်ခန်းဆီ အမြန်ထွက်လာခဲ့မိသည်။

သူ ရန်ကုန်ပြန်ဖို့ ပြင်ဆင်နေမိချိန်ကျမှ ဘယ်သူက





လာတွေ့တာပါလိမ့်။

ပြီးတော့ ... ဟောဒီဟိုတယ်မှာ သူတည်းနေတာ ဘယ်သူမှ မသိနိုင်။ သူ ဧည့်ခန်းထဲရောက်လျှင်တော့ ...

လုံးဝမျှော်လင့်မထားသော၊ အရမ်းကိုတွေ့ချင်နေမိသော ... နောက်ပြီး စကားတွေလည်း အများကြီး ပြောချင်နေမိသော ဖူးဖူးကို တွေ့လိုက်ရသည်။

သူ အံ့သြစွာ ကြောင်အမ်းအမ်း မှင်တက်၍နေခဲ့ပြီးမှ ..

"ဟာ ... ဖူး ... မိဖူး ... နင် ... နင် ငါ့ဆီ လာတယ်ဟုတ်လား၊ ဟာ ... ဝမ်းသာလိုက်တာ မိဖူးရာ၊ နင် ... နင် ငါ့ကို စိတ်မဆိုးတော့ဘူးပေါ့နော်၊ ငါ ဒီမှာတည်းတာ နင် ဘယ်လိုလုပ် သိသလဲဟင်"

သူ အငမ်းမရပင် စကားတွေ အဆက်မပြတ် ပြောနေမိတော့သည်။

သို့သော် ... သူကသာ ဝမ်းသာအားရ စကားတွေ ပြောနေမိပေမယ့် ဖူးဖူးမျက်နှာလေးကတော့ အေးစက်စက်ပင်။

ထူးခြားသော ပြောင်းလဲမှု တစ်စုံတစ်ရာမရှိပြီ။

"ရဲစခန်းမှာကတည်းက ဟိုတယ်လိပ်စာ မေးထားတာ"

မကြာရတာ ကြာပြီဖြစ်သည့် အသံကလေးက ပကတိငြိမ်သက်အေးစက်သော်လည်း သူ့အဖို့တော့ နားထောင်၍မဝပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဖူး ...နင် ...နင် ငါ့ကို လာတွေ့တာပေါ့နော်" ဖူးဖူး ခေါင်းခါပြ၏။ ငြင်းဆန်သော အမူအရာကြောင့် ရင်ထဲ၌ နာကျင်သွားမိသည်။

"သွေးသွေးက တောင်းပန်ချင်လို့တဲ့၊ နင့်ကို တွေ့ချင်တယ်တဲ့"

မျက်နှာကို ခပ်လွှဲလွှဲထားလျက်က ပြောသည်။

"ဟင့်အင်း ...ငါ သွေးသွေးနဲ့ တွေ့စရာမလိုပါဘူး" ဖူးဖူး ...အံ့အားသင့်စွာ ဆတ်ခနဲ မော့ကြည့်သည်။

"ငါ ...မန္တလေးကို လိုက်လာတာ ဘယ်သူနဲ့တွေ့ချင်လို့လဲ သိလား"

"ဟင့်အင်း မသိချင်ဘူး"

စကားဆုံးသည်နှင့် တုံ့ပြန်စကားက မြန်ဆန်လွန်းလှသည်။

သူ ရင်ထဲ နင့်ခနဲဖြစ်သွားရသော်လည်း ဖူးဖူးကို တစ်ခါမှ မတွေ့မမြင်ဘူးသူလို ရီဝေစွာ ငေးကြည့်မိလျက် တိုးညင်းစွာ ဝန်ခံလိုက်မိသည်။

"နင့်ကိုတွေ့ချင်လို့ ငါ လိုက်လာခဲ့တာ မိဖူး"

ဖူးဖူး လှည့်ကြည့်ပြီးမှ ဆတ်ခနဲ အကြည့်ပြန်လွှဲသွားသည်။

"ဖူး ...နင် စိတ်ဆိုးတာ ငါ ...ငါ ခံနိုင်ရည်မရှိဘူး





နင် ...ငါ့ကို စိတ်မဆိုးနဲ့တော့ဟာ၊ ငါနဲ့အတူ ရန်ကုန်ကို ပြန်လိုက်ခဲ့နော်"

လေချိုအေးနှင့် တောင်းပန်တိုးလျှိုးစွာ ချော့ပြောမိသော်လည်း ဖူးဖူး မျက်နှာလွှဲလျက်က ဆတ်ခနဲ ထ,ရပ်သည်။

"တခြားစကားတွေ မပြောနဲ့ တံခွန်၊ ငါ နင့်ဆီလာတာ သွေးသွေးအတွက် လာခဲ့တာ၊ နင် သွေးသွေးကို တွေ့လိုက်ပါ"

"မိဖူး ...ငါ ...သူ့ကို"

"မနက်ဖြန် သွေးသွေးနဲ့ငါ တောင်ခြေမှာရှိမယ်၊ နင် လာဖြစ်အောင် လာခဲ့လိုက်ပါ၊ သူ နင့်ကို အရမ်းတွေ့ချင်နေတယ်"

စကားဆုံးသည်နှင့် ဖူးဖူး လှည့်ထွက်ရန် ခြေလှမ်းပြင်သည်။

"ဖူး ...မိဖူး"

သူ ...ဘာမှမစဉ်းစားမိတော့ဘဲ မိဖူးလက်ကို အလိုအလျောက် ဆုပ်ကိုင်လိုက်မိသည်။

မိဖူးကိုယ်လေး ဓာတ်လိုက်ခံရသလို ဆတ်ခနဲ တုန်သွားတာ သတိပြုလိုက်မိသည်။ သူ့နှလုံးသားထဲ၌လည်း လှုပ်ခနဲ။

"တံခွန် ...ငါ့လက်ကို ခုချက်ချင်း လွှတ်လိုက်"

မာကျောသော အမိန့်သံ။ သူ တုန်လှုပ်စွာ ကပျာကယာ ဖြေလွှတ်ပေးလိုက်မိလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



မိဖူး နောက်ကိုလှည့်မကြည့်စတမ်း ပြေးထွက်သွားခဲ့လေပြီ။

"ဖူးဖူး"

သူ နှလုံးသားကွဲထွက်မတတ် အော်ခေါ်ပါတော့လည်း မာကျောနိုင်သူက တစ်ချက်ကလေးမှ လှည့်မကြည့်။

ရက်စက်လိုက်တာ ... လို့သာ ရင်ထဲ၌ တဖွဖွရေရွတ်နေမိသည်။ နင့်ရင်ထဲမှာ ငါ တကယ်မရှိတော့ဘူးလား။

ငါ့ကို နင့်ဘဝထဲက တကယ်ပဲ ထုတ်ပစ်လိုက်ပြီလား။

ဖူးဖူးရယ် ... အခုမှ ငါ တကယ်ပဲ ငါ့နှလုံးသားကို ကွဲကွဲပြားပြား ထင်ထင်ရှားရှား သိမြင်နိုင်ခဲ့ပါပြီ။

သိပ်လှတဲ့ပန်းနုသွေးခြယ်ကို ငါ တကယ်မချစ်ခဲ့မိပါဘူး။ သူ့အလှအောက်မှာ ငါ ယစ်မူးမိခဲ့တာပါ။

ငါ့နှလုံးသားကို တကယ်လွှမ်းမိုးပြုစားနိုင်တဲ့သူက ပန်းနုသွေးခြယ် မဟုတ်ပါဘူး။

ငါ့ရဲ့ရင်ခုန်မှုတွေ၊ ငါ့ရဲ့စွဲလမ်းရူးသွပ်မှုတွေအားလုံးကို ဖန်တီးနိုင်ခဲ့တဲ့သူက နင်ပါ။

ငါ့ဘဝတစ်ခုလုံး၊ ငါ့နှလုံးသားတစ်ခုလုံးကို ဖရိုဖရဲ ကစဉ့်ကလျားဖြစ်အောင် ပြုစားလှုပ်ခါနိုင်သူက နင်ပါ မိဖူးရယ်။

ငါ ကြိုးစားပါရစေဦး။ ကံကောင်းထောက်မစွာ ...

နင့်ရဲ့ရှေ့မှာ ဒူးထောက်လို့ ငါ့နှလုံးသားထဲက ချစ်ခြင်း





ပွဲ့စကားတွေကို ဖွင့်ဟဝန်ခံခွင့်ရပါစေ ... လို့ ငါ ဆုတောင်းပါရဲ့။

"ဖူး ... သွေးလှရဲ့လား ကြည့်ပေးပါဦး"

ဖူးဖူး နှုတ်ခမ်းကလေး တွန့်ကွေးကာ ပြုံးလိုက်မိသည်။

သွေးသွေးခမျာ စိတ်လှုပ်ရှားနေရှာသည်လေ။ မှန်တင်ခုံရှေ့ ထိုင်နေသည်မှာ ကြာပြီ။

ဒီနေ့ ... တံခွန်နဲ့တွေ့ရင် ဝတ်ဖို့ အဝတ်အစားတွေကို ရွေးနေလိုက်သည်မှာလည်း မနက်မိုးလင်းကတည်းက ...

"ဖူး ပြောပါဦးလို့ ... သွေး လှရဲ့လား"

"သွေး ဘယ်တုန်းက မလှဖူးလို့လဲ"

"ဟင် ... ဖူးကလည်း"

သွေးသွေး ဖူးပြောပုံကို စိတ်တိုင်းမကျသလို နှုတ်ခမ်းစူသည်။

"သွေးက အရမ်းလှတာ"

ဖူး မျက်တောင်ကလေးစင်းကာ စိုက်ကြည့်ရင်းက စိတ်ပါလက်ပါ ပြောတော့မှ သွေး ဘဝင်ကျသလို ပြုံးတော့သည်။

ဟုတ်ပါရဲ့ ... သွေးသွေးက မိန်းကလေးချောင်းတောင်



www.burmeseclassic.com

www.burmeseclassic.com



လည်ပြန်ငေးယူရလောက်အောင် အရမ်းလှတာပါ။ဒါကြောင့်လည်း တံခွန်က အသည်းအသန်စွဲလမ်းခဲ့တာနေမှာပေါ့။

"ဖူးရေ . . . ဒါလေး ဝတ်သွားရမလား ကြည့်ပေးပါဦး"

ရွေးထားတဲ့ ဝတ်စုံသုံး,လေးစုံထဲက တစ်စုံကို ဖူးဖူးမြင်သာအောင် သွေးသွေးကို ကိုယ်မှာကပ်ပြသည်။

ပန်းရောင်ဂါဝန်လေး။ ပိုးပျော့သားလေးက ကျစ်လျစ်သွယ်လျသော သွေးသွေးရဲ့ခန္ဓာကိုယ်အလှကို တိပစွာပေါ်လွင်ထင်ရှားစေမှာသေချာပါသည်။

ရင်စည်းဂါဝန်တိုကလေးက ဒူးခေါင်းအထက်နားမှာ လုံးလုံးကလေးဖြစ်အောင် စည်းထားတာမို့ ချစ်စရာကောင်းသောသွေးသွေးသာ ဝတ်လိုက်လျှင် အပြစ်ကင်းစင်သော ကလေးငယ်လေးတစ်ယောက်လို ပိုပြီး ချစ်စရာကောင်းသွားမှာလည်း သေချာနေပြန်ပါသည်။

ပြီးတော့ . . . ပန်းရောင်ဆိုတာ ချစ်ခြင်းရဲ့သင်္ကေတမဟုတ်လား။

"ဟင်လို့ ဖူး . . . ဝတ်သွားရမလား"

ဖူးဖူး ခပ်မြန်မြန်ကလေး ခေါင်းညိတ်ပြလိုက်ပါသည်။

"မြန်မြန်လုပ် မင်းသမီးရေ . . . တော်ကြာ အစ်ကိုတော်တွေ ရိပ်မိသွားလို့ နှစ်ပါးသွား မထွက်လိုက်ရဘဲနေမယ်"

"ဟွန်းနော် . . . ဖူးစကားကြီးက"





နှုတ်ခမ်းစူ ခြေဆောင့်ရင်း အစ်ကိုတော်တွေကို သတိရသွားတော့မှ သွေးသွေး အဝတ်အစား မြန်မြန်လဲသည်။

"ပြီးပြီ, ပြီးပြီ . . . သွားမယ် သွားမယ်"

အဝတ်အစားလဲပြီးတာနှင့် သွေးသွေး ခပ်ဆောင့်ဆောင့်ကလေး ပြောသည်။ အရမ်းလှနေသော သွေးသွေးကို ဖူးဖူးနောက်တစ်လှမ်းဆုတ်ကာ ရှုံ့ရင်း . . .

"ဒါ . . . တောင်းပန်ဖို့ သွားမှာနော်"

"ဟာကွာ . . . ဖူးဖူးနော်၊ တစ်ချိန်လုံး လိုက်စနေတာပဲ၊ သွေး မနေတတ်တော့ဘူး"

"မသွားတော့ဘူးလား"

"ခြေလှမ်းက ပြင်ပြီးသား"

နှစ်ယောက်သား အတိုင်းအဖောက်ညီစွာ အော်ရယ်လိုက်မိကြသည်။

ပြီးမှ . . . အစ်ကိုတော်တွေကို သတိရကာ ဖက်လေးတွေကိုပုလျက် လျှာတစ်လစ်ထုတ်မိကြသည်။

ပြီးတော့ . . . ခိုးကြောင်ခိုးဝှက်နှင့် သူခိုးခြေလှမ်းကိုယ်စီနှင့် အပြင်ထွက်ဖို့ ချောင်းဆဲ။

"ဟိတ်"

"အမေ့"

"အား"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား လန့်ဖျပ်စွာ လှည့်ကြည့်လိုက်တော့ . .

ဒေါ်ကြီး . . .

"အား . . . ဒေါ်ကြီးရာ လန့်သွားတာပဲ"

"ဒါက ဘယ်ကိုမြန်းကြမလို့လဲ"

"ဈေးချိုသွားမလို့ . . . ဘာမှာဦးမလဲ ဒေါ်ကြီး"

"တော်ပါပြီ . . . သွားကြ သွားကြ"

"အပေါ်က ကိုယ်တော်တွေ မသိစေနဲ့ဦးနော်"

သွေးသွေး အပေါ်ထပ်ကို လက်ညှိုးထိုးပြလျက် လေသံဖြင့် မှာသည်။

ဒေါ်ကြီး နှုတ်ခမ်းအစုံရှေ့ လက်ညှိုးကန့်လန့်ဖြတ်တင်လျက် ခေါင်းယမ်းပြသည်။

"ဒါကြောင့် ဒေါ်ကြီးကို ချစ်ရတာ"

သွေးသွေး အဒေါ်ဖြစ်သူကို တရှုတ်ရှုတ်နှင့် အာဝါးတွေပေးပြီး တချီးတည်းလစ်သည်။ ရင်ထဲမှာတော့ လှိုင်းတွေ လေတွေ တဝုန်းဝုန်း။

ညှိုးဖျော့သော မျက်ဝန်းကလေးများနှင့် မုဒိတာပြုံးပြုံးနေမိသူက ဖူးဖူးရယ်ပါ။

ချစ်သူတွေ ချစ်ကံကောင်းကြပါစေလေ။



## အခန်း (၂၀)

"အောက်ထပ်မှာ အသံတွေ တိတ်လှချည်းလား"

ကိုငယ် ကိုကြီးကို မေးဆတ်ပြရင်း ပြောသည်။

"မိသွေးတစ်ယောက် ကောက်နေတယ်လေ"

"ဟုတ်တယ် . . . ငါ့ကိုလည်း စကားမပြောဘူး"

"ထားလိုက်စမ်းပါ၊ သူ ဘယ်လောက်နေနိုင်မှာမို့လဲ"

"တော်သေးတာပေါ့ကွာ၊ ဖူးဖူး ရှိနေလို့"

"အေးကွ . . . ဖူးဖူးရှိတာ မိသွေးကို အတော်စိတ်ချရတာနော်"

"အဲ့ဒါကြောင့် ကျွန်တော် ဖူးဖူးကို တစ်သက်လုံး အိမ်ခေါ်ထားလို့ရမယ့်နည်းလမ်း စဉ်းစားထားတာလေ . . . ဟဲဟဲ"

"တော်စမ်းပါ . . . ဟိုက တစ်ချက်လောက် ဟောက်"



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနဲ့ နားရွက်တောင် မလှုပ်ရဲတဲ့ကောင်က''

''ဟဲဟဲ ... ဒါက အစမို့ပါ''

''အစတွေ၊ အဆုံးတွေ လုပ်မနေနဲ့ ဗိုက်ဆာပြီ အောက်ထပ်ဆင်းမယ်''

''ကိုလေးကို မစောင့်တော့ဘူးလား''

''ဝမ်းချင်းမဆက်ဘူးဗျာ၊ စားနှင့်တော့မယ်''

ကိုကြီးနှင့်ကိုယေ ထမင်းစားရန် အောက်ထပ်ဆင်းသည်။

''ဒေါ်ကြီးရေ ... ထမင်းစားမယ်ဗျို့''

''စားပါလား ကိုယ့်ပါးစပ်နဲ့ကိုယ်''

''ဟင်''

နှစ်ယောက်သား ဇက်ပုသွားကြသည်။ ဒေါ်ကြီးမှာ အပျိုကြီးပီပီ ဘာက်ကလိုက်ချင်သည်။

ဖူးဖူးနှင့်သွေးသွေးကိုဆို ဆက်ဆံရေးက သည်းသည်းလှုပ်။ သူတို့ညီအစ်ကိုတွေများကျတော့ အသက်တောင်မရှိသလို။

''ဒေါ်ကြီး စားပြီးပြီလား''

''ပြီးပြီ''

''မိသွေးနဲ့ဖူးဖူးရော မမြင်ပါလား''

''ဈေးချိုထဲသွားတယ်''

''သူတို့နှစ်ယောက်ထဲ ဒေါ်ကြီး လွှတ်လိုက်တယ်ပေါ့





ဟုတ်လား''

ကိုကြီးနှင့်ကိုယေ နှစ်ယောက်သား ပြာသွားကြသည်။ သူတို့မပါဘဲ ညီမဖြစ်သူကို ဘယ်တုန်းကမှ အပြင်မလွှတ်ဘူး။

''အေးလေ ... ဘာဖြစ်လဲ ကလေးမှမဟုတ်တော့ဘဲ၊ သွားပေ့စေ''

''ဟာ ... ဒေါ်ကြီးရာ ဘာဖြစ်လို့ လွှတ်လိုက်ရတာလဲ၊ ကလေးမဟုတ်တော့လို့ကို စိတ်မချဖြစ်နေရတာပေါ့''

''တော် ... နင်တို့အစ်ကိုတွေ အဲ့ဒီလို တတန်းတန်းလိုက်နေရင် ငါ့တူမ ဒီတစ်သက် အပျိုကြီးဖြစ်လိမ့်မယ်''

ဒေါ်ကြီး ခံစားချက်နှင့်ရင်းကာ ပြောသည်။

''ဟာဗျာ ဒေါ်ကြီးရာ''

ကိုကြီးနှင့်ကိုယေ ဒေါ်ကြီးကို တင်းတင်းမာမာလည်း မပြောရဲ။

မကျေလည်း မကျေနပ်ဖြစ်ကာ ခေါင်းတွေကုတ်၊ ကျွတ်တွေ စုတ်သပ်နှင့်ဖြစ်ဆဲ။

''မိသွေး ... မိသွေး ... ဘယ်မှာလဲ မိသွေး''

အိမ်ဝမှနေ ဒေါသတကြီးအော်ကာ ဝင်လာသော ကိုလေးကြောင့် အားလုံး အထိတ်တလန့်ဖြစ်သွားကြရသည်။

''ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ''

''ဘာဖြစ်တာလဲ ကိုလေး ... ဘာဖြစ်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ မိသွေး ...မိသွေး တောက်"

"ပြောပြပါဦး ... ဘာဖြစ်လို့လဲလို့ဆို"

"ဟိုကောင် မရှိတော့ဘူး"

"ဘယ်ကောင်လဲ"

"ဟိုကောင် စွန်လွှတ်တဲ့ကောင် မရှိတော့ဘူး"

"တံခွန် ... ဆိုတဲ့ကောင်လား"

"ဟုတ်တယ်၊ မရှိတော့ဘူး လွတ်သွားပြီ"

"ဘာ ... လွတ်သွားပြီ ဟုတ်လား"

ကိုကြီးနှင့်ကိုယ် တအံ့တသြ အော်လိုက်မိသည်။

"ဟုတ်တယ် ... လွတ်သွားပြီ"

"ဘယ်လိုဖြစ်ရတာလဲ၊ ဒီကောင့်အမျိုးတွေ မန္တလေးမှာ ရှိလို့လား"

"ဘယ်သူ အာမခံပေးလိုက်တာလဲ"

"ဘယ်သူ အာမခံပေးရမှာလဲ၊ မိသွေးနဲ့ဖူးဖူးပေါ့၊ တောက်"

"ဘာ ...မိသွေးနဲ့ဖူးဖူး ဟုတ်လား"

"ကြည့်စမ်း ... ဒါ ငါတို့ကို အယုံသွင်းပြီး ဘတ်သွားတာ"

"ဘယ်မှာလဲ အဲ့ဒီနှစ်ယောက် ... ဘယ်မှာလဲ"

"ထွက်သွားပြီ"





"ဘာ"

အစ်ကိုတော်သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး ...

"အမြန်လိုက်"

မန္တလေးတောင်ခြေမှာ ဖူးဖူးနဲ့ပန်းသွေးခြယ်တို့နှစ်ယောက် အသင့်ရောက်ပြီး တံခွန့်အလာကို စောင့်နေကြ၏။

ဒီနေ့ကျမှ ဖူးဖူးက စိတ်လိုလက်ရနှင့် အလှအပတွေ ပြင်ဆင်လာခဲ့မိသည်။ ဖူးဖူးရဲကဆံပင်စတိုင်လ်က ခါတိုင်းလို အီမိုကေမျိုး မဟုတ်တော့ဘဲ ဆံပင်ကို ပွပွဖောင်းဖောင်းလေး လုပ်ထားပြီး ဘေးနှစ်ဖက်မှာ လှိုင်းတွန့်အနွယ် အထပ်အထပ် ကလေးတွေဖြစ်အောင် ပုံသွင်းပြီး အလှဖြီးသင်ထားတာမို့ မိန်းကလေး ပိုဆန်ပြီး ဖြူဝင်းကြည်လင်သောမျက်နှာလှလှလေးနှင့် လိုက်ဖက်လွန်းလှ၏။

ဖန်စီနားကပ်လှလှလေးကို နားမှာပန်ထားသည်။ ကော် လံအပြားကြီးကြီးနှင့် ရင်ဘတ်နေရာမှစကာ ခါးအထိပါသည့်



www.burmeseclassic.com

www.burmeseclassic.com



အတွန့်အဖတ်လေးတွေပေါ်မှာ ကြယ်သီးအနက်ကလေးတွေ တန်းလျက် ခါးနေရာမှာ အနက်ရောင်ခါးပတ်ကြီးကြီးတစ်ခုပါသည်။ အဝါရောင်ခါးစည်းအင်္ကျီလေးကို ဘေးမှာအိတ်နှစ်ဖက်ပါသည့် သရီးကွာတားဘောင်းဘီအနက်ရောင်စိုစိုလေးနှင့် တွဲဖက်ဝတ်ဆင်ထားသည်။ ကျော့ရှင်းပြေပြစ်သည့် ခန္ဓာကိုယ်အချိုးအစားနှင့် လှပလွန်းသည့် ဖူးဖူး၏အသွင်က နှမွတ်ကြည်စင်လျက် မြင်သူတကာ ငေးရလောက်သည့် အလှနတ်သမီးလေးတစ်ပါးနှယ်။

ပန်းရောင်ဂါဝန်ပိုးပျော့သားလေးနှင့် ဒူးခေါင်းအထက်နားမှာ လုံးလုံးလေးဖြစ်အောင် စည်းထားသည့် ရင်စည်းဂါဝန်တိုကလေးကို တွဲဖက်ဝတ်ဆင်ကာ ပန်းရောင်ဖန်စီနားကွင်းအဝိုင်းကြီးတွေကို နားမှာဆင်ယင်ထားသည့် ပန်းနုသွေးခြယ်၏အလှကလည်း ဖူးဖူးနှင့်အပြိုင်။

တံခွန်တစ်ယောက် ဘယ်နေရာကနေ ဘွားခနဲပေါ်လာမလဲဟု မျက်လုံးကလေးများ ဝေ့ဝဲရှာနေသော သွေးသွေးကိုကြည့်ကာ ဘယ်လောက်စိတ်လှုပ်ရှားနေရှာမလဲဆိုတာ ဖူးဖူး ခန့်မှန်းမိပါသည်။

ကိုယ်တိုင်လည်း ဘယ်လောက်ပဲ ဟန်ဆောင်ထိန်းချုပ်ထားသည်ဖြစ်စေ ရင်ခုန်မြန်နေမိသည်ပဲ။

သူ လာမှာတဲ့လား၊ မလာဘူးလား။ သွေးသွေးထက်ပင် ကိုယ်က ပိုမျှော်နေမိသည် ထင်ပါရဲ့။





ငုတ်တုတ်ကလေးထိုင်ကာ အမှတ်တမဲ့ သူဆုပ်ကိုင်ခဲ့သော လက်ကလေးကို မကြာခဏ ပြန်ကြည့်နေမိသည်မှာ ဘာကြောင့်ပါလဲ။

ကြည့်မိတိုင်း လက်ကလေးက မသိမသာ တုန်ယင်သွားတတ်သလို ပါးပြင်ကလေးများ နွေးသွားကာ ဘာလို့ ရင်ခုန်သံတွေ မြန်သွားရတာပါလိမ့်။

သူ့ရဲ့ ရီဝေစွာကြည့်ခဲ့သော ညှို့ဖျော့မျက်ဝန်းများကိုလည်း နှလုံးသားက မေ့မရ။

ခက်ပါလားကွယ် ... သူငယ်ချင်းရေ၊ အရာအားလုံးကို မြှုပ်နှံသိမ်းဆည်းဖို့ ဆုံးဖြတ်လိုက်ပေမယ့်လည်း ... နှလုံးသားဆိုတာက ထိန်းချုပ်သော့ခတ်လို့ ခက်ခဲလှတဲ့ အရာပါလား။

"ဖူး ... သူ လာမှာပါနော်"

သွေးသွေးရဲ့အသံကလေး မသိမသာ တုန်ယင်နေပါလား။

"သေချာပါတယ်၊ သူ လာမှာပါ သွေးရယ်၊ ဘာလဲ ... ရင်တွေခုန်နေလား"

သွေးသွေး ရွှေရင်မို့မို့ကလေးရှေ့ လက်ဝါးကလေးများဖြန့်ယှက်ကာ ...

"အင်း ... မျှော်မောကြီးကွာ"

"သိပ်လည်း မျှော်မနေနဲ့၊ မျှော်လွန်းရင် တစ်ဖက်သား



www.burmeseclassic.com

www.burmeseclassic.com



ခရီးနှောင့်တတ်တယ်တဲ့''

သွေးသွေး မျက်လုံးကလေးများ ဝိုင်းသွားသည်။

''အို . . . ဟုတ်လား၊ ဒါဆို မမျှော်တော့ဘူး''

ဖူးဖူး ပြုံးလိုက်မိသည်။ ကိုယ်ကတော့ မျှော်နေမိတာပါပဲ သွေးသွေးရယ်။

''ကဲ . . . ကိုယ် ဟိုဘက်နားမှာရှိမယ် . . . သိလား''

ဖူးဖူး နေရာမှ ထ,ထွက်လာခဲ့မိသည်။

''ဟယ် . . . သွေးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ ဖူးရယ်''

''သူ လာတော့မှာပါ''

''ဖူး . . . သွေး ကြောက်တယ်''

''နောက်တော့ ရှုပ်တယ်ပြောမှာ''

''ဖူး . . . နော်''

သွေးသွေး ချစ်စဖွယ် မူနွဲ့သည်။ ဖူးဖူး ပြုံးရင်း မသိ လိုက်ဘာသာပင် အနားမှထွက်လာခဲ့မိသည်။

ခွင့်လွှတ်ပါကွယ်။ ကိုယ် . . . မင်းတို့နှစ်ယောက် ပျော် ရွှင်ကြည်နူးနေကြမယ့်မြင်ကွင်းကို လက်ပိုက်ကြည့်နေဖို့ ခွန်အား မရှိသေးလို့ပါ။

'ဝူး'

ကားသံ ကြားရသည်။ ဟော . . . သူလာပြီ ထင်ပါရဲ့။





အခုန်မြန်လာသော ရင်ကို ထိန်းချုပ်လျက် လှမ်းကြည့် လိုက်မိစဉ် ကားပေါ်မှဆင်းလာသော သူ့ကို တွေ့လိုက်ရ၏။

ရှင်းသန့်နေသောမျက်နှာက ညှိုးလျှရိပ်ကို တွေ့မြင်လိုက် ရတော့ ရင်ထဲ၌မကောင်း။ နင် ပျော်ရတော့မှာပါ တံခွန်ရယ်။ နင့်အတွက် ပျော်ရွှင်စရာတွေအားလုံးကို ငါ ပေးဆပ်ဖြည့်ဆည်း ပေးမှာပါ။

''သွေးသွေး . . . ဖူးဖူးရော''

သူ့မေးသံ ကြားလိုက်ရလျှင် ရင်၌ဆတ်ခနဲ တုန်ခါသွား ရသည်။

''ဖူးဖူး ဟိုနားမှာရှိတယ်''

သွေးသွေး ကိုယ်ရှိရာဆီ လက်ညှိုးညွှန်ပြမှာကို သိနေ ပါ၏။ လှည့်မကြည့်ဝံ့။ နားစွင့်နေမိဆဲ . . . သွေးသွေးရဲ့လှုပ်ရှား တုန်ယင်နေသော စကားသံသဲ့သဲ့ကို ကြားလိုက်ရသည်။

''ဟိုလေ . . . ဟိုတစ်နေ့က ဖြစ်သွားတဲ့ကိစ္စအတွက် သွေး . . . သူ့ . . . သူ့ကို တောင်းပန်ချင်လို့ပါ''

''ရပါတယ်၊ ကျွန်တော် ဗီလင်မထားပါဘူး''

''ဟို . . . သွေးအစ်ကိုတွေရဲ့အပြုအမူက သိပ်လွန်သွား ပါတယ်''

''ရပါတယ်''

သူ့လေသံက စိတ်မပါဟန် ရှိသည်ကို ဖူးဖူး သတိထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ ကျောခိုင်းထားသည့်တိုင် ကျောပြင်က မလုံ။ သူ ဖူးကို စိုက်ကြည့်နေသလားကွယ်။

"ဖူးဖူး . . . သွေးသွေးကို ဘာပြောထားသေးသလဲ"

"ဟို . . . ဟို . . . ဘာမှမပြောပါဘူး"

"ကျွန်တော် ဖူးဖူးနဲ့ စကားပြောချင်လို့ ခဏခေါ်ပေးပါလား"

ကြည့်စမ်း . . . ဘယ်လိုကောင်ကလေးလဲ။

"ဖူးရေ . . . ဒီကို ခဏလောက် လာခဲ့ပါဦး"

သွေးသွေး လှမ်းခေါ်တော့ မသိကျိုးကျွန်ပြုလို့မရတော့ပါ။ ကိုယ် ထ,လာခဲ့ရတော့သည်။ သွေးသွေးမျက်နှာလေး ပျက်ချင်ချင်ဖြစ်နေတာ သတိပြုလိုက်မိသည်။

"သိပ်ရှုပ်တာပဲ၊ ကိုယ့်ကိစ္စကိုယ် ရှင်းကြတာမဟုတ်ဘူး"

ဖူးဖူး ပွစိပွစိပြောလျက် လျှောက်လာခဲ့ရသည်။

"ဘာလုပ်မလို့လဲ သွေးသွေး"

သွေးသွေးရှေ့မှာ ငယ်သူငယ်ချင်းအရင်းကြီးဖြစ်သော သူ့ကို စကားမပြောချင်တော့တာက ဆန်းကြယ်သည်။

သွေးသွေး ကိုယ်တို့နှစ်ယောက်ကို တစ်မျိုးမမြင်စေချင်။ ကိုယ်မေးတာကို သွေးသွေး ဘာမှပြန်မဖြေ။ သူကသာ ဝင်ဖြေသည်။





"ငါ့ခေါ်ခိုင်းလိုက်တာ မိဖူး"

ခုချိန်မှာ ဖူးဖူး ရင်မဆိုင်ချင်ဆုံးသူက တံခွန်ပဲဖြစ်သည်။ ဖူးဖူး သူ့ကိုမကြည့်ဘဲ . . .

"နင်နဲ့ငါ ရှင်းစရာကိစ္စမရှိဘူးနော် တံခွန်"

"နင် . . . ငါ့ကို ခုထိ ခွင့်မလွှတ်နိုင်သေးဘူးလား မိဖူးရယ်"

သွေးသွေး သူတို့နှစ်ယောက်ကို နားမလည်စွာ တစ်လှည့်စီ ကြည့်နေသည်။ ဖူးဖူး မျက်နှာကလေးကို (တမင်) တင်းပစ်လိုက်ရရင်း . . .

"အိုး . . . ဒီအချိန်မှာ ဒါတွေမေးဖို့ မလိုဘူးလေ၊ နင့်ကို ငါ အစောကြီးကတည်းက ပြောပြီးသားလေ"

"ဖူးဖူး နင် ငါ့အပေါ် အငြှိုးတော်ရက်စက်တယ်၊ နင် ဘာလို့ ဒီလောက်တောင် အေးစက်မာကျောနိုင်ရတာလဲ ပြောစမ်း"

(ငါက အေးစက်မာကျောသတဲ့လား။ စေတနာကို ရင့်သီးစွာ တုံ့ပြန်ခံခဲ့ရတဲ့လူတစ်ယောက်။ မျှော်လင့်ချက်တွေနဲ့ တောက်ပခဲ့တဲ့ နှလုံးသားကို ရက်ရက်စက်စက် နင်းပြတ်ခြေမွခံခဲ့ရတဲ့ လူတစ်ယောက်မှာ အေးစက်မာကျောစွာ နေပြခွင့်ကလွဲပြီး ဘာမှ,မှ မကျန်ရှိတော့တာဘဲ တံခွန်ရယ်)

ဖူးဖူးစိတ်ထဲမှ ပြောလိုက်မိသည်။ သွေးသွေးကတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ကို မျက်လုံးဝိုင်းကလေးများဖြင့် တစ်လှည့်စီ ကြည့်ရင်း နားလည်ရန် ကြိုးစားနေရှာလေသည်။

''နင် ... ရန်ကုန် မပြန်သေးဘူးလား တံခွန်''

''နင် ... ငါ့ကို ခွင့်လွှတ်တယ်ဆိုရင် ပြန်မယ်၊ တစ်ယောက်တည်းတော့ မဟုတ်ဘူး၊ နင်နဲ့မှ အတူတူပြန်မယ်''

ကျွတ် ... သူ ဘာတွေပြောနေတာလဲ။ ဖူးဖူး စိတ်တွေ ညစ်ညူး ရှုပ်ထွေးလာတော့ကာ ...

''တံခွန် ... နင် သွေးသွေးကိုတွေ့ဖို့ ဒီကိုလိုက်လာတာ မဟုတ်ဘူးလား''

''မဟုတ်ဘူး ... နင့်ကိုတွေ့ချင်လို့ လိုက်လာခဲ့တာ၊ နင်မသိဘူးလား မိဖူး၊ ငါ ... နင့်ကို တွေ့ချင်လို့ လိုက်လာခဲ့တာ''

တံခွန် ပေါက်ကွဲလေပြီ။ နီမြန်းသောမျက်နှာဖြင့် ကျယ်လောင်စွာ အော်ဟစ်မိ၏။

ဘယ်လိုပဲ ရဲရင့်ဟန်ဆောင်ထားတတ်သော်လည်း သူ ခုလို ပေါက်ကွဲပြတော့ မိန်းကလေးဆန်သောနှလုံးသားဖြင့် ဖူးဖူး တုန်လှုပ်မိပါ၏။

သွေးသွေးရဲ့လက်ကို အားကိုးတကြီး ဖမ်းဆုပ်မိ၏။

''နင် ... ငါနဲ့ အခုပြန်လိုက်ခဲ့ မိဖူး၊ နင့်ကို သူ့အစ်ကိုသုံးယောက်နဲ့ ငါ စိတ်မချဘူး၊ ငါနဲ့ ပြန်လိုက်ခဲ့''





ကျန်လက်တစ်ဖက်ကို တံခွန် လှမ်းဆုပ်ကိုင်ကာ ဆွဲခေါ်လေသည်။

''တံခွန် ... နင် ... နင် ငါ့လက်ကို လွှတ်နော်''

ဖူးဖူး ရုန်းကန်ပြီး အော်၏။ မြဲမြံလှသော သူ့လက်များကို ဖူးဖူး မရုန်းနိုင်။

မျက်လုံးဝိုင်းကလေးများဖြင့် သူတို့နှစ်ယောက်ကို ကြည့်နေသော သွေးသွေးမှာ အခြေအနေကို နားလည်လိုက်ပါပြီ။

တကယ်တော့ သူတို့နှစ်ယောက်က ကိုယ့်နှလုံးသား ကိုယ် မသိမြင်နိုင်ခဲ့ကြသူများ။ ဟန်ဆောင်မျိုသိပ်ထားကြသူများ သာတည်း။ ကိုယ်ကတော့ ... သွေးသွေး အံကလေးကြိတ်ထားမိ ဆဲ။

'ကျွီ'

သူတို့အနား အရှိန်ပြင်းစွာ ထိုးရပ်လာခဲ့သော ကားတစ်စီး။ အားလုံး အထိတ်တလန့် လှည့်ကြည့်လိုက်မိကြလျှင် ...

''ဟင် ... ငါတို့ကတော့ တစ်မြို့လုံး လိုက်ပတ်ရှာနေ လိုက်ရတာ ဒင်းတို့က ဒီမှာကိုး''

''ဟယ် ... ကိုကြီးတို့''

ကားပေါ်မှ ဒေါသတကြီး ဆင်းလာခဲ့သော အစ်ကိုသုံးယောက်။ သူတို့အားလုံး ခေါင်းပေါ် မြွေခဲ,သကဲ့သို့ ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိပူး ... လာ ငါနဲ့လိုက်ခဲ့"

ကြောင်နေသော ဖူးဖူးကို တံခွန် အတင်းဆောင့်ဆွဲပြီး ပြေးသည်။ ဖူးဖူး ကြောင်ပြီး သွေးသွေးလက်ကို ဆွဲကာ ပါသွားရ၏။

"ဟော့ ... ဟော့ ရပ်ကြစမ်း"

တံခွန် ကားကို တရကြမ်း မောင်းထွက်လာခဲ့သည်။

"ဖူးဖူး ... သွေးသွေးကိုထားခဲ့"

ကိုလေး ရှူးမတတ် လှမ်းအော်သည်။ တစ်သက်လုံးက အရိပ်တကြည့်ကြည့်နေခဲ့ရသော တစ်ဦးတည်းသော ညီမလေး ပါသွားသည်မို့ အစ်ကိုတော်များမှာ ခေါင်းမီးတောက်လျက် အရှူးမီးပိုင်းဖြစ်သွားကြရတော့သည်။

"ဟော့ကောင်တွေ ... ကားပေါ်မြန်မြန်တက်"

"ဒီကောင် မလွတ်စေနဲ့၊ ညီမလေး ပါသွားတယ်"

"တောက် ... ဖူးဖူး ငါတို့လို ဘတ်သွားတာ"

လက်သီးလက်မောင်းတန်းလျက် တံခွန့်ကားနောက်သို့ သူတို့ကားလေး တစ်ရှိန်ထိုးလိုက်သည်။

တွေ့လို့ကတော့ ဟိုကောင့်ကိုရော၊ အယုံသွင်းပြီး ညီမလေးကို ဘတ်ခေါ်သွားသည့် ပေရယ်လ်ဖူးလ်ကိုရော အမှုန့်ခြေပစ်ဖို့ စဉ်းစားထားကြ၏။



အခန်း (၂၁)

မြစ်ချင်ရာဖြစ် သဘောပိုက်ကာ ဖွတ်မိုတ်မောင်းချလာခဲ့ပေမယ့် လမ်းဘေးတစ်လျှောက်မှာ လူနေအိမ်ခြေများမရှိ။

သစ်ပင်,ဝါးပင်တို့သာ ပြည့်နှက်နေ၏။

သေရေး,ရှင်ရေး ပြေးလွှားနေရသည့်အချိန်ကျမှ ကားက ဖောက်လေပြီ။ ရုတ်တရက် ကားပျက်သွားသဖြင့် ...

"တောက်"

တံခွန် အကြီးအကျယ် စိတ်ပျက်ကာ ကားကို စိတ်ရှိလက်ရှိ ထုရိုက်နေမိတော့သည်။ ပတ်ဝန်းကျင်မှာ လူသူကင်းမဲ့လျက် ... ဖူးဖူး ကားပေါ်မှနေ ဟိုဟိုဒီဒီကြည့်ကာ ...

"တံခွန် ... ဘယ် ... ဘယ်လိုလုပ်မှာလဲ"

ဖူးဖူး အသံတုန်ကလေးဖြင့် မေးမိသည်။

"သွေးလည်း ကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သွေးသွေး မျက်ရည်ရစ်ဝဲနေလေပြီ။

"ဘာမှလုပ်လို့မရဘူး၊ ငါ ကားမပြင်တတ်ဘူး၊ မိဖူး နင်အောက်ကိုဆင်း"

တံခွန် ဖူးဖူးကို ကားပေါ်မှ ဆင်းခိုင်းလိုက်သည်။ ဖူးဖူး တံခွန့်စကားအတိုင်း ကားပေါ်မှဆင်းသည်။ သို့သော် ... တစ်ယောက်တည်းမဟုတ်။

သွေးသွေးကိုပါ လက်ဆွဲပြီး ဆင်းခြင်းဖြစ်သည်။

တံခွန် ဖူးဖူးနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

တံခွန့်မျက်နှာပေါ်မှာ ရဲရင့်ပြတ်သားသော အရိပ်များကို တွေ့လိုက်ရလျှင် ဖူးဖူး အလိုလို ရှိန်သွားမိ၏။

"ဖူးဖူး"

တံခွန် ခေါ်လေလျှင် ဖူးဖူးမှာ အခုန်မြန်သော ရင်ဖြင့် သူ့ကို ပြန်မော့ကြည့်မိ၏။

သူက ဖူးဖူး၏သိုးကလေးကို ရှက်ရွံ့ထိတ်လန့်နေသည့် မျက်ဝန်းကလေးများကို စူးစူးရဲရဲစိုက်ကြည့်ကာ ...

"မိဖူး ... ငါ နင့်ကို ပြောခဲ့မိတာတွေ၊ နောက်ခဲ့မိတာတွေအတွက် တောင်းပန်တယ်၊

အခု ငါပြောမယ့်စကားတွေကို အလေးအနက်ထားပြီး နားထောင်ပေး"

ဖူးဖူး ခေါင်းငုံ့ချလိုက်မိသည်။ သူနဲ့ဆက်ပြီး မျက်လုံးချင်း





ဆုံမထားရဲတော့ပြီ။ သူ ...

သူ ... ကိုယ့်ကို ဘာတွေပြောမှာလဲကွယ်။

"ဖူး ... ငါ ဒီကို ဘာလို့လိုက်လာသလဲ သိလား"

ဖူးဖူး ခေါင်းမညိတ် ခေါင်းမခါမိ။

"နင့်ကိုတွေ့ချင်လို့၊ နင်နဲ့မခွဲနိုင်လို့ သိရဲ့လား"

"ဟင်"

ဖူးဖူး မျက်လုံးအပြူးသားလေးနှင့် မော့ကြည့်လိုက်မိ၏။

သူက ရွှန်းရီကြည်လဲ့စွာ စိုက်ကြည့်လျက် ပြောနေပုံမှာ တစ်လောကလုံးမှာ သူနှင့်ကိုယ် နှစ်ယောက်တည်းသာ ရှိနေသည့်ပုံမျိုး။

အို ... ဘယ်လိုကောင်ကလေးလဲကွယ်။

"ဖူး ... ငါ နင့်ကို အတည်ပြောမယ်၊ ငါ ... ငါ့နှလုံးသားထဲမှာ ရှိနေတာ ..."

ဖူးဖူး ပေါက်ကွဲဆူညံနေသော ရင်ခုန်သံတို့ဖြင့် နှလုံးသားနှင့် နားစွင့်နေမိဆဲမှာပင် သူ ဆက်ပြောလေသည်မှာ ...

"နင်ပဲ ဖူးဖူး၊ ငါ နင့်ကို သိပ်ချစ်တယ်"

"အို ... တံခွန်"

ဖူးဖူး မျက်နှာလေးတစ်ခုလုံး ရဲရဲတွတ်သွားရပြီး ခေါင်းကို ကမန်းကတန်း ငုံ့ချလိုက်မိသည်။ ဆိုးလိုက်တာ ... ကြည့်စမ်း သူက ဖူးဖူးကို သိပ်ချစ်သတဲ့၊ သူ တကယ်ပြောလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အို . . . ကြည့်စမ်း . . . ဒီနေ့ ဧပရယ်လ်ဖူးလ်နေ့ မဟုတ်ပါဘူး။ ဒါဆို ဖူး သူ့စကားကို ယုံကြည်လို့ရပြီပေါ့။

ရှက်အမ်းနေမိဆဲမှာပင် ယောင်ယမ်းဆုပ်ကိုင်ထားမိသော လက်ချောင်းများက မသိမသာ ရုန်းနေသည်ကို သတိထားမိတော့မှ သွေးသွေးကို သတိရမိတော့သည်။

သွေးသွေးမှာ ခေါင်းကို ငုံ့စိုက်လျက် မြေပြင်ကိုသာ အဓိပ္ပာယ်မဲ့ ငေးကြည့်နေသည်။ ဖူးဖူး . . . ရင်ထဲ၌ အားနာရှက်ရွံ့သောစိတ်တို့ ဝင်လာမိလျက် သွေးသွေးတော့ ဝမ်းနည်းစိတ်ဆိုးတော့မှာပဲ . . . ဟု စာနာနေမိမည်မှာပင်။

အရှိန်ပြင်းစွာ မောင်းဝင်လာခဲ့သော ကားစက်သံကို ကြားလိုက်ရသည်။

"ဟယ် . . . ကိုကြီးတို့"

"လာ . . . မိဖူး"

ဖြစ်ချင်ရာဖြစ် . . . ဟု သဘောထပ်ပိုက်ရပြန်သည်။

တံခွန် ဖူးဖူးလက်ကိုဆွဲကာ သစ်ပင်တွေကြားထဲ ပြေးထွက်လာခဲ့တော့သည်။

"လာ . . . လာ . . . သွေးသွေး"

ဖူးဖူးကလည်း သွေးသွေးလက်ကို မလွှတ်ဘဲ ဆွဲခေါ်လာခဲ့မိသည်။ သုံးယောက်သား တတန်းတန်း ပြေးမိကြပြန်သည်။

"ဟော့ကောင် . . . ငါ့ညီမကို လွှတ်လိုက်"





အနောက်မှ အော်သံတွေ ကြားရ၏။ သုံးယောက်သား လက်တွဲမဖြုတ်စတမ်း ပြေးနေမိသည်။

တံခွန်ကလည်း ဖူးဖူးလက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ထားသလို ဖူးဖူးကလည်း သွေးသွေးလက်ကို လွှတ်ဖို့ သတိမရမိ။ ခြေဦးတည့်ရာ ပြေးရင်း မောဟိုက်လာမိဆဲ။

"ဟို . . . ဟိုမှာ အိမ်"

သွေးသွေး ဝမ်းသာအားရ ညွှန်ပြသည်။ အိမ်အိုပျက်တစ်လုံးကို တွေ့လိုက်ရသည်။

"လာ . . . လာ လောလောဆယ် အဲ့ဒီမှာ ဝင်ပုန်းကြရအောင်"

"ဟုတ်တယ်၊ သွေးသွေးအစ်ကိုတွေ တွေ့ရင် တို့ သေလိမ့်မယ်"

သုံးယောက်သား အိမ်ထဲ အမြန်ပြေးဝင်မိကြ၏။ သွေးသွေးက မောဟိုက်သံဖြင့် ညည်းသည်။

"မောလိုက်တာ ဖူးဖူးရယ်၊ ကိုကြီးတို့ ရှာမတွေ့ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ၊ နောက်နေ့မှဆို တော်သေးတယ်"

"သွေးသွေးအစ်ကိုတွေက စိတ်အတိုမြန်သလို စိတ်ပြေတာလည်း မြန်တယ်"

"ပြေမှပဲ၊ မပြေရင် ကိုယ်တို့ အမှုန့်ဖြစ်လိမ့်မယ်"

စကားတပြောပြောနှင့် သူတို့သုံးယောက် အိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရင်တထိတ်ထိတ်ဖြင့် ဝင်ခဲ့မိကြသည်။ အိမ်ကြီးမှာ တိတ်ဆိတ် ခြောက်ကပ်လျက် ...

လူမနေတာကြာပြီမို့ ဖုန်အလိမ်းလိမ်းတက်ကာ ကြမ်းတွေကလည်း နင်းလိုက်တိုင်း တကျွီကျွီမြည်နေသည်။

"အပေါ်ထပ်မှာ ပုန်းရင်ကောင်းမယ်"

"ဟုတ်တယ်၊ အပေါ်ထပ်က ပိုလုံလိမ့်မယ်"

သူတို့ သတိဖြင့် အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အိမ်ကြီးက ဟောင်းနွမ်းဆွေးမြည့်နေပြီမို့ ခြေတစ်လှမ်း,လှမ်းတိုင်းမှာ အတော့်ကို သတိကြီးစွာ ထားနေရသည်။

"မိဖူး ... ဖြည်းဖြည်းလျှောက်နော်၊ ကြမ်းတွေ ဆွေးနေတယ်၊ ပြုတ်ကျသွားနိုင်တယ်"

တံခွန် ဖူးဖူးကို စိုးရိမ်ပူပန်စွာ သတိပေးသည်။

"သူများကို သတိပေးမနေနဲ့၊ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားဦး"

'ဖြောင်း'

ဖူးဖူး သူ့ကို သတိပေးစကားပြောလို့မဆုံးခင်မှာပင် ဖြောင်းခနဲမြည်သံနှင့်အတူ ကြမ်းတစ်ချောင်းကျိုးကာ တံခွန် ခြေထောက်ကျွံသွား၏။

ရင်တထိတ်ထိတ်ကြားမှ တံခွန့်ကိုကြည့်ကာ ...

"ခစ်ခစ်"





"အဟိ"

ဖူးဖူးနှင့်သွေးသွေးတို့ သူ့ကိုကြည့်ကာ ရယ်မိကြသည်။ သူ့ဘာသာလည်း ပြန်ပြီး ရှက်ရယ်,ရယ်မိ၏။

"ဩော် ... ရယ်နေနိုင်ကြသေးတယ်ပေါ့ ဟုတ်လား"

ဟိန်းခနဲ ထွက်လာသောအသံကြောင့် သူတို့ရယ်သံတွေ ရုတ်ခြည်း ရပ်တန့်သွားရသည်။

တုတ်ကိုယ်စီကိုင်ထားသော သွေးသွေးအစ်ကိုသုံးယောက်။

"မင်းကွာ ... ပထမတစ်ခေါက်ထဲက ဆင်ခြင်သင့်တယ်"

"နောက် မလုပ်ရဲအောင် ဆုံးမလိုက်စမ်းပါ ကိုလေးရာ"

"မင်းသိထားဖို့က ငါတို့ညီမလေးကို ဘယ်သူနဲ့မှ သဘောမတူဘူးကွ"

ဒေါသတကြီး စကားသံနှင့်အတူ ကိုလေး တုတ်ကိုဆ,လျက် အရင်ပြေးဝင်လာ၏။

"ကိုလေး မလုပ်ပါနဲ့၊ ညီမလေးနဲ့ သူနဲ့ ဘာမှမဆိုင်"

သွေးသွေးတားသော်လည်း အချိန်မမီတော့။

ရုတ်တရက်ပြေးဝင်လာသော ရိုက်ချက်ကို တံခွန်ရှောင်ဖို့ အချိန်မရလိုက်။

'ခွပ်'



www.burmeseclassic.com

www.burmeseclassic.com



"အား"

တံခွန် လဲကျသွားစဉ် ခေါင်းထဲ မိုက်ခဲဖြစ်ကာ စေးပျစ်သော သွေးများ စီးကျလာ၏။

"တံခွန်"

ဖူးဖူးရင်ထဲ ဆို့နစ်သွားမိကာ စိုးရိမ်တကြီး အော်လျက် တံခွန့်ဆီ ပြေးသွားမိသည်။

"ဖြောင်း"

"အား"

ဆွေးမြည့်နေသော ကြမ်းတွေ အချောင်းလိုက်ကျိုးကာ ဖူးဖူးကိုယ်လေး အောက်သို့ကျသွားသည်။

"ဟယ် ... ဖူးဖူး ကျသွားပြီ"

သွေးသွေး ထိတ်လန့်တကြား အော်လိုက်မိသည်။

အစ်ကိုတော်သုံးယောက်လည်း ကိုယ်ရှိန်တန့်သွားရသည်။ ဖူးဖူးမှာ အောက်သို့ကျသွားရသော်လည်း ဆွဲမိဆွဲရာ ဆွဲလိုက်နိုင်သဖြင့် ထုပ်တန်းတစ်ချောင်းကိုမိကာ တွဲလောင်းဖြစ်နေရတော့သည်။

ဖူးဖူးကိုကြည့်ပြီး သွေးသွေးမှာ ပျာယာခတ်သွားရသည်။

"ဖူးဖူးကို ကယ်ပါဦး၊ လက်အံသေရင် အောက်ကို ပြုတ်ကျသွားလိမ့်မယ်"

"ကိုငယ် မင်းသွားလေ"



BURMESE CLASSIC .com



"ဟာ ... ကျွန်တော်သွားရင် ကျွန်တော်ပါ ကျသွားမှာပေါ့"

"ဟုတ်တယ် ... ကြမ်းတွေ ဆွေးနေတဲ့ဟာ"

"အား ... ကျွတ် ... ကျွတ်"

တံခွန် ဒဏ်ရာကို လက်ဖြင့်အုပ်လျက် ...

"မိဖူး သတိထားနော် ငါလာခေါ်မယ်"

မျက်လုံးပေါ်ဖြတ်ကာ စီးကျလာသော သွေးတို့ကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်းသုတ်ရင်း သူ ဖူးဖူးရှိရာ တရွေ့ရွေ့လာခဲ့သည်။ နှလုံးသားနှင့်နှစ်အောင် ချစ်ရသူကို မရ,ရအောင် ကယ်ရမည်လေ။

"တံခွန် နင် ... နင့်မှာ ဒဏ်ရာကြီးနဲ့"

ဖူးဖူး ... သူ့ကို ပြန်စိုးရိမ်နေမိသည်။

"ဖူးဖူး ... မလွှတ်လိုက်နဲ့နော် ငါ လာပြီ"

နှစ်ယောက်သား တစ်ယောက်အတွက် တစ်ယောက် စိုးရိမ်ပူပန်နေမိကြသည်။

သွေးသွေးကတော့ သူတို့နှစ်ယောက်ကို ကြည့်ကာ ရင်ကလေး ဖိထားမိသည်။

"ဘုရား ... ဘုရား"

တံခွန် ထုပ်တန်းပေါ် ကိုယ်ကို တွားရင်း ဖူးဖူးလက်ကလေးကို ဆုပ်ကိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့လက်ကို အသေအချာ ဆုပ်ထားနော် ဖူးဖူး၊ ဘာမှ မကြောက်နဲ့"

ဖူးဖူးကို အားပေးနေသည့်တိုင် သူကိုယ်တိုင်လည်း ရင်တုန်ပန်းတုန်ဖြစ်နေရသည်။

သူတို့နှစ်ယောက်ကိုကြည့်ကာ နားမလည်နိုင်သလိုဖြစ်နေသော အစ်ကိုတော်တွေကို သွေးသွေးက ပြန်ရှင်းပြနေမိသည်။

"အဲ့ဒါ ကိုကြီးတို့ အထင်လွဲနေတာ၊ တံခွန် တကယ်ချစ်နေတာက ဖူးဖူးကို"

ကိုကြီးတို့ အံ့သြသွားကြသည်။

"ဟင် ... ညီမလေးကို လာကြောင်နေတာ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဟာ ... ဘယ်လိုကြီးလဲ"

"ဟုတ်ဘူး၊ တကယ်တော့ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြိတ်ချစ်နေကြတာ၊ သူတို့ဘာသာ မသိတာ"

"ဩော် ... ဩော် တော်သေးတာပေါ့၊ ငါတို့ လူသတ်မှုမဖြစ်တာ"

(ညီမလေးကိုယ်တိုင်လည်း အရင်တုန်းကတော့ တံခွန် ညီမလေးကို ချစ်နေခဲ့တာ ... လို့ပဲ ထင်ခဲ့မိတာ)





အဲ့ဒါ ... သွေးသွေးရင်ထဲက စကားပါ။

အချစ်ဟာ ဘယ်လောက်ဆန်းကြယ်သလဲဆိုတာ ကိုယ်တိုင်လည်း နှလုံးသားနှင့်ရင်းပြီး သိခဲ့ရပါပြီ။

တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်ခဲ့သည့် ချစ်ကြသူနှစ်ယောက်ကတော့ သိပ်မကြာခင်မှာပဲ အန္တရာယ်ကင်းစွာ အပေါ်သို့ ပြန်ရောက်လာခဲ့ကြသည်။

အစ်ကိုတော်သုံးယောက်မှာ ဖူးဖူးကို လက်လွှတ်ဆုံးရှုံးလိုက်ရပြီမို့ နှမြောတသစွာ ကြည့်နေမိကြသည်။

"ဘာကြည့်နေတာလဲ ... သွားကြမယ်လေ"

သွေးသွေး အစ်ကိုတွေကို ဆွဲခေါ်သည်။

"ဟို ... ဟို ... ဖူးဖူးက"

"သူ့ဘာသာ ပြန်မှာပေါ့၊ တံခွန်ရှိတယ်လေ"

"အေး ... ဟုတ်သားပဲ"

သွေးသွေးနှင့် အစ်ကိုတစ်တွေ ပြန်ဖို့ပြင်ကြသည်။

"ဩော် ... တံခွန်ကို တောင်းပန်လိုက်ကြဦးလေ"

သွေးသွေး သတိတရ ပြောသည်။ ညီမနှင့်ပတ်သက်လာလျှင် သူမတူအောင် အူတိုတတ်သော အစ်ကိုများမှာ ကိုယ်မှားလျှင်လည်း တောင်းပန်ဖို့ ဝန်မလေးကြပါ။

"တံခွန်ရေ ဆောရီးပါ၊ မင်းကျေနပ်တဲ့အထိ တောင်းပန်ဖို့ ငါတို့ အောက်ကပဲ စောင့်နေတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သွေးသွေးနှင့်အစ်ကိုတွေ အောက်သို့ ဆင်းသွားကြပြီး အိမ်အိုကြီးထဲမှာ သူတို့နှစ်ယောက်တည်း ကျန်ရစ်၏။ နှစ်ယောက်သား တထိတ်ထိတ်နှင့် ရင်ခုန်သံမြန်နေမိကြသည်။

"ဒဏ်ရာက အရမ်းနာနေသလားဟင် တံခွန်"

စိုးရိမ်စကားသံ ချိုချိုကလေးကြောင့် ဒဏ်ရာက အနာပင် သက်သာသွားသလို တံခွန် ခံစားလိုက်ရသည်။

"နာတာပေါ့"

"ဟုတ်လား"

ဖူးဖူးမျက်လုံးကလေးများ စိုးရိမ်တကြီး ပိုင်းခနဲ။ မျက်ရည်များဖြင့် ချက်ချင်း စိုစွတ်သွားရသည်။

BURMESE CLASSIC .com

"နာတာက ရင်ထဲမှာ"

"ဟင် ... ဘာဖြစ်လို့"

"နင်ကမှ ချစ်တယ် ... လို့ ပြန်မပြောသေးတာ"

"နင်ကလည်းဟာ"

"ပြောလေ"

"နင့်ဘာသာ မသိဘဲနဲ့"

"ဘယ်လို"

"ကြာပြီ နင်ဖွင့်မပြောခင်ကတည်းက ချစ်နေခဲ့တာ"

"ဟာ"

"ဧပရယ်လ်ဖူးလ်နေ့ကတည်းက တစ်ခါတည်း အဖြေ





ပေးတော့မလို့ နင်က နောက်တာကိုး"

"ခံသလိုက်ပါတော့ကွာ၊ တုံးလိုက်တဲ့ငါ"

"အဲ့ဒါကြောင့် နင့်ကို အရမ်းမုန်းသွားမိတာ"

"အာ ... ဘွားတေး ဘွားတေး၊ နှလုံးသားနဲ့အလျော် အစား ပြန်ပေးမယ် ကြေတော့"

"အံမာ ... လည်လိုက်တာ"

"ဘာပဲဖြစ်ဖြစ် နင် ငါနဲ့ ပြန်လိုက်ခဲ့၊ ရန်ကုန်အတူတူ ပြန်မယ်"

"ပြန်ပါဘူး ... သွေးသွေးနဲ့ပဲ အတူပြန်မယ်"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"မေမေက မှာလိုက်တယ်၊ နင်ပါမလာရင် ငါ့ကို အိမ် ပြန်မလာနဲ့တဲ့၊ မသနားဘူးလား"

"ဟွန်း ... တော်တော်သနားစရာကောင်းတယ်"

"သနားရင် အကြင်နာပေးလေ"

"ကြည့်စမ်း"

ရှက်သည်းစွာ ငုံ့ငိုက်သွားသော မျက်တောင်ကလေးများ ရှည်မြင့်စွာ ပြန်မပွင့်တော့နိုင်။ အကြင်နာနဲ့ တန်ခိုးက အရမ်းကို ကြီးမားသည်လေ။

*ဧပရယ်လ်ဖူးလ် (1st April) မှာမွေးခဲ့တဲ့ ညီမလေးတစ်ယောက်အတွက် အမှတ်တရ*

**နှလုံးသားသည်းနှီးမှုချစ်ခြင်းများစွာဖြင့်**

သက်ပိုင်ရဲ့

www.burmeseclassic.com